

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

# တိက္ကမ

## ကမ္ဘာ့ရာဇဝင်အကျဉ်းစုံ

စာမူခွင့်ပြုချက် - ၅၀၀၅၆၅၀၅၀၇
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၅၂၁၀၅၀၇
ထုတ်ဝေသူ - ဦးလှမိုး (ဇေယျာမြေစာပေ)
တိုက် (၇၂၄)၊ ပ-ထပ်၊
အခန်း (၁၈)၊ လသာမြို့နယ်၊
ရန်ကုန်မြို့။
အဖုံးနှင့်အတွင်းပုံနှိပ်သူ - ဦးစွန်ကော်ယူ၊ မာကျူရီအော့ဖ်ဆက်၊
၄၉/ရေကျော်လမ်း၊ ပုဇွန်တောင်
မြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသည့်ကာလ - ၂၀၀၇ ခုနှစ်၊ ဇွန်လ
ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀ ကျပ်
ဖြန့်ချိရေး - ကျော်စွာစာပေ
၂၂၅၊ လမ်း (၃၀)၊
☎ - ၃၈၃၆၃၉။

BURMESE CLASSIC

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

# တိက္ကမ

## ကန္တာရအကျဉ်းစံ


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၀၅၆၅၀၅၀၇ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၀၅၂၁၀၅၀၇ |
| ထုတ်ဝေသူ | – | ဦးလှမိုး (ဧယျာမြေစာပေ)<br>တိုက် (၇၂၄)၊ ပ–ထပ်၊<br>အခန်း (၁၈)၊ လသာမြို့နယ်၊<br>ရန်ကုန်မြို့။ |
| အဖုံးနှင့်အတွင်းပုံနှိပ်သူ | – | ဦးစွန်ကော်ယူ၊ မာကျူရီအော့ဖ်ဆက်<br>၄၉/ရေကျော်လမ်း၊ ပုဇွန်တောင်<br>မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသည့်ကာလ | – | ၂၀၀၇ ခုနှစ်၊ ဇွန်လ<br>ပထမအကြိမ် |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | – | ကျော်စွာစာပေ<br>၂၂၅၊ လမ်း (၃၀)၊<br>☎ – ၃၈၃၆၃၉။ |



BURMESE CLASSIC


# တိက္ကမ

# ကန္တာရအကျဉ်းစံ

ဂမ္ဘီရဆန်းကြယ်
ဝတ္ထုရှည်

www.burmeseclassic.com



## စာရေးသူ၏ ဆက်လက်ထွက်ရှိမည့် စာအုပ်များ

၁။ ကန္တာရအကျဉ်းစံ (ယခုလ)
၂။ ဒေါက်တာထင်အောင်ကျော်နှင့် အသူရာ သတ်ကွင်း
၃။ မနုရက္ခကျိန်စာ
၄။ ဂမုန်းနက်ဧကရီ
၅။ ကြောင်နက်ရှင်ဂိုဏ်း
၆။ အသူရာဒေဝီ
၇။ ကျိန်စာသင့်ဝိညာဉ်
၈။ ပိုတာလာနန်းတော်မှ အံ့မခန်းကျိန်စာ
၉။ အံ့ပွားအရှုပ်တော်ပုံ
၁၀။ မြွေစိမ်းရှင်သခင်မ



## ပါဝင်သော အခန်းစဉ်များ


အခန်း (၁) ထူးဆန်းစွာရောက်လာသော ဧည့်သည်
အခန်း (၂) မျက်နှာဖြူအရာရှိကြီးက ဂါရဝပြုခြင်း
အခန်း (၃) လူစွမ်းကောင်းနှစ်ဦးနှင့် တွေ့ဆုံခြင်း
အခန်း (၄) ကန္တာရမှတ်တမ်း
အခန်း (၅) အံ့ဖွယ်ဆာဒူးကြီးနှင့် ပန်းပုရုပ်ကလေး
အခန်း (၆) ကန္တာရမိတ်ဆွေ
အခန်း (၇) ပန်းပုရုပ်ကလေးက အစွမ်းပြခြင်း


www.burmeseclassic.com

www.burmeseclassic.com


အခန်း (၈) ကာစင်၏ဒဿန

အခန်း (၉) ကျွန်ုပ်အစွမ်းပြလိုက်ပြီ

အခန်း(၁၀) သွေးနှင့်ရင်းမည့် မျိုးဆက်သစ်

အခန်း(၁၁) ဘုရင်နှင့် ပြည်သူများ

အခန်း(၁၂) သစ္စာခံလူတစ်စု

အခန်း(၁၃) သဘာဝတရားကို အသုံးချခြင်း

အခန်း(၁၄) ကျွန်ုပ်တို့၏ကံကြမ္မာ

အခန်း(၁၅) ကန္တာရစစ်ပွဲ

အခန်း(၁၆) မရဏာလိုဏ်ဂူအား တွေ့ရှိခြင်း

အခန်း(၁၇) ကန္တာရအကျဉ်းစံနှင့် တွေ့ဆုံခြင်း

နိဂုံး




တို့တစ်မျိုးသားလုံးဟာ ကြိုတင် ပြင်ဆင်မှုတွေ အားနည်းခဲ့ကြတယ်။ အခြေအနေနဲ့ အချိန်အခါကို မခွဲခြားဘဲ ခံစားမှုကို ဦးစားပေးခဲ့ကြတယ်။ ဒါကြောင့်လည်း တို့တိုင်းပြည်ဟာ သူ့ကျွန်ဘဝကို မရောက်သင့်ဘဲ ရောက်ခဲ့ရတယ်။ တော်လှန်ရေးတစ်ရပ် ဆင်နွှဲတဲ့နေရာမှာ စည်းရုံးရေးစွမ်းအား၊ စစ်ရေးစွမ်းအား၊ စီးပွားရေးစွမ်းအား ဆိုတဲ့ ထောက်ကြီးသုံးထောက် ခိုင်မာဖို့ အရေးကြီးတယ်။ ခံစားမှုတစ်ခုတည်းနဲ့ သူတို့ကို တွန်းလှန်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ အခြေအနေနဲ့ အချိန်အခါကို စိတ်ရှည်ရှည် စောင့်ဆိုင်းရမယ်လို့ ငါ ယူဆတယ်။


(ဒေါက်တာထင်အောင်ကျော်)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com





ကျွန်မတို့ဟာ ဒေါက်တာတို့ တိုင်းပြည်လို ကိုလိုနီနိုင်ငံက ပြည်သူတွေအပေါ်မှာ အဆင့်အတန်းတူတဲ့ ဆက်ဆံမှုမျိုးနဲ့ ဘယ်တုန်းကမှ မဆက်ဆံကြဘူး၊ ဒါပေမဲ့ ဒေါက်တာ့ကိုတော့ ကျွန်မ အများကြီး လေးစားပါတယ်။ ဖြောင့်မတ်မှန်ကန်ပြီး ရဲရွှမ်းသတ္တိနဲ့ပြည့်ဝတဲ့ ဒေါက်တာလို ပုဂ္ဂိုလ်မျိုး မြန်မာပြည်မှာ ဆယ်ပုံတစ်ပုံလောက် ရှိမယ်ဆိုရင် ကျွန်မတို့တွေ ဘိလပ်ကို ပြေးရမှာ အသေအချာပဲ။

(စုံထောက်မင်းကြီး ပေါလ်စလေဒင်)

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ဟာ ဒီလမ်းကိုလျှောက်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်၊ ရှေ့ကိုလျှောက်မဲ့လူဟာ နောက်ကို လှည့်ကြည့်စရာမလိုဘူး၊ မကြာခဏ နောက်လှည့်ကြည့်ရင် ခလုတ်တိုက်ရုံပဲ ရှိလိမ့်မယ်။

(စိုင်းဆဲထူး)

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ဟိုတုန်းက လူ့ဘဝဆိုတာ တဒင်္ဂ၊ တခဏ ရေပွက် တစ်ခုလောက်ပါလို့ တွေးခဲ့မိတယ်၊ အခုတော့ လူ့သမိုင်းဆိုတာ တကယ့် ပင်လယ်ကြီးလို့ သိလိုက်ရတယ်။ ဒါကြောင့် လူပီသတဲ့ ခံယူချက်နဲ့ လူ့သမိုင်း ပင်လယ်ကြီးထဲ ခုန်ဆင်းလိုက်တာပေါ့။

(ကျော်စွာ)

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲတစ်ပွဲ ဆင်နွှဲတဲ့အခါမှာ ကျုပ်တို့ရန်ဘက် စစ်အင်အားကို လျှော့မတွက်ပါနဲ့။ ထို့နည်းအတူ ကျုပ်တို့ရဲ့ ရဲစွမ်းသတ္တိနဲ့ စွမ်းဆောင်နိုင်စွမ်းကိုလည်း လျှော့မတွက်ပါနဲ့၊ ကျုပ်တို့ အကောင်းဆုံး ဆောင်ရွက်နိုင်တာက ကျုပ်တို့ရဲ့ အင်အားသာလျှင် ဖြစ်တယ်၊ ဒါကြောင့် ကျုပ်တို့ပိုင်ဆိုင်တဲ့ အင်အားကို အမြင့်ဆုံး အသုံးချပါလို့ ကျုပ် မှာကြားရခြင်း ဖြစ်တယ်။

(ဘုရင်ကာဖင်)

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ဘုရင်မင်းမြတ် အမိန့်ကြောင့် ဒီနေရာကို ရောက်လာရတာယ်။ ကျွန်ုပ်ဟာ ဘုရင်တွေရဲ့ အမိန့်ကို နာခံခဲ့တယ်။ နောင်တစ်ချိန်ကျတော့ ဘုရင်တွေဟာ သူတို့အာဏာ တည်မြဲဖို့ အတွက် ကျွန်ုပ်ရဲ့အမိန့်ကို နာခံကြရတာယ်။ ကျွန်ုပ်ရဲ့ အစီအမံအတိုင်း လိုက်နာဆောင်ရွက်ကြတယ်။ ကျွန်ုပ် အလိုရှိမယ်ဆိုရင် ကျွန်ုပ်ခြေရင်းမှာ ဝပ်ဆင်းတဲ့အထိ ကျွန်ုပ်ကို ကိုးကွယ်ကြတယ်။

(စုန်းမကြီး ပါလ်ဝဲ)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

## ထူးဆန်းစွာ ရောက်လာသော ဧည့်သည်

အောက်မြန်မာနိုင်ငံကို ဗြိတိသျှကိုလိုနီများ သိမ်းပိုက်ပြီးကာစ ကာလဖြစ်၍ မြို့၊ ရွာများ၊ နယ်များတွင် လွန်စွာရှုပ်ထွေး လျက်ရှိ၏။ မကြာမီကာလတွင် အထက်မြန်မာနိုင်ငံကိုပါ သိမ်း ပိုက်နိုင်ရေးအတွက် ဗြိတိသျှတို့သည် နည်းဗျူဟာ များစွာကို ခင်းကျင်းလျက် ပြင်ဆင်မှုများ လုပ်ဆောင်နေတာကို နေ့ရာအနှံ့ တွေ့မြင်နေရသည်။

တော်လှန်ရေးသမား များစွာတို့၏ လှုပ်ရှားမှုများ၊ နယ်ချဲ့တို့၏ သူလျှိုများဖြင့် သူ့ကိုယ်မယုံ၊ ကိုယ့်သူမယုံ ဖြစ်နေကြသည်။

**ကျော်စွာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



အချိန်တိုင်းသည် ကြီးလန့်စာစားသကဲ့သို့ ဖြစ်နေတော့၏။

ကျွန်ုပ်သည် အသက်သုံးဆယ်ကျော်အရွယ် လူပျိုလူလွတ် တစ်ဦးဖြစ်သည်။ ကျွန်ုပ်၏မိဘနှစ်ပါးမှာ ကျွန်ုပ်ငယ်စဉ်ကတည်းက ဆုံးပါးသွားခဲ့ပြီဖြစ်ရာ ကျွန်ုပ်ဘဝတွင် သံယောဇဉ်ဟူ၍ ဦးကြီးတော်သူ တစ်ဦးသာလျှင်ရှိ၏။

ဦးကြီးသည် ကျွန်ုပ် ပိုင်ဆိုင်သော အမွေပစ္စည်းများကို ကောင်းမွန်စွာ ပြုစုထိန်းသိမ်းပြီး ကျွန်ုပ်ကိုလည်း သားအရင်းကဲ့သို့ ပြုစုစောင့်ရှောက်ခဲ့သည်။

တက္ကသိုလ်ပညာကို ဘွဲ့ဒီဂရီသာမက ဒေါက်တာဘွဲ့ပါရအောင် သင်ကြားပေးပြီးနောက် ကျွန်ုပ်ဝါသနာပါရာ လူမျိုးစုသုတေသနလုပ်ငန်းများကို လေ့လာလိုက်စားခွင့်ပြုခဲ့သည်။

ကျွန်ုပ်သည် လွန်စွာဝေးလံသော မြန်မာနိုင်ငံအနောက်မြောက်ဒေသအထိ စွန့်စားသွားရောက်ခဲ့သည်။ ပေပေါင်း ၁၂၅၅၃ ပေ အမြင့်ရှိသော နတ်မောက်တောင်၏ တောင်ဘက်ဒေသများမှာ ကျွန်ုပ်ဘဝအတွက် မမေ့နိုင်သော ဒေသများပင်ဖြစ်သည်။





ကျွန်ုပ်သည် ခရီးမထွက်ဖြစ်သော ကာလများတွင် ကျွန်ုပ် ဝါသနာပါရာ စာပေရေးသားခြင်းဖြင့် အချိန်ကုန်လျက်ရှိ၏။

တစ်နေ့တွင် ထရိတ်ယူနီယံကလပ်တွင် ပြုလုပ်သည့် စာတမ်းဖတ်ပွဲအား တက်ရောက်ခဲ့ပြီး အပြန်တွင် ကျွန်ုပ်ခြံအဝတွင် ဝလုရီဘေကာ ကားအဖြူကြီး ရပ်ထားသည်ကို တွေ့ရလေ၏။

အနည်းငယ် ထူးဆန်းသည်ဟု ထင်မှတ်နေစဉ်မှာပဲ ကျွန်ုပ်၏ တပည့် တိုးစံက အိမ်အတွင်းမှ ကပျာကယာ ထွက်လာပြီး ...

"ဆရာနဲ့ တွေ့ချင်တယ်လို့ ပြောပါတယ်"

ဟု ပြောလေရာ ကျွန်ုပ်လည်း ဇဝေဇဝါ ဖြစ်သွားပြီး ဧည့်ခန်းအတွင်း ဝင်လိုက်ရာ ကျွန်ုပ်အဖို့ လွန်စွာအံ့သြသွားလေ၏။

အသက်ငါးဆယ်ကျော်အရွယ် မျက်နှာဖြူ ပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်သည်။ သူသည် ဦးခေါင်းကိုညွတ်လျက် နှုတ်ဆက်လေရာ ကျွန်ုပ်လည်း သူ့ကဲ့သို့ပြန်ပြီး နှုတ်ဆက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ငင်းပုဂ္ဂိုလ်ကြီးမှာ ဗြိတိသျှအုပ်ချုပ်ရေးယန္တရားတွင် လွှန်စွာထင်ရှားသူ စီအိုင်ဒီစုံထောက်မင်းကြီး ပေါလ်စလေဒင် ဖြစ်သည်။ ငင်းပုဂ္ဂိုလ်ကြီးနှင့် ကျွန်ုပ်သည် တစ်စုံတစ်ရာ ပတ်သက်မှု မရှိသော်လည်း အခြားသူများထံမှ သူ၏ အကြောင်းကို သိရှိခဲ့ရ၏။

သူသည် အလုပ်လုပ်ရာတွင် စည်းကမ်းကြီး၏။ မည်သည့် အလုပ်ကိုမဆို တိတိကျကျ လုပ်ကိုင်လေ့ရှိသည်။ မြန်မာလူမျိုး မင်းမှုထမ်းများအပေါ် အထင်မကြီးသလို အထင်အမြင် သေးစွာဖြင့် အထက်စီးမှ စေခိုင်းလေ့ရှိ၏။

ထို့ကြောင့် လက်အောက်ငယ်သားများက သူနှင့် ဆက်ဆံရမှာကို လွန်စွာကြောက်ရွံ့ကြလေသည်။ ဖြစ်နိုင်လျှင် သူနှင့် မျက်နှာချင်း မဆိုင်လိုကြ။

သူကလည်း လက်အောက်ငယ်သားများနှင့် စကားပြောရာတွင် စကားသုံးလုံးမှာ ဆဲသည့်စကားက နှစ်လုံးလောက် ပါလေ့ရှိ၏။ ကျန်တစ်လုံးမှာ အပြစ်တင်သော စကားလုံးဖြစ်သည်။

သို့ကြောင့်လည်း သူနှင့်မဆက်ဆံလိုခြင်းမှာ မထူးဆန်းလှပေ။





ကျွန်ုပ်နှင့် ဘယ်လိုမှ ပတ်သက်မှုမရှိသော စုံထောက်မင်းကြီးသည် မည်သို့သော အကြောင်းကြောင့် ကျွန်ုပ်အိမ်သို့ ရောက်ရှိလာသနည်း။

"ဒေါက်တာ့ကို ကျွန်ုပ် မမြင်ဖူးပေမယ့် ဒေါက်တာ့ရဲ့ ဂုဏ်သတင်း ကြီးမြင့်မှုကို ကျွန်ုပ် ကြားသိနေတာ ကြာခဲ့ပါပြီ။ မနှစ်က ဒေါက်တာနဲ့တွေ့ဖို့ ပြင်ဆင်နေတုန်းမှာ ဒေါက်တာက မြန်မာပြည်မြောက်ဖျားပိုင်းကို ခရီးထွက်သွားလို့ မတွေ့လိုက်ရဘူး"

ဟု ပြောလေရာ ငင်း၏ နှိမ်ချပြောဆိုမှုများကြောင့် ကျွန်ုပ်မှာ မနေတတ် မထိုင်တတ်အောင် ဖြစ်သွားလေသည်။

ကျွန်ုပ်တို့ မြန်မာလူမျိုးများ အပေါ်တွင် အထင်အမြင်သေးကြသော မျက်နှာဖြူအရာရှိကြီးများမှာ စကားပြောဆိုရာတွင် သခင်နှင့် ကျွန် ဆက်ဆံပုံမျိုးနှင့်သာ ပြောဆိုကြစမြဲဖြစ်သည်။

ထို့ကြောင့် သူတို့သည် မြန်မာလူမျိုးများ အပေါ်တွင် မောင်မင်း ဟူသော အထက်စီးလေသံမျိုး သုံးနှုန်းပြောဆိုကြခြင်း ဖြစ်သည်။

ယခုတော့ သူသည် ကျွန်ုပ်အား ဒေါက်တာဟူသော



www.burmeseclassic.com

www.burmeseclassic.com



အမည်နာမကို လေးစားစွာ ခေါ်ဝေါ်သုံးစွဲသဖြင့် ကျွန်ုပ် အံ့သြသွားရခြင်း ဖြစ်သည်။

"ဟုတ်ကဲ့ပါ မင်းကြီး၊ ကျွန်တော်လည်း မင်းကြီးနဲ့ အခုလို သိကျွမ်းရတာ အလွန်ကျေနပ် ဂုဏ်ယူပါတယ်၊ မင်းကြီးရဲ့ လာရင်းကိစ္စကို သိပါရစေ"

ဟု ပြောလိုက်ရာ မင်းကြီးသည် အားရကျေနပ်စွာဖြင့် ဦးခေါင်းကို တဆတ်ဆတ် ညိတ်လေ၏။

ထို့နောက်မှာတော့ ဂုဏ်သရေရှိ မျက်နှာဖြူပုဂ္ဂိုလ်ကြီး၏ စကားများကို နားထောင်လျက် ကျွန်ုပ်သည် လွန်စွာအံ့သြသွားတော့သည်။

"ကျွန်ုပ်မှာ ကျွန်ုပ် အသက်ထက် ငါးနှစ်ခန့်ငယ်တဲ့ ညီငယ်တစ်ယောက် ရှိပါတယ်။ သူ့နာမည်က ရီဗာစလေဒင်ပါ။ ကျွန်ုပ်နဲ့ ကျွန်ုပ်ရဲ့ညီဟာ ဝါသနာစရိုက်ခြင်း အလွန့်ကိုကွဲပြားပါတယ်။ ကျွန်ုပ်တို့မိဘတွေဟာ အသင့်အတင့် ငွေကြေးကြွယ်ဝကြလို့ ကျွန်ုပ်တို့ညီအစ်ကို နှစ်ယောက်ဟာ မကြောင့်မကြ ကြီးပြင်းခဲ့ရတယ်။ ကျွန်ုပ် တက္ကသိုလ်က ဘွဲ့ရတဲ့အချိန်မှာ ကျွန်ုပ်ညီဟာ အတော်ငယ်ပါသေးတယ်။ အဲဒီနှစ်မှာပဲ ကျွန်ုပ်တို့ရဲ့မိဘနှစ်ပါးဟာ ရှေ့ဆင့် နောက်ဆင့် ကွယ်လွန်သွားပါတယ်။ မိဘတွေရဲ့





ပိုင်ဆိုင်မှုကို အစ်ကိုကြီးဖြစ်တဲ့ ကျွန်ုပ်က တာဝန်ယူပြီး ထိန်းသိမ်းထားလိုက်တယ်။ ကျွန်ုပ်ညီကို ပညာထူးချွန်စွာ သင်စေလိုပေမယ့် သူက ပညာသင်ရတာကို စိတ်ဝင်စားမှု မရှိဘဲ စွန့်စွန့်စားစား ခရီးသွားပြီး စီးပွားရှာရတာကိုပဲ စိတ်ဝင်စားခဲ့တယ်။ ကျွန်ုပ်ညီကို ကျွန်ုပ် လွန်စွာချစ်ခင်ပါတယ်။ သူက ပညာကိုမသင်ဘဲ စီးပွားရေး လောကထဲမှာ ကျင်လည်ချင်တယ်လို့ ကျွန်ုပ်ကို မကြာခဏ ပြောလေတိုင်း ကျွန်ုပ် အားကြီးစိတ်ဆင်းရဲရတယ်။ တစ်နေ့ အိန္ဒိယမှာ ပုလိပ်အရာရှိအဖြစ် အမှုထမ်းနေတဲ့ ကျွန်ုပ်ဆီကို သူရောက်လာတယ်"

မင်းကြီးလည်း စကားကိုခေတ္တရပ်တန့်လျက် စီးကရက်ကိုမီးညှိလေ၏။ပြီးနောက် သူသည်မျက်နှာကိုမော့လျက် ဖွာရှိုက်လိုက်သော အခိုးအငွေ့များကို မှုတ်ထုတ်လေ၏။

သူ၏ မျက်ဝန်းတွေက ရီဝေလျက်ရှိနေသည်။

"သူရောက်လာတဲ့ ရည်ရွယ်ချက်က ကျွန်ုပ်ဆီက သူ ရသင့်ရထိုက်တဲ့ အမွေကို တောင်းဖို့ပေါ့။ သူ့အတွက် ငွေရေးကြေးရေး စီစဉ်ပေးရမှာက ကျွန်ုပ် တာဝန်လေ။ ဒီအကြောင်းတွေကို ဖွင့်ဟပြောနေရတာ အလွန်ပဲ ရှက်မိပါတယ်။ ကျွန်ုပ်ဟာ ကျွန်ုပ်ညီကို မချစ်လို့ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူ့အကျင့်စရိုက်ကို သိနေလို့ ကျွန်ုပ်တို့ ပိုင်ဆိုင်တဲ့ မိဘအမွေတွေ ဆုံးရှုံးသွားမှာ စိုးလို့ပါ။ ကျွန်ုပ်က အချိန်မတန်သေးလို့ ပညာကိုပဲ ဆက်သင်ဖို့ ပြောတာကို သူက လက်မခံခဲ့ဘူး။ ရီဗာစလေဒင်ဟာ ကျွန်ုပ်ကို အတော်နာကြည်းသွားပုံရတယ်။ ကျွန်ုပ်ကို ပြင်းပြင်းထန်ထန် ပြောဆိုပြီး ထွက်သွားတာ ယနေ့အချိန်ထိပါပဲ။ ကျွန်ုပ်က သူစိတ်ပြေပြီး ပြန်လာမှာပဲလို့ ထင်နေခဲ့တယ်။ ဒါပေမဲ့ အဲဒီအချိန်ကစလို့ သူ ပြန်မလာတော့ဘူး။ ကျွန်ုပ်လည်း သူဆောင်းခံလာရင် သူ့ဆန္ဒကို လိုက်လျောဖို့ စောင့်နေခဲ့ပါတယ်”

မင်းကြီးသည် စီးကရက်ကို ဖွာရှိုက်ပြန်၏။ ယခုအချိန်ထိ သူ့စကားတွေက မထူးဆန်းသော မိသားစုအကြောင်းအရာလေး တစ်ခုကို နားထောင်နေရသကဲ့သို့ ကျွန်ုပ် ခံစားရလေသည်။

သို့သော် ၎င်းအကြောင်းအရာများ ကျော်လွန်သွားသည်တွင် ကျွန်ုပ်အဖို့ အံ့သြမှုဖြင့် မျက်ဝန်းများ ပြူးကျယ်သွားတော့သည်။

မင်းကြီးသည် ကုတ်အင်္ကျီအတွင်းမှ အိတ်တစ်လုံး ဆွဲထုတ်၍ စားပွဲပေါ် တင်လိုက်ပြီး ...





“လွန်ခဲ့တဲ့ နှစ်နှစ်က ကျွန်ုပ် ရရှိခဲ့တဲ့ ကျွန်ုပ်ညီရဲ့ စာပေါ့”

ဟု ပြောလေ၏။

၎င်းအိတ်ကလေးကို ဒရယ်ရေနှင့် ချုပ်ထားလေ၏။ ကျွန်ုပ်သည် ၎င်းအိတ်မျိုးကို တစ်ကြိမ်တစ်ခါမှ မမြင်ဘူးပါ။ အိတ်ကလေး၏အဝကို သားရေကြိုးလေးနှင့်ချည်ထား၏။

“ဖြေလိုက်ပါ ဒေါက်တာ”

ဟု ပြောလေရာ ကျွန်ုပ်လည်း ကြိုးစကို ဖြေလိုက်ပြီး အိတ်အတွင်းမှ အဝါရောင်ပိတ်စများကို ဆွဲထုတ်လိုက်၏။

ပိတ်စများမှာ လက်ဝါးအရွယ်ခန့် ဖြစ်သည်။ စုစုပေါင်း ပိတ်စငါးစဖြစ်၏။ ပိတ်စတစ်စချင်း၏ ထိပ်ပိုင်းတွင် အမှတ်စဉ် တပ်ထားသည်ကို တွေ့ရ၏။

၎င်းပိတ်စများပေါ်တွင် နီညိုရောင်မင်ဖြင့် စာရေးထား၏။ စာလုံးများမှာ အနိမ့်အမြင့် ညီညာမှု မရှိသည်ကြောင့် အာရုံစူးစိုက်ပြီး အချိန်ကြာမြင့်စွာ ဖတ်ရှုမှသာ အဓိပ္ပာယ်ကို နားလည်နိုင်ပါလိမ့်မည်။

“ကျွန်ုပ်ညီ ရီဗာဟာ အလွန်ခေါင်းမာသလို မာနလည်းကြီးတယ်။ သူက မိဘအမွေကို မက်မောတပ်မက်ခြင်း မရှိတာလည်း ကျွန်ုပ် သိပါတယ်။ သူက ကိုယ်စွမ်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စနဲ့ ကြီးပွားတိုးတက်အောင် လုပ်ပြမယ်လို့ ကြွေးဝါး ပြောဆိုပြီး ထွက်သွားခဲ့တာပါ။ သူ ထွက်သွားပြီး ငါးနှစ်ရှိလောက်ကြာတော့ မထင်မှတ်ဘဲ ကျွန်ုပ် ရရှိလိုက်တာက အဲဒီပိတ်စတွေပါပဲ”

ဟု ပြောလေ၏။ စုံထောက်မင်းကြီး ပေါလ်စလေဒင် ထံသို့ ၎င်းပိတ်စများ ရောက်ရှိလာပုံမှာ အံ့သြဖွယ်ကောင်းလှ၏။

သူသည် အိန္ဒိယပြည် ပရာဒိန်းမြို့တွင် ပုလိပ်အရာရှိအဖြစ် တာဝန်ထမ်းဆောင်နေစဉ်တွင် ဖြစ်သည်။ ၎င်းမြို့သည် မြန်မာနိုင်ငံနယ်စပ်နှင့် တစ်နေ့တာ ကွာဝေးသော မြို့ဖြစ်သည်။

ထိုနေ့က သူသည် လွန်စွာအလုပ်များလျက်ရှိ၏။ စစ်ရိပ်၊ စစ်ဘေးဒဏ်ကို ခံနေရသည့် အိန္ဒိယနိုင်ငံသည် ငွေကြေးရှားပါးမှု နှင့် စားနပ်ရိက္ခာ မလောက်ငမှုများကြောင့် ဒုစရိုက်မှုများမှာ လွန်စွာများပြား၏။

ထို့ကြောင့် ပုလိပ်အရာရှိဖြစ်သည့် သူသည် မိမိဒေသ၌ တရားဥပဒေစိုးမိုးမှုရှိရေးကို အထူးကြိုးစား ဆောင်ရွက်နေရ၏။ ခိုးမှု၊ ဓားပြမှု၊ လူသတ်မှုများကို နေ့စဉ်ရင်ဆိုင်ဖြေရှင်းနေရသည်။





သူသည် လူသတ်မှုတစ်ခုအတွက် အလုပ်ရှုပ်နေစဉ်မှာပဲ သူ၏ အစေခံကုလားပုလိပ်ကလေးက အရေးတကြီး သတင်းပို့လေ၏။

“သခင်ကြီး ... ရိက္ခာအဖွဲ့က နယ်စပ်မှာ ဒဏ်ရာနဲ့လူတစ်ယောက်ကို တွေ့လို့ ခေါ်လာပါတယ်။ ဒဏ်ရာက အလွန်ပြင်းထန်ပါတယ်။ ရိက္ခာအဖွဲ့ခေါင်းဆောင်က မကြာခင်အချိန်မှာ အဲဒီလူ သေမှာလို့ ပြောပါတယ်”

“ဒါဆိုရင် ဘာလို့ ဒီအထိ ခေါ်လာရတာလဲ။ တောထဲမှာ သူ့ဘာသာ သေချင်သေပစေပေါ့”

“သူတို့က အဲဒီလို ထားခဲ့မလို့ပါပဲ၊ ဒါပေမဲ့ အဲဒီလူက သခင်ကြီးနဲ့တွေ့ပါရစေဆိုလို့ ခေါ်လာခဲ့ကြတာပါ။ ရိက္ခာအဖွဲ့ ခေါင်းဆောင်ဟာ သခင်ကြီးနဲ့တွေ့ဖို့ အခန်းအပြင်မှာ စောင့်ဆိုင်းနေပါတယ်”

သူသည် စိတ်ရှုပ်ထွေးစွာဖြင့် ဦးခေါင်းကို ဘယ်ညာခါယမ်းလိုက်လေ၏။ ထိုလူသည် သူ့ကို ဘာ့ကြောင့် တွေ့ချင်ရတာ…ပဲ။ သူသည် တွေဝေမနေတော့ဘဲ ချက်ချင်းပင် ရုံးခန်းအပြင်သို့ ထွက်ခဲ့လေ၏။ သူ့ကို မြင်သည်နှင့် ရိက္ခာအဖွဲ့ခေါင်းဆောင်အရာရှိသည် ဦးညွှတ်လျက် အလေးပြုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ၎င်းအရာရှိသည် ရိက္ခာတင်ယာဉ် ရှိရာသို့ ခေါ်သွားပြီး သေလုမြောပါးဖြစ်နေသော လူနာကိုပြလေ၏။

သူသည် ရိက္ခာတင်ယာဉ်၏ နောက်ဘက်ရှိ ဂုံအိတ်ခွံများပေါ်မှာ လဲလျောင်းနေသော လူနာကို ကြည့်လိုက်၏။ လူနာသည် အရိုးပေါ် အရည်တင်လျက် လွန်စွာအခြေအနေဆိုးနေသည်။ မျက်နှာမှာ ရောဂါကြောင့် ဝါထိန်နေတော့၏။ ကြီးမားသော ၎င်း၏ မျက်လုံးတွေက အပြင်ဘက် ကျွတ်ထွက်တော့မည်ဟု ထင်မှတ်နေ၏။

၎င်းလူနာသည် သူ့ကိုမြင်သည်နှင့် ငြိမ်နေရာမှ လှုးလွန့်သွား၏။ သူသည် ကြီးမားသော ကုတ်အင်္ကျီအတွင်းမှ တစ်စုံတစ်ခုကို ခက်ခဲစွာ ထုတ်ယူပြီး မင်းကြီးဆီသို့ လက်လှမ်းလိုက်ရာ လက်ကိုပင် ကောင်းစွာမမြှောက်နိုင်တော့ပေ။

သူသည် ၎င်းကမ်းပေးသောအိတ်ကို ယူလိုက်ပြီး စူးစမ်းကြည့်လိုက်ရာ အိတ်မှာ ဒရယ်ရေအိတ်ကလေးဖြစ်ပြီး အိတ်အဝကို ရှုံ့ကြိုးဖြင့် ချည်ထား၏။

ထိုကြိုးစကို ဖြေလိုက်ပြီး အတွင်းမှ ပိတ်စလေးများကို ဆွဲထုတ်လိုက်ရာ ပိတ်စလေးများပေါ်၌ ရေးထားသည့်





စာလုံးများက သူ၏နှလုံးသားကို ဖျစ်ညှစ်လိုက်သကဲ့သို့ လွန်စွာထိတ်လန့်သွားတော့သည်။

"ရေ ... ရေပေးကြပါ၊ ဘုရားသခင် ကယ်တော်မူပါ"

သူသည် အနားတွင် ဘယ်သူ့ကိုမှ ရှိမနေစေရန် ပြောလိုက်၏။ ထို့နောက် သူသည် ၎င်းလူနာကို ဖေးမ, လျက် ရေထဲသို့ နွားနို့အနည်းငယ်ရောပြီး နှစ်ဖန်ခွက်မျှ တိုက်လေရာ ၎င်းလူနာသည် မရပ်မနားသောက်လေ၏။ လူနာ၏ နှုတ်ခမ်းများမှာ ကွဲနေပြီး လျှာက မည်းနက်နေသည်ကို သိရ၏။

"ရိဗာစလေဒင် ... ရိဗာစလေဒင် ..."ဟု ပြောလိုက်သော ၎င်းပုဂ္ဂိုလ်၏ စကားကြောင့် သူလည်း အထိတ်တလန့် ဖြစ်သွားပြီး ...

"အေး... ရိဗာ့စလေဒင် ဆိုတာ ကျွန်ုပ်ညီပဲ၊ မောင်မင်း သိသမျှ ပြောစမ်းပါ"

ဟု ပြောလိုက်လေ၏။

ထိုစဉ်မှာပဲ ၎င်းလူသည် ခန္ဓာကိုယ်က တဆတ်ဆတ် တုန်ယင်လာပြီး အဖျားတက်လာတော့သည်။ သူ့စကား



www.burmeseclassic.com

www.burmeseclassic.com



များမှာ အစီအစဉ်ကျနမှုမရှိသည့် တောင်ရောက် မြောက်ရောက် စကားများပင် ဖြစ်သည်။

စိန်အကြောင်းနှင့် သဲကန္တာရအကြောင်းများကို ထပ်တလဲလဲ ပြော၏။

"ကျုပ် အဲဒီကို ဘယ်တော့မှ မရောက်နိုင်တော့ဘူး၊ ဘယ်သူမှလဲ အဲဒီကိုမရောက်ဘူး"ဟု ပြောပြန်၏။ ၎င်း၏ မိတ်ဆွေ ရီဗာစလေဒင်လည်း ဘယ်တော့မှ မပြန်နိုင်တော့ဘူးဟု ပြောလေရာ သူသည် လွန်စွာအံ့ဩသွား၏။

"ရီဗာ ဘယ်မှာလဲ၊ သူ ဘာဖြစ်နေသလဲ"

"အဲဒီမှာ ... အဲဒီမှာ ... သူ ... သူလည်း သေမှာပဲ၊ အဲ ... အဲဒါ သူရေးထားတဲ့ မှတ်တမ်းပဲ၊ ကျုပ်လည်း မကြာခင် နားတော့မယ်၊ ထာဝရ နားတော့မယ်၊ ကျုပ် မျက်လုံးတွေ ပြာနေပြီ"

ဟု ကတုန်ယင် ပြောတော့၏။ သူသည် ချက်ချင်းပင် အစေခံများကို ခေါ်လိုက်ပြီး ၎င်းလူနာကို ဆေးဝါးကုသမှုအား ပြုလုပ်ရန် မှာကြားလေ၏။

သို့သော်လည်း နောက်တစ်နေ့ လင်းအရုဏ်မရောက်မီမှာပဲ ၎င်းလူနာ သေဆုံးသွားလေသည်။





အထက်ပါ ဖြစ်ပျက်မှုများသည် လွန်ခဲ့သော နှစ်နှစ်ခန့်က အိန္ဒိယတွင် တာဝန်ထမ်းဆောင်နေစဉ် ညီဖြစ်သူ ရီဗာစလေဒင်နှင့် ပတ်သက်ပြီး မမျှော်လင့်ဘဲ သိရှိခဲ့ရသည်များကို ကျွန်ုပ်အား မင်းကြီး ပေါလ်စလေဒင် ပြောပြခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

## မျက်နှာဖြူအရာရှိကြီးက ဂါရဝပြုခြင်း

ညနေခင်းဖြစ်၍ လေပြည်သည် အေးမြနေပါသည်။ စုံထောက်မင်းကြီးက ကျွန်ုပ်အား ညနေစာ ညှိခံကျွေးမွေးရန် ဖိတ်ကြားခဲ့၍ ၎င်းနေထိုင်ရာ ကုက္ကိုင်း(ပက္ကလိန်း) လမ်းသို့ ကားမောင်း၍ ထွက်ခဲ့လေ၏။

ကားမောင်းလျက်က ကျွန်ုပ်သည် တစ်နေ့ခင်းလုံး စုံထောက်မင်းကြီးနှင့် ပြောဆိုခဲ့သော ကိစ္စများအပေါ် တွေးတောနေမိသည်။

လောကကြီးတွင် မဖြစ်နိုင်ကာဟူ၍ မရှိ။ မဖြစ်သေးတာဘဲ ရှိသည်ဟူသော လွန်စွာရိုးစင်းသည့် စကားလေးကို မကြာခဏ အမှတ်ရနေမိသည်။





ကျွန်ုပ်သည် တောတောင်များကို စွန့်စားဖြတ်ကျော်ပြီး သွားလာခဲ့သူဖြစ်ရာ အချို့သော ဖြစ်ပျက်မှုများသည် သာမန်အားဖြင့် လက်ခံယုံကြည်ရန် မဖြစ်နိုင်ဟု ထင်မှတ်ရသော ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်များကို အကြိမ်ကြိမ် ကြုံတွေ့ခဲ့ရသည်။

ယခုကိစ္စ အပေါ်မှာလည်း ကျွန်ုပ်သည် များစွာစိတ်ဝင်စားမှု ဖြစ်ရ၏။ ကျွန်ုပ်သည် စုံထောက်မင်းကြီး ပေါ်စလေဒင် ထံသို့ မထွက်လာခင်ကတည်းက ၎င်းကိစ္စအပေါ် အကြိမ်ကြိမ် စဉ်းစားပြီး ပြတ်သားစွာ ဆုံးဖြတ်ပြီးဖြစ်သည်။

စုံထောက်မင်းကြီး ခြံတံခါးဝသို့အရောက်တွင် ပုလိပ်ကလေးတစ်ယောက်က ဆလံပေးကာ ခြံတံခါးကို အလျင်အမြန် ဖွင့်ပေးသဖြင့် ကားကို လမ်းအတိုင်း မောင်းဝင်လာကာ ဆင်ဝင်နှင့် မနီးမဝေး နေရာတွင် ရပ်တန့်လိုက်ပြီး ကားပေါ်မှ ဆင်းလိုက်သည်။

စုံထောက်မင်းကြီးသည် ကျွန်ုပ်ကိုမြင်သည်နှင့် လူကြီးလူကောင်းဆန်သည့် အပြုံးကိုပြုံးလျက် ဖိတ်ခေါ်လေ၏။ ထို့နောက် လွန်စွာခမ်းနားသည့် ညှိခန်းမကြီးကို ဖြတ်ကျော်ပြီး ကြောင်အိမ်လှေကားမှတစ်ဆင့် အပေါ်ထပ်သို့ ဦးဆောင်ခေါ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



၎င်းအိမ် အပေါ်ထပ်သို့ ရောက်သည်တွင် စုံထောက်မင်းကြီးသည် ဥရောပလူနေမှုပုံစံဖြင့် ခမ်းနားစွာ နေထိုင်သူဖြစ်ကြောင်း သိရလေ၏။

လေသာဆောင် အပေါ်ထပ်တွင် ကျွန်ုပ်နှင့်အတူ ညနေစာ စားသုံးရန်အတွက် စားကောင်းသောက်ဖွယ်များကို ပြည့်စုံစွာ စီစဉ်ထားကြောင်း တွေ့ရလေ၏။

မင်းကြီးသည် စားပွဲပေါ်တွင် အသင့်ရှိနေသော ကလပ်ဖန်ခွက်အတွင်းသို့ စကော့ဝီစကီကို ငှဲ့ထည့်လိုက်ပြီး ဖန်ခွက်တစ်ခွက်ကို ကျွန်ုပ်ထံ ကမ်းပေး၏။ ထို့နောက် ကျွန်ုပ်တို့ နှစ်ဦးသည် မျက်နှာချင်းဆိုင်လျက် ဖန်ခွက်ကို ပင့်မြှောက်လိုက်ပြီး ဖန်ခွက် နှုတ်ခမ်းချင်း ထိကပ်ပြီးသည်နှင့် တစ်ကျိုက်တည်း မော့သောက်လိုက်ကြသည်။

ဥရောပယဉ်ကျေးမှု အစဉ်အလာ တစ်ခုပင်ဖြစ်သည်။

"မြန်မာလူမျိုးထဲမှာ အခုလိုဧည့်ဝတ်ပြုမှုမျိုးနဲ့ ဧည့်ခံတာ ကျွန်ုပ်တစ်သက်မှာ ဒေါက်တာထင်အောင်ကျော်ဟာ ပထမဆုံးပါပဲ"

မင်းကြီးသည် စားသုံးခြင်းအမှု မပြုခင်မှာ ပြောလိုက်သော ၎င်းစကားကြောင့် ကျွန်ုပ်လည်း မနေတတ် မထိုင်





တတ် ဖြစ်သွားပြီး မည်သည့်စကားကို ပြန်လည်ပြောရမှန်းမသိ ဖြစ်သွားလေ၏။

သို့သော်လည်း ကျွန်ုပ်အနေဖြင့် တစ်ခုံတစ်ခု ပြန်လည်ပြောမှ သင့်လျော်မည် ဖြစ်သောကြောင့် အဆင်ပြေမည့်စကားကို ရွေးချယ်ပြီး တုံ့ပြန်ပြောလိုက်ရ၏။

"မင်းကြီးလို ပုဂ္ဂိုလ်မျိုးက ကျွန်တော့်ကို အခုလိုသဘောထားတဲ့အတွက် အလွန်ပဲ ကျေးဇူးတင်ပါတယ်"

ထို့နောက်မှာတော့ ညစာ သုံးဆောင်လျက်ကပင် ကျွန်ုပ်တို့နှစ်ဦးသည် မပြီးပြတ်သေးသည့် ဆွေးနွေးမှုများကို ပြုလုပ်ကြပါသည်။

"ကျွန်ုပ် လူကဲခတ် မညံ့ဘူးဆိုရင် အခု ညစာစားပွဲကို ရောက်လာကတည်းက ဒေါက်တာဟာ ဆုံးဖြတ်ချက် ချခဲ့ပြီလို့ ကျွန်ုပ် ယူဆမိတယ်"

"မှန်ပါတယ် မင်းကြီး၊ ကျွန်တော် ရီဗာစလေဒင်ရဲ့ စာကို ဖတ်ရှုပြီး အကြိမ်ကြိမ် သုံးသပ်စဉ်းစားပြီး ဆုံးဖြတ်လိုက်တာပါ"

"အခုလို ကြားရတာ ကျွန်ုပ် အလွန်ကို အားရကျေနပ်မိတယ်၊ ဒေါက်တာ့ကိုလည်း ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးသည် စားသောက်နေလျက်က ကျွန်ုပ် ထင်မှတ်မထားသော မေးခွန်းကို မေးလေ၏။

"ဘယ်လိုအကြောင်းကြောင့် အဲဒီလို ဆုံးဖြတ်ခဲ့တယ်ဆိုတာကို ကျွန်ုပ် သိခွင့်ရှိရင် သိပါရစေ ဒေါက်တာ"

ထိုစကားကြောင့် ကျွန်ုပ်လည်း မပြုံးဘဲ မနေနိုင်ဖြစ်သွားပါသည်။ မျက်နှာဖြူလူမျိုးများသည် တစ်ပါးသူရင်ထဲက လျှို့ဝှက်ချက်ကို ဉပါယ်တမျှင်ဖြင့် ဖော်ထုတ်ရာတွင် လွန်စွာကျွမ်းကျင်သောကြောင့် ထိုသို့ပြုံးမိခြင်းဖြစ်သည်။

ကျွန်ုပ်သည် မင်းကြီး၏ မျက်ဝန်းကို တည့်မတ်စွာကြည့်လိုက်ပြီး ...

"ကောင်းပါပြီ မင်းကြီး၊ ကျွန်တော် ဘာကြောင့် အခုလို ဆုံးဖြတ်တယ် ဆိုတာကို ပြောပြပါ့မယ်။ ကျွန်တော်ဟာ စွန့်စားလုပ်ကိုင်ရခြင်းအပေါ်မှာ အလွန်ဝါသနာထုံသူဖြစ်တာကို မင်းကြီးလည်း သိရှိပြီးဖြစ်ပါလိမ့်မယ်။ အထူးသဖြင့် လူတွေမသိနိုင် မရောက်နိုင်တဲ့ အရပ်ဒေသများအထိ စွန့်စားသွားလာရတာဟာ ကျွန်တော့်ဘဝရဲ့ အဓိကဆန္ဒပါ။ အဲဒီလို သွားလာခဲ့တဲ့အတွက် အသက်အန္တရာယ်ဆုံးရှုံးမယ့် အဖြစ်မျိုးတွေနဲ့ အကြိမ်ကြိမ် ရင်ဆိုင်ခဲ့ရပါတယ်။ အခုခရီးစဉ်ဟာလည်း ကျွန်တော့်အတွက် အတိုင်းအတာ တစ်ခုအထိ အကျိုးရှိမယ်လို့ ယုံကြည်ထားပါတယ်၊ ကျွန်တော်ဟာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတစ်ဦးပါ၊ တစ်ပါးသူ ဒုက္ခနဲ့ရင်ဆိုင်နေရတာကို ကယ်တင်ခြင်းဟာ အင်မတန် မွန်မြတ်တဲ့ ဒါနပြုခြင်းပါ"

ဟု ပြောလိုက်ရာ မင်းကြီးသည် ထိုင်ရာမှ ရုတ်တရက် ထရပ်လိုက်ပြီး ကျွန်ုပ်ထံသို့ လက်ကိုဆန့်တန်းလိုက်၏။ ပြီးနောက် သူသည် ကျွန်ုပ်လက်ကို အားရကျေနပ်စွာ ဆုပ်ကိုင်ပြီး ...

"ကျွန်ုပ်ဘဝမှာ ဒေါက်တာနဲ့ အခုလို တွေ့ဆုံရတာ တကယ့် အမှတ်တရပါပဲ"

ဟု ပြောလေတော့၏။

စားသောက်ခြင်းကိစ္စများ ပြီးစီးသည်တွင် ကျွန်ုပ်တို့နှစ်ဦးသည် သီးစုံဖျော်ရည်ကို သောက်ကြ၏။ ထိုစဉ်မှာပဲ ကျွန်ုပ်မသိ ရှိသေးသော ဖြစ်ရပ်များကို မင်းကြီးက ဖြည့်စွက်ပြောပြလေ၏။

"အိန္ဒိယမှာ တာဝန်ထမ်းဆောင်နေရင်း ကျွန်ုပ်သိနဲ့ပတ်သက်တဲ့ သဲလွန်စအချို့ကို စုံစမ်းရရှိခဲ့တယ်။ ခိုင်လုံမှု







www.burmeseclassic.com

www.burmeseclassic.com



ရှိမယ် မရှိဘူး ဆိုတာကို သက်သေပြလို့ မရနိုင်ပေမယ့် ကျွန်ုပ်ကတော့ ယုံကြည်ပါတယ်။ အိန္ဒိယပြည်ရဲ့ အနောက်မြောက်ပိုင်း နယ်စပ်မြို့ကလေးက ရရှိခဲ့တဲ့ သတင်းပါ။ ကျွန်ုပ်ညီဟာ ခရီးမိုင် ရာကျော်ကျယ်ပြန့်တဲ့ သဲကန္တာရ ခရီးကို အဖော်တစ်ယောက်နဲ့ စွန့်စားပြီး သွားခဲ့တယ်။ သူတို့နှစ်ဦးဟာ သဲကန္တာရထဲမှာ အခြေချနေထိုင်ကြတဲ့ မျိုးနွယ်စုတစ်စု နယ်မြေထဲက ရတနာတွေကို ရယူဖို့ ဆုံးဖြတ်ခဲ့ကြတယ် ...

"အဲဒီသားအမိနှစ်ဦးဟာ တပြန့်တပြော ကျယ်ဝန်းတဲ့ သဲကန္တာရကြီးထဲကို ဖြတ်သန်းပြီး ရောက်ရှိလာကြတာလို့ သိရတယ်။ ဘယ်လိုအကြောင်းနဲ့ ရောက်လာကြတယ်ဆိုတာ စဉ်းစားစရာပေါ့လေ။ တကယ်တော့ သဲကန္တာရကြီးထဲမှာ မျိုးနွယ်စုတစ်စု အခြေချ နေထိုင်တယ်ဆိုတာ ယုံကြည်နိုင်စရာ မရှိပါဘူး။ ဒါပေမဲ့ ကျွန်ုပ်ညီနဲ့ သူ့မိတ်ဆွေတို့ဟာ အဲဒီမျိုးနွယ်စုတွေဆီကို ရောက်ရှိခဲ့ကြတယ်လို့ ကျွန်ုပ် ယုံကြည်ပါတယ်။ သူတို့ဟာ အသက်အန္တရာယ်မျိုးစုံနဲ့ ရင်ဆိုင်ခဲ့ရပါ့လိမ့်မယ်၊ ကျွန်ုပ် အတောင့်တဆုံးဆန္ဒက ကျွန်ုပ်ညီဟာ အဲဒီဒေသမှာ အမှန်တကယ် ရှိနေသလား။ ဒါမှမဟုတ် သေဆုံးသွားပြီလား ဆိုတာကိုပါပဲ"





မင်းကြီးပြောပြသော အကြောင်းအရာများနှင့် ပိတ်စပေါ်မှာ ဖတ်ရှုခဲ့ရသည့် စာပါ အချက်အလက်များကို နှိုင်းယှဉ် သုံးသပ်နေမိသည်။

ကျွန်ုပ် တွေ့ရှိချက်များကိုလည်း ပြန်လည်ပြောပြလိုက်၏။

"ပိတ်စပေါ်မှာ ရေးခဲ့တဲ့စာကို ကျွန်တော် အကြိမ်ကြိမ် ဖတ်ပြီးပါပြီ။ အထူးခြားဆုံးက ပိတ်စတစ်စပေါ်မှာ သွေးစနဲ့ ရေးလိုက်တဲ့ မြေပုံပါပဲ။ မင်းကြီး သိရှိထားတဲ့ အချက်အလက်တွေနဲ့ အဲဒီပိတ်စပေါ်ကစာကို ဆက်စပ်လိုက်ရင် ရီဗာစလေဒင်နဲ့ သူ့မိတ်ဆွေတို့ဟာ သဲကန္တာရထဲက အံ့ဖွယ်မျိုးနွယ်စုတွေဆီကို အမှန်တကယ် ရောက်ရှိသွားတယ်လို့ ယူဆရမှာ ဖြစ်တယ်"

"ကျွန်ုပ်လည်း အဲဒီလို ယုံကြည်ပါတယ်၊ သဲကန္တာရကို ဖြတ်သန်းရမယ့် ခရီးမျိုးဟာ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံပြီး အန္တရာယ်ကို မကြောက်မရွံ့ ရင်ဆိုင်နိုင်စွမ်း ရှိသူမှသာ အောင်မြင်နိုင်မှာပါ၊ ဒါကြောင့် ကျွန်ုပ် ဒေါက်တာကို အကူအညီ တောင်းလိုတာပါ"

"ကောင်းပါပြီ မင်းကြီး၊ ကျွန်တော်ဟာ ဆုံးဖြတ်ပြီးတဲ့ ကိစ္စတစ်ခုကို ဘယ်လိုအကြောင်းနဲ့မှ ပြန်ဆင်သူ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ မလိုလားအပ်တဲ့ အတွေးတွေနဲ့ တွန့်ဆုတ်တွေဝေသူ မဟုတ်ဘူး ဆိုတာ မင်းကြီး ယုံကြည်ထားပါ”

“ကျွန်ုပ် အခိုင်အမာ ယုံကြည်ပါတယ်။ အဲဒီခရီးစဉ်အတွက် ဒေါက်တာ့ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ဖို့ ကျွန်ုပ် စီစဉ်ထားပါတယ်”

စုံထောက်မင်းကြီးသည် ကျွန်ုပ်ထံမှ သဘောတူညီမှု ရရှိပြီးဖြစ်၍ ပေါ့ပါးသွက်လက်စွာဖြင့် အနောက်ဘက်ခန်းသို ဝင်သွားပြီး အတန်ကြာသောအခါ ပစ္စည်းအချို့ကို ယူပြီး ပြန်ထွက်လာ၏။

ထိုပစ္စည်းများကို စားပွဲပေါ်သို့ တင်လိုက်သောအခါ သားရေအိတ်ဖြင့် စနစ်တကျ ထည့်ထားသော ငွေရောင်ခြောက်လုံးပြူး တစ်လက်၊ ငွေစက္ကူများနှင့် ရွှေဒင်္ဂါးများကို တွေ့မြင်ရ၏။

“ဒီပစ္စည်းတွေဟာ ဒေါက်တာ့အတွက် အမှန်လိုအပ်မဲ့ ပစ္စည်းတွေပါ။ ရွှေနဲ့ ငွေကို သုံးစွဲပြီး ခရီးစဉ်အတွက် လိုအပ်တာတွေကို ဆောင်ရွက်နိုင်ပါလိမ့်မယ်။ ကုလားလူမျိုးတွေဟာ ရွှေဆိုရင် အင်မတန် မက်မောကြပါတယ်”

ဟု ပြောကာ ကျွန်ုပ်ရှေ့သို့ တိုးပေးလေ၏။





ကျွန်ုပ်သည် ပင်ကိုဗီဇအရ ရွှေနှင့်ငွေကို တပ်မက်ခြင်းမရှိဘဲ ငွေရောင်သေနတ်ကိုသာ ကောက်ယူလိုက်၏။ သေနတ်၏ အေးစက်သော အတွေ့အထိသည် လက်မှတစ်ဆင့် အသည်းနှလုံးသို့တိုင် စိမ့်ဝင်သွားပြီး သွေးများ တက်ကြွနိုးကြားလာသည်ဟု ခံစားလိုက်ရ၏။

“ကောင်းပါပြီ မင်းကြီး၊ အခုအချိန်ကစပြီး ကျွန်တော်၏ တာဝန်ကို စတင်ပြီလို့ သတ်မှတ်ယုံကြည်လိုက်ပါ”

ဟု ပြောကာ နေရာမှထပြီး မင်းကြီးကို အရိုအသေပေးလိုက်သည်။

“ဂွတ်နိုက်(ဒ်) ဒေါက်တာထင်အောင်ကျော်”

ဟု နှုတ်ဆက်လေ၏။

အပြင်ဘက်တွင် အမှောင်ရိပ်သည် သိပ်သည်းစွာ ဖုံးလွှမ်းလျက် ရှိနေပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃)

## လူစွမ်းကောင်းနှစ်ဦးနှင့် တွေ့ဆုံခြင်း

ကျွန်ုပ်သည် ခရီးစဉ်အတွက် အသေးစိတ် အစီအစဉ်များ ရေးဆွဲခြင်း၊ လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်ခြင်းကို ရက်သတ္တနှစ်ပတ်ခန့် အချိန်ယူပြင်ဆင်ခဲ့ပြီး တန်ဆောင်မုန်းလပြည့်မတိုင်ခင် တစ်ပတ်ခန့် အလိုတွင် ခရီးစဉ်ကို စတင်လေသည်၊

ကျွန်ုပ်သည် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းသို့ မရပ်မနား ခရီးနှင်ခဲ့သည်။ ၎င်းဒေသများသို့ အကြိမ်ကြိမ် ရောက်ရှိခဲ့သည့် အတွက် ကျွန်ုပ်အဖို့ အခက်အခဲ မရှိချေ။

ချင်းတွင်းမြစ် အနောက်ဘက်တောင်ကြားစခန်းသို့ ရောက်သည်တွင် ညအိပ်ရပ်နားပြီး နောက်တစ်နေ့မနက်





မှာပဲ ဆက်လက်ခရီးဆက်ခဲ့ရာ ဟူးကောင်းတောင်ကုန်းနှင့် မဝေးလှသည့် ဆွမ်ကိန်းရွာကြီးသို့ ရောက်ရှိလေ၏။

ရွာသူကြီး ဦးဆေးဖော်အိမ်တွင် ဝန်စည်စလွယ်ပစ္စည်းများကို အပ်နှံပြီး ကျွန်ုပ်ငှားရမ်းခဲ့သော အထမ်းသမားများကို ပြန်လွှတ်လိုက်၏။

ဆွမ်ကိန်းရွာကြီးတွင် ရှမ်း၊ ကချင်၊ ချင်း၊ နာဂ၊ ဝ၊ မြန်မာလူမျိုးတို့ ရောနှောနေထိုင်ကြသည့် ရွာကြီးတစ်ရွာ ဖြစ်သည်။

ကျွန်ုပ်သည် အချိန်ဖင့်နွှဲမနေတော့ဘဲ ရွာ၏အနောက်ဘက်သို့ ထွက်ခဲ့၏။ ကျွန်ုပ်၏ လက်ဆွဲတော် ရိုင်ဖယ်သေနတ်နှင့် ကျည်ဘူးကိုလည်း တစ်ပါတည်း ယူဆောင်ခဲ့သည်။

သစ်ပင်ကြီးများ မိုးသို့ထိုးတက်နေပြီး နေပြောက် မထိုးနိုင်အောင် အုံ့ဆိုင်းသော တောနက်ကြီးဖြစ်လေသည်။

ချေ၊ ဒရယ်၊ တောင်ဆိတ် အစရှိသည့် တောကောင်များနှင့် ကျားသတ္တဝါကြီးများ ကျင်လည်ကျက်စားသည်ကြောင့် တောပစ်မုဆိုးများသည် အုပ်စုဖြင့်သာ တောပစ်ထွက်ဝံ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမှ အန္တရာယ်ထူပြောသည့် တောနက်ကြီးအတွင်းသို့ သစ်ခုတ်ရန် အဖော်မပါဘဲ တစ်ဦးတည်း သွားဝံ့သူမှာ ဆွမ်ကိန်းရွာသား ကျော်စွာ ဟူသော လူငယ်သာရှိ၏။

အချိန်အားဖြင့် နှစ်နာရီနီးပါးခန့် ကြာမြင့်သည်တွင် ကျွန်ုပ်သည် တောနက်အတွင်းပိုင်းသို့ ရောက်ရှိနေပြီဖြစ်သည်။

ကျွန်ုပ်သည် လေတင်ဘက်အပိုင်းရှိ ကဗ္ဗလာပင်ခြေရင်းတွင် ခေတ္တအနားယူလိုက်ပြီး အသားခြောက် အနည်းငယ်ကို စားလျက် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

ထိုအခိုက်အတန့်မှာပဲ အရှေ့တောအုပ်ဆီမှ ကြားလိုက်ရသော အသံကြောင့် ကျွန်ုပ်သည် ရိုင်ဖယ်သေနတ်ကို အသင့်အနေအထား ပြင်ဆင်လိုက်သည်။

အသံမှာ မသဲမကွဲ ကြားနေရာမှ သိသာထင်ရှားလာ၏။

ထိုအသံကြောင့် ကျွန်ုပ်သည်လွန်စွာစိုးရိမ်သွား၏။ ထို့ကြောင့် တုံ့ဆိုင်းတွေဝေမနေဘဲ၊ ၎င်းအသံ ထွက်ပေါ်ရာသို့ ဦးတည်လျက် လျင်မြန်စွာ ရွေ့လျားလိုက်သည်။

ကျားဟိန်းသံများ ဖြစ်သည်။ ထိုအသံများကို တစ်နေရာတည်းမှ ကြားနေရခြင်းမဟုတ်။ စက်ဝိုင်းသဏ္ဍာန်





ကြားနေရခြင်း ဖြစ်၍ အခြေအနေကို ချက်ချင်း ကျွန်ုပ်သိရှိလိုက်သည်။

တောကောင်ဟု ခေါ်သော ကျားတို့၏ တောလိုက်ပုံနှင့် သဘာဝမှာ ဆန်းကြယ်လှ၏။ ကျားတစ်ကောင်ချင်း သားကောင် လိုက်သည့်အခါများ ရှိသလို အုပ်စုဖွဲ့၍ လိုက်ကြသည်လည်းရှိ၏။

ယခုအနေအထားမှာ အုပ်စုဖွဲ့၍ သားကောင်လိုက်ခြင်းပင် ဖြစ်သည်။ ၎င်းတို့သည် နေရာအနှံ့မှ စက်ဝိုင်းသဏ္ဍာန်ပတ်ပြီး တောခြောက်သကဲ့သို့ အသံပေးကြ၏။ ၎င်းအသံများကြောင့် သားကောင်သည် ထွက်ပေါက်ပိတ်သလို ဖြစ်သွားသည့်အခါ ကျားတစ်ကောင်က အပိုင်စောင့်ဖမ်းတော့၏။

လူမှုဆိုးများ တောခြောက်ပြီး တိရစ္ဆာန်ဖမ်းသောနမူနာမျိုးဖြစ်သည်။ ကျားတို့ တောခြောက်သော အလယ်သို့ ရောက်သွားပါက လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ လွတ်လမ်းမရှိပေ။ ခြေဦးတည့်ရာ ပြေးလွှားရင်းဖြင့် ပက်ပင်းတိုးပြီး သတ်ဖြတ်ခံရလေသည်။

ကျားဟိန်းသံများ တစ်စစ နီးလာသောအခါ ကျွန်ုပ်သည် တွေဝေမနေဘဲ ကျွန်းပင်ကြီး တစ်ပင်ပေါ်သို့ ဖက်



www.burmeseclassic.com

www.burmeseclassic.com



တက်လိုက်ပြီး ပေသုံးဆန်ခန့်မြင့်သော သစ်ပင်ခွဆုံသို့ ရောက်သည်နှင့် အသေအချာထိုင်ပြီး အောက်သို့ငုံ့ကြည့်လိုက်၏။

ကျားဟိန်းသံများ ကြားသောနေရာသို့ ကြည့်လိုက်သောအခါ စက်ဝိုင်းသဏ္ဍာန် ကျားများအလယ်ရှိ တောကောင်ငယ်ကလေးများမှာ ကြောက်လန့်တကြား ပြေးနေလေ၏။

ထိုစဉ်မှာပဲ ဟိန်းသံမပေးဘဲ လျှို့ဝှက်စွာ စောင့်ဆိုင်းနေသည့် ကျားတစ်ကောင်က ဆတ်ဖားကြီးတစ်ကောင်ကို ဆီးကြို၍ ဖမ်းလိုက်တော့သည်။

အချိန်တစ်ခဏအတွင်းမှာပဲ တောကောင်ဖမ်းမိသော ကျားအနီးသို့ အခြားသောကျားများ ရောက်ရှိလာပြီး ၎င်းတောကောင်ကို ချက်ချင်း စားသောက်ခြင်း မပြုသေးဘဲ မလှမ်းမကမ်းရှိ ချောင်းအစပ်သို့ ဆွဲယူသွားကြသည်။

၎င်းမြင်ကွင်းကို ကြည့်နေလျက်က ကျွန်ုပ်သည် ကိုက်သုံးဆယ်မျှ ကွာလှမ်းသော နေရာတွင် လဲကျလျက်ရှိသည့် သစ်ပင်အချို့ကို တွေ့လိုက်ရ၍ အံ့သြသွား၏။

၎င်းသစ်ပင်များမှာ အကြောင်းမဲ့ လဲကျနေခြင်း မဟုတ်ပါ။ ထို့ကြောင့် ၎င်းဝန်းကျင်တစ်ဝိုက်ကို စူးစမ်း





ကြည့်လိုက်ရာ ကျွန်ုပ်ကဲ့သို့ သစ်ပင်အမြင့်ပေါ် ရောက်ရှိနေသူတစ်ဦးကို တွေ့ရလေ၏။

ကျွန်ုပ် အားရကျေနပ်စွာ ပြုံးလိုက်ပါသည်။ ထိုလူမှာ ကျွန်ုပ် လွန်စွာတွေ့ချင်သော ကျော်စွာ ဟူသည့် လူငယ်ပင်ဖြစ်သည်။

၎င်းလူငယ်သည် တောထဲ၌ သစ်ခုတ်ရာတွင် တခြားသစ်ခုတ်သမားများကဲ့သို့ အုပ်စုဖွဲ့၍ သစ်ခုတ်ခြင်း မပြုဘဲ သူ၏လက်ဆွဲတော် ရဲဒင်းတစ်လက်ဖြင့် တစ်ဦးတည်း သစ်ခုတ်သူဖြစ်သည်။ သူသည် ရဲဝံ့စွန့်စားသကဲ့သို့ သူ၏ သတ္တိနှင့် ပြည့်စုံသူဖြစ်သည်။

တောနက်တွင်း၌ အမည်ခေါ်ရန် မသင့်လျော်သောကြောင့် အသံမပြုတော့ဘဲ သစ်ပင်ပေါ်မှ ဆင်းလိုက်စဉ် အမှတ်မထင် တွေ့လိုက်ရသော မြင်ကွင်းကြောင့် ကျွန်ုပ်သည် ငေးကြောင်လျက် အထိတ်တလန့် ဖြစ်သွားပါသည်။

သစ်ပင်အောက် ရောက်ရှိသွားသော ကျော်စွာ၏ ကံကြမ္မာမှာ လွန်စွာစိုးရိမ်ဖွယ် ဖြစ်သွားလေပြီ။

သစ်ပင်အောက်သို့ ရောက်သည်နှင့် အသင့်စောင့်ဆိုင်းနေဟန်ရှိသော ကျားတစ်ကောင်က သူ့ရှေ့သို့ ဝေါခနဲ ခုန်ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း သစ်ပင်အောက်ခြေသို့ ရောက်လုနီး လျက်ရှိရာ ၎င်းမြင်ကွင်းကြောင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေတော့သည်။

ကျား၏ အလုံးအထည်မှာ ကျစ်လစ်သန်မာပြီး ထွားကျိုင်းလှ၏။ ထိုအကောင်ကြီးသည် သစ်ပင်ပေါ်သို့ ကျော်စွာ တက်သွားတာကို တွေ့လိုက်သောကြောင့် ချောင်းဘက်သို့ အုပ်စုလိုက် ထွက်သွားသော သူ့အဖော်များနှင့် လိုက်မသွားဘဲ သစ်ပင်ပေါ်မှ ကျော်စွာ ဆင်းအလာကို ချောင်းလျက် စောင့်ဆိုင်းနေခြင်းဖြစ်သည်။

လူမှဆိုးနှင့် ကျားမှဆိုး ထိပ်တိုက်တွေ့ကြလေပြီ။

ကျော်စွာ အဖို့ ထိပ်တိုက်ရင်ဆိုင်ရုံကလွဲ၍ အခြားနည်းလမ်း မရှိတော့သဖြင့် ခါးမှလက်ဆွဲတော် ရဲဒင်းကြီးကို ဆွဲထုတ်လိုက်သည်။ ထို့နောက် သူသည် ကျွန်းပင်ကြီးအား ကျောမှီရပ်လျက် တောကောင်၏ မျက်ဝန်းတွေကို စူးစိုက်ကြည့်နေ၏။

တောကောင်ကြီးက သူ့ရှေ့ မလှမ်းမကမ်းနေရာမှ ခါးတန့်နဲ့ဖြင့် ခေါက်ပြန်လျှောက်ရင်း အသင့်ချောင်းနေသည်။ ဤအခြေအနေမျိုးတွင် သတ္တိနှင့်ယှဉ်၍ ဉာဏ်ကိုသုံးမှ ဖြစ်မည်ကို ကျော်စွာ ကောင်းစွာသိလေ၏။





သူသည် ရဲဒင်းကို အသင့်ကိုင်ကာ သစ်ပင်ရှေ့သို့ အနည်းငယ် ထွက်ပေးလိုက်သည်နှင့် တောကောင်က မျက်နှာချင်းဆိုင် ခုန်အုပ်ရန် အသင့်ပြင်လေ၏။

ကျွန်ုပ်သည် ၎င်းတို့နှင့် ကိုက်အနည်းငယ်သာ ကွာဝေးသည့် နေရာသို့ ရောက်ရှိနေပြီဖြစ်သည်။

ကျွန်ုပ်၏ ခန္ဓာကိုယ်ကို ကမ္ဗလာပင်နှင့် ကွယ်လျက်ရှိဖယ်သေနတ်ဖြင့် တောကောင်ကို ချိန်ရွယ်လိုက်စဉ်မှာပဲ ခြေတစ်လှမ်း ရွှေ့လိုက်သော ကျော်စွာထံသို့ တောကောင်က လွှားခနဲ ခုန်အုပ်တော့၏။

ကျွန်ုပ် ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားပါသည်။ သို့သော်လည်း အခြေအနေမှာ ကျွန်ုပ်စိုးရိမ်သလို မဟုတ်တော့တာကို အချိန်အနည်းငယ်အတွင်း သိလိုက်ရ၏။

ကျော်စွာသည် သူ့အပေါ် မိုးဝင်လာသော ကျား၏ ဦးခေါင်းအား ရဲဒင်းဖြင့် ခုတ်ချလိုက်ပြီး ကြောင်တစ်ကောင်ကဲ့သို့ လျင်မြန်စွာ ဘေးသို့ရှောင်တိမ်းလိုက်၏။

"ဒုတ်"ခနဲ မြည်သံနှင့်အတူ လက်ထဲမှာ စေးစေးပိုင်ပိုင် ခံစားလိုက်ရ၍ ကျားခေါင်းကို မိမိရရ ခုတ်မိလိုက်ကြောင်း သိလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြေပေါ်သို့ ဝုန်းခနဲ ပစ်ကျသွားသော ကျားသည် တဝေါင်းဝေါင်း မာန်ဖီရင်း မြေတွင် လူးလိမ့်နေလေသည်။ ကျား နာသွားပြီဆိုလျှင် လွန်စွာ အန္တရာယ်များ၏။ ထို့ကြောင့် ယခုတစ်ကြိမ်တွင် ပွဲသိမ်း တိုက်ခိုက်ခြင်းဖြင့် သတ်ဖြတ်ရန် သူသည် အကွက်ကောင်းကို ချောင်းနေရ၏။

ကျားက မြေတွင်လူးလိမ့်နေရာမှ နောက်တစ်ကြိမ် ခုန်အုပ်ရန် သူ့ဘက်သို့ မျက်နှာလှည့်လိုက်စဉ်မှာပဲ သူသည် ရဲဒင်းကို မြှောက်လိုက်ပြီး ပစ်ပေါက်လိုက်ရာ ရဲဒင်းအသွားမှာ ကျားဦးခေါင်း တစ်ဝက်ခန့် မြုပ်ဝင်သွားပြီး ခေတ္တမျှသာ လှုပ်ရှားပြီးနောက် ငြိမ်ကျသွားတော့သည်။

သို့သော် ... မချိမဆန့် အော်သံများ ပေါ်ထွက်နေလေရာ ကျော်စွာက သူ့ရဲဒင်းကို နုတ်ယူလိုက်သည်နှင့် ငြိမ်ကျသွားတော့သည်။

ကျွန်ုပ်သည် အားရကျေနပ်စွာဖြင့် ရိုင်ဖယ်သေနတ်ကို ခါးတွင်လွယ်လိုက်ပြီး လက်ခုပ်တီးလိုက်ပါသည်။

"ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း"





"ဟာ ... ဆရာ၊ ဘယ်လိုကနေ ဒီကို ရောက်လာတာလဲ"

ဟု တအံ့တသြ မေးလေ၏။ သူသည် လွန်စွာပျော်ရွှင်သွားပုံရ၏။

"မောင်ရင် တောကောင်ကြီးနဲ့ စပြီးမတိုက်ခင် အချိန်က ဆိုပါတော့"

"ဒါဆိုရင် ဒီကောင်ကြီးနဲ့ ကျွန်တော် တိုက်ခိုက်တာကို အစအဆုံး ဆရာ မြင်မှာပေါ့"

"သေချာတာပေါ့ကွာ၊ ငါ့တစ်သက်မှာ ဒီလို သူရသတ္တိမျိုးနဲ့ တိုက်ခိုက်နိုင်စွမ်းတာ မင်းတစ်ယောက်ပဲ တွေ့ဖူးသေးတယ်။ သိပ်ကို အားရတယ်ကွာ၊ ငါကလည်း ဒါကိုသိနေလို့ မင်းဆီ အရောက်လာခဲ့တာပေါ့"

"ဒါကတော့ ဆရာရယ်၊ ဆရာ ကျွန်တော့်ကိုပြောခဲ့တဲ့ စကားအတိုင်း ပြောရရင် ကြောက်တတ်ရင် နှစ်ခါသေရတတ်တယ် ဆိုတာလေ၊ ဒီကောင်ကြီးကို ရင်မဆိုင်ဝံ့လို့ ကျွန်တော့်အဖို့ လွတ်မြောက်သွားမှာ မဟုတ်မယ့်အခြေအနေမှာ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တာပေါ့"

ကျော်စွာသည် ကျွန်ုပ်အား အကဲခတ်ကြည့်ရှုပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါ ဆရာ့ကို တွေ့ရတာ အနည်းငယ် ထူးဆန်းနေသလိုပဲ။ အရင်တုန်းကလို သုတေသနလုပ်ငန်းတစ်ခုတည်းအတွက် ရောက်လာတာ မဟုတ်ဘူးလို့ ကျွန်တော် ထင်တယ်"

ဟု ပြောလေရာ ကျွန်ုပ်လည်း လူငယ်၏ ပါးနပ်မှုကို သဘောကျသွားလေသည်။ ထို့နောက် ကျွန်ုပ် ဘာကြောင့် ရောက်ရှိလာသည်ကို ၎င်းလူငယ်အား အကျဉ်းရုံး ပြောပြလိုက်၏။

"ငါတို့တိုင်းပြည်နဲ့ မိုင်များစွာ ကွာဝေးတဲ့ ခရီးတစ်ခု ထွက်ရမှာဖြစ်လို့ မင်းနဲ့ လာတွေ့တာပဲ။ အဲဒီခရီးဟာ သာမန်ခရီးမျိုး မဟုတ်ဘူး။ ကြံခိုင်သန်စွမ်းပြီး စွန့်စားခြင်းကို ဝါသနာထုံတဲ့ သူမျိုးမှ ကြုံတွေ့ရမယ့် အခက်အခဲတွေကို ရင်ဆိုင်နိုင်လိမ့်မယ်။ ဒါကြောင့် ငါ မင်းဆီ ရောက်လာတာပဲ"

ဟု ပြောလိုက်ရာ ကျော်စွာသည် အလွန့်ကို အားရကျေနပ်စွာဖြင့် ...

"ဆရာနဲ့အတူ စွန့်စားသွားရမယ်ဆိုရင် ဘယ်တုန်းက ကျွန်တော် ငြင်းဖူးလို့လဲ။ ကျွန်တော် လိုက်ဖို့အသင့်ပါပဲ"





ဟု ပြောလေ၏။

"တို့ခရီးစဉ် အောင်အောင်မြင်မြင်နဲ့ ပြန်လာရင်တော့ ဒီသစ်ခုတ်တဲ့အလုပ်ကို ပြန်လုပ်ကြည့်စရာ မလိုတော့ဘူး"

"ကျွန်တော် သဘောမပေါက်ဘူး ဆရာကြီး၊ ဘယ်လိုအကြောင်းလဲ ဆိုတာ ရှင်းပြပါဦး"

"ငါတို့ လူတစ်ယောက်ကို တွေ့ရဦးမယ်။ သူနဲ့တွေ့တော့မှ ပြည့်ပြည့်စုံစုံ ငါရှင်းပြမယ်"

ကျားသေကို ယူဆောင်လျက် ဆွမ်ကိန်းရွာသို့ ပြန်ရောက်သည်တွင် ရွာလူကြီး ဦးဆေးဖော်နှင့် ရွာသားများက ကျွန်ုပ်တို့အား ဝမ်းသာအားရ ကြိုဆိုကြ၏။

နောက်တစ်နေ့ မနက်မှာပဲ ကျွန်ုပ်နှင့် ကျော်စွာသည် ဆွမ်ကိန်းရွာမှ ထွက်ခွာကြသည်။

ကျော်စွာသည် လွန်စွာပါးနပ်သော လူငယ်ဖြစ်သည်။ ကျွန်ုပ် ဦးတည်သွားရောက်မည့် ဒေသကို သိသည်နှင့် သူသည် မည်သူနှင့် တွေ့ဆုံမည်ကို မှန်းဆပြီးဖြစ်၏။

ကျွန်ုပ်တို့သည် ရက်အနည်းငယ် အကြာတွင် ရှမ်းပြည်နယ်မြောက်ပိုင်းသို့ ရောက်ရှိကြလေသည်။ မိုင်းယွန် ဟူသော မြို့သည် လွန်စွာ ကျယ်ဝန်း၍ စည်ကားသော ဒေသတစ်ခုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကုလားဖြူနယ်ချဲ့တပ်များက မိုင်းပွန်နယ်နိမိတ်များ အထိ ဆော်ကားမှုပြုနေသော အချိန်ဖြစ်၍ မြို့ကလေးအတွင်း၌ သူလျှိုများ၊ မျိုးချစ်သူရဲကောင်းများ၏ လှုပ်ရှားမှုဖြင့် လွန်စွာရှုပ်ထွေးလို့နေ၏။

ဒေသတစ်ခုလုံးအား ထိရောက်စွာ အုပ်ချုပ်နိုင်စွမ်း မရှိသောကြောင့် လူဆိုး လူမိုက်များမှာလည်း လွန်စွာပေါ များ၏။ မကောင်းမှုဒုစရိုက်လုပ်ငန်းမျိုးစုံကိုလည်း နေရာ အနှံ့တွင် ထင်ထင်ပေါ်ပေါ် တွေ့နေရသည်။

ကျွန်ုပ်တို့နှစ်ဦးသည် အသွားအလာကို သတိထားနေ ရသည်။ မျက်နှာစိမ်းများ ရောက်ရှိလာလျှင် ချောင်းမြောင်း တိုက်ခိုက်ပြီး လုယက်ကြသည့် အုပ်စုဖွဲ့ လူမိုက်များ၏ အန္တရာယ်မှ ရှောင်ရှားလိုသောကြောင့် ဖြစ်သည်။

ယခုအချိန်တွင် ကျွန်ုပ်အဖို့ ဘယ်လိုအန္တရာယ် မျိုးနှင့်မှ ထိပ်တိုက်ရင်မဆိုင်ချင်ပါ။ မလွှဲမရှောင်မှသာ ရင်ဆိုင်ရန် ဆုံးဖြတ်ထားသည်။

ကျွန်ုပ် ရည်ရွယ်ထားသော ကိစ္စများကို ပြီးမြောက် အောင် ဆောင်ရွက်ရာတွင် မလိုလားအပ်သည့် အသေးအဖွဲ ကိစ္စများကြောင့် အနှောင့်အယှက် မဖြစ်လိုသောကြောင့် ဖြစ်သည်။





ဂုင်းဆန္ဒကို ကျွန်ုပ် ပြောပြထား၍ ကျော်စွာလည်း သိရှိပြီးဖြစ်သည်။

မိုင်းပွန်သို့ ကျွန်ုပ်တို့ ရောက်ရှိသွားချိန်မှာ ညနေ စောင်း ဖြစ်နေ၍ ရှေ့ခရီးဆက်ရန် မဖြစ်နိုင်တော့သဖြင့် တစ်ညတာ တည်းခိုရန် ဆုံးဖြတ်လိုက်သည်။

ညနေစောင်းသည်နှင့် ဆီးနှင်းများမှာ တဖွဲဖွဲ ကျ ဆင်းလာလေသည်။ ပေ၁ါထောင်ကျော်၊ ခြောက်ထောက် ခန့် မြင့်မားသော တောင်တန်းကြီးများ ပတ်လည်ဝန်းရံ လျက်ရှိရာ ဆီးနှင်းများက ဂုင်းတောင်တန်းကြီးတွေကို လွှမ်းခြုံထားလေသည်။

ဆောင်းအခါများတွင် တောင်တန်းကြီးများပေါ်မှာ ရေခဲများဖုံးနေပေရာ ရုတ်တရက်ကြည့်လျှင် ဆံပင်ဖွေးဖွေး ဖြူနေသော အဘွားအိုများ စုစည်းပြီး ငုတ်တုတ်ထိုင်နေ သည်နှင့် တူလှပေသည်။

တောတောင်များတွင် အရောင်အသွေး စုံလှသော ပန်းရောင်စုံများ၏အလှကို မြင်တွေ့ရသောကြောင့် ထို ရာသီမျိုးတွင် တောင်ပေါ်သားများအဖို့ စိတ်ကူးယဉ်စရာ အကောင်းဆုံးအချိန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့နှစ်ဦးသည် သာမန်တောင်ပေါ်သားများ အသွင်ဖြင့် မိုင်းပွန်ဈေးအတွင်းရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ညနေစာ စားသောက်ကြ၏။ ထိုစဉ် ဆိုင်အတွင်း ဘက်ကျသော စားပွဲဝိုင်းတစ်ဝိုင်း၏ ထူးခြားမှုကို ကျွန်ုပ် သတိပြုမိလေ၏။

အဖြူရောင် ခေါင်းပေါင်းဖြင့် လူလတ်ပိုင်းအရွယ် ပုဂ္ဂိုလ်တစ်ဦးသည် ဒေသခံလူအချို့နှင့် ခေါင်းချင်းဆိုင်လျက် အခြေအတင် စကားပြောနေ၏။

သူတို့သည် အမှောင်ကို အားပြုလျက် တစ်စုံတစ်ခုကို လေးနက်စွာ ဆွေးနွေးနေသည်မှာ ထင်ရှား၏။

ကျွန်ုပ်တို့ သတိပြုမိခြင်းမှာ ၎င်းဝိုင်းအတွက် အစားအသောက်များကို ဆိုင်ရှင်ကိုယ်တိုင် ဂရုတစိုက် စီစဉ်ပေးနေသောကြောင့် ဖြစ်သည်။

"တောက် ... အသားထဲက လောက်ထွက်တဲ့လူတွေ၊ အသက်ချင်း လဲပစ်လိုက်ချင်တယ် ဆရာရယ်"

ကျော်စွာသည် မချိတင်ကဲ လေသံဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။ ကျော်စွာသည် မျိုးချစ်စိတ်ဓာတ် ပြင်းထန်သော လူငယ်တစ်ဦးဖြစ်၏။ ဗြိတိသျှ မျက်နှာဖြူများကို ကြည့်မရအောင် မုန်းတီးနေသူ ဖြစ်သည်။





အုပ်ချုပ်သူစော်ဘွားများမှာ မျက်နှာဖြူများကို ခစားတော်လှန်ရန် အာရုံစိုက်နေရသောကြောင့် ဒေသတွင်း အုပ်ချုပ်ရေးကို ထိရောက်စွာ ကိုင်တွယ်နိုင်စွမ်း မရှိတာကို အခွင့်ကောင်းယူလျက် မျက်နှာဖြူသူလျှိုများက ဒေသခံလူမိုက်အချို့ကို မက်လုံးပေးပြီး တည်ငြိမ်မှု ပျက်ပြားစေရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းနေကြ၏။

ကျွန်ုပ်တို့ သတိထားမိသည့် ခေါင်းပေါင်းဖြူနှင့် ပုဂ္ဂိုလ်မှာ မျက်နှာဖြူသူလျှိုတစ်ဦးပင် ဖြစ်သည်။

"မင်း ခံစားမှုကို ငါ နားလည်တယ် ကျော်စွာ၊ ငါလည်း မင်းလိုပဲ ခံစားရပါတယ်။ ဒီအချိန်မှာ ခံစားမှုကို ရှေ့တန်းတင်လို့မရပေဘူး။ တို့တစ်မျိုးသားလုံးဟာ ကြိုတင်ပြင်ဆင်မှုတွေ အားနည်းခဲ့ကြတယ်။ ပြီးတော့ အခြေအနေနဲ့ အချိန်အခါကို မခွဲခြားဘဲ ခံစားမှုကို ဦးစားပေးခဲ့ကြတယ်။ ဒါကြောင့် တို့တိုင်းပြည်ဟာ သူ့ကျွန်ဘဝကို မရောက်သင့်ဘဲ ရောက်ခဲ့ရတယ်။ တော်လှန်ရေးတစ်ရပ် ဆင်နွှဲတာဟာ ကလေးကစားသလို လုပ်လို့မရဘူး။ စည်းရုံးရေးစွမ်းအား၊ စစ်ရေးစွမ်းအား၊ စီးပွားရေးစွမ်းအား ဆိုတဲ့ ထောက်ကြိုး သုံးထောက် ခိုင်မာဖို့ အရေးကြီးတယ် ...



www.burmeseclassic.com

www.burmeseclassic.com



"စီးပွားရေးစွမ်းအားဟာ သိပ်ကိုအရေးကြီးတဲ့ ကဏ္ဍ တစ်ခုပဲ။ ဓနအင်အား မခိုင်မာဘဲ စည်းရုံးရေးစွမ်းအားနဲ့ စစ်ရေးစွမ်းအားကို ဘယ်လိုမှ အကောင်အထည် ဖော်နိုင်မှာ မဟုတ်ဘူး။ ဗြိတိသျှတွေဟာ ဓနအင်အားနဲ့ စည်းရုံးရေး စွမ်းအားကို ထူထောင်နေကြတယ်။ ဗြိတိသျှသူလျှိုတွေဟာ ဒေသခံတွေကို ဓနအင်အားနဲ့ သူတို့ ကြိုးဆွဲရာအတိုင်း ဆောင်ရွက်နိုင်ကြတယ်။ အဲဒီနည်းဗျူဟာ ဘယ်လောက် ထိရောက်တာကို ဗြိတိသျှတွေက အတွေ့အကြုံအရ အများ ကြီး သိထားကြတယ်။ ခံစားမှုတစ်ခုတည်းနဲ့ သူတို့ကို တွန်းလှန်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး။ အခြေအနေနဲ့ အချိန်အခါကို စိတ်ရှည်ရှည် စောင့်ဆိုင်းရမယ်လို့ ငါ ယူဆတယ်"

ကျော်စွာသည် ခေါင်းတဆတ်ဆတ် ညိတ်လျက် နားထောင်လေ၏။ ကျွန်ုပ်လည်း အကြောင်းတိုက်ဆိုင် လာ၍ ကျွန်ုပ်၏အယူအဆများကို ပြောမိခြင်း ဖြစ်သည်။

ထိုစဉ်မှာပဲ ဆိုင်အတွင်းမှ ခေါင်းပေါင်းဖြူနှင့်ပုဂ္ဂိုလ် ထွက်သွားလေရာ ကျွန်ုပ်တို့လည်း နောက်တစ်နေ့ ခရီးစဉ် အတွက် ကြိုတင်စီစဉ်ရမည့် ကိစ္စများ ဆောင်ရွက်ရန် စားသောက်ခြင်းကို အဆုံးသတ်လိုက်လေ၏။





မိုင်းပွန်ဒေသ အစွန်အဖျားရှိ မိုင်းခွန်ရွာသို့ နောက် တစ်နေ့မှာပဲ ခရီးဆက်ကြသည်။ ကျွန်ုပ်တို့သည် ၎င်းခရီး အတွက် မြင်းကုန်သည်ထံမှ မြင်းနှစ်ကောင်ကို အသုံးပြုရန် ဝယ်ယူခဲ့သည်။

၎င်းခရီးကို ကျွန်ုပ်တို့သည် သွားရိုးသွားစဉ်လမ်းမှ မသွားဘဲ ဖြတ်လမ်းမှ သွားကြသည်။ နက်ရှိုင်းသော တောအုပ်ကြီးအတွင်း တိုးဝင်ဖြတ်သန်းရသောကြောင့် သတိ ဝီရိယဖြင့် သွားရလေ၏။

တောကောင်များ ကျင်လည်ကျက်စားရာ တောအုပ် ကြီးဖြစ်၍ တောကောင်များ၏ ပရိယာယ်နှင့် အကျွမ်းတဝင် မရှိသူများအဖို့ ဤလမ်းခရီးမှ မည်သူမျှ မသွားလာဝံ့ကြ။

ကျွန်ုပ်တို့နှစ်ဦးသည် ရိက္ခာခြောက်များကိုစားသောက် ရင်း မရပ်မနား ခရီးနှင်ခဲ့ရာ နေ့တစ်ဝက်ကျိုးသည်နှင့် မိုင်ခွန်ရွာနှင့် မဝေးတော့သည့် နေရာသို့ ရောက်ရှိကြ လေသည်။

ရပ်နားခြင်း မပြုတော့ဘဲ တောက်လျှောက် ခရီး ဆက်ရန် ဆုံးဖြတ်လိုက်ကြပြီး လျှိုတစ်ခုကို ဖြတ်ကျော်မိစဉ် ကျွန်ုပ်တို့သည် မထင်မှတ်သော ဖြစ်ရပ်နှင့် ရုတ်တရက် ရင်ဆိုင်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့အား တင်ဆောင်ထားသော မြင်းနှစ်ကောင်သည် ရှေ့ဆက်ရန် တုံ့ဆိုင်းသွားပြီး ဟီသံပေးလျက် အထိတ်တလန့် ဖြစ်နေကြ၏။

ကျွန်ုပ်နှင့် ကျော်စွာလည်း ဝန်းကျင်တစ်ခွင်ကို မလွှတ်တမ်း အကဲခတ်လိုက်ရာ တစ်စုံတစ်ရာ ထူးခြားမှု မတွေ့ရသည့်ကြောင့် စဉ်းစားမရ ဖြစ်နေကြသည်။

ကျွန်ုပ်က ရိုင်ဖယ်သေနတ်ကို အသင့်ကိုင်ဆောင်ထားပြီး ဖြစ်သလို ကျော်စွာကလည်း သူ၏လက်ဆွဲတော်ရဲဒင်းဖြင့် အသင့်အနေအထား ရှိနေ၏။ အခြေအနေမှာ ဘယ်လိုမှ စိတ်ချ၍ မရတော့သည်ကို အတွေ့အကြုံအရ ကျွန်ုပ်တို့ သိလိုက်ကြ၏။

အချိန်ခဏအတွင်းမှာပဲ အဝေးဆီမှ ကျားဟိန်းသံကို သတိပြုမိလေ၏။ ထိုစဉ် ကျွန်ုပ်တို့၏မြင်းမှာ ထိန်းချုပ်၍ မရတော့ဘဲ ကဆုန်ပေါက်နေလေရာ ကျွန်ုပ်သည် လျှပ်တစ်ပြက်အတွင်း ဆုံးဖြတ်လိုက်တော့သည်။

မြင်းတွင် ချည်နှောင်ထားသော ကျွန်ုပ်တို့ပစ္စည်းများကို အလျင်အမြန် ဖြုတ်ချပြီးသည်နှင့် မြင်းနှစ်ကောင်ကို လွှတ်ပေးလိုက်တော့သည်။





ထို့နောက် ကျွန်ုပ်နှင့် ကျော်စွာသည် နေရာခွဲ၍ ကျားဟိန်းသံကို နားစွင့်နေလေ၏။ အစာမာန်ယစ်၍ ဟိန်းသော ကျားဟိန်းသံ ဖြစ်ကြောင်း သိရှိလိုက်ပါသည်။

ကျားများ မိတ်လိုက်သောအချိန်နှင့် အစာမာန်ယစ်သော အချိန်များမှာ အခြားအချိန်များထက် အန္တရာယ်ပိုကြီးကြောင်း ကောင်းစွာ သိထားသောကြောင့် သတိထား၍ စောင့်ကြည့်နေရသည်။

၎င်းအသံများမှာ တဖြည်းဖြည်း ပျောက်ကွယ်သွားပြီး အတန်ကြာသည့်တိုင်အောင် မကြားရတော့သဖြင့် ကျွန်ုပ်တို့လည်း စိတ်အေးသွားတော့သည်။

"ဒီကောင်ကြီး အစာရသွားပြီ ထင်တယ်"

ကျွန်ုပ်အနီးသို့ ရောက်လာပြီး ထိုသို့ ပြောလိုက်သော ကျော်စွာသည် ညောင်လန်းပင်၏ ကိုင်းဖျားဆီသို့ လက်ညှိုးထိုးလျက် ...

"ဟာ ... ... ရာ၊ ဟို ... ဟိုမှာ ကြည့်ပါဦး"

ဟု အထိတ်တလန့် ပြောလေ၏။

"ဟင်"

ကျွန်ုပ်လည်း တအံ့တဩ ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခဏမှာပဲ ကျွန်ုပ်သည် ဖြစ်ပျက်မှု အားလုံးကို သဘောပေါက် နားလည်သွားသည်။ ကျွန်ုပ်ကဲ့သို့ ကျော်စွာသည်လည်း သိရှိသွား၏။

ထို့နောက် ကျော်စွာသည် အားပါးတရ ရယ်လေ၏။

"ဟား ဟား ဟား ဟား"

"ဆရာ အဲဒီသစ်ကိုင်းပေါ်က အဝတ်အစားတွေကို ကျွန်တော် သွားယူထားချင်တယ်"

ဟု ပြောလေ၏။

"မလုပ်ပါနဲ့ ကျော်စွာရာ။ မင်းလုပ်တာနဲ့ စိုင်းဆဲထူး ဒုက္ခရောက်နေပါ့မယ်"

"ဒီကောင်ကြီး တောထဲက ထွက်မရဘဲ ကယောင်ချောက်ချား ဖြစ်နေတာကို ကြည့်ချင်လိုက်တာ ဆရာရယ်"

ကျွန်ုပ် တားမြစ်လိုက်၍ တော်တော့သည်။ နို့မဟုတ်လျှင် လူငယ်ပီပီ အစ,အနောက်သန်သော ကျော်စွာက ထိုသို့လုပ်မှာ သေချာသည်။

အခြေအနေကို စောင့်ကြည့်နေစဉ်မှာပဲ တောတိုးသံများ ကြားရပြီး တောထဲမှ လူတစ်ယောက် ထွက်လာတာကို တွေ့ရ၏။ အသက်သုံးဆယ်ဝန်းကျင် လူရွယ်တစ်ဦးပင် ဖြစ်သည်။





ငှင်းလူရွယ်သည် လတ်လတ်ဆတ်ဆတ် ဖမ်းမိလာဟန်ရှိသော ဒရယ်တစ်ကောင်ကို ဆွဲလာ၏။ သူသည် ကျွန်ုပ်တို့နှစ်ဦးကို အမှတ်မထင် တွေ့လိုက်ရသောကြောင့် အံ့သြသွားလေ၏။

ကျွန်ုပ်တို့အား ရန်သူလား မိတ်ဆွေလားဟု တွေးနေဟန်ရှိသော သူ၏မျက်ဝန်းတွေက ရုတ်တရက်ပင် ဝင်းလက်သွား၏။

"ဆ ... ဆရာနဲ့ ကျော်စွာ၊ ဟုတ်ပါတယ်နော်၊ ဆရာထင်အောင်ကျော် ဟုတ်ပါတယ်နော်"

ကျွန်ုပ်ကပြုံးလျက် ခေါင်းညိတ်လိုက်ရာ သူသည် အားရ ဝမ်းသာစွာဖြင့် ကျွန်ုပ်တို့အနီးသို့ ပြေးလာလေ၏။

ကျွန်ုပ်က သူ့လက်မောင်းကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်ပြီး ...

"မင်းကို အခုလိုပုံစံမျိုးနဲ့ တွေ့ရတာ သိပ်ကိုအံ့သြတယ် စိုင်းဆဲထူးရာ၊ တကယ် မယုံနိုင်စရာပဲ၊ ဒါပေမဲ့ ငါ အရမ်းအားရတယ်"

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း အံ့သြမိပါတယ်။ ဆရာနဲ့ကျော်စွာ ကို အမြဲသတိရနေတာ။ ဆရာ အခုလာတာ ကျွန်တော့်ဆီ ကိုလား"

"သိပ်သေချာတာပေါ့။ ငါ့မှာ အင်မတန် စွန့်စား ရမယ့် ခရီးတစ်ခု ထွက်စရာ ကြုံကြိုက်လို့ မင်းဆီလာခဲ့ တာပါ"

"ကြိုက်ပြီ ဆရာရေ၊ ကျွန်တော်ကလည်း အဲဒါမျိုး ကို မျှော်နေတာ"

အကျိုးအကြောင်း ဘာမှမပြောရသေးဘဲ စိုင်းဆဲထူး ၏ အားတက်သရော အမူအရာကြောင့် ကျွန်ုပ်လည်း ကျေနပ်မိလေ၏။

သူသည် ကျွန်ုပ်နှင့် ကျော်စွာ သွားရောက်မည့် မိုင်းခွန်ရွာသား စိုင်းဆဲထူးပင် ဖြစ်တော့သည်။

❦ + ❦





# အခန်း(၄)

## ကန္တာရမှတ်တမ်း

ကျွန်ုပ်ဟာ ရီဇာစလေဒင် ဖြစ်တယ်။

သမုဒ္ဒရာကဲ့သို့ အဆုံးအစ မမြင်ရတဲ့ သဲကန္တာရကြီး ထဲက စုန်းကဝေတွေ ကြီးဆိုးတဲ့ နိုင်ငံငယ် တစ်ခုထဲ ရောက်နေပါတယ်။

ကျွန်ုပ်မိတ်ဆွေနှင့် ကျွန်ုပ်တို့ အစာရေစာ ငတ်ပြတ် ပြီး သေလုဆဲဆဲ ဖြစ်နေပါတယ်။

ကျွန်ုပ်ရှိတဲ့ နေရာကို မြေပုံရေးဆွဲဖို့ မင်အဖြစ် ကျွန်ုပ် လက်ညှိုးထိပ်က သွေးကိုဖောက်ပြီး ရေးဆွဲလိုက်ပါ တယ်။ စာရွက်အဖြစ် ကျွန်ုပ်အင်္ကျီကို ဆုတ်ယူပြီး အဲဒီ အစငယ်တွေပေါ်မှာ ရေးလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့အဖို့ ဤနေရာက အသက်ရှင်လျက် လွတ်မြောက်နိုင်ဖွယ် မရှိတော့ဘူး။ သို့သော်လည်း ဘုရားသခင်၏ မေတ္တာကို တိုင်တည်ပြီး ကျွန်ုပ် စွန့်စားမှုတစ်ခု ပြုခဲ့ပါတယ်။

ကျွန်ုပ်ကို ထာဝရဘုရားသခင် စောင့်ရှောက်ပါစေ။

ကျွန်ုပ်ရဲ့စာကို ယူဆောင်ပြီး စွန့်စားထွက်ပြေးသူ ကျွန်ုပ်၏မိတ်ဆွေ လွတ်မြောက်ပါစေ။

ဤစာသည် အိန္ဒိယနိုင်ငံနယ်စပ်က ပုလိပ်အရာရှိဖြစ်သူ ကျွန်ုပ်အစ်ကိုထံ ရောက်ရှိပါစေ။ အကယ်၍မရောက်ရှိခဲ့ပါက ဤစာကို ရရှိခဲ့သော အသင်မိတ်ဆွေကို ကျွန်ုပ်အလေးအနက် ပြောချင်ပါတယ်။ ကျွန်ုပ် စိတ်ရူးပေါက်ပြီး ထင်ရာမြင်ရာ ပြောနေခြင်း မဟုတ်တာကို ယုံကြည်စေချင်ပါတယ် မိတ်ဆွေ။

ကျွန်ုပ်အစ်ကို ပေါလ်စလေဒင်နှင့် တွေ့ဆုံပြီး ဒီစာကို ပေးဖြစ်အောင် ပေးလိုက်ပါ။ ကျွန်ုပ်အစ်ကိုဟာ ကျွန်ုပ်ထံကို စစ်တပ်တစ်တပ်နဲ့ ရောက်လာပြီး ကျွန်ုပ်ကိုဖမ်းချုပ်ထားတဲ့ အရိုင်းအစိုင်းကောင်တွေကို သတ်ဖြတ်လိမ့်မယ်လို့ ကျွန်ုပ်ယုံကြည်ပါတယ်။





အင်အားကြီးတဲ့ စစ်တပ်မှသာ နှိမ်နင်းနိုင်ပါလိမ့်မယ်။ လူအနည်းငယ်လောက်နဲ့ ကျွန်ုပ်ဆီကို ရောက်ရှိဖို့ဆိုတာ သဲကန္တာရထဲမှာ ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်နေပါလိမ့်မယ်။

ကျွန်ုပ်အစ်ကိုဟာ စစ်တပ်နဲ့အတူ ဘာသာရေးဆိုင်ရာအထွတ်အထိပ်ပုဂ္ဂိုလ်များကို ခေါ်ဆောင်လာပြီး မကောင်းဆိုးဝါးတွေကို အကျွတ်တရားရအောင် ဆောင်ရွက်နိုင်ပါလိမ့်မယ်။

ကျွန်ုပ် ရောက်ရှိနေတဲ့ဂူဟာ မရဏဂူ ဖြစ်ပါတယ်။ ဂူရဲ့နောက်ဘက်မှာ မရေမတွက်နိုင်တဲ့ စိန်တွေ မြောက်မြားစွာ ရှိပါတယ်။ သူတို့တွေကို နှိမ်နင်းနိုင်သူဟာ ကမ္ဘာပေါ်မှာ အကြွယ်ဝဆုံး သန်းကြွယ်သူဌေးကြီး ဖြစ်သွားပါလိမ့်မယ်။

ကျွန်ုပ်ရေးရန် ပိုထုတ်စမရှိတော့ပါ။ စုန်းများကို ရှာဖွေပြီး သုတ်သင်ပါ။ စုန်းများရဲ့သခင် ပါလ်ဝဲကို သတ်ပစ်ပါ။ နှင်းဖုံးသောတောင်ရဲ့ ဘယ်ဘက်မှာရှိတဲ့ မရဏတောင်ထိပ်ပေါ် အရောက်တက်ပါ။

ကျွန်ုပ်ဝိညာဉ်အတွက် အမျှဝေဖို့ မမေ့ပါနဲ့။

(ရီဗာစလေဒင်)



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ပ်တို့သုံးဦး၏ အလယ်တွင် မီးဖိုရှိနေသည်။ ဒရယ်အသားတုံးများကို တံစို့ထိုးပြီး ၎င်းမီးဖိုပေါ်တွင် မီးကင်ထားလေရာ အသားကင် ရနံ့သည် သစ်လုံးအိမ်အတွင်း၌ မွှေးပျံ့နေတော့သည်။

စိုင်းဆဲထူး၏ နေအိမ်မှာ ရွာအစွန် တောအုပ်အစပ်တွင် ဖြစ်သောကြောင့် ဆီးနှင်းများ တဖြောက်ဖြောက် ကျဆင်းသံကို ကျယ်လောင်စွာ ကြားနေရသည်။

စိုင်းဆဲထူးသည် အိပ်ရှင်ပီသစွာ ဒရယ်အသားကို နည်းမျိုးစုံဖြင့် ချက်ပြုတ်ပြီး ဒေသထွက် ခေါင်ရည်ဖြင့် ညှော်ခံရာ ကျွန်ပ်နှင့် ကျော်စွာအဖို့ လွန်စွာ အကြိုက်တွေ့နေတော့သည်။

ကျွန်ပ်တို့နှင့် ငါးပေခန့်အကွာရှိ မီးမြိုက်ထားသော သစ်မြစ်ဆုံမှ မီးစွဲနေသော တဖျစ်ဖျစ်မြည်သံ ထွက်ပေါ်နေလေ၏။ လွန်စွာချမ်းအေးသည့် ဒေသဖြစ်၍ အနွေးဓာတ်ရရှိစေရန် ၎င်းသစ်မြင်ဆုံကို မီးဖိုထားခြင်း ဖြစ်သည်။

ကျွန်ပ်သည် သူတို့နှစ်ဦးအား မင်းကြီး ပေါလ်စလေဒင်၏ ညီဖြစ်သူ ရီဗာစလေဒင်၏စာကို မီးဖိုမှ အလင်းရောင်ဖြင့် ဖတ်ပြနေခြင်း ဖြစ်သည်။





လွန်စွာဖတ်ရခက်သော ပိတ်စပေါ်မှ စာအတိုင်း စာရွက်ဖြင့် အချောကူးရေးခဲ့ခြင်း ဖြစ်သည်။

၎င်းစာသည် ကျွန်ပ်ထံသို့ မည်သို့မည်ပုံ ရောက်ရှိလာသည်ကို စောစောပိုင်းကတည်းက ရှင်းပြခဲ့ပြီးဖြစ်၍ သူတို့ သိရှိပြီးဖြစ်၏။

သူတို့နှစ်ဦးသည် တစ်စုံတစ်ရာ ပြောဆိုခြင်း မရှိဘဲ ငြိမ်နေကြ၏။

“ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး မင်းတို့နှစ်ယောက် သဘောပေါက် နားလည်မှာ မဟုတ်ဘူးဆိုတာ ငါ ကြိုတွေးပြီးသားပါ။ ငါ့အနေနဲ့ အပြည့်အစုံ ရှင်းပြဖို့ တာဝန်ရှိနေလို့သာ ဖတ်ပြရတာပဲ။ ရုတ်တရက်ကြည့်ရင် စာရဲ့အကြောင်းအရာတွေက ဟိုရောက် သည်ရောက်နဲ့ ရှုပ်ထွေးနေတယ်။ နေရာဒေသ တစ်ခုကို ညွှန်းဆိုထားပေမယ့် တိကျမှု မရှိဘူး။ ခြုံငုံသုံးသပ်ရရင် သူရောက်ရှိနေတဲ့ ဒေသဟာ အလွန့်ကိုအန္တရာယ်များတဲ့ ဒေသတစ်ခု ဒါမှမဟုတ် နိုင်ငံငယ်တစ်ခု ဖြစ်မယ်လို့ ယူဆနိုင်တယ်။ အဆုံးအစမရှိတဲ့ သဲကန္တာရကြီးထဲက မိုင်ရာချီဝေးတဲ့ ဒေသတစ်ခုကို သွားဖို့ဆိုတာ စိတ်ကူးနဲ့တောင် မတွေးဝံ့စရာဖြစ်ပေမယ့် မစ္စတာရီဗာစလေဒင်ဟာ တကယ်ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်လို့ ငါ ယုံကြည်တယ်။ အဲဒီဒေသရဲ့ မရဏာဂူထဲမှာ မစ္စတာရိဗာစလေဒင်ဟာ သေရင် သေမယ် ရှင်ရင်လည်း ရှင်နေလိမ့်မယ်။ ဒါကိုတော့ ဘုရားသခင်မှပဲ သိလိမ့်မယ်။ အဆုံးအစ မရှိတဲ့ သဲကန္တာရထဲမှာ ခရီးသွားရတာဟာ သမုဒ္ဒရာထဲမှာ လှေငယ်တစ်စင်းနဲ့ ခရီးသွားရသလို အသက်အန္တရာယ် အလွန်များတဲ့အတွက် မင်းတို့နှစ်ယောက် စဉ်းစားဆုံးဖြတ်ပါ။ ငါကတော့ ဒီခရီးမှာ သေချင်သေမယ်။ မသေလို့ အောင်မြင်ခဲ့ရင် ဒေသန္တရဗဟုသုတများစွာနဲ့ အမြင့်မားဆုံး စွန့်စားခြင်းရဲ့ အရသာကို တစ်ဝကြီး ခံစားရမယ်လို့ ယုံကြည်ပြီး အခုလို ဆုံးဖြတ်ခဲ့တာပဲ။ လူတစ်ယောက်ရဲ့ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ အခွင့်အရေးဖြစ်လို့ ဒီခရီးကို မလိုက်လို့လည်း ငါ့အနေနဲ့ မင်းတို့နှစ်ယောက်ကို ဘာတစ်ခုမှ အပြစ်မပြောပါဘူး။ ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီခရီးမှာ ငါတို့ရဲ့ ကံကြမ္မာဟာ မစ္စတာရိဗာစလေဒင်လို ဖြစ်ချင်ဖြစ် သွားနိုင်တယ်"

ကျွန်ုပ်စကား ဆုံးသည်နှင့် သူတို့နှစ်ဦးသည် တစ်ဦးကို တစ်ဦး ကြည့်လိုက်လေ၏။ သူတို့၏ တုံ့ပြန်စကားကို စောင့်ဆိုင်းရင်း ကျွန်ုပ်က အသားကင်တစ်ဖဲ့ကို စားလျက် ခေါင်းရည်သောက်နေလိုက်သည်။





ထိုစဉ်မှာပဲ ...

"ဆရာနဲ့ တွေ့ကတည်းက ကျွန်တော်ဟာ ဘယ်လို ခရီးမျိုး ဖြစ်ပစေ လိုက်ဖို့ဆုံးဖြတ်ပြီးသားပါ"

ကျော်စွာထံမှ ပြတ်သားစွာ ကြားလိုက်ရခြင်း ဖြစ်သည်။ ၎င်းစကားနှင့်အတူ တစ်ဆက်တည်း ကြားလိုက်ရသည်မှာ စိုင်းဆဲထူးထံမှ ဖြစ်သည်။

"ကျွန်တော့်ဆန္ဒကို မေးနေဖို့ မလိုပါဘူး ဆရာရယ်။ ဆရာ့ဆန္ဒဟာ ကျွန်တော့်ဆန္ဒပါပဲ"

ထို့နောက်မှာတော့ ကျွန်ုပ်တို့သုံးဦးသည် အောင်မြင်ခြင်း အထိမ်းအမှတ်အနေဖြင့် ခေါင်ရည်ထည့်ထားသော ဝါးကျည်တောက်ကို ပင့်မြှောက်လျက် တစ်ကျိုက်တည်း မော့လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅)

## အံ့ဖွယ်ဆာဒူးကြီးနှင့် ပန်းပုရုပ်ကလေး

ကျွန်ုပ်တို့သည် ရက်အနည်းငယ်အတွင်း ခရီးထွက်ရန် ဆုံးဖြတ်ကြပြီးဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်လည်း ကျွန်ုပ်၏ အကျင့်အတိုင်း စာရွက်နှင့် ခဲတံကို အသုံးပြုလျက် ခရီးစဉ်နှင့် ပတ်သက်သည့် အစီအစဉ်များကို အကြိမ်ကြိမ် ရေးဆွဲနေတော့သည်။

စိုင်းဆဲထူးသည် လမ်းခရီးတွင် ကျွန်ုပ်တို့ စားသောက်ရန် ရိက္ခာများအတွက် သူကိုယ်တိုင် တာဝန်ယူ ဆောင်ရွက်လေ၏။

မည်သည့်လက်နက်ကိုမျှ ကိုင်ဆောင်ခြင်း မပြုဘဲ၊ တောကောင်ကို ဖမ်းဆီးသတ်ဖြတ်နိုင်သူ ဖြစ်၍ ၎င်းတာဝန်





မှာ သူနှင့်လွန်စွာသင့်လျော်လှ၏။ စိုင်းဆဲထူးသည် မည်သည့်လူသားမျှ မစွမ်းဆောင်နိုင်သော စွမ်းရည်ထူးများကို ပိုင်ဆိုင်ထားသူဖြစ်သည်။

ချင်းတွင်းမြစ်ရိုးတွင် နာမည်ကျော်ကြား လူသိများသော ထမံသီရွာမှာ စိုင်းဆဲထူး၏ ဇာတိဖြစ်သည်။ ထမံမျိုးနွယ်စုသည် လူနည်းစုဖြစ်၍ လူသိနည်းသော်လည်း ၎င်းတို့၏ဗီဇစွမ်းရည်မှာ လွန်စွာအံ့သြဖွယ် ကောင်းလှပါသည်။

တကယ်တော့ စိုင်းဆဲထူးနှင့် ကျော်စွာသည် ကျွန်ုပ်အား ချစ်ကြည်ညိုလေးစားသည့်အပြင် အလုပ်အပေါ်မှာလည်း သစ္စာစောင့်သိသူနှစ်ဦး ဖြစ်သည်။

ကျော်စွာသည် သေနတ်၊ လေး၊ မြား၊ ဓား၊ လှံ၊ ရဲဒင်း စသော လက်နက်များကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်သူဖြစ်သည်။

ထို့ကြောင့်လည်း ကျွန်ုပ်သည် ဤလူစွမ်းကောင်းနှစ်ဦးကို အဖော်ပြုပြီး ကန္တာရခရီးစဉ်ကို စွန့်စားသွားလာရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ဤသို့ဖြင့် ကျွန်ုပ်တို့သည် တန်ဆောင်မုန်းလပြည့်ကျော်(၇)ရက်နေ့တွင် မြန်မာနိုင်ငံ အနောက်မြောက်ထောင့် စွန်းစွန်းရှိ နယ်စပ်မြို့ကလေးသို့ ရောက်ရှိကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဧင်းမှာ မြို့ငယ်လေးတစ်မြို့ ဖြစ်သော်လည်း လူဦးရေ ထူထပ်စွာရှိသည်။ နယ်ခြားလမ်းနှင့် နယ်ချင်းထိစပ်လျက် ရှိသောကြောင့် လူဝင်လူထွက် ရှုပ်ထွေးသော နေရာလည်း ဖြစ်သည်။

မြန်မာအနည်းငယ်သာရှိပြီး အများစုမှာ ကုလား လူမျိုးများ ဖြစ်ကြသည်။ ချင်း၊ ကချင်၊ ရှမ်း၊ နာဂ၊ ဝ, လူမျိုး အချို့ကိုလည်း တွေ့ကြရ၏။

အနောက်ဘက်မှ အိန္ဒိယကို ဖြတ်ကျော်ပြီး မြန်မာ နိုင်ငံအတွင်း ဝင်ရောက်ရန် အနီးဆုံးနေရာလည်းဖြစ် သည်။

ကျွန်ုပ်သည် ဧည်မြို့သို့ ယခင်က ရောက်ရှိခဲ့ဖူး၍ မြို့အနေအထားကို ကောင်းစွာ သိရှိထားပြီးဖြစ်သည်။

တရားဥပဒေစိုးမိုးမှု မရှိသောမြို့ဖြစ်ပြီး အရောင် အသွေးစုံ လူမျိုးပေါင်းစုံတို့ဖြင့် ရှုပ်ထွေးလျက်ရှိရာ လွန်စွာ သတိဝီရိယဖြင့် နေထိုင်ရသောမြို့ဖြစ်သည်။

သူခိုး ဓားပြနှင့် လူမိုက်များ အုပ်စုဖွဲ့ ကျင်လည် ကြသည်ဖြစ်ရာ လူ့အသက်ကို တိရစ္ဆာန်တစ်ကောင် လောက်မျှ တန်ဖိုးမထားကြသည်မှာ ဧည်ဒေသတွင် မထူး ဆန်းသော ကိစ္စတစ်ခုကဲ့သို့ ဖြစ်နေတော့သည်။





ကျွန်ုပ်တို့သည် ရှေ့ဆက်မည့်ခရီးစဉ်အတွက် စီစဉ်မှု များ ဆောင်ရွက်ရန်အတွက် အတန်အသင့် လုံခြုံသော တည်းခိုဆောင်တွင် ရက်အနည်းငယ် နေထိုင်ကြရန် ဆုံး ဖြတ်ကြ၏။

စိုင်ဆဲထူးနှင့် ကျော်စွာတို့ နှစ်ဦးအား လိုအပ်သော ပစ္စည်းများဝယ်ယူရန် ရွှေဒင်္ဂါးနှင့်ငွေစက္ကူအချို့ကို ပေးလိုက် ပြီး ကျွန်ုပ်သည် မြို့၏အနောက်ဘက်ခြမ်းသို့ ထွက်ခဲ့၏။

ဧင်းဘက်ခြမ်းသည် လူနေအထူထပ်ဆုံး ဖြစ်သော ကြောင့် ကျွန်ုပ်အဖို့ တစ်စုံတစ်ခု သိရှိနိုင်မည်ဟု ယူဆ သောကြောင့်ဖြစ်သည်။

ကျွန်ုပ်အတွက် အဆင်ပြေသော အချက်မှာ ကုလား စကားများကို ကောင်းမွန်စွာ ပြောဆိုနိုင်သည့်အပြင် ကျွန်ုပ်၏ ပုံပန်းသဏ္ဌာန်မှာလည်း ကုလားလူမျိုးတစ်ဦးနှင့် သွား၍ဆင်သောကြောင့် ကုလားများနှင့် အဆင်ပြေစွာ ဆက်ဆံနိုင်ခြင်း ဖြစ်သည်။

ကုလားလူမျိုးများမှာ ဘာသာမတူ၊ လူမျိုးမတူသူ များနှင့် ပြောဆိုဆက်ဆံသည်ထက် ဘာသာတူ၊ လူမျိုးတူ များနှင့် ဆက်ဆံရာတွင် လွန်စွာအဆင်ပြေသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကုလားအစားအစာများကို လွန်စွာကြိုက်နှစ်သက်သောကြောင့် ကျွန်ုပ်သည် ဈေးအတွင်း စားသောက်ဆိုင်သို့ ဝင်၍ နေ့လယ်စာကို အားပါးတရ စားသောက်လေတော့၏။

လွန်စွာစည်ကားသော အရပ်ဒေသ ဖြစ်ပါလျက် စားသောက်ဆိုင်များအတွင်း၌ စားသုံးသူ ကျဲပါးလျက်ရှိလေရာ ကျွန်ုပ် စဉ်းစားမရအောင် ဖြစ်ရ၏။

ဘာကြောင့် ထိုသို့ဖြစ်ရသည်ကို သိရသောအခါ ကျွန်ုပ်အဖို့ များစွာတုန်လှုပ်မိတော့၏။

စားသောက်ပြီးသည်နှင့် ကျွန်ုပ်သည် ပေါင်းမိုးရထားလုံးဖြင့် ထွက်ခဲ့ရာ အချိန်အနည်းငယ်အတွင်း မြို့၏ အနောက်ဘက်သို့ ရောက်ရှိလေ၏။

ကျွန်ုပ်သည် တစ်စုံတစ်ခုကို မယ်မယ်ရရ စုံစမ်းမှု မပြုခင်မှာပဲ မြင်လိုက်ရသည့် မြင်ကွင်းများကြောင့် လွန်စွာ အံ့သြသွားတော့သည်။

အဝတ်စများကို ထူထဲစွာ ရစ်ပတ်ပြီး မြို့ပြင် သင်္ချိုင်းသို့ သယ်ဆောင်နေကြသည့် လူသေအလောင်း မြောက်မြားစွာကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။





ဖြစ်ပျက်မှု တစ်ခုလုံးကို ကျွန်ုပ်သည် အချိန်တစ်ခဏအတွင်း လိုက်လံစုံစမ်းရာ လွန်စွာဆိုးဝါးသော ဝမ်းရောဂါကြောင့် ထိုသို့ သေဆုံးကြခြင်းဖြစ်ကြောင်း သိလိုက်လေ၏။

ထိုသို့ သိသည်နှင့် ကျွန်ုပ်သည် တည်းခိုဆောင်သို့ အားချင်းပြန်ခဲ့ပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်တော့သည်။ ဆိုးသွမ်းသော လူဆိုးလူမိုက် များစွာထက် အဆများစွာ ကြောက်မက်ဖွယ်ကောင်းသော ကူးစက်ရောဂါသည် ဤမြို့ကလေးအတွင်း၌ ပြင်းထန်စွာ မွှေနှောက်နေပြီဖြစ်သည်။

အစွမ်းထက်သည့် ဆေးဝါးများကို ရှာဖွေဝယ်ယူပြီး တည်းခိုဆောင်သို့ ပြန်လည်ရောက်ရှိသည်တွင် စိုင်းဆဲထူးနှင့် ကျော်စွာတို့ ပြန်ရောက်နေပြီဖြစ်၍ ၎င်းတို့နှစ်ဦးအား အကျိုးအကြောင်း ရှင်းပြပြောဆိုပြီး အစားအသောက်နှင့် အနေအထိုင်ကို သတိပြု ဆင်ခြင်ကြရန်နှင့် အထူးသဖြင့် ရေကို ကျိုချက်ပြီးမှ သောက်ကြရန် မှာကြားရလေ၏။

ကူးစက်ဝမ်းရောဂါသည် လွန်စွာ ဆိုးဝါးပြင်းထန်လှသည်။ ၎င်းရောဂါကြောင့် လူအများမှာ တံမြက်စည်းလှည်း ခံရသကဲ့သို့ မြင်မကောင်းအောင် အစုလိုက် အပြုံလိုက် သေဆုံးကြသည်ကို နေ့စဉ် ကျွန်ုပ် တွေ့မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကံတရား အလှည့်အပြောင်းသည် လွန်စွာဆန်းကြယ် လှသည်ကို ကျွန်ုပ်သည် ရက်အနည်းငယ် အတွင်းမှာပဲ မလွှဲမရှောင် ရင်ဆိုင်ရလေ၏။

ကျွန်ုပ်သည် ဆေးဝါးများဖြင့် ကြိုတင်ကာကွယ် ထားပါလျက် ကူးစက်ဝမ်းရောဂါသည် ကျွန်ုပ်သွေးသား ထဲသို့ ထိုးဖောက် ဝင်ရောက်ခဲ့ပါသည်။

တစ်နေ့တာအတွင်း အကြိမ်ပေါင်းများစွာ ဝမ်းသွား နေလေရာ ကျွန်ုပ်၏ အားအင်များသည် ၎င်းဝမ်းများနှင့် လိုက်ပါသွားသကဲ့သို့ မလှုပ်နိုင် မကိုင်နိုင် ဖြစ်သွားလေ သည်။

စိုင်းဆဲထူးနှင့် ကျော်စွာတို့သည် အတွေ့အကြုံ နုနယ် သူများဖြစ်၍ ဤသို့သော ကိစ္စမျိုးကို မည်သို့ဖြေရှင်းဆောင် ရွက်ရမှန်းမသိ ဖြစ်နေကြပြီး ကျွန်ုပ်အတွက် စိုးရိမ်မှု လွန်ကဲစွာဖြင့် ဂုန်းဒိုင်းကြနေတော့သည်။

သူတို့နှစ်ဦးသည် ကိုယ်စွမ်းရှိသမျှ ကျွန်ုပ်အား ပြုစု သော်လည်း ဆေးဝါးများကို စနစ်တကျ နားလည်နိုင်စွမ်း မရှိကြ၍ များစွာ အခက်တွေ့နေလေသည်။

သတိရတစ်ချက် မရတစ်ချက် အနေအထားထိ ဝေဒနာသည် တစ်စတစ်စ ဆိုးဝါးလာလေရာ ကျွန်ုပ်သည်





ဤတစ်ကြိမ်တော့ သွားလေပြီဟု ထင်မှတ်လိုက်လေ၏။ ထိုမျှ ပင်ပန်းကြီးစွာ ခံစားနေလျက်က မထင်မှတ်သည့် ပြဿနာနှင့် ရင်ဆိုင်ရပြန်၏။ ကျွန်ုပ်တို့ တည်းခိုဆောင် ပိုင်ရှင်ကြောင့် ဖြစ်သည်။

ထိုသူက ကျွန်ုပ်အား မြို့ပြင်ရှိ ရောဂါသည်များစခန်း သို့ ပို့ဆောင်ရန် အတင်းအကျပ် ပြောဆိုရာ စိုင်းဆဲထူးနှင့် ကျော်စွာသည် မခံမရပ်နိုင်အောင် ဒေါသဖြစ်လေ၏။ ၎င်းကိစ္စကို လုံးဝမပြုလုပ်နိုင်ကြောင်း ဒေါသတကြီး ပြော ဆိုကြ၏။

၎င်းကိစ္စကို ထပ်ပြီး ပြောဆိုပါက အသေသတ်မည်ဟု ခြိမ်းခြောက် ပြောဆိုလေရာ တည်းခိုဆောင်ပိုင်ရှင်သည် အတိုက်အခံ မပြောတော့ဘဲ ပြန်သွားတော့သည်။

စိုင်းဆဲထူးနှင့် ကျော်စွာတို့မှာ လူငယ်များဖြစ်၍ ပြဿနာကို ခံစားမှုဖြင့် ဖြေရှင်းလိုက်ကြခြင်း ဖြစ်သည်။

ဝေဒနာကို အပြင်းအထန် ခံစားနေရသော ကျွန်ုပ် သည် ၎င်းပြဿနာကို သိလိုက်စဉ်မှာ လွန်စွာနောက်ကျ နေပြီ ဖြစ်သည်။ ပြဿနာသည် ထိုမျှနှင့် ပြီးဆုံးသွားမည် မဟုတ်ကြောင်းကို ကျွန်ုပ်တို့သည် ထိုနေ့ညနေစောင်းတွင် သိရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တည်းခိုဆောင်ပိုင်ရှင်သည် တရုတ် ကုလားကပြား တစ်ဦး ဖြစ်သည်။ တရုတ်လို စီးပွားရှာသကဲ့သို့ ကုလားလို စုဆောင်း သူဖြစ်သည်။ အကယ်၍ စိုင်းဆဲထူးတို့သည် ၎င်းပုဂ္ဂိုလ် လာပြောစဉ်မှာ ရွှေဒင်္ဂါးတစ်ပြားနှင့် ငွေစက္ကူ အနည်းငယ်ကို ပေးလိုက်ပါက ပြဿနာသည် ထိုမှာပင် ပြီးဆုံးသွားမည် ဖြစ်သည်။

အခြေအနေသည် လွန်ခဲ့ပြီမို့ ကျွန်ုပ်အဖို့ ဖြစ်လာမည့် ပြဿနာကို ရဲဝံ့ရင်ဆိုင်ရုံမှတစ်ပါး အခြားနည်းလမ်း မရှိ တော့ပါ။

ညနေစောင်း အချိန်တွင် တည်းခိုဆောင်ပိုင်ရှင်နှင့် အတူ လက်နက်ကိုင်ပုဂ္ဂိုလ်သုံးဦး ရောက်ရှိလာပြီး ကျွန်ုပ် အား မြို့ပြင်သို့ အားချင်းထုတ်ရန် ခြိမ်းခြောက်ပြောဆို တော့၏။

ကျွန်ုပ်၏ ညီငယ်နှစ်ဦးမှာ လက်နက်ကိုင်အဖွဲ့များ ခေါ်ဆောင်လာသည့် တည်းခိုဆောင်ပိုင်ရှင်ကို လွန်စွာ ဒေါသထွက်နေကြ၏။ ထို့ကြောင့် သူတို့အား စိတ်လိုက် မာန်ပါ မလုပ်မိစေရန် ကျွန်ုပ်လည်း ဖျောင်းဖျပြောဆို ရသည်။





"ကျုပ်တို့ကို ချိန်ရွယ်ထားတဲ့ ခင်ဗျားတို့ သေနတ် တွေကို ပြန်ချထားလိုက်ပါ။ ကျုပ်ရဲ့ညီငယ်နှစ်ယောက် ကိုလည်း တစ်စုံတစ်ရာ အန္တရာယ်မပြုပါနဲ့၊ ခင်ဗျားတို့ ဆန္ဒအတိုင်း မြို့ပြင်မှာရှိတဲ့ ရောဂါသည်စခန်းကို ကျုပ် သွားပါ့မယ်။ တစ်ခုတော့ မေတ္တာရပ်ခံပါရစေ။ ကျုပ်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေအတွက် စီစဉ်စရာများရှိ၍ ကျုပ်ကို ဒီတစ်ညတော့ နေခွင့်ပြုပါ။ နက်ဖြန် မနက် ရောက်မှ ကျုပ်ကို မြို့ပြင်ကစခန်းဆီ ပို့ကြပါ"

သူတို့က တစ်ဦးကိုတစ်ဦး ကြည့်လျက် ဘယ်လိုလဲ ဟူသော သဘောဖြင့် မေးဆတ်လိုက်လေ၏။ အတန်ကြာမှ လက်နက်ကိုင် ပုဂ္ဂိုလ်တစ်ဦးက ...

"ကောင်းပြီလေ၊ ခင်ဗျားစကား တည်ပါစေ၊ မနက် ဖြန်မနက်မှာ မြို့ပြင်က စခန်းကိုသွားဖို့ ပြင်ဆင်ထားပါ"

ဟု ပြောပြီး ထွက်သွားကြလေသည်။

စိုင်းဆဲထူးနှင့် ကျော်စွာသည် ကျွန်ုပ်ခုတင်အနီးတွင် ထိုင်ပြီး သူတို့မျက်နှာကို ခုတင်ပေါ် မှောက်ထားကြပြီး ယူကျုံးမရ ခံစားလျက် ငိုကြွေးကြလေ၏။

သူတို့နှစ်ဦးသည် ရန်သူများနှင့်သော်လည်းကောင်း၊ သားရဲတိရစ္ဆာန်များနှင့်သော်လည်း မကြောက်မရွံ့ ရင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



သတ်ဖြတ်ဝံ့ကြ၏။ သို့သော်လည်း လွန်စွာကြောက်လန့်ဖွယ် ဤရောဂါကြီးက သူတို့၏ ရဲဝံ့စွန့်စားမှုများကို အဆုံးစွန် အနိုင်ယူခဲ့လေပြီ။

လှုပ်ရှားနိုင်စွမ်း မရှိအောင် ကျွန်ုပ်၏အားအင်များ ကုန်ခန်းနေပြီဖြစ်၍ သူတို့နှစ်ဦးအား နှုတ်ဖြင့်ပြောဆိုရင်း မှာကြားရလေ၏။

စုံထောက်မင်းကြီး ပေါလ်စလေဒင်အား မမျှော်လင့်ဘဲ ရင်ဆိုင်လိုက်ရသည့် ကျွန်ုပ်၏ အခြေအနေကို သိရှိနားလည်စေရန် စာဖြင့် အကြောင်းကြား ပေးပို့ရန်အတွက် ဖြစ်သည်။

ကျွန်ုပ်အပေါ် သစ္စာရှိရှိ တာဝန်ကျေသူများဖြစ်သည့် ညီငယ်နှစ်ဦးကိုတော့ အထူးမှာကြားစရာ မရှိပါ။

ညသို့ရောက်သည်နှင့် အသိတရားများကို စုစည်း၍ မရလောက်အောင် ဝေဒနာကို ပြင်းစွာ ခံစားရတော့သည်။

ကံတရားက ကျွန်ုပ်၏အသက် ရှင်သန်ခွင့်ကို သေခြင်းတရားလက်သို့ ထိုးအပ်ရန် အသင့်ဖြစ်နေလေပြီ။

ကျွန်ုပ်သည် သေခြင်းတရားအပေါ် စူးနှစ်စွာ တွေးတောနေမိသည်။





ကလေးများသည် မှောင်ထဲသွားရမှာ ကြောက်သလို၊ လူကြီးတို့သည်လည်း သေရမှာကို ကြောက်ကြကုန်၏။

အင်္ဂလိပ်စာရေးဆရာကြီး ဖရန်စစ်ဘေကွန် ပြောခဲ့သော စကားဖြစ်သည်။ ကျွန်ုပ်သည် သေခြင်းအပေါ်၌ အမှန်ပင် ကြောက်နေပါသလား။

ကျွန်ုပ် အမှန်ပင် ကြောက်နေပါသည်။ သေသည်၏ အခြားမဲ့၌ ကျွန်ုပ်သည် မည်သို့သော ဘဝမျိုးနှင့် ရင်ဆိုင်ရမည်ကို ကြိုတင်မသိမမြင်နိုင်မှုကြောင့်ပင် ဖြစ်သည်။

ကျွန်ုပ်သည် အသက်ရှင် ရပ်တည်စဉ်က ကျင့်ကြံနေထိုင်ခဲ့ပုံများကို သုံးသပ်မိပြန်၏။

ကျွန်ုပ်သည် ကာမဂုဏ်ချမ်းသာနှင့် ပစ္စည်းဥစ္စာကို လွန်ကျူးစွာ တပ်မက်ခြင်း မရှိခဲ့ပါ။ သံယောဇဉ်ဟူ၍လည်း များပြားစွာ မရှိ။ ငါစွဲအတ္တကို ထိန်းချုပ်ပြီး သင့်တင့်မျှတစွာ နေထိုင်ခဲ့သည်ဟု ဆင်ခြင်မိသည်။

အတွေးအာရုံများသည် ဦးတည်ရာမဲ့ မြောလွင့်နေလေရာ ကျွန်ုပ်လက်မောင်းအား ညင်သာစွာ လာရောက်ကိုင်တွယ်သည့် အတွေ့အထိကြောင့် အထိတ်တလန့်ဖြင့် မျက်ဝန်းကို ဖွင့်လိုက်မိသည်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏လက်ယာဘက် ခုတင်စွန်းတွင်ထိုင်လျက် ဘယ်အချိန်က ရောက်လာမှန်းမသိသော ကုလားအဘိုးကြီး တစ်ဦး။

ကုလားအဘိုးကြီးမှာ ဆံပင်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ ရှည်လျားစွာရှိပြီး နံငယ်ပိုင်းတစ်ခုကိုသာ ဝတ်ဆင်ထားလေ၏။

တစ်ကိုယ်လုံးမှာ ညစ်ပတ်ပေရေနေသော်လည်း မျက်လုံးတွေက အသက်အရွယ်နှင့်မမျှအောင် ရွှန်းရွှန်းတောက်ပလျက်ရှိ၏။ ကျွန်ုပ်အား ကြည့်နေသော ၎င်းမျက်ဝန်းတွေမှာ ကြင်နာမှု အရိပ်အငွေ့တွေက ထင်ဟပ်နေလေ၏။

အဘိုးကြီးသည် ညဉ့်အချိန်မတော်တွင် ကျွန်ုပ်ထံသို့ မည်သို့သော အကြောင်းကြောင့် ရောက်လာလေသလဲ။

စိုင်းဆဲထူးနှင့် ကျော်စွာတို့မှာ ကျွန်ုပ်နှင့် မလှမ်းမကမ်းတွင် အိပ်မောကျလျက်ရှိရာ အကယ်၍ ၎င်းအဘိုးကြီးက ကျွန်ုပ်၏ အသက်ကိုရန်ရှာပါက ကျွန်ုပ် မည်သို့မျှ တတ်နိုင်မည် မဟုတ်ပါ။

အော်ဟစ် အကူအညီတောင်းဖို့ ဆိုတာကလည်း ကျွန်ုပ်မှာ လွန်စွာအားအင်ကုန်ခန်းနေ၍ ဘယ်လိုမှ ဖြစ်နိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တွင်ရှိသော ငွေစက္ကူနှင့် ရွှေဒင်္ဂါး





များကို တိတ်တဆိတ် လာရောက်လုယူခြင်း ဖြစ်မည်ဟု တွေးမိ၍ ကျွန်ုပ်အဖို့ ဤတစ်ကြိမ်တော့ သွားလေပြီဟု မှတ်ထင်လိုက်လေသည်။

ကုလားကြီးသည် ကျွန်ုပ် ရင်တွင်းက ခံစားမှုများကို သိနေသည့်အလား သဘောကျစွာရယ်လေ၏။ ပြီးနောက်...

"သင့်ဆီ ရောက်လာတဲ့ ကျွန်ုပ်ကို အစားအသောက်တွေနဲ့ ဧည့်ခံဖို့ စိတ်ကူးမရှိဘူးလား"

ဟု မေးလေရာ ကျွန်ုပ်လည်း လွန်စွာဒေါပွသွားပြီး...

"ဒီမှာ ဆာဒူးကြီး၊ သင် အလှူခံချင်ရင် တခြားနေရာမှာ သွားပြီးအလှူခံပါ။ လူ့ဘဝမှာ ရက်ပိုင်းလောက်သာ အသက်ရှင်သန်ခွင့် ရှိတော့မည့် ကျွန်ုပ်ဆီမှာလာပြီး အလှူခံတာ သင် နေရာမှားနေပြီ ထင်တယ်"

ဟု ပြောလိုက်တော့၏။

ကုလားအဘိုးကြီးသည် အနည်းငယ်မျှ စိတ်ဆိုးဟန်မရှိဘဲ နူးညံ့သည့် အပြုံးဖြင့် ကြည့်နေလေရာ ကျွန်ုပ်သည် နားမလည်နိုင် ဖြစ်ရလေ၏။

"ကျွန်တော့်ဆီက ဆာဒူးကြီး ဘာအလိုရှိသလဲ"

"အလှူခံဆိုတာ ကိုယ်အလိုရှိတာကို ပြောခွင့်မရှိပါဘူး၊ လှူမယ့်သူရဲ့ သဒ္ဓါတရားအပေါ်သာ မူတည်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း ရုတ်တရက် စဉ်းစားမရအောင် ဖြစ်သွားသည်။ ကျွန်ုပ်၏ ခုတင်ခေါင်းရင်းတွင် အစီအရီရှိနေသော အစားအသောက်များကို ဆာဒူးကြီးအား လှူဒါန်းလိုက်လျှင် ကောင်းမည်ဟု တွေးမိလိုက်၍ ...

"ကျွန်တော် စားသောက်မည့် အစားအသောက်များထဲမှ ဆာဒူးကြီး အလိုရှိရာကို ကြိုက်သလောက်ယူဖို့ ကျွန်တော် လှူဒါန်းပါတယ်"

"သာဓု ... သာဓု ... သာဓု"

ဟု လေးလေးပင်ပင် ပြောဆိုပြီး ကုလားအဘိုးကြီးသည် အစားအသောက် များစွာထဲမှ ပန်းသီးတစ်လုံးကို ယူလိုက်လေ၏။

ကျွန်ုပ် မယုံနိုင်အောင် ဖြစ်သွားပါသည်။ ကုလားအဘိုးကြီး၏ "သာဓု"ခေါ်သံကို ကြားရစဉ် ခဏမှာပဲ ပြင်းစွာခံစားနေရသည့် ဝေဒနာများ လျော့ပါးသွားသကဲ့သို့ ခန္ဓာကိုယ်က ပေါ့ပါးလန်းဆန်းသွားလေသည်။

"ဆာဒူးကြီး ဘယ်အရပ်မှာ နေထိုင်ပါသလဲ"

"ကျွန်ုပ် အသင်နဲ့တွေ့ဖို့ ဟိမဝန္တာက ရောက်လာခဲ့တယ်"

"ခင်ဗျာ ... ဟိ ... ဟိမဝန္တာ ..."





"ဟုတ်ပါတယ်၊ ကျွန်ုပ် ပြောနေတာကို သင်မယုံအူး မဟုတ်လား၊ ကျွန်ုပ်တို့ဟာ အကျိုးမရှိတဲ့စကားကို မပြောပါဘူး၊ သင့်ကိုလိမ်ပြောလို့လည်း ကျွန်ုပ်အတွက် အကျိုးမရှိသလို သင်လည်း အကျိုးရှိမှာ မဟုတ်ပါဘူး၊ သင့်ဆီကို ကျွန်ုပ်လာတာ အကြောင်းကိစ္စနဲ့ လာခဲ့တာပါ။ ကျွန်ုပ်တို့ဟာ အကြောင်းကိစ္စ မရှိဘဲ တစ်နေရာက တစ်နေရာကို သွားလေ့မရှိပါဘူး၊ သွားတဲ့အခါမှာလည်း အချိန်ကျရောက်မှ သွားကြပါတယ်။ ကျွန်ုပ်ပြောတာကို သင် ယုံကြည်ရဲ့လား"

"ဟုတ်... ဟုတ်ကဲ့၊ ယုံပါတယ် ဆာဒူးကြီး ခင်ဗျာ"

"ကောင်းပါပြီ၊ အသင်ဟာ ဘယ်လိုအခြေအနေမျိုးမှာဖြစ်ဖြစ် ရတနာသုံးပါးကို မပြတ်ဦးထိပ်ထားသူဖြစ်တယ်။ ဖြောင့်မတ်မှန်ကန်တဲ့ စိတ်ဓာတ်နှင့် အမျိုးဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်သူဖြစ်တယ်။ သင့်ရဲ့ကုသိုလ်အကျိုးဆက်တွေကြောင့် ကျွန်ုပ် သင့်ဆီကို မဖြစ်မနေ အရောက်လာခဲ့တာပါ။ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကြောင့် သင်ခံစားနေရတဲ့ ဝေဒနာတွေ ပျောက်ကင်းသွားအောင် ကျွန်ုပ် ယူဆောင်လာတဲ့ဆေးကို သင် သောက်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး ကုလားအဘိုးကြီးသည် အဖြူရောင်ပိတ်စဖြင့် ထုပ်ထားသော အထုပ်အတွင်းမှ ဘူးခါးခြောက်ကို ထုတ်လျက် အဖုံးဖွင့်လိုက်ပြီး ကျွန်ုပ်အား တိုက်လေ၏။

ကျွန်ုပ်လည်း ဆာဒူးကြီးပေါ်မှာ ယုံကြည်ကိုးစားမှု ရှိနေပြီဖြစ်ရာ ၎င်းတိုက်သော ဆေးခါးရည်ကို ပန်းကန်လုံးသုံးလုံးစာမျှ အားပါးတရ သောက်လိုက်လေ၏။

ဆေးရည်က ပျစ်ချွဲလျက် လွန်စွာခါးသောကြောင့် ကျိတ်၍မျိုချရ၏။ မျက်ဝန်းကိုမှိတ်လျက် ရှိနေစဉ်မှာဘဲ ဆာဒူးကြီးက ကုလားစကားဖြင့် တစ်စုံတစ်ရာ ရွတ်ဆိုနေသည်ကို ကြားနေရ၏။

၎င်းရွတ်ဆိုသံကို နားထောင်နေစဉ်မှာပဲ ကျွန်ုပ် ရင်တွင်း၌ မခံမရပ်နိုင်အောင် ပူလောင်လာ၏။ ထို့နောက် ကျွန်ုပ်၏ဦးခေါင်းမှ ခြေဖဝါးအထိတိုင်အောင် ၎င်းအပူက စီးဆင်းသွားလေရာ ကျွန်ုပ်သည် အထိတ်တလန့် အော်ဟစ်မိတော့သည်။

သို့သော်လည်း ကျွန်ုပ်၏လည်ချောင်းတစ်လျှောက် ပူလောင်ကွဲအက်နေပြီဖြစ်ရာ အသံမှာ အပြင်သို့ ထွက်မလာဘဲ တိမ်ဝင်သွားလေ၏။





၎င်းဝေဒနာကို အပြင်းအထန် ခံစားနေလျက်က ကျွန်ုပ်သည် ဆာဒူးကြီး၏အသံကို ခပ်တိုးတိုး ကြားနေရ၏။ မျက်ဝန်းကို အထိတ်တလန့် ဖွင့်လိုက်စဉ် အခိုးအငွေ့များသည် မီးခိုးခေါင်းတိုင်မှ တိုးထွက်သကဲ့သို့ မျက်ဝန်းမှ တိုးထွက်လေ၏။

ဖြစ်ပျက်မှုများသည် လွန်စွာမြန်ဆန်ပါသည်။ ကျွန်ုပ်သည် မိုင်ပေါင်းများစွာမှ မရပ်မနား ပြေးလာသူကဲ့သို့ လွန်စွာမောပန်းနေတော့သည်။ ငရဲတမျှ ခံစားနေရသည့် ဝေဒနာမှာလည်း တဖြည်းဖြည်း သက်သာစပြုလာပြီး ၎င်းဝေဒနာများကို အချိန် တစ်ခဏအတွင်း ကျွန်ုပ်ခန္ဓာကိုယ်ထဲမှ စုတ်ယူလိုက်သလို တစ်ကိုယ်လုံး လန်းဆန်းပေါ့ပါးသွားတော့သည်။

မကြာခင်မှာပဲ ခုတင်ပေါ်မှာ ထိုင်နိုင်သည့် အခြေအနေထိ ကောင်းမွန်လေရာ ကျွန်ုပ်သည် ခုတင်အောက်သို့ ဆင်းပြီး ကြမ်းပြင်မှာထိုင်လျက် ဆာဒူးကြီးကို ဦးချကန်တော့လိုက်သည်။

ဆာဒူးကြီးက ကျွန်ုပ်အား ဆုတောင်းမေတ္တာပို့သလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"အခုအချိန်ကစလို့ ကျွန်ုပ်ဟာ သင့်အတွက်လာခြင်းကောင်းသော ဧည့်သည်ဖြစ်သလို သင့်အတွက် ကောင်းမွန်တဲ့ခရီးတစ်ခု ဖြစ်ပါစေ"

ဟုပြောပြီး ၎င်းခါးတွင် ပတ်ထားသော လက်ဖွဲ့ကဲ့သို့ကြိုးတစ်ချောင်းကို ဖြုတ်ပေးလေ၏။

ကြိုးမှာ လွန်စွာခိုင်ခံ့သော ပိုးချည်မျှင်ဖြင့် ပြုလုပ်ထားပြီး အရုပ်အရွယ်အစားမှာ လက်မတစ်ဆစ်ခန့်ဖြစ်သည်။ အရုပ်ကလေးမှာ ဆာရီခြုံလျက် ကျုံ့ကျုံ့လေးထိုင်နေသော အလွန်လှပသည့် မိန်းမချောလေးဖြစ်ပါသည်။

"ဒီရုပ်တုလေးဟာ သင့်အသက်ဘေး ကြုံလာတိုင်းအကူအညီ ပေးပါလိမ့်မယ်"

၎င်းချစ်စဖွယ် အရုပ်ကလေးကို ကြည့်နေလျက်ကအရုပ်ကလေး၏ မျက်ဝန်းတွေ တဖျပ်ဖျပ် လှုပ်ခတ်သွားသလို ခံစားရလေ၏။

"ဆာဒူးကြီးကို ကျွန်ုပ် မေတ္တာရပ်ခံချင်ပါတယ်၊ ကျွန်ုပ် သွားရမည့် လမ်းခရီးဟာ အသက်အန္တရာယ်များသော အတွေ့အကြုံများနှင့် ရင်ဆိုင်ရမှာကို ကျွန်ုပ်မကြောက်ပါ။ ဆောင်ရွက်ရမည့်ကိစ္စ မအောင်မြင်မှာကိုပဲ





စိုးရိမ်ပါတယ်။ ကျွန်ုပ် အနာဂတ်ကို လူသားတစ်ယောက်အနေနနဲ့ ခံနိုင်ရည်ရှိတဲ့အဆင့်ထိ သိချင်ပါတယ်"

"အနာဂတ်ဆိုတာ ကြိုတင်သိဖို့ မကောင်းတဲ့ ကိစ္စတွေထဲမှာ တစ်ခုပါတယ်။ သင်ပြောသလို လူတစ်ယောက်အနေနဲ့ ခံနိုင်ရည်ရှိတဲ့ အဆင့်ထိ သင့်ကို ကျွန်ုပ် ပြောခဲ့ပါ့မယ်။ သင့်ရဲ့ခရီး မှာ ဒုက္ခပေါင်းများစွာနဲ့ ကြုံရလိမ့်မယ်။ အဲဒါတွေကို ကျော်လွှားနိုင်ခဲ့ရင် သင့်ဘဝမှာ ပြီးပြည့်စုံတဲ့သုခချမ်းသာခြင်းတွေ ရရှိလိမ့်မယ်။ သင့်အတွက် ကံကြမ္မာက စောင့်ရှောက်နိုင်ပါစေ"

ဟုပြောပြီး ဆာဒူးကြီးသည် ထိုင်ရာမှ ထလိုက်ပြီးပြန်ရန်ပြင်ဆင်တော့၏။

ထို့နောက် ကျွန်ုပ်အား နူးညံ့စွာကြည့်လျက် ...

"ကျွန်ုပ် နှုတ်မဆက်တော့ဘူး လူကလေး၊ သံသရာမှာ တစ်ဦးနဲ့တစ်ဦး နှုတ်ဆက်ပြီး ခွဲခွာခဲ့ရတဲ့ အကြိမ်တွေမရေမတွက် နိုင်အောင် များလှပါတယ်။ အခုခွဲခွာလည်းနောင်ပြန်တွေ့ကြ ှာပဲလေ၊ တွေ့ပြီးပြန်ရင်လည်း နောင်တစ်ကြိမ် ခွဲခွာကြရတာပဲ"

ဟု ပြောပြီးသည်နှင့် တည်းခိုဆောင်တံခါးဆီသို့ထွက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တည်းခိုဆောင် အပြင်ဘက်တွင် မည်းမှောင်လျက်ရှိသော်လည်း လူရှုပ်ထွေးသောမြို့ဖြစ်၍ လမ်းများပေါ်တွင် လူအချို့သွား လာလျက်ရှိရာ ဆာဒူးကြီးသည် ၎င်းလူတွေနှင့် ရောနှောပြီး ပျောက်လှမ်းသွားတော့၏။

ကျွန်ုပ်သည် မနက်လင်းသည်နှင့် ရင်ဆိုင်ရမည့်အဖြစ်ကိုတွေး၍ ရယ်ချင်မိသည်။ တည်းခိုဆောင်ပိုင်ရှင်နှင့် လက်နက်ကိုင် ပုဂ္ဂိုလ်များက ကျွန်ုပ်အား မြို့ပြင်သို့ပို့ဆောင်ရန် ရောက်လာကြလိမ့်မည်ကို တွေးမိသောကြောင့် ဖြစ်သည်။

ဆာဒူးကြီး ပေးခဲ့သော အဆောင်အရုပ်ကလေးကို လည်တွင်ဆွဲပြီး မကြာခင်မှာပဲ စိုင်းဆဲထူးနှင့် ကျော်စွာတို့ နိုးလာကြသည်။ သူတို့၏ မျက်ဝန်းများသည် ပြုံးကျယ်လျက် လွန်စွာထိတ်လန့်နေကြ၏။

သူတို့က ကျွန်ုပ်ကို မကောင်းဆိုးဝါး ဝင်ရောက်ပူးကပ်နေသည်ဟု စွပ်စွဲပြောဆိုလေရာ ကျွန်ုပ်မှာ ၎င်းတို့နားလည်သဘောပေါက်စေရန် အချိန်အတော်ကြာ ရှင်းပြပြောဆိုရလေ၏။

၎င်းတို့ထက် အဆများစွာ ပိုဆိုးသည်မှာ မနက်လင်းသည်နှင့် ရောက်ရှိလာကြသော တည်းခိုဆောင်ပိုင်ရှင်နှင့် လက်နက်ကိုင် လူတစ်စုပင် ဖြစ်သည်။ သူတို့တွေသည်





လွန်စွာကျန်းမာသန်စွမ်းလျက် အကောင်းပကတိ ရှိနေသော ကျွန်ုပ်ကို ကြည့်၍ အလွန်အမင်း အံ့သြနေတော့သည်။ သူတို့တွေသည် ကျွန်ုပ်၏ ခန္ဓာကိုယ်အား လာရောက်ကိုင်တွယ်ကြလေရာ ကျွန်ုပ်မှာ မနေတတ် မထိုင်တတ် ဖြစ်ရလေ၏။

ဤမြို့ကလေးမှ အလျင်အမြန် ထွက်ခွာမှ ဖြစ်ပေတော့မည်။ သို့မဟုတ်ပါက ကျွန်ုပ်သည် ဤမြို့အတွင်း၌ ထူးဆန်းသော သတ္တဝါတစ်ကောင်ပမာ ရုံသွင်းပြသရမလို ဖြစ်သွားပေတော့မည်။

ထို့ကြောင့် ကျွန်ုပ်သည် ရွှေဒင်္ဂါးနှင့် ငွေစက္ကူအချို့ကို ကျော်စွာအား ထုတ်ပေးပြီး ရှေ့ခရီးစဉ်အတွက် လိုအပ်သည်များကို စီစဉ်ခိုင်းရလေ၏။

၎င်းကိစ္စများပြီးမြောက်၍ တည်းခိုဆောင်သို့ ကျော်စွာ ပြန်ရောက်သည်တွင် ညနေစောင်းနေပြီ ဖြစ်သည်။ ကျွန်ုပ်တို့သည် ည၏အမှောင်ကို အားပြုလျက် တည်းခိုဆောင်မှ ထွက်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၆)

## ကန္တာရမိတ်ဆွေ

ကျွန်ုပ်တို့ သုံးဦးတွင် စိုင်းဆဲထူးမှာ ခရီးသွားလာမှုနှင့် ကြံ့ခိုင်မှု အကောင်းဆုံး ဖြစ်သည်။ လမ်းလျှောက်ရာတွင် သူသည် ကျွန်ုပ်တို့နှစ်ယောက်နှင့် ရှေ့မှ လေးငါးဆယ် ကိုက်မျှ ဝေးဝေးသွားလေ၏။

ကျွန်ုပ်တို့မှာ ဝန်စည်စလယ်ဟူ၍ များစွာမပါရှိသော ကြောင့် ခရီးတွင်လှ၏။ လရောင်ကလေး ရှိနေသည့် အတွက်လည်း သွားရသည်မှာ လွန်စွာအဆင်ပြေလေသည်။

မြို့ပြင်ဘက်သို့ ရောက်သည်နှင့် လူနေအိမ်များ သိပ်မတွေ့ရတော့ဘဲ သစ်တောသစ်ချုံများနှင့် တောင်ကုန်း များကိုသာ တွေ့ရတော့သည်။





"မနက်လင်းခါနီးမှာ ကျွန်တော်တို့ တောင်ကြား လမ်း ထွက်ပေါက်ကို ရောက်လိမ့်မယ်။ အဲဒီနေရာဟာ ကုလားပြည်ထဲ သွားမယ့် စခန်းထောက်နေရာပဲ။ ကျွန် တော်တို့ တခြားခရီးသည် တွေနဲ့ရောပြီး နယ်စပ်ဖြတ် ကျော်နိုင်တယ်လို့ နေ့လယ်က စုံစမ်းလို့ရခဲ့တယ်"

ကျော်စွာက ကျွန်ုပ် စေခိုင်းခဲ့၍ သိရှိခဲ့ရသည်များကို ရှင်းပြလေ၏။

ခရီးစဉ်အရ ကျွန်ုပ်တို့သည် အိန္ဒိယနိုင်ငံမြောက်ပိုင်း ကို ဖြတ်ကျော်ပြီးမှ ကျွန်ုပ်တို့ သွားလိုသည့် သဲကန္တာရ လွင်ပြင်သို့ ရောက်ရှိမည် ဖြစ်သောကြောင့် အိန္ဒိယနိုင်ငံ တွင်းမှ မြို့ရွာများစွာကို ဖြတ်သန်းသွားလာရင်း လိုအပ်ချက် များကို ဖြည့်ဆည်းသွားရန် ဆုံးဖြတ်ကြပြီးဖြစ်၏။

ကျွန်ုပ်တို့သုံးဦးသည် အရောင်းအဝယ်သမားများ ခရီးသွားသည့် ဟန်မျိုးဖြင့် သွားလာကြသည်။

အနည်းငယ်မျှသာ အနားယူပြီး ခရီးဆက်ကြရာ ညဥ့်နှစ်နာရီခန့်တွင် တောင်ကုန်းတစ်ခုပေါ်ရှိ တဲစုအချို့ကို လှမ်းမြင်ရလေ၏။ ၎င်းတဲစုများနှင့် အတော်ကွာလှမ်းသော တောအုပ်အနီးတွင် မီးဖိုလျက် စုဝေးနေကြသော လူအချို့ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူတွေက ကျွန်တော်တို့ရှေ့က ထွက်သွားကြတဲ့ ခရီးသွားအုပ်စုတွေပေါ့"

ဟု ကျော်စွာက ၎င်းနေရာကို လက်ညှိုးထိုးလျက်ပြောသည်။

တဲတစ်လုံးရှေ့သို့ ရောက်သောအခါ ကျော်စွာက အနီးဝန်းကျင်ကို အကဲခတ်လိုက်ပြီး ငှက်အော်သကဲ့သို့ အသံပြုလေရာ တဲအတွင်းမှ ကုလားအဘိုးကြီးတစ်ဦး ထွက်လာသည်။

"မင်း ရောက်လာပြီလား၊ ငါ့ဆီကို တစ်ယောက်တည်း လာပါလို့ ပြောထားလျက်နဲ့ ဘာလို့ အဖော်တွေခေါ်လာတာလဲ"

"သူတို့က ကျွန်တော့်မိတ်ဆွေတွေပါ။ စိုးရိမ်စရာမရှိပါဘူး"

"ဒီနေရာမှာ ဘာမဆို စိုးရိမ်ရတယ်၊ ကိုယ့်ကိုယ်ကိုယ်တောင် စိတ်ချရတာ မဟုတ်ဘူး"

ထိုအခါ ကျွန်ုပ်လည်း မနေသာတော့ဘဲ ...

"ကျွန်တော်တို့ နှစ်ယောက်ကို စိတ်ချပါဗျာ"

ဟုပြောလိုက်ပြီး ငွေဒင်္ဂါးတစ်ပြားကို ပေးလိုက်ရာ ကုလားကြီးသည် လွန်စွာအံ့သြပျော်ရွှင်သွားလေသည်။





ထို့နောက် ...

"လာပါ ... လာပါ၊ ဆရာတို့ ရဲရဲသာ ဝင်လာကြပါ"

ဟု ဖိတ်ခေါ်တော့သည်။

တဲအတွင်း ထွန်းထားသော မီးအိမ်အလင်းအောက်တွင် မြင်လိုက်ရသည့် ပစ္စည်းများကြောင့် ကျွန်ုပ် လွန်စွာ ကျေနပ်မိလေသည်။ ၎င်းပစ္စည်းများမှာ သေနတ်များ၊ စားနပ်ရိက္ခာများ၊ ရေဘူးများ၊ ဆေးဝါးများ ဖြစ်သည်။

ပစ္စည်းများကို စစ်ဆေးကြည့်ရှုသောအခါ ပြည့်စုံမှုရှိသည်ကို တွေ့ရသဖြင့် စီစဉ်မှု စေ့စပ်သေချာသော ကျော်စွာအား ချီးကျူးမိသည်။

ကျွန်ုပ်တို့သည် ၎င်းပစ္စည်းများကို ဖျင်စနှင့် ထုပ်ပိုးပြီး မြင်းများပေါ်သို့တင်၍ ခရီးဆက်ခဲ့တော့သည်။

ကျွန်ုပ်တို့သည် အိန္ဒိယနယ်အတွင်း (၁၅)ရက်ခန့် ခရီးနှင်ခဲ့ကြရာ ကိုဟီးမားမြို့နှင့် ဒီမာပူး(ရ်)မြို့များကို ဖြတ်ကျော်နိုင်ခဲ့ ကြသည်။ လမ်းခရီးတစ်လျှောက်တွင် ကြီးမားသော အန္တရာယ်ဟူ၍ ပြောပလောက်စရာမကြုံတွေ့ရသည်ကြောင့် လွန်စွာခရီးတွင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ရက်(၂၀)ခန့်ခရီးကို လွန်မြောက်ခဲ့သည်တွင် ကျွန်ုပ်တို့သည် ခိုက်ဗွာတောင်ကြားလမ်းအဝင်သို့ ရောက်ရှိကြလေသည်။

၎င်းတောင်ကြားလမ်း၏ ဟိုမှာဘက်သည် သဲကန္တာရ လွင်ပြင်ခရီး၏ အစဖြစ်သောကြောင့် မြင်းများကို အသုံးပြု၍ မဖြစ်နိုင်တော့။ ထို့ကြောင့် ကုလားအုပ်များဖြင့် ခရီးဆက်ရန် စီစဉ်ရလေသည်။

တောင်ကြားလမ်းခရီးမှာ လွန်စွာရှည်လျားသကဲ့သို့ လူဆိုးဓားပြများ လှို့ဝှက်ခိုအောင်းရာဒေသ ဖြစ်လေရာ ၎င်းခရီးကို ဖြတ်ကျော်ရာတွင် ခရီးသွားများသည် အုပ်စုများစွာဖြင့် သွားကြရသည်။

တောင်ကြားလမ်း အဝင်ဝသို့ ကျွန်ုပ်တို့ ရောက်သောအခါ စခန်းချနေသော ကုလားအုပ်စီး ခရီးသည်များကို တွေ့လိုက်ရ၍ ကျွန်ုပ်တို့အတွက် လွန်စွာ အဆင်ပြေသွားသည်။

၎င်းအုပ်စုနှင့်ရော၍ တောင်ကြားလမ်းခရီးကို ဖြတ်ကျော်ရမည် ဖြစ်သည်။ ကျွန်ုပ်တို့ချည်း သွားလာပါက အသက်အန္တရာယ်အတွက် များစွာ စိတ်မချရသောကြောင့် ဖြစ်သည်။





ကျွန်ုပ်တို့သည် ၎င်းတို့နှင့် မလှမ်းမကမ်းတွင် ရောနှော၍ စခန်းချလိုက်ကြသည်။ ၎င်းတို့သည် ပထန်ကုလား အဝတ်အစားများကို ကိုယ်စီကိုယ်ငှ ဝတ်ဆင်ထားလေ၏။ အချို့မှာ သူတို့ ဓလေ့အတိုင်း မျက်နှာကို ခေါင်းပေါင်းများဖြင့် အုပ်ပေါင်းထားကြသည်။

ခရီးသည်များမှာ မြွေအလမ္ဘာယ်ဆရာများ၊ မျက်လှည့်သမားများ၊ အမွေးအကြိုင် ကုန်ပစ္စည်း ရောင်းချသူများ၊ အထည်အလိပ် ရောင်းချသူများ စသဖြင့် စုံလင်လှသည်။

ကျွန်ုပ်တို့သည် ခေတ္တမျှ မေးစက်အနားယူကြပြီး နံနက်လင်းသောအခါ ၎င်းတို့နှင့် ရောနှောကာ ဟန်မပျက် ခရီးဆက်ခဲ့ကြသည်။

ထိုသို့ ခရီးဆက်ရင်း နေမွန်းတည့်ချိန် ရောက်သောအခါ အပူရှိန်မှာ မြင့်တက်လာသောကြောင့် ကျောက်တောင် အမိုးစွန်းများအောက်၌ စခန်းချကာ နားကြရသည်။ နေရောင်အား လျော့သွားသည့် ညနေခင်းအချိန်တွင် တစ်ဖန် ခရီးဆက်ကြပြန်သည်။

နေရောင်အား ပျော့သွားသော်လည်း တစ်နေ့လုံး ပူထားသည့် အပူရှိန်ကြောင့် သဲပြင်များမှာ အငွေ့တထောင်းထောင်းထလျက်ရှိရာ မခံသာအောင် ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညဦးပိုင်းအချိန်သို့ ရောက်သောအခါ ခရီးသွားများ သည် ကိုယ့်အဖွဲ့နှင့်ကိုယ် အုပ်စုဖွဲ့ကာ တစ်ညနားကြ၏။ စခန်းချရာ နေရာမှာ တောတန်းအစပ်တွင် ဖြစ်သောကြောင့် လေပူဒဏ်မှ အတန်ငယ် သက်သာခွင့်ရကြသည်။

စိုင်းဆဲထူးနှင့် ကျော်စွာက အခြားအဖွဲ့များကဲ့သို့ ညစာချက်ပြုတ်ရန် မီးဖိုလေ၏။ ထို့နောက် ပါလာသည့် ရိက္ခာများကို ချက်ပြုတ်လျက် ညနေစာ စားသောက်ပြီး သည်နှင့် ကော်ဖီဖျော်သောက်ကြပြီး တစ်နေကုန် ပင်ပန်း သမျှ အစွမ်းကုန် အနားယူကြသည်။

ကျွန်ုပ်သည် နှစ်ခြိုက်စွာ အိပ်၍မရဘဲ ဖြစ်နေသော ကြောင့် စီးကရက်ဖွာရှိုက်လျက် ရှေ့ဆက်ရမည့်ခရီးတွင် မည်သို့သော အကြောင်းတရားများနှင့် ရင်ဆိုင်ရမည်ကို လက်လှမ်းမီသလောက် မှန်းဆတွေးတောနေမိသည်။

ထိုသို့တွေးတောနေလျက်က ကျွန်ုပ်တို့အားလက်နက် ခဲယမ်းများ ရောင်းချခဲ့သော ပထံကုလားကြီး မှာကြားလိုက် သည့် စကားများကို ရုတ်တရက် ကြားယောင်မိလေ၏။

"ဆရာတို့ သွားမယ့်လမ်းခရီးမှာ မိမိအုပ်စုကလွဲပြီး ဘယ်သူ့ကိုမှ ယုံကြည်စိတ်ချလို့ မရတဲ့အတွက် သတိ ဝီရိယ ထားကြပါ။ ခရီးသွားအချင်းချင်း ရိုင်းပင်းကူညီ





ကြလိမ့်မယ်လို့ မထင်လေနဲ့။ အလစ်အငိုက်ကိုချောင်းပြီး သတ်ဖြတ်လုယက်တာတွေဟာ အဲဒီလမ်းခရီးမှာ မထူးဆန်း တဲ့ကိစ္စတစ်ခုပဲ"

၎င်းအသိကြောင့် ကျွန်ုပ်သည် အနီးဝန်းကျင်သို့ အကဲခတ် ကြည့်လိုက်၏။ ခရီးသွားများမှာ မိမိတို့ စခန်း ချရာ ရွက်ဖျင်တဲ အတွင်း၌ ရှိနေကြပြီး ထူးခြားမှုမရှိသည် ကို တွေ့ရ၍ ကျွန်ုပ်လည်း စိတ်သက်သာမှု ရသွား၏။

စိုင်းဆဲထူးနှင့် ကျော်စွာမှာ နှစ်ခြိုက်စွာ အိပ်မောကျ လျက်ရှိ၏။ ညဉ့်နက်ပိုင်းအချိန် ရောက်လာပြီမို့ ကျွန်ုပ် လည်း အနားယူ အိပ်စက်ရန် ပြင်ဆင်တော့သည်။

"ဟင်"

ကျွန်ုပ်၏ ရင်ဘတ်အား တွန်းတိုးလာသည့် အထိ အတွေ့ကြောင့် အထိတ်တလန့် ဖြစ်သွားပြီး ကျွန်ုပ်သည် လှဲနေရာမှ ထထိုင်လိုက်လေရာ ကျွန်ုပ်တို့နှင့် အတန်ငယ် ကွာလှမ်းသောနေရာမှ လှုပ်ရှားမှုတစ်ခု လျင်မြန်စွာ ရွေ့ လျားသွားသည်ကို ဖျတ်ခနဲ တွေ့လိုက်ရ၏။

ခါးကြားမှ သေနတ်ကို ဆတ်ခနဲ ဆွဲထုတ်ပြီး ၎င်း လှုပ်ရှားမှုကို စူးစိုက်ကြည့်နေစဉ်မှာပဲ ပျောက်ကွယ်သွား လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ"

ဟု မေးလျက်က စိုင်းဆဲထူးနှင့် ကျော်စွာတို့ နိုးလာကြပြီး ကျွန်ုပ်အနီးတွင် ယှဉ်ရပ်ကြလေ၏။

ကျွန်ုပ်သည် ၎င်းတို့နှစ်ဦး၏ အပြုအမူကို လွန်စွာသဘောကျ၍ ချီးကျူးလိုက်မိသည်။ သူတို့နှစ်ဦးသည် အိပ်စက်ကြသော်လည်း အစဉ်နိုးကြားမှု ရှိနေသောကြောင့် ဖြစ်သည်။

ကျွန်ုပ်က အခြေအနေကို ရှင်းပြလိုက်ရာ သူတို့လည်း လွန်စွာအံ့ဩသွားကြပြီး အိပ်စက်ခြင်း မပြုတော့ဘဲ ရှိနေတော့၏။

ကျွန်ုပ် ရင်ဘတ်အား ဗာစ်စုံတစ်ယောက်က သတိပေးလိုက်သကဲ့သို့ တွန်းထိုးလိုက်သည့်အရာမှာ အဆောင်လက်ဖွဲ့အဖြစ် ဆာဒူးကြီး ပေးအပ်ခဲ့သော အရုပ်ကလေးဖြစ်နေသည့်အတွက် ကျွန်ုပ် လွန်စွာအံ့ဩရလေ၏။

အမှောင်၏ ဝိုးတဝါး အလင်းကြားတွင် ၎င်းအရုပ်ကလေးကို တအံ့တဩ ကြည့်နေစဉ်မှာပဲ ချစ်စဖွယ် အရုပ်ကလေးက ကျွန်ုပ်အား စွဲမက်ဖွယ် ပြုံးပြနေသကဲ့သို့ မြင်ယောင်ခံစားရလေသည်။





မည်သို့ဆိုစေ ကျွန်ုပ်သည် ဆာဒူးကြီးကိုသော်လည်းကောင်း၊ ဤအရုပ်ကလေးကိုသော်လည်းကောင်း ကျေးဇူးတင်ရပေလိမ့်မည်။

ကျွန်ုပ်တို့၏ ခရီးစဉ်သည် ယခုမှ အစပင်ရှိသေးသည်။ ရက်ကာလ ကြာမြင့်စွာ ခရီးမိုင်ပေါင်းများစွာ သွားရဦးမည်ဖြစ်ရာ အသက်အန္တရာယ် စိုးရိမ်ဖွယ် အခြေအနေများနှင့် မလွဲမသွေ ရင်ဆိုင်ရမည်ကို ကျွန်ုပ် ကြိုတင်မှန်းဆထားပြီးဖြစ်သည်။

ရှောင်၍ရလျှင် ရှောင်ရှားမည်ဖြစ်ပြီး ရှောင်မရ၍ ထိပ်တိုက်ရင်ဆိုင်ရပါက အသက်လု၍ အသေအကြေ တိုက်ခိုက်ရမည်ဖြစ်သည်။

ကျွန်ုပ်တို့ သုံးဦးသည် အိပ်စက်ခြင်း မပြုတော့ဘဲ ကော်ဖီခါးခါးတစ်ခွက်စီသောက်လျက် ရှေ့ခရီးစဉ်အတွက် တိုင်ပင်ဆွေး နွေးကြလေသည်။

ဖြစ်လာနိုင်မည့် အခြေအနေများကို မှန်းဆသုံးသပ်ကြ၏။ တောင်ကြားလမ်းကို ဖြတ်သန်းကြသည့် ခရီးသွားအုပ်စုအတွင်း ကျွန်ုပ်တို့အား စောင့်ကြည့်နေသော ရန်သူရှိနေမည်ဟု မှန်းဆရ၏။ ကျွန်ုပ်တို့သုံးဦး၏ အနေအထားမှာ



www.burmeseclassic.com

www.burmeseclassic.com



အခြားခရီးသွားများနှင့် မတူဘဲ တစ်သီးတစ်သန့် ဖြစ်နေခြင်းမှာလည်း ရန်သူ သတိထားမိစရာ ဖြစ်နေပါလိမ့်မည်။

ကျွန်ုပ်တို့သည် ၎င်းခရီးသည်များ အုပ်စုအတွင်းမှ ခွဲထွက်ပြီး ခရီးဆက်ရန် ဆုံးဖြတ်လိုက်ကြ၏။ ထို့နောက် ၎င်းတို့ နိုးထခြင်းမပြုသေးသော နံနက်လင်း အရုဏ်မတက်မီအချိန်တွင် အစားအသောက်များကို စားသောက်ပြီး ထွက်ခွာခဲ့လေသည်။

နောက်တစ်နေ့ နေပြင်းလာသော နေ့လယ်ခင်း အချိန်တွင် တောင်ခြေတစ်ခုအနီးရှိ တောစပ်သို့ ရောက်ကြ၏။ အပူရှိန်မှာ မခံမရပ်နိုင်အောင် ပြင်းထန်လျက်ရှိရာ ချုံကွယ်တစ်ခုအနီးတွင် စခန်းချ၍ နားကြရသည်။

၎င်းနေရာနှင့် မနီးမဝေးတွင်ရှိသော ချောင်းငယ် အတွင်းဆင်း၍ အားရပါးရ ရေချိုးကြသည်။ ကုလားအုပ်များကိုလည်း ရေတိုက်ခြင်း၊ ရေချိုးခြင်း၊ ရေဘူးများကို ရေဖြည့်ခြင်းများ ပြုလုပ်ကြ၏။

ကျွန်ုပ်တို့သည် တစ်နေ့လုံး ပင်ပန်းလာသမျှ အတော် အတန် လန်းဆန်းသွားပြီဖြစ်၍ ကောင်းမွန်စွာ အနားယူကြတော့သည်။





အတန်ငယ် အနားယူပြီးနောက် ညီငယ်နှစ်ဦးမှာ အစားအသောက်များကို စီစဉ်နေကြစဉ် ကျွန်ုပ်က မှတ်တမ်းစာအုပ်ထဲတွင် ခရီးစဉ်မှတ်တမ်းများအား ရေးမှတ်လေ၏။

ကျွန်ုပ်တို့ စခန်းချရာ နေရာကို မှန်းဆ၍ ကျွန်ုပ်တို့သည် ခိုက်ဗွာတောင်ကြားလမ်းခရီးဆုံးရန် မိုင်အနည်းငယ်မျှသာလိုတော့ကြောင်း သိလိုက်ရသည်။ ဤနေရာမှ နှစ်ညအိပ်ခရီးလောက် သွားရဦးမည်ဖြစ်သည်။

ကျွန်ုပ်သည် အဆုံးအစ မမြင်ရသော သဲကန္တာရကြီး အတွင်းက စုံထောက်မင်းကြီး၏ ညီဖြစ်သူ ရောက်ရှိခဲ့သည့် နိုင်ငံငယ်တစ်ခုဆီသို့ အမှန်ပင် အရောက်သွားရပေတော့မည်။

တောင်ကြားလမ်းခရီး ဆုံးသည်နှင့် အဆုံးမရှိသော ကန္တာရလွင်ပြင်ကြီးက သူ၏ရင်ခွင်တံခါးကို ဖွင့်လှစ်ထားပြီး ကျွန်ုပ်တို့အား မည်သို့မည်ပုံ ကြိုဆိုမည်ကို မကြာခင်သော ကာလတွင် ကျွန်ုပ်တို့ သိရှိရမည် ဖြစ်သည်။

မှတ်တမ်းစာအုပ်အတွင်း၌ ကျွန်ုပ်တို့ ဖြတ်သန်းခဲ့သည့် ခရီးစဉ်များ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များအပြင် ကျွန်ုပ် အယူအဆနှင့် ခံစားမှုများကို အာရုံစူးစိုက်စွာ ရေးသားနေစဉ် အကိုျနှင့် ရင်ဘတ်ကြား၌ တစ်စုံတစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်လှုပ်ရှရှ ဖြစ်လာသောကြောင့် အထိတ်တလန့်ဖြင့် ၎င်းအရာကို ဆုပ်ကိုင်လိုက်သည်။

ဆာဒူးကြီး ပေးလိုက်သော အရုပ်ကလေး၏ လှုပ်ရှားမှုပင် ဖြစ်သည်။ ၎င်းအရုပ်ကလေး လှုပ်ရှားမှုကြောင့် ကျွန်ုပ်သည် စိုးရိမ်သွားပြီး ညီငယ်နှစ်ဦးကို ကြည့်လိုက်ရာ သူတို့သည် အစားအသောက်များကို စိတ်ပါဝင်စားစွာ ချက်ပြုတ်နေကြ၏။

ကျွန်ုပ်စိတ်ထဲ၌ အရုပ်ကလေးသည် ထူးခြားသကဲ့သို့ ဖြစ်နေ၏။ အရုပ်ကလေး၏ မျက်နှာသည် လွန်စွာညှိုးငယ်လျက် ကျွန်ုပ်အား ကြည့်နေသလို ခံစားရ၏။

အရုပ်ကလေးကို လည်ပင်းတွင် ပြန်ဆွဲပြီး ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်သော်လည်း ထူးဆန်းမှု အနည်းငယ်မျှ မရှိသည်ကြောင့် ကျွန်ုပ်လည်း မှတ်တမ်းရေးသားခြင်းကို ဆက်လက်ဆောင်ရွက်လေသည်။

စက္ကန့်အနည်းငယ် အတွင်းမှာပဲ အရုပ်ကလေးက လှုပ်ရှားလာပြန်၏။ ကျွန်ုပ်စိတ်ထဲတွင် ထိုအရုပ်ကလေး ထူးထူးခြားခြား လှုပ်ရှားနေခြင်းမှာ အန္တရာယ်တစ်စုံတစ်ရာနှင့် ကြုံတွေ့ရတော့မည်ကို သတိပေးလေသလောဟု စိုးရိမ်မကင်း ဖြစ်မိလေသည်။





၎င်းတွေးထင်မှု လွန်စွာမှန်ကန်ကြောင်းကို အချိန်တစ်ခဏအတွင်း ရင်ဆိုင်လိုက်ရသည့် ဖြစ်ပျက်မှုက ဖော်ပြလိုက်တော့၏။

ကျွန်ုပ်တို့အဖို့ အနည်းငယ်မျှ လှုပ်ရှားခွင့် မရလောက်အောင် မြန်ဆန်လှပါသည်။ ကျွန်ုပ်တို့အား သေနတ်ဖြင့် ချိန်ရွယ်ထားသကဲ့သို့ ဓားကောက်များကိုလည်း ကိုယ်စီကိုင်ဆောင်ထားကြသော လူတစ်စုသည် အနီးကပ် ဝန်းရံထားကြ၏။

၎င်းတို့အားလုံးသည် အနက်ရောင် ဝတ်စုံဖားဖားများ ဝတ်ဆင်ထားလေရာ အုပ်စုဖွဲ့ တိုက်ခိုက်ကြသည့် ဓားပြဂိုဏ်း ဖြစ်မည်ဟု ယူဆရသည်။ လူအင်အား(၁၂)ယောက် ရှိပြီး သေနတ်ကိုင်ဆောင်ထားသူမှာ လေးဦးဖြစ်သည်။

ညီငယ်နှစ်ဦးမှာ ကျွန်ုပ်၏ အရိပ်အခြေကို စောင့်ကြည့်နေ၏။ ယခုလို အချိန်မျိုးမှာ ကျွန်ုပ်အဖို့ မိုက်ရူးရဲဆန်စွာ ပြုမူပါက ကိုယ့်သေတွင်း ကိုယ်တူးသကဲ့သို့ ဖြစ်သွားနိုင်သောကြောင့် ၎င်းတို့ထဲမှ ခေါင်းဆောင်ဟု ယူဆရသည့် ပုဂ္ဂိုလ်နှင့် စကားပြောလိုက်၏။

"ခင်ဗျားတို့ ဘယ်လိုအကြောင်းနဲ့ အခုလို လုပ်ရတာလဲ။ ကျုပ်တို့ဟာ သာမန်ခရီးသွားတွေပါ။ ခင်ဗျားတို့ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာ ထိခိုက်နစ်နာမှုရှိအောင် ကျုပ်တို့ ဘာတစ်ခုမှ မလုပ်ခဲ့ပါဘူး။ ဖြစ်နိုင်ရင် ကျုပ်တို့လမ်းကို ကျုပ်တို့ သွားပါရစေ"

ကျွန်ုပ်သည် ပထံဘာသာစကားဖြင့် ပြောလိုက်ရာ ၎င်းက ကောင်းစွာနားလည်သွားပြီး အားပါးတရ ရယ်လေ၏။

ထိုသို့ ရယ်ပြီးနောက် ...

"ခင်ဗျားပြောတာ တစ်ခုမှ လွဲချော်မှု မရှိပါဘူး။ ခင်ဗျားတို့ဟာ အသိဉာဏ်မဲ့တဲ့ ရှုးမိုက်သူတွေ ဆိုတာ ကျုပ်တို့သိထားကြတယ်။ သဲကန္တာရကြီးထဲကို မိုင်ပေါင်းများစွာ ဖြတ်သန်းပြီး ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံကြဖို့ ထွက်လာခဲ့ကြတဲ့ ခင်ဗျားတို့ကို ကျုပ်ချီးကျူးပါတယ်။ မှုပြင်းတဲ့ သဲကန္တာရကြီးထဲမှာ သေဆုံးရမယ့် အဖြစ်ဟာ မတွေးဝံ့လောက်အောင် ကြောက်စရာ ကောင်းလွန်းပါတယ်။ ခင်ဗျားတို့ သေဆုံးသွားကြောင်းကိုလည်း ဘယ်သူမှ သိလိုက်ကြမှာ မဟုတ်ဘူး။ ဒီတော့ သေရမယ့်အတူတူ သဲကန္တာရကြီးထဲမှာ အစာရေဇာ ငတ်ပြတ်ပြီး အသေမခံပါနဲ့ဗျာ။ ခင်ဗျားတို့ဆန္ဒ ပြည့်ဝအောင် ကျုပ်တို့က ဖြည့်ဆည်းပေးလိုက်ပါ့မယ်"





ဟု ရယ်မောလျက် ပြောလိုက်ရာ ၎င်း၏အဖွဲ့သားများလည်း ရယ်ကြလေ၏။

သေနတ်သမားလေးဦးက ကျွန်ုပ်တို့အား ကိုက်အနည်းငယ် အကွာသို့သွားရန် ပြောဆိုပြီး အလစ်မပေးဘဲ ချိန်ရွယ်ထားသည်။

ထိုစဉ်မှာပဲ ၎င်းတို့၏ အဖွဲ့သားများက ကုလားအုပ်တွင် ချည်နှောင်ထားသော ကျွန်ုပ်တို့ပစ္စည်းများကို မွှေနှောက်ရှာဖွေကြလေရာ ကျွန်ုပ် ပါလာသော ရွှေဒင်္ဂါးများနှင့် ငွေစက္ကူများစွာကို တွေ့လိုက်သောကြောင့် လွန်စွာပျော်ရွှင်သွားကြပြီး ခုန်ပေါက် အော်ဟစ်ကြလေ၏။

သေနတ်သမားလေးဦးသည် ၎င်းအဖွဲ့သားများ ပျော်ရွှင်နေသည်ကို လှည့်ကြည့်စဉ် ခဏမှာပင် ကျော်စွာသည် ခြေဖျားတွင် ဝှက်ထားသည့် ဓားမြှောင်ဖြင့် သေနတ်သမားတစ်ဦးကို ပစ်ပေါက်လိုက်၏။

"ဒုတ်"

"အား"

ဓားမြှောင်သည် သေနတ်သမား၏ရင်ညွန့်သို့ တည့်မတ်စွာစိုက်ဝင်သွားပြီး လဲကျသွားလေရာ မထင်မှတ်သောတုံ့ပြန်မှုကြောင့် ၎င်းတို့လည်း ငေးကြောင်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုက်အနည်းငယ် ကွာလှမ်းသော ကျန်သေနတ်သမား သုံးဦးထံသို့ အားကုန်ပြေးဝင်ပြီး တိုက်ခိုက်ကြရာ ၎င်းတို့မှာ ရုတ်တရက် အငိုက်မိသွားသဖြင့် အလူးအလဲ ခံကြရ၏။

ကျွန်ုပ်တို့သုံးဦးမှာ တိုက်ခိုက်ခြင်းစွမ်းရည် နိမ့်ပါးသူများ မဟုတ်သောကြောင့် တစ်ခဏအတွင်းမှာပဲ သေနတ်သမားလေးဦးကို လှုပ်ရှားနိုင်ခြင်း မရှိအောင် တိုက်ခိုက်နိုင်ခဲ့သည်။

ထိုစဉ်မှာပင် ဓားကောက်များ ကိုင်ဆောင်ထားသူများမှာ ကျွန်ုပ်တို့ထံသို့ အလုံးအရင်းဖြင့် ပြေးဝင်တိုက်ခိုက်ကြလေရာ အင်အားမမျှတသောကြောင့် လွန်စွာသတိထားပြီး ခုခံတိုက်ခိုက်ရလေ၏။

ဓားကောက်များကို ကိုင်တွယ်တိုက်ခိုက်ရာတွင် ၎င်းတို့သည် လွန်စွာကျွမ်းကျင်ကြ၏။ ဓားကောက်များ၏ အရောင်မှာ တလက်လက် တောက်ပနေရာ အသည်းယားဖွယ် ဖြစ်တော့သည်။

ကျွန်ုပ်တို့သည် အသီးသီး ဓားများကို ထုတ်ကာ တိုက်ခိုက်ကြသော်လည်း ရေရှည်တွင် တောင့်ခံနိုင်ပါ့မလားဟု စိုးရိမ်မိသည်။





ကျွန်ုပ်တို့ ခန္ဓာကိုယ်မှာလည်း တိုက်ခိုက်ရင်းဖြင့် ဒဏ်ရာများစွာ ရရှိနေပြီဖြစ်သည်။

ထိုစဉ်မှာပဲ တစ်ယောက်ပြီး တစ်ယောက် ကျဆုံးသွားကြသော ကျွန်ုပ်တို့၏ ရန်သူများကို မြင်လိုက်ရ၍ နားမလည်နိုင်အောင် ဖြစ်သွားပါသည်။

အဖြူရောင်ဝတ်စုံဖြင့် လူတစ်ယောက်က ကျွန်ုပ်တို့ ရန်သူများကို ဝင်ရောက် တိုက်ခိုက်နေ၏။ ၎င်းသည် လှံတိုကို ဘယ်လက်တွင်ကိုင်ပြီး တစ်တောင်ခန့် ဓားတစ်လက်ကို ညာလက်ဖြင့် ကိုင်ဆောင်လျက် တရကြမ်း တိုက်ခိုက်လေရာ ရန်သူများမှာ အလူးအလဲ ခံနေကြရသည်။

ကျွန်ုပ်တို့လည်း လွန်စွာအားတက်သွားပြီး အပြင်းအထန် တိုက်ခိုက်ကြရာ အချိန်အနည်းငယ် အတွင်းမှာပင် တိုက်ပွဲပြီးဆုံးသွားလေသည်။

ရန်သူများထဲမှ တစ်ဝက်ခန့်မှာ သေဆုံးသွားကြပြီး ကျန် လူများမှာ ပြင်းထန်သော ဒဏ်ရာများဖြင့် လူးလိမ့်နေကြ၏။ ရန်သူနှစ်ဦးမှာ ဒဏ်ရာကိုယ်စီဖြင့် အလျင်အမြန် ထွက်ပြေးသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ညီငယ်နှစ်ဦးကို စိုးရိမ်မိ၍ ကြည့်လိုက်ရာ ကျွန်ုပ်ကဲ့သို့ အနည်းငယ်မျှသာ ဒဏ်ရာရကြသည်ကို တွေ့လေ၏။

အဖြူရောင်ဝတ်စုံနှင့် ပုဂ္ဂိုလ်သည် ကျွန်ုပ်အနီးသို့ ချဉ်းကပ်လာလေ၏။ ကျွန်ုပ်လည်း ၎င်းကို သေချာစွာ ကြည့်ရှုနေမိသည်။ ထိုသူမှာ အသက်(၃၀)ခန့်အရွယ် အရပ်မြင့်မြင့်နှင့် အသွင်အပြင် ကောင်းမွန်သူ ဖြစ်သည်။

သူသည် ကျွန်ုပ်တို့နှင့် တစ်ကြိမ်တစ်ခါမျှ သိကျွမ်းခဲ့ခြင်း မရှိပါ။ သူ့ကြောင့်သာ ကျွန်ုပ်တို့လည်း အသက်ဘေးမှ လွတ်မြောက်ခဲ့ခြင်း ဖြစ်သည်။ စဉ်းစားမရအောင်ဖြစ်နေစဉ်မှာပဲ ၎င်းလူငယ်က နှစ်လိုဖွယ်ပြုံးလျက် ...

"ကျွန်တော့်နာမည် ကာစင်ပါ သခင်၊ သခင်တို့ကို တိုက်ခိုက်တဲ့အဖွဲ့ဟာ ခိုက်ဗွာတောင်ကြားလမ်းမှာ အလွန်ကျော်ကြားတဲ့ ဓားပြအုပ်စုပါ။ သခင်တို့မှာ ရွှေဒင်္ဂါးအမြောက်အမြား ပါလာတာကို သူတို့ သိရှိကြတယ်။ လေးရှီးဒေသမှာ သခင်တို့တည်းခို ဆောင်ပိုင်ရှင်ကတစ်ဆင့် အဲဒီသတင်းကို သူတို့ရခဲ့တယ်။ ဒါကြောင့် သခင်တို့နောက်ကို တိတ်တဆိတ် ချောင်းမြောင်းပြီး သူတို့နယ်မြေထဲရောက်မှ အခုလို လုပ်ကြံသတ်ဖြတ်ကြတာပေါ့"





ဟု လွန်စွာပီသသော မြန်မာစကားဖြင့် ပြောလေရာ ကျွန်ုပ်နှင့်တကွ စိုင်းဆဲထူးနှင့် ကျော်စွာလည်း များစွာအံ့သြသွားတော့သည်။

ထိုထက်ပို၍ အံ့သြဖွယ်ကောင်းသည်မှာ သူသည် ဓားဦးကို သဲတွင်ထိုးစိုက်ပြီး ဦးခေါင်းငုံ့လျက် ကျွန်ုပ်အား အရိုအသေပြုခြင်း ဖြစ်သည်။

"သခင်ဟာ ပညာဉာဏ် ကြီးမားပြီး စွန့်စားခြင်းကို ဝါသနာထုံသူဖြစ်ကြောင်း ကျွန်တော်သိရှိရပါတယ်၊ မိုင်ရာနဲ့ချီပြီး ဝေးလံတဲ့ သဲကန္တာရကြီးထဲက လူသူ မရောက်တဲ့ နိုင်ငံလေးဆီ သွားမယ်ဆိုရင် ကျွန်တော် သခင်တို့အပါးမှာ အခိုင်းအစေအဖြစ်နဲ့ လိုက်ပါလိုပါတယ်။ ကျွန်တော် ငွေမလိုချင်ပါဘူး။ ကျွန်တော်ဟာ ရဲရင့်သူဖြစ်ပါတယ်။ အန္တရာယ်ဟူသမျှကို သခင်တို့နဲ့အတူ ရဲရဲရင်ဆိုင်ဝံ့သူဆိုတာ ကျိန်တွယ်သစ္စာဆိုဝံ့ပါတယ်"

ရိုးသားမှုနှင့် တည်ကြည်ခန့်ညားမှုက သူ၏စကားများကို ပို၍လေးနက်စေ၏။ အခြေအနေက ရုတ်တရက်ကြီးဖြစ်နေ၍ ကျွန်ုပ်လည်း ဆုံးဖြတ်ရခက်နေတော့သည်။

သူသည် အဘယ်အကြောင်းကြောင့် ကျွန်ုပ်တို့သွားမည့် ခရီးတွင် လိုက်ပါချင်ရသနည်း။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းဆဲထူးနှင့် ကျော်စွာက ကျွန်ုပ်၏ ဆန္ဒအတိုင်း ဆောင်ရွက်ရန် မေးဆတ်ပြလေ၏။ ကျွန်ုပ်သည် ငှင်းလှူငယ် ဒူးထောက်ထိုင်နေခြင်းမှာ မသင့်လျော်၍ မတ်တတ်ရပ်ခိုင်းပါသည်။

သူ မတ်တတ်ရပ်လိုက်စဉ် သူ၏ အပေါ်ဝတ်ရုံ လျှောကျသွားရာ ကိုယ်အထက်ပိုင်းမှာ ဟင်းလင်းဖြစ်သွားလေ၏။

သူသည် ကိုယ်ခန္ဓာအချိုးအစား အလွန်ကြည့်ကောင်းသူဖြစ်၏။ ပခုံးကျယ်ကျယ်နှင့် ထွားကျိုင်းပြီး အချိုးအစားကျသည်။ တချို့နေရာများတွင် ဒဏ်ရာဟောင်း အမာရွတ်နှင့် အမည်းအစင်းကြောင်းများကို တွေ့ရသည်။

သူကဲ့သို့ ကြံ့ခိုင်သန်စွမ်းသူတစ်ဦး တိုးလာသည့်အတွက် ကျွန်ုပ်တို့ခရီးစဉ်မှာ ပို၍အဆင်ပြေ ချောမွေ့မည်ဟု ယုံကြည်မိသောကြောင့် သူ့ဆန္ဒအတိုင်း လိုက်ပါခွင့်ပြုလိုက်ရာ သူသည် လွန်စွာပျော်ရွှင်သွားပြီး ကျွန်ုပ်အား အကြိမ်ကြိမ် ဦးညွှတ်လေတော့၏။



## အခန်း(၇)

## ပန်းပုရုပ်ကလေးက အစွမ်းပြခြင်း

ကျွန်ုပ်တို့ ခရီးဆက်ကြသည်။ ကျွန်ုပ် မျှော်မှန်းရာ ကန္တာရခရီးရှည်ကြီးဖြစ်သည်။

ကျွန်ုပ်၊ စိုင်းဆဲထူး၊ ကျော်စွာနှင့် ကျွန်ုပ်တို့အား လူဆိုးများအန္တရာယ်မှ ကယ်တင်ခဲ့သော ကာစင်တို့ဖြစ်သည်။

ရှေ့ခရီးမှာ ခိုက်ဗွာတောင်ကြားလမ်းတွင် ရင်ဆိုင်ခဲ့ရသည့် လူဆိုးများတိုက်ခိုက်သည့် အန္တရာယ်မျိုး မကြုံနိုင်တော့ဟု ကာစင်က ပြောလေသည်။

သို့သော်လည်း အဆုံးအစမရှိသော သဲကန္တာရကြီးအတွင်း၌ လူဆိုးဓားပြများနှင့် ရင်ဆိုင်ရသည့် အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



ထက် အဆာများစွာ ဆိုးဝါးသည့် ဘေးဒုက္ခများနှင့် မလွဲမသွေ ရင်ဆိုင်ရမည်ဟု သူက ပြောပြန်၏။

“သဲကန္တာရဟာ လွန်စွာကျယ်ဝန်းတယ်၊ မိုင်ရာချီ ဝေးတဲ့ ခရီးရောက်ရင် အလွန်မြင့်မားပြီး နှင်းဖုံးတဲ့တောင် တန်းကြီးကို တွေ့မယ်။ တောင်တွေရဲ့ ဟိုဘက်နေဝင်ရာ အရပ်မှာ ဘာတွေရှိတယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ကြဘူး။ တကယ့်ကို ဝေးလံတဲ့ခရီးပဲ”

၎င်းစကားကို ကာစင်သည် ကျွန်ုပ်တို့အား စိတ်ပျက်အားလျော့စေလိုသော ဆန္ဒဖြင့် ပြောခဲ့ခြင်း မဟုတ်တာကို ကျွန်ုပ်သိ၏။ မလျော့သောဇွဲနှင့်စိတ်ဓာတ်ကြံ့ခိုင်မှုကိုအသင့် ရှိနေစေရန် အရိုးခံစိတ်ဓာတ်ဖြင့် ပြောခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် ခိုင်ဗွာတောင်ကြားလမ်း အဆုံးရှိ ရွာငယ်လေးမှ အလုပ်သမားလေးဦးကို ငှားရမ်းခဲ့သည်။ ၎င်းတို့ကို သစ်ကုလားအုပ် ကိုယ်စီဖြင့် ရေနှင့် ရိက္ခာများကို သယ်ဆောင်စေခဲ့သည်။

၎င်းရွာသို့ ရောက်ရှိစဉ်က သူတို့သည် အဆုံးအစ မမြင်ရသော ကန္တာရကြီးအတွင်း မိုင်ရာချီဝေးသော ခရီးကို ဖြတ်သန်းကြမည့် ကျွန်ုပ်တို့အား လွန်စွာ အံ့သြကြလေသည်။





“ဆရာတို့ ဘယ်လိုရည်ရွယ်ချက်နဲ့ ဒီခရီးကို သွားကြမယ်ဆိုတာ ကျွန်တော် မသိပေမဲ့ ဆရာတို့ သွားမယ့် ခရီးဟာ သွားလမ်းရှိပြီး ပြန်လမ်းမရှိတဲ့ ခရီးပါ။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက သဲကန္တာရကြီးကို ဖြတ်ကျော်ပြီး ရောက်ရှိလာတဲ့ သားအမိနှစ်ယောက် ရှိခဲ့ပါတယ်။ သူတို့ဟာ အစာရေစာ ငတ်ပြတ်ပြီး မသေရုံတမယ် ရောက်လာတာပါ။ အလွန်သတ္တိကောင်းတဲ့ သားအမိပါ။ သူတို့ ဘယ်အရပ်ကလဲ ဆိုတာ မေးလို့မရပါဘူး။ နောက်တော့ အဲဒီ သားအမိ ဘယ်ရောက်သွားမှန်း မသိပါဘူး။ အဲဒီနောက်ပိုင်းမှာ ဆရာတို့လို စွန့်စားခရီးသွားမယ့် လူအချို့ ကျွန်တော်တို့ရွာကို ရောက်လာပါတယ်။ အဲဒီလူတွေဟာ နှစ်တွေသာ ကြာသွားတယ် ပြန်ရောက်မလာကြပါဘူး။ မှတ်မှတ်ရရ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်က သဲကန္တာရထဲက ပြန်လာတဲ့သူတစ်ယောက် ရှိပါတယ်။ သေလုမြောပါး အခြေအနေနဲ့ ရောက်လာတာပါ။ သူ့အဖော်တစ်ယောက် ကျန်ခဲ့ပုံရတယ်။ စိတ်မမှန်တဲ့သူလို ဦးတည်ရာမဲ့စကားတွေကို ပြောပြီး သူ့မှာပါတဲ့ အိတ်ကလေးကို ထုတ်ပြတယ်။ ပုလိပ်မင်းကြီးနဲ့ တွေ့ပါရစေလို့လည်း ပြောတယ်။ အဲဒီလူလည်း မကြာခင် သေမှာပါပဲ။ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



တို့လေးဦးဟာ အရွယ်ကောင်းတွေပါ။ လောကမှာ ကြီးပွားချမ်းသာဖို့ အခြားသောနည်းလမ်းတွေနဲ့ ရှာဖွေရင် ရပါတယ်။ အခိုပွာယ်မဲ့ ဒီခရီးကို မသွားစေချင်ပါဘူး”

ရွာလူကြီးက စေတနာဖြင့် ကျွန်ုပ်တို့အား ပြောဆိုခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့မှာ ခိုင်မာစွာ ဆုံးဖြတ်ပြီးဖြစ်ကြောင်း သိရစဉ်တွင် ကျွန်ုပ်တို့အတွက် လိုအပ်မည့် အရာများကို ကူညီဆောင်ရွက်ပေးလေရာ ၎င်းရွာငယ်လေးကို ကျွန်ုပ်ဘဝတွင် ဘယ်တော့မှ မေ့တော့မည် မဟုတ်ပါ။

ကျွန်ုပ်သည် ထိုက်တန်သော အခကြေးငွေပေး၍ ၎င်းရွာမှ အလုပ်သမား လေးဦးကို သစ်ကုလားအုပ်ဖြင့် ရိက္ခာသယ်ရန် ငှားရမ်းခဲ့သည်။ မည်သူမှ ကျွန်ုပ်တို့နှင့် မလိုက်လိုကြ။ အကြိမ်ကြိမ် ပြောဆိုတော့မှ ရွာသားလေးဦးက နှစ်ဆယ့်ငါးမိုင်ခရီးခန့်သာ လိုက်မည်ဟု ပြောကြ၏။

ကျွန်ုပ်တို့အတွက် အဓိကပြဿနာမှာ ရေဖြစ်သည်။ ထို့ကြောင့် ၎င်းအလုပ်သမားလေးဦးကို ငှားရမ်းပြီး ရေကို သယ်နိုင်သမျှ များများသယ်ဆောင်စေလျက် ခရီးစဉ်ကို စတင်ခဲ့ကြသည်။





ကျွန်ုပ်တို့သည် သံလိုက်အိမ်မြှောင်ကို အသုံးပြု၍လည်းကောင်း၊ ညတွင် နက္ခတ်တာရာကို ကြည့်၍လည်းကောင်း သွားလာကြသည်။

စိုင်းဆဲထူးနှင့် ကျော်စွာတို့မှာ သူတို့နှင့် အသက်အရွယ်တူဖြစ်သည့် ကာစင်နှင့် တစ်ဦးနှင့်တစ်ဦး နောက်ပြောင်သည်အထိ အချိန်တိုတိုအတွင်း ခင်မင်သွားလေသည်။

ကာစင်သည် ကျွန်ုပ်အား ရင်းနှီးစွာ ဆက်ဆံသော်လည်း လေးစားသမှုဖြင့် သခင်ဟု သုံးနှုန်းပြောဆို၏။ ကျွန်ုပ်က ထိုသို့ ပြောဆိုခြင်းမပြုရန် တားမြစ်သည်ကို သူသည် လက်မခံဘဲ ထိုသို့သာ ပြောဆို၏။

ကျွန်ုပ်တို့သည် အပူရှိန်လျော့ပါးသည့် ညခရီးကို အားပြု၍ သွားလာကြသည်။ ကန္တာရခရီးသည် တစ်နေ့ဝင်၍ တစ်မိုးသောက်သော်လည်း အပြောင်းအလဲမရှိ တစ်ပြန့်တစ်ပြော ကျယ်ဝန်းနေစမြဲပင်။

ရက်ကာလ ကြာမြင့်သည်နှင့်အမျှ ကျွန်ုပ်တို့၏ ရိက္ခာများမှာလည်း တဖြည်းဖြည်း လျော့ပါးလာလေ၏။ ရေကိုသင့်တင့်ရုံသာ သောက်သုံးပြီး ချွေတာကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ ငှားရမ်းခဲ့သော အလုပ်သမား လေးဦးမှာ သတ်မှတ်ခရီး ရောက်သည်နှင့် ပြန်ရန်ပြင်ဆင်ကြတော့သည်။ သူတို့အား ရှေ့ဆက်လိုက်ပါရန် မက်လုံးပေးပြီး ဆွဲဆောင်သော်လည်း အကြောက်အကန် ငြင်းဆိုကြသည်။

ထို့ကြောင့် ၎င်းတို့ထံမှ ရေအိတ်များကို ကျွန်ုပ်တို့ ကုလားအုပ်များတွင် ခွဲဝေချိတ်ဆွဲပြီး ရှေ့ခရီးကို ဆက်ကြလေသည်။

လဆန်ရက်များ ရောက်သည်တွင် လရောင်ဖြင့် ညခရီး သွားရမည်မှာ ခရီးတွင်လှသည်။ နေ့ဘက်တွင် ကန္တာရလွင်ပြင်ရှိ နီးစပ်ရာ ကျောက်တောင်များ၏ အရိပ်ကိုခို၍ နားကြ၏။

ကျွန်ုပ်တို့ ခရီးသွားနေသည်မှာ ရက်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ခရီးအကွာအဝေးမှာလည်း လွန်စွာ ရှည်လျား လွန်မြောက်ခဲ့ပြီဖြစ်သည်။

ခရီးစဉ်တစ်လျှောက်တွင် ဦးဆောင်လျက် စကားပြောဆိုသူ ကာစင်သည် တိတ်ဆိတ်နေလေ၏။ ထို့အတူ စိုင်းဆဲထူးနှင့် ကျော်စွာလည်း ငြိမ်သက်နေကြသည်။





ကျွန်ုပ်တို့အား နှုတ်ဆက် ထွက်ခွာသွားကြသည့် အလုပ်သမားများကို အတွေးဖြင့် မြင်ယောင်မိသည်။ ထိုစဉ်က သူတို့သည် ကျွန်ုပ်တို့အား ပြန်၍မြင်ရပါမလားဟု ကြေကွဲပူဆွေးသည့် အကြည့်များဖြင့် ကြည့်ခဲ့ကြ၏။

တိတ်ဆိတ်ခြင်းသည် အချိန်ကြာမြင့်လာသည်နှင့် အမျှ တုန်လှုပ်ချောက်ချားမှုကို ဖြစ်စေ၏။ ကျွန်ုပ်တို့သည် တိတ်ဆိတ်ခြင်းကို ဘယ်လောက်ကြာသည်အထိ သည်းခံနိုင်ပါမည်နည်း။

ကာစင်သည် လွန်စွာချီးကျူးဖွယ်ကောင်း၏။ ကျွန်ုပ်တို့အားလုံး မည်သို့ ခံစားရသည်ကို သိနေသည်ထင်၏။

သူသည် ပထံဘာသာဖြင့် သီချင်းတစ်ပုဒ် သီဆိုလေ၏။

လွန်စွာနားထောင်ကောင်းသလို တေးစာသားများက စိတ်တက်ကြွဖွယ် ကောင်းလှသည်။

သီချင်းမှာ ရဲစွမ်းသတ္တိရှိသူတို့အကြောင်း ဖွဲ့ဆိုထားခြင်း ဖြစ်သည်။ ရဲစွမ်းသူတွေဟာ ပြောင်းလဲမှု မရှိသော ဘဝကို စိတ်ကုန်ပြီး အသစ်အသစ်သော အကြောင်းအရာတို့ကို ရှာဖွေရန် ကျယ်ပြန့်သော သဲကန္တာရကြီးအတွင်း ခရီးဆက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဟာ အသစ်အဆန်း မတွေ့လို့ သေချင်သေပါစေ မကြောက်မရွံ့ကြပါဘူး။ ဝေးလံတဲ့အရပ်ကို ရောက်တဲ့အခါ သဲကန္တာရကြီးဟာ သာယာသော ဒေသလေးတစ်ခုအဖြစ် သူတို့ကို ကြိုဆိုနေပါလိမ့်မည်။

ကြင်ဖက်ပြုရန် မိန်းမချောလေးများ အများအပြားရှိ၏။ ကျွဲနွားများလည်းရှိ၏။ အမဲလိုက်ရန် တောတောင်များလည်း ရှိသည်။ သတ်ဖြတ်ရမည့် ရန်သူများလည်းရှိပေသည်။

ကျွန်ုပ် လွန်စွာသဘောကျမိ၍ အားပါးတရ ရယ်မိလိုက်ပါသည်။ စိုင်းဆဲထူးနှင့် ကျော်စွာကို ကာစင်က သီချင်းအဓိပ္ပာယ် ရှင်းပြသောကြောင့် ၎င်းတို့နှစ်ဦးလည်း ရယ်ကြလေ၏။

ကာစင်သည် ရှင်မြူးစရာကောင်းသူ ဖြစ်၏။

ကျွန်ုပ်တို့တွင် ခရီးကာလ ကြာရှည်သည်နှင့်အမျှ ရိက္ခာအနည်းငယ်မျှသာ ကျန်ရှိပြီး ရေလက်ကျန်မှာလည်း စိုးရိမ်ဖွယ် အခြေအနေ ဖြစ်လာပါသည်။ ရက်အနည်းငယ်အတွင်း ရေနှင့်ရိက္ခာများ ပြတ်လပ်တော့မည်ဖြစ်၍ မကြံတတ်အောင် ဖြစ်ကြရ၏။





နောက်တစ်နေ့ ခရီးဆက်ပြီး ညအိပ်ရပ်နားစဉ်မှာဘဲ ရေသည် တစ်နေ့စာအတွက်သာ ကျန်တော့ကြောင်း သိရလေ၏။ ပူပြင်းခြောက်သွေ့သော သဲကန္တာရကြီးကို ကြည့်ရင်း ကျွန်ုပ်တို့မှာ မွန်းကျပ်စွာ ခံစားနေရသည်။

"နောက်တစ်နေ့မှာ ရေမတွေ့ရင်တော့ ငါတို့အားလုံး သေမှာပဲ"

တစ်ကိုယ်တည်း ညည်းညူပြောလိုက်သော ကာစင်၏စကားကို သဲ့သဲ့ကြားလိုက်ရ၏။ ညအိပ်ရပ်နားသော်ငြား ကျွန်ုပ်တို့သည် အတွေးကိုယ်စီဖြင့် အိပ်စက်မရဘဲ ဖြစ်နေကြသည်။

"ဆရာ တစ်ခါတလေမှာ မမြင်နိုင်တဲ့ အကြောင်းတရားတွေကြောင့် အဆင်ပြေ ချောမွေ့တတ်ကြတယ်။ ဆရာ့ကို အကြိမ်ကြိမ် ကယ်ခဲ့တဲ့ ဆာဒူးကြီးရဲ့ လက်ဆောင်ကို ဒီနေရာမှာ အသုံးချကြည့်ပါလား"

ကျော်စွာက ကျွန်ုပ်အနီး ရောက်လာပြီး ပြောလေရာ ၎င်းစကားကို စိုင်းဆဲထူးနှင့် ကာစင်လည်း စိတ်ဝင်တစားဖြစ်သွားကြ၏။ ထို့ကြောင့် ကျွန်ုပ်အနီးတွင် စုရုံးထိုင်လိုက်ကြပြီး ကျွန်ုပ် ရင်ဘတ်က အရုပ်ကလေးကို အားကိုးတကြီး ကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း ကျော်စွာ၏ စိတ်ကူးကို လွန်စွာသဘောကျမိသည်။ ထို့ကြောင့် ကျွန်ုပ်သည် ပိုးကြိုးဖြင့်ဆွဲထားသော အရုပ်ကလေးကို ဖြုတ်ယူလိုက်ပြီး ကျွန်ုပ်တို့နှင့် အနည်းငယ်ကွာလှမ်းသော အမြင့်ပိုင်းတွင် အရုပ်ကလေးကို ကျွန်ုပ်တို့ဘက်သို့ မျက်နှာမူလျက် ထောင်ထားလိုက်သည်။

ကျွန်ုပ်သည် အရုပ်ကလေးကို စူးစိုက်ကြည့်လျက် ကျွန်ုပ်တို့ အသက်ရှင်သန်ခွင့်အတွက် ရေရှိရာအရပ်ကို ညွှန်ပြပေးရန် တောင်းဆိုပြီး တစ်ဆက်တည်းပင် ရတနာသုံးပါးကို ဦးထိပ်ထား ပြီး မေတ္တာပို့ အမျှဝေလိုက်သည်။

ထို့နောက် ကျွန်ုပ်တို့သည် ရေနွေးတည်ပြီး ကော်ဖီဖျော်သောက်ကြရင်းဖြင့် ရယ်ရွှင်ဖွယ် အကြောင်းအရာများကိုရွေးပြီး စကားများစွာ ပြောကြသည်။

နောက်တစ်နေ့ဟူသော အနာဂတ်မှာ မရဏဟူသော သေခြင်းတရားက ကျွန်ုပ်တို့အား ကမ်းလင့်နေသည်ကို ကိုယ်စီသိနေကြပြီဖြစ်သည်။ ကျွန်ုပ်တို့အတွက် ယခုလို ကော်ဖီသောက်ခွင့်မျိုး ထပ်မံရရှိဦးမည် မထင်တော့ပါ။

ညဉ့်နက်ပိုင်း ရောက်သည်တွင် ငိုက်မြည်းလာသောကြောင့် အိပ်စက်ကြလေ၏။ အရုပ်ကလေးမှာ နေမြဲအတိုင်း ရှိနေဆဲပင်။





ကျွန်ုပ်သည် တစ်ခဏအတွင်း နှစ်ခြိုက်စွာ အိပ်ပျော်သွားလေရာ တသွင်သွင် စီးဆင်းနေသော စမ်းချောင်းအတွင်း၌ ရေချိုးနေသည်ဟု အိပ်မက်,မက်လေ၏။ ကျွန်ုပ်ရင်တွင်း၌ လွန်စွာကြည်နူးနေမိသည်။

ထိုစဉ်မှာပင် လွန်စွာအံ့သြဖွယ် အဖြစ်ကြောင့် ကျွန်ုပ်လန့်နိုးသွားသည့် အချိန်မှာ နံနက်ဝေလီဝေလင်းအချိန်ဖြစ်သည်။

ဦးစွာ သတိပြုမိသူမှာ ကာစင်ဖြစ်၏။ သူ့ကဲ့သို့ စိုင်းဆဲထူးနှင့် ကျော်စွာလည်း တအံ့တသြ ဖြစ်နေကြသည်။

ကျွန်ုပ်၏ ချစ်စဖွယ် ပန်းပုရုပ်ကလေးမှာ ကျွန်ုပ်တို့ဘက်သို့ မျက်နှာမူထားရာမှ အရှေ့မြောက်သို့ လှည့်နေလေ၏။ မည်သည့်အချိန်က ထိုသို့လှည့်သွားခဲ့သလဲ။

အရုပ်ကလေး အနီးတွင် ထိုင်လျက် သေချာကြည့်လိုက်ရာ ကျွန်ုပ်တို့ ထပ်မံ၍ အံ့သြရပြန်၏။ အရုပ်ကလေးမျက်နှာမှာ ရွှင်လန်းနေသည့် အမူအရာဖြင့် မျက်နှာကို မော့နေသကဲ့သို့ ရှိနေသည်။

တစ်နေရာကို ဝေးမျှော်နေသည့်ဟန်မျိုး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အရုပ်ကလေး မျက်နှာမူရာ အရပ်ကို လမ်းကြောင်းလွဲမသွားစေရန် သေချာမှတ်ထားပြီး ကျွန်ုပ်၏လည်တွင် ပြန်လည်ဆွဲလိုက်လေ၏။

ကျွန်ုပ်တို့သည် အလွယ်တကူ ဆုံးဖြတ်၍ မရလောက်အောင် တွေဝေနေကြ၏။ ယခုလို အချိန်မျိုးမှာ ကျွန်ုပ်အနေဖြင့် တစ်ကိုယ်ကောင်းဆန်စွာ ဆုံးဖြတ်ရန် မသင့်သည်ကြောင့် ၎င်းတို့ ဘယ်လိုပြောလာမလဲဟု စောင့်ဆိုင်းနေမိသည်။

"မင်းတို့ဆန္ဒ ဘယ်လိုရှိတယ်ဆိုတာ ပွင့်ပွင့်လင်းလင်း ပြောကြပါ။ ဒီအချိန်မှာ တို့တွေရဲ့ အဆုံးအဖြတ်ဟာ အသက်ရှင်ခြင်းနဲ့ သေခြင်းအတွက် နောက်ဆုံး ဆုံးဖြတ်ချက်ပဲ"

"ကျွန်တော်တို့အတွက် ဒီထက်ကောင်းမွန်တဲ့ ဆုံးဖြတ်ချက် မရှိတော့ပါဘူး၊ ဆရာရဲ့အဆောင်အရုပ်လေး အပေါ်မှာ ယုံကြည်မှုနဲ့ ဆုံးဖြတ်ခဲ့တာဖြစ်လို့ အရုပ်ကလေး မျက်နှာမူတဲ့အရပ်ကို သွားကြတာ အကောင်းဆုံးပဲ"

စိုင်းဆဲထူးက သူ့အယူအဆကို ပြောလေရာ ကာစင်နှင့် ကျော်စွာကလည်း ထောက်ခံကြလေသည်။





ဤသို့ဖြင့် ကျွန်ုပ်တို့သည် အစားအသောက် အနည်းငယ်ကိုစားပြီး အရုပ်ကလေး မျက်နှာမူရာ အရှေ့မြောက်တည့်တည့်သို့ ဦးတည်ထွက်ခဲ့တော့သည်၊

ကျွန်ုပ်သည် ခရီးစဉ်တစ်လျှောက်တွင် အရုပ်ကလေးကို အထူးအာရုံစိုက်ခဲ့သော်လည်း အရုပ်ကလေးမှာ တစ်စုံတစ်ရာ ထူးခြားမှုမရှိဘဲ ဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၈)

## ကာစင်၏ ဒဿန

တစ်နေ့တာခရီး ပြီးဆုံး၍ ညသို့ရောက်သည့်တိုင် ရေရရှိနိုင်မည့် အခွင့်အလမ်းကို အရိပ်အခြေမျှ မတွေ့ရသေးပါ။ ကျွန်ုပ်တို့အားလုံးသည် ကြံ့ခိုင်သန်စွမ်းသော အရွယ်ကောင်းများ ဖြစ်သော်လည်း ပူပြင်းသော သဲကန္တာရကြီးက ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အတွင်းမှ ခွန်အားများကို အားပါးတရ နုတ်ယူလိုက်လေပြီ။

နောက်ဆုံးလက်ကျန် ဖြစ်သည့် အသားခြောက် အနည်းငယ်နှင့် ရေကို နေမွန်းတည့်ချိန်မှာ မဖြစ်မနေ စားသုံးခဲ့ရသည်။

ကျွန်ုပ်တို့အားလုံး အသက် ဆက်နိုင်ရေးအတွက် အဓိက လိုအပ်ချက်မှာ ရေဖြစ်သည်။





ရေငတ်သည့်ဒဏ်ကို မခံနိုင်၍ ကျွန်ုပ်တို့သည် အကြိမ်ကြိမ် တံတွေးမျိုချနေရသည်။ ထိုသို့ပြုမူဖန် များလာသောအခါ လည်ချောင်းတစ်လျှောက် မခံမရပ်နိုင်အောင် နာကျင်လာလေ၏။ နှုတ်ခမ်းသားတွေမှာလည်း ခြောက်ကပ်လာပြီး ထုံကျဉ်နေတော့သည်။

ခန္ဓာကိုယ်မှာ နိုးချိပျော့ခွေနေလေရာ ခရီးသွားရင်း သစ်ကုလားအုပ်ပေါ်မှ လိမ့်ကျမသွားအောင် အားတင်းနေရသည်။

လရောင်ကြောင့် ကျွန်ုပ်တို့သည် တစ်ဦးကိုတစ်ဦး ထင်ရှားစွာ မြင်နေရ၏။ အခြေအနေမှာ လွန်စွာစိုးရိမ်ဖွယ် ဖြစ်နေသည်ကို နှုတ်မှမပြောသော်လည်း ကိုယ်စီသိနေကြသည်။

ကျွန်ုပ်တို့အားလုံး ဝေခွဲရ ခက်နေကြသည်။ လွန်စွာ ခရီးပန်းနေပြီဖြစ်၍ အနားယူလိုသော်လည်း ၎င်းအနားယူခြင်းသည် တာဝရအနားယူသကဲ့သို့ ဖြစ်သွားပေလိမ့်မည်။

အနားမယူဘဲ ခရီးဆက်ပါက အစာရေစာ ငတ်ပြတ်သည့်ဒဏ်ကြောင့် ခရီးမိုင် ဘယ်လောက်ထိ ရောက်ရှိနိုင်မည်နည်း။ ကျွန်ုပ်တို့ အသက်ဆက်နိုင်ရေးအတွက် ရေကို အမြန်တွေ့ရှိနိုင်မည်လား။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာမှာ ငါ့အယူအဆကို ပြောချင်တယ်။ တို့တွေဟာ ရဲစွမ်းသတ္တိနဲ့ စွန့်စားခဲ့ကြသူတွေ ဖြစ်တယ်။ ရဲဝံ့စွန့်စားသူတွေရဲ့ မျှော်လင့်ချက်ဟာ နောက်ဆုံးထွက်သက်အထိ ပျောက်ပျက်မသွားဘဲ ရင်ဆိုင်နိုင်စွမ်းကြတယ်။ ငါတို့ရဲ့ မျှော်လင့်ချက်တွေအတွက် နောက်ဆုံးထွက်သက်အထိ ကြံ့ကြံ့ခံရင်း ရပ်နားမနေဘဲ ခရီးဆက်ကြမယ်"

မည်သို့သော ခွန်အားများက ကျွန်ုပ် ကိုယ်တွင်း စီးဝင်လာသည်မသိ။ ကျွန်ုပ်၏အသံက သဲကန္တာရအတွင်း၌ ဟိန်းထွက် သွားလေသည်။

၎င်းတို့သုံးဦးထံ ကျွန်ုပ်၏ ခွန်အားများ ကူးစက်စီးဆင်းသွားသည်ထင်၏။ သူတို့သည် တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြပြီး ကျွန်ုပ်ဆန္ဒကို အားရကျေနပ်စွာ ထောက်ခံကြလေသည်။

ဤသို့ဖြင့် ကျွန်ုပ်တို့အားလုံး ရပ်နားခြင်း မပြုတော့ဘဲ ခရီးဆက်ခဲ့တော့သည်။

သစ်ကုလားအုပ်များ၏ သွားနှုန်းမှာလည်း တဖြည်းဖြည်း နှေးကွေးလေးလံလာသောကြောင့် ခရီးမတွင် ဖြစ်နေသည်။

——— ၁၂၃၁၀၁၅၉ ———



ညဉ့်နက်ပိုင်းသို့ ရောက်သည်တွင် ကျွန်ုပ်၏ အမြင်အာရုံမှာ မှုန်ဝါးလျက် အရာရာကို သဲကွဲစွာ မြင်တွေ့နိုင်ခြင်း မရှိတော့ပါ။ သစ်ကုလားအုပ်၏ လည်တွင်ဆွဲထားသော ခလောက်သံကို အာရုံစိုက်လျက် မှတ်သားနေရ၏။

ရေဆာသည့်ဒဏ်ကို မခံမရပ်နိုင်အောင် ခံစားရ၍ နားထဲ၌ တဝီဝီ အော်မြည်နေတော့သည်။

ညီငယ်သုံးဦးအား မည်သို့များ ရှိလေမလဲဟု ကြည့်လိုက်ရာ ဝေဝါးသော အမြင်အာရုံတွင် ၎င်းတို့လည်း ယိမ်းယိုင်နေကြသည်။

နောက်တစ်နေ့ လင်းအရုဏ်အချိန် သို့မဟုတ် တစ်နေ့တာအတွင်းမှာပင် ကျွန်ုပ်တို့အားလုံးသည် သေမင်း၏ တံခါးဝအတွင်း ဝင်ရောက်သွားမှာ သေချာနေတော့၏။

ကျွန်ုပ်သည် မျက်ဝန်းကိုမှိတ်လျက် ကုလားအုပ်၏ ခလောက်သံ အပေါ်တွင် အာရုံစူးစိုက် ထားလိုက်သည်။ အချိန်မည်မျှ ကြာသွားသည် မသိ။ အဝေးတစ်နေရာမှ လွင့်ပျံ့သကဲ့သို့ ကြားလိုက်ရသော အသံကြောင့် မျက်ဝန်းကို ဖွင့်လိုက်စဉ် သစ်ကုလားအုပ်ခလောက်သံ ရပ်တန့်သွားသည်ကို သတိပြုမိလေ၏။

——— ကျော်စွာရှိ၃ပေ ———

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ ညီငယ်များထံမှ ထွက်ပေါ်လာသောအသံ ဖြစ်သည်။

ကျော်စွာသည် ကျွန်ုပ်၏ လက်မောင်းကို ဆုပ်ကိုင်ပြီး ...

"ဆရာ... ဟိုမှာကြည့်စမ်းပါ၊ မိုးထိုးနေတဲ့ ကျောက်တောင်ကြီး၊ အဲဒီမှာ ရေဆိုးတွင်းရှိမှာ သေချာတယ်"

ဟု ဂမ်းသာအားရ ပြောလေသည်။ ကျွန်ုပ် သေချာကြည့်လိုက်ရာ မှိုင်းပျပျ တောင်တန်းကြီးကို မြင်ရလေ၏။

ထိုစဉ်မှာပဲ ကာစင်က သစ်ကုလားအုပ်ပေါ်မှ ဆင်းပြီး ဟိုသည်လျှောက်နေလျက်က မျက်နှာကိုမော့လျက် အသက်ကို ပြင်းပြင်းရှူနေ၏။

"ဟုတ်ပြီ၊ အဲဒီတောင်တန်းကြီးကို ရောက်ရင် ကျွန်တော်တို့ မသေနိုင်တော့ဘူး၊ ကျွန်တော် ရေနံ့ရတယ်"

မျှော်လင့်ချက်ဟူသည် လူသားတွေအတွက် အံ့ဖွယ် စွမ်းပကားကို ဖြစ်စေသည်မှာ ကျွန်ုပ်တို့ ဖြစ်ရပ်များက သက်သေပြလိုက်လေပြီ။

သေလုမြောပါး ရင်ဆိုင်ရသော ဒုက္ခများမှာ ဘယ်သို့ ရောက်သွားပြီမသိ။





ကျွန်ုပ်တို့သည် တံ့ဆိုင်းမနေတော့ဘဲ ၎င်းတောင်တန်းကြီးဆီသို့ အပြင်းခရီးဆက်ကြတော့သည်။

အရှေ့ကောင်းကင်သည် ကလေးမတစ်ယောက် ပါးပြင်ကဲ့သို့ အနီရောင်သမ်းလာ၏။ တဖြည်းဖြည်း မြင့်တက်လာရာ အနီရောင်အတွင်း ဝါဖျော့ဖျော့ ယှက်သန်းလာလေ၏။

ကျွန်ုပ်တို့နှင့် များစွာမကွာဝေးတော့သော တောင်တန်းကြီးကို ၎င်းအလင်းရောင်အောက်တွင် ထင်ရှားစွာ တွေ့ရတော့၏။

တောင်ခြေသို့ ရောက်သည်တွင် ကာစင်သည် သူယုံကြည်ရာကို ရဲဝံ့စွာပြောလေ၏။

"ကျွန်တော်တို့ တောင်ကပတ်လမ်းအတိုင် တောင်ပေါ်ကို တက်ရမယ်။ တောင်ရဲ့ ဟိုဘက်ပိုင်းမှာ ကျွန်တော်တို့တွေ အသက်ဆက်နိုင်မယ့် ရေဆိုးတွင်းကို တွေ့ရလိမ့်မယ်လို့ ကျွန်တော် အခိုင်အမာ ပြောရဲတယ်"

ကျွန်ုပ်တို့ တွေဝေတုံ့ဆိုင်းနေသောကြောင့် ကာစင်သည် စိတ်မရှည်နိုင် ဖြစ်သွားပြီး ...

"ကျွန်တော်ဟာ သဲကန္တာရ အတွေ့အကြုံ များစွာကို လေ့လာထားသူပါ။ ရေကို အနံ့ခံပြီး ရေရှိမယ့်နေရပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာ ခန့်မှန်းနိုင်ပါတယ်။ အခုအချိန်မှာ တွေဝေတဲ့ ဆိုင်းနေကြရင် အသက်သေဆုံးရုံကလွဲပြီး ဘာမှဖြစ်လာမှာ မဟုတ်ဘူး။ ရှိသမျှ ခွန်အားနဲ့ တောင်ကပတ်လမ်းကို ကျော်ဖြတ်နိုင်ခဲ့ရင် ရေငတ်သေမယ့်ဘေးက လွတ်မြောက်မှာ ဖြစ်တယ်”

ဟု ပြတ်သားစွာ ပြောလေသည်။

သူ့ကို မယုံကြည်၍ မဟုတ်ပါ။ တောင်မှာ လွန်စွာ မြင့်မားသောကြောင့် သူပြောသလို ဖြစ်ကျော်နိုင်ပါ့မလား ဟု စိုးရိမ်မိခြင်း ဖြစ်သည်။

ဤသို့ဖြင့် တောင်ကပတ်လမ်းအတိုင်း အားသွန်ခွန်စိုက် တက်ကြရာ ညနေစောင်းအချိန် ရောက်သည်တွင် ကျွန်ုပ်တို့အားလုံး ရေငတ်၍မသေနိုင်တော့ကြောင်း ဝမ်းမြောက်ဖွယ် သိရတော့၏။

ကျွန်ုပ်တို့နှင့် ကိုယ်အနည်းငယ် အကွာတွင် ကျောက်သား ပတ်ကြားအက်အတွင်းမှ စီးကျနေသော ရေများကို တွေ့ရသောကြောင့်ဖြစ်သည်။

ရေဓာတ်သည် အံ့ဖွယ်စွမ်းပကား ဖြစ်သည်။ ကျွန်ုပ်တို့ သွေးသားများက ရေ၏စွမ်းပကားကြောင့် ရုတ်ခြည်းပင် အားအင်ပြည့်ဝလာတော့သည်။





ရေကို အဝသောက်ကြပြီး ရေဘူးများတွင် ဖြည့်ထည့်နေစဉ်တွင် ကာစင်သည် ဂုဏ်ယူဝင့်ကြွားစွာ ပြောလေ၏။

“လူတစ်ယောက်စိတ်ကို အပြီးတိုင် ပိုင်းဖြတ်ထားရင် မသွားရောက်နိုင်တဲ့ ခရီးရယ်လို့ ကမ္ဘာပေါ်မှာ မရှိပါဘူး။ လူမတက်ရောက်နိုင်တဲ့တောင် မရှိပါဘူး။ လူ မဖြတ်ကျော်နိုင်တဲ့ သဲကန္တာရ မရှိဘူး။ ဒါပေမဲ့ အဲဒီလူဟာ သူ့အသက်ကို ဖက်ရွက်လို သဘောထားပြီး စွန့်လွှတ်ဖို့ အသင့်ရှိရလိမ့်မယ်”

လွန်စွာမှတ်သားဖွယ် ကောင်းပါသည်။ ကျွန်ုပ်တို့အားလုံး ယခုကဲ့သို့ အသက်ဆက်နိုင်ခြင်းမှာ ကာစင်၏ ရဲဝံ့သော ဆုံးဖြတ်ချက်ကြောင့် ဖြစ်သည်။

ကမ္ဘာမြေပေါ်တွင် ကျွန်ုပ်တို့ လူသားတွေ လိုက်မမီနိုင်အောင် သဘာဝတရားသည် ဆန်းကြယ်စွာ ဖန်တီးစီမံထားလေ၏။

ဤတောင်တန်းကြီး၏ ဟိုမှာဘက်နှင့် သည်မှာဘက်ကို အသွင်အပြင်မတူ ခွဲခြားထားသည်မှာ ကျွန်ုပ်အဖို့ အံ့သြမဆုံး ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤမှာဘက်ရှိ ကန္တာရလွင်ပြင်မှာ ကျဉ်းမြောင်းလျက်ရှိပြီး သစ်ပင်ကြီးများ ထူထပ်စွာရှိသည့် တောအုပ်ကြီးများ၊ စိမ့်စမ်းရေနှင့် ချောင်းငယ်များက ဝန်းရံ၍ ထားလေ၏။

၎င်းမြင်ကွင်းက ကျွန်ုပ်တို့အားလုံးကို ရွှင်လန်းစေပါသည်။

အကယ်၍ ကျွန်ုပ်တို့ အရယူနိုင်လျှင် အစားအစာပေါများမည် ဖြစ်သည်။

ကျွန်ုပ်တို့သည် ခေတ္တအနားယူပြီးနောက် တောင်ခြေသို့ ခရီးဆက်ခဲ့ကြသည်။





## အခန်း(၉)

## ကျွန်ုပ် အစွမ်းပြလိုက်ပြီ

BURMESE CLASSIC

ထိုနေ့တစ်ညလုံး ကျွန်ုပ်တို့အားလုံးသည် ရေဖြင့်အသက်ဆက်နေရသည်။ အချိန်အနည်းငယ်မျှသာ ညအိပ်ရပ်နားပြီး ခရီးဆက်ကြရာ နောက်တစ်နေ့ မနက်တွင် တောင်ခြေအနီးရှိ တောင်ခါးပန်းချိုင့်ဝှမ်းသို့ ရောက်ရှိလေ၏။

၎င်းနေရာတွင် မြက်ခင်းကိုဖြတ်ပြီး စမ်းချောင်းတစ်ခုစီးဆင်းနေသည်ကို အံ့ဩဖွယ် တွေ့ရလေ၏။

"ဟာ"

ကျွန်ုပ်တို့ခြေလှမ်းများသည် ရပ်တန့်သွားကြ၏။ ကျွန်ုပ်တို့၏ သွေးသားများမှာလည်း ရုတ်ခြည်း ရှန်းကြသွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



စမ်းချောင်းဘေးတွင် ရေသောက်နေသော သမင်တစ်ကောင်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ဤနေရာတွင် အသေချာဆုံးနှင့် အထိရောက်ဆုံးမှာ သေနတ်ဖြစ်သည်။

ကျွန်ုပ် သေချာစွာချိန်လိုက်သည်။ ကျွန်ုပ်တို့၏ အသက်ရှင်ရပ်တည်ရေးမှာ ဤပစ်ခတ်မှုပေါ်တွင် တည်နေသည်။

ပစ်လိုက်သည်။

ယမ်းငွေ့များမှာ အချိန်တစ်ခဏ အတွင်း ကွယ်ပျောက်သွားလေရာ မြင်ကွင်းကို ရှင်းလင်းစွာ မြင်ရလေ၏။

"ဟေး"

ကျွန်ုပ်တို့အားလုံး ဝမ်းမြောက်စွာ အော်ဟစ်ကြသည်။

စမ်းချောင်းနံဘေးတွင် လဲကျသေဆုံးနေသော သမင်တစ်ကောင်။ ကျွန်ုပ်တို့ အသက်ချမ်းသာခွင့် ရကြလေပြီ။ ရှေ့ခရီးတွင် ကျွန်ုပ်တို့သည် အစာငတ်၍ ဘယ်တော့မှ သေနိုင်တော့မည် မဟုတ်ပါ။





ကြည်လင်နေသော စမ်းချောင်းအတွင်း ဆင်းကြည့်ရာ ရေမှာ ခါးလယ်ခန့်သာ နက်သည်ကို သိရ၏။ အဝတ်အစားများကို ချွတ်ပြီး စမ်းချောင်းအတွင်းသို့ ရေဆင်းချိုးကြ၏။

ကျွန်ုပ်တို့ခန္ဓာကိုယ်မှာ ချေးအထပ်ထပ် ဖြစ်နေသောကြောင့် ရေချိုး၍ မဝနိုင်အောင် ရှိနေလေသည်။ ကျွန်ုပ်သည် ခန္ဓာကိုယ်မှ ချေးများကို ပြောင်စင်အောင် ပွတ်တိုက်ရမည်ဖြစ်၍ လည်တွင်ဆွဲထားသော အဆောင်ရုပ်ကလေးကို ချွတ်ပြီး အဝတ်အစားထဲ ထည့်ထားခဲ့၏။

ကျွန်ုပ်နှင့် ကာစင်တို့ ရေချိုးနေစဉ် စိုင်းဆဲထူးနှင့် ကျော်စွာက သမင်ကို အရေခွဲဆုတ်ပြီး ဓားဖြင့် ကင်ရန် ပြင်ဆင်နေကြ၏။ ၎င်းကိစ္စကို နေရာအထူးအဲထွေ ရွေးမနေဘဲ ရေနှင့်အနီးဆုံးနေ ရာဖြစ်သည့် စမ်းချောင်းနံဘေးတွင် စီစဉ်ကြသည်။

ကျွန်ုပ်တို့အားလုံး တက်ကြွရွှင်လန်းနေကြပါသည်။ ထို့ကြောင့် ဇ ဦးနှင့်တစ်ဦး နောက်ပြောင်ကျီစယ်ကြသည်မှာ မဆုံးနိုင်အောင် ဖြစ်နေသည်။

"ဆရာ ... ကာစင် ... ကမ်းပေါ် အမြန်တက်၊ အမြန်တက်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာ၏ အလန့်တကြား အော်သံဖြစ်သည်။ ကျွန်ုပ်နှင့် ကာစင်က နောက်ပြောင်နေသည် အထင်နှင့် မသိသလို နေလိုက်သည်။

ကျော်စွာသည် ကျွန်ုပ်တို့ အထက်ဘက်တွင် သားကောင်ကို တံစို့ထိုးရန် ဝါးခုတ်နေခြင်းဖြစ်သည်။

သူသည် စမ်းချောင်းကမ်းနဖူးမှ ကျွန်ုပ်တို့ရှိရာသို့ အားကုန်ပြေးလာပြီး ...

"ဆရာ ကမ်းပေါ်ရောက်အောင် အမြန်တက်ပါ၊ နောက်မှာ လာနေပြီ"

ဟု အထိတ်တလန့် အော်ဟစ်လေ၏။

ကျွန်ုပ်တို့လှည့်ကြည့်လိုက်ရာ ကျွန်ုပ်တို့နှင့် ဆယ်ကိုက်မျှကွာလှမ်းသော ရေမျက်နှာပြင်မှာ အမြှုပ်များစီလျက် ကျွန်ုပ်တို့ ရှိရာသို့ ရွေ့လျားလာနေတာကို တွေ့ရလေ၏။

ရေမှာခါးလယ်ခန့်ရှိနေ၍ ကမ်းသို့ အလျင်အမြန်ပြေးသော်လည်း ခရီးမတွင် ဖြစ်နေတော့သည်။ ပလုံစီနေသော ရေမြှုပ်များမှာလည်း ကျွန်ုပ်တို့နှင့် များစွာ မကွာဝေးတော့။





ကမ်းနဖူးအနီးသို့ ရောက်သည်တွင် နောက်ဘက်မှ ဆောင့်တွန်းလိုက်သည့် အရှိန်ကြောင့် ကျွန်ုပ် ဒလိမ့်ကောက်ကွေးဖြင့် ကမ်းပေါ်ရောက်သွား၏။

အထိတ်တလန့်ဖြင့် နောက်သို့ လှည့်ကြည့်လိုက်ရာ ကာစင်သည် ကမ်းပေါ်ရောက်ရန် ကြိုးစားနေဆဲရှိ၏။ ကျွန်ုပ်လွတ်မြောက်ရန် ကယ်တင်လိုက်သော ကာစင်၏ အခြေအနေမှာ လွန်စွာစိုးရိမ်ဖွယ် ဖြစ်နေသည်။

ထိုစဉ်မှာပင် "ဝုန်း"ဟူသော အသံကို ကြားလိုက်ရ၏။ အခြေအနေမှာ လျှပ်တစ်ပြက်အတွင်း ပြီးဆုံးခဲ့လေသည်။

တဒင်္ဂဆုံးဖြတ်ချက် မှန်ကန်သော ကျော်စွာ၏ လုပ်ရပ်ကြောင့် ကာစင်သည် အသက်အန္တရာယ်မှ လွတ်မြောက်ခဲ့ရသည်။

ကာစင်နှင့် လက်တစ်ကမ်းအလို ရောက်ရှိလာသော ရေ မြှုပ်များထဲသို့ ဒီးကင်ရန် အရေခွံဆုတ်ထားသည့် သမင်ကို ပစ်ချလိုက်ခြင်းဖြစ်သည်။

မြင်ကွင်းမှာ လွန်စွာ အသည်းယားဖွယ် ကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေမျက်နှာပြင်ပေါ်၌ သွေးကွက်များ ပြန့်ကျဲသွားပြီး တစ်ခဏအတွင်းမှာပင် သားကောင်သည် အရိုးစုအဖြစ် ရောက်ရှိသွားတော့သည်။ ထိုအခါ ကျော်စွာက ...

"မြစ်တွေထဲမှာ ကြောက်စရာ အကောင်းဆုံး ပေါ်ရိုသာ၁ ငါးအုပ်ကြီးပဲ၊ ဒီငါးအုပ်ထဲ ရောက်လို့ကတော့ လူမပြောနဲ့ ဆင်တစ်ကောင်ကိုတောင် မိနစ်ပိုင်းအတွင်း အရိုးပဲကျန်အောင် စားတာ။ ရေထဲမှာတော့ ကြောက်စရာ အကောင်းဆုံးပဲ"

ကျွန်ုပ်တို့အားလုံး တစ်ဦးနှင့်တစ်ဦး စကားမပြောနိုင်လောက်အောင် ဖြစ်နေကြသည်။ ကျွန်ုပ်တို့တွင် စားသောက်ရန် အစာလည်း မရှိတော့။ သွေးပျက်ဖွယ် မြင်ကွင်းကြောင့် ဘာဆက်လုပ်ရမည်ကို စဉ်းစားမရ ဖြစ်နေလေ၏။

ငင်းအခြေအနေကို စိုင်းဆဲထူးသည် အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်ခဲ့လေသည်။ ကျွန်ုပ်တို့အသီးသီးသည် တစ်ဦးချင်း စွမ်းဆောင်နိုင်စွမ်း ရှိသူများဖြစ်သည်။

သူနှင့်အတူ တောင်ဆိတ်တစ်ကောင် ပါလာသည်ကို တွေ့ရစဉ် ကာစင်သည် လွန်စွာအံ့သြသွားလေ၏။ သူသည် အခြေအနေမှန်ကို သိရှိသွား၍ စိုင်းဆဲထူးကို လေးစားစွာ အရိုအသေပြုလေ၏။





ငင်းအပြုအမူကြောင့် ကျွန်ုပ်နှင့် ကျော်စွာ ပြုံးမိကြသည်။

အချိန်အနည်းငယ်အတွင်း ကျွန်ုပ်တို့သည် တံစို့ဖြင့် ထင်ထားသော တောင်ဆိတ်အသားကင်ကို အားပါးတရ စားကြသည်။ စားသောက်နေစဉ်မှာပဲ ခန္ဓာကိုယ်အတွင်း အားအင်များ ပြည့်ဝလာသကဲ့သို့ ခံစားရသည်။

အန္တရာယ်ဟူသည်မှာ အချိန်မရွေး ကျရောက်လာနိုင်သောကြောင့် ကျွန်ုပ်တို့အားလုံး လက်နက်များကို အသင့်ကိုင်ဆောင်ထားကြသည်။

ရက်လကြာမြင့်စွာ အစားအသောက် ချို့တဲ့ခဲ့ရသော ကျွန်ုပ်တို့ ခန္ဓာကိုယ်မှာ အစားအသောက်များကို ပြည့်ဝစွာ စားသုံးလိုက်ရသဖြင့် ခွန်အားများ ပြန်လည်ရရှိလာတော့သည်။

ကျွန်ုပ်တို့ လွန်စွာကံကောင်းပါသည်။ ရတ်တရက် ရင်ဆိုင်ရသည့် အန္တရာယ်ကို ခွန်အားပြည့်ဝစွာ ရင်ဆိုင်နိုင်သောကြောင့် ဖြစ်သည်။

ကျော်စွာသည် လွန်စွာသတိကောင်းသူဖြစ်၏။ သူ့ထံသို့ တည့်မတ်စွာ ဝင်ရောက်လာသော လှံကို ရဲတင်းဖြင့် ခုတ်လိုက်ရာ လှံတံမှာ နှစ်ပိုင်းကျိုးပြီး လွင့်စဉ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်ကြောင့် ကျော်စွာက နေရာမှ ခုန်ထလိုက်ပြီး ကျိန်ဆဲလေ၏။

ရန်သူဟူသော အသိဖြင့် ကျွန်ုပ်တို့အားလုံး တိုက်ခိုက်ရန် အသင့်ပြင်လိုက်စဉ်မှာပဲ ကိုက်နှစ်ဆယ်ခန့် ကွာဝေးသည့် နေရာတွင် လူတစ်စုကို တွေ့လိုက်ရ၏။

၎င်းတို့သည် ကျွန်ုပ်တို့ထံ လျှောက်လှမ်းလာလေ၏။

ကျွန်ုပ်တို့အားလုံး ၎င်းတို့ကိုကြည့်လျက် အခြေအနေကို အကဲခတ်နေကြ၏။

သူတို့၏ အသားရောင်မှာ ရွှေရောင်သမ်းသည်ဟု မှတ်ထင်ရသော်လည်း မည်းနက်မှုများ ရောစွက်နေသည်။ အချို့လူများ၏ ဦးခေါင်းတွင် အနက်ရောင် ငှက်မွေးများ စိုက်ထားပြီး သားရေအင်္ကျီတိုများ ဝတ်ဆင်ထားကြ၏။

လူစုရှေ့၌ အသက်ငါးဆယ်အရွယ် သန်မာထွားကျိုင်းသူ လူတစ်ယောက်က ကျွန်ုပ်တို့အား မျက်လုံးပြူးလျက် စိုက်ကြည့်နေသည်။

ကျွန်ုပ်တို့အနီးသို့ ရောက်လာသည်တွင် ကျွန်ုပ်က သေနတ်မောင်းကို တင်လိုက်ရာ ထွက်ပေါ်သွားသော "ဖြောင်း"ဟူသည့် အသံကြောင့် နောက်သို့ တွန့်သွားလေ၏။





၎င်းအဖြစ်သည် ကျွန်ုပ်အတွက် မထင်မှတ်ဘဲ ရရှိလိုက်သည့် အခွင့်အရေးတစ်ခု ဖြစ်သည်။

၎င်းတို့၏ မျက်ဝန်းများက ကျွန်ုပ် ကိုင်ဆောင်ထားသော ရိုင်ဖယ်သေနတ်အား တအံ့တသြ ကြည့်နေသောကြောင့် ဤလက်နက်မှာ မည်သည့်လက်နက်မျိုး ဖြစ်သည်ကို ဝေခွဲမရကြောင်း ကျွန်ုပ် ရိပ်မိလိုက်သည်။

ကျွန်ုပ်က ရှေ့သို့တိုးသွားပြီး ရင်းနှီးစွာ ပြောလိုက်သည်။

"နှုတ်ခွန်းဆက်ပါတယ်"

အနက်ရောင် ငှက်မွေးများ စိုက်ထားသူ အချို့မှာ ၎င်းတို့ထဲတွင် အရေးပါသူများ ဖြစ်သည်ဟု သိရ၏။

ကျွန်ုပ်၏ စကားကြောင့် သူတို့ အံ့သြသွားလေသည်။ မည်သည့်ဘာသာစကား ပြောရမှန်း မသိသောကြောင့် ကျွန်ုပ်လည်း စိတ်အထင်ဖြင့် ပထံဘာသာ စကားဖြင့် ပြောလိုက်သည်ကို နားလည်ကြသဖြင့် ကျွန်ုပ် အံ့သြမိသည်။

"နှုတ်ဆက်ပါတယ်"

ဟု တုံ့ပြန်စကား ပြန်ပြောလေ၏။ သို့သော် ၎င်းစကားမှာ ရှေးကျသော စကားလုံးမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ဘယ်ကလာကြတာလဲ၊ ဒီလူက ခင်ဗျားတို့ သုံးဦးနဲ့ မတူဘဲ ဘာကြောင့် ကျုပ်တို့နဲ့ တူနေရတာလဲ"

ထိုလူပြောလိုက်မှ ကျွန်ုပ်လည်း သတိထားမိသွားသည်။ သူပြောသကဲ့သို့ ကာစင်သည် အမှန်ပင် ၎င်းတို့ အသွင်အပြင်ကဲ့သို့ ဖြစ်နေသည်။

ကာစင်လည်း အနည်းငယ် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"လောကမှာ လူတူမရှားပါဘူး၊ ကျွန်တော်တို့အားလုံး သူစိမ်းတွေပါ၊ ဒီနေရာကို လမ်းမှားပြီး ရောက်လာကြတာပါ"

"သင်လိမ်ပြောတာပဲ၊ ဘယ်သူစိမ်းမှ ဒီသဲကန္တာရကြီးနဲ့ တောင်တန်းကို မကျော်ဖြတ်နိုင်ဘူး၊ သင်လိမ်ပြောလည်း ကိစ္စမရှိပါဘူး၊ သင်တို့ သေကြရမှာပဲ၊ ကျုပ်တို့ ရစ်စတန်ပြည်နယ်ထဲမှာ ဘယ်သူစိမ်းမှ အသက်ရှင်ပြီး မနေရဘူး၊ ဒါက ဘုရင်ကြီး ချမှတ်ထားတဲ့ အမိန့်ပဲ"

၎င်းစကားက ကျွန်ုပ်ကို ဖြေရှင်းခွင့် မရှိအောင် ချောင်ပိတ်လိုက်လေပြီ။ နောက်ဘက် ခပ်လှမ်းလှမ်းတွင် ကျွန်ုပ်၏ မိတ်ဆွေသုံးဦးက ကျွန်ုပ်၏ အရိပ်အခြေကို ကြည့်နေကြ၏။





"ဒိုင်း"

လှုပ်ရှားမှုများမှာ တိကျမြန်ဆန်လှသည်။ ၎င်းတို့၏ခေါင်းဆောင်က လက်ပြလိုက်စဉ် သူတို့ခါးတွင် ချိတ်ထားသော ဓားများဆီသို့ လက်ရောက်သွားသည့် ခဏမှာပင် ကျွန်ုပ်သည် ခါးကြားက ပစ္စတိုကိုထုတ်၍ ငါးကိုက်မျှ ကွာလှမ်းသော နေရာတွင် ရပ်နေသည့် အကြီးအကဲ တစ်ဦး၏ ခေါင်းပေါ်မှ ငှက်မွေးများကို ပစ်လိုက်သည်။

ငှက်မွေးများမှာ လေတွင် ပျံ့ဝဲသွားလေသည်။

အကြီးအကဲသည် လွန်စွာထိတ်လန့်သွားပြီး ဖြူဖပ်ဖြူရော် ဖြစ်နေတော့သည်။ ကျွန်ုပ်တို့အား တိုက်ခိုက်ရန် ဟန်ပြင်သူတို့မှာ အထိတ်တလန့်ဖြင့် ကစဉ့်ကလျား ဖြစ်သွားပြီး ကျွန်ုပ်တို့နား မကပ်ရဲကြတော့ပေ။

ကျွန်ုပ်၏ မိတ်ဆွေများကို ဆန္ဒမစောရန် သတိပေးလိုက်ပြီး ၎င်းတို့အကြီးအကဲနှင့် မျက်နှာချင်း ဆိုင်လိုက်သည်။

"ကျုပ်တို့ ဘယ်သူ တစ်ဦးတစ်ယောက်ကိုမှ သွေးမြေမကျစေချင်ဘူး။ ခင်ဗျားတို့ ကျုပ်တို့ကို ကောင်းကောင်း ဆက်ဆံကြပါ။ ကျုပ်တို့အစွမ်း ဘယ်လောက် မြင့်မားတယ် ဆိုတာ ခင်ဗျားတို့ မကြာခင် သိရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ပေနှစ်ဆယ်ခန့် ဝေးကွာသည့် နေရာတွင်ရှိနေသည့် ချုံပုတ်ဆီသို့ လက်ပစ်ဗုံးကို စနက်တံဖြုတ်ပြီး ပစ်ထည့်လိုက်သည်။

"ဝုန်း"

ဟိန်းထွက်သွားသော ပေါက်ကွဲသံကြောင့် ၎င်းတို့သည် ကြောက်လန့်ပြီး နားနှစ်ဖက်ကို လက်ဖြင့်ပိတ်ကြလေ၏။

ယမ်းငွေ့ပြယ်သွားသောအခါ ချုံပုတ်မှာ ပျောက်ကွယ်သွားပြီး သစ်ပင်များ ပြတ်တောက် ပြန့်ကျဲနေလေ၏။

၎င်းတို့ ထိတ်လန့်ကြောက်ရွံ့နေစဉ်မှာပဲ ကျွန်ုပ်သည် လက်ပစ်ဗုံးများကို ကျွန်ုပ် ခန္ဓာကိုယ်တွင် ကပျာကယာ ချိတ်ဆွဲလိုက်ရာ ၎င်းတို့မှာ ကျွန်ုပ်ကိုကြည့်ပြီး အထိတ်တလန့် အော်ဟစ်ကာ နောက်ဆုတ်သွားကြသည်။

"မိုးခြိမ်းသံလို ပြုလုပ်ပြီး အဝေးမှ သတ်ဖြတ်နိုင်တဲ့ အသင်လူစွမ်းကောင်းများ၊ ကျွန်ုပ်တို့မှာ ရစ်စတန်ပြည့်ရှင် ဘုရင်မင်းမြတ်၏ စစ်သည်တော်များ ဖြစ်ပါတယ်။ ကျွန်ုပ်တို့၏ ကင်းထောက်စစ်သည်ဟာ ကျွန်ုပ်တို့ ပြည်နယ်ထဲ အသင်တို့ ဝင်ရောက်လာခြင်းကို သတင်းပို့တာကြောင့် ကျွန်ုပ်တို့ ရောက်ရှိလာခြင်း ဖြစ်တယ်။ ဘုရင်မင်းမြတ်၏ အမိန့်ကြောင့် အသင်တို့ကို သတ်ဖြတ်ရန် ပြုမူခဲ့ခြင်း ဖြစ်ပါတယ်။ ကျွန်ုပ်တို့ကို ခွင့်လွှတ်ပါရန် တောင်းပန်ပါတယ်။ အသင်တို့ဟာ အံ့မခန်း လူစွမ်းကောင်းများ ဖြစ်ကြတာကို ဘုရင်မင်းမြတ် သိရှိရန် လျှောက်တင်ပါမယ်"

ကျွန်ုပ်သည် ရရှိလိုက်သော အခွင့်အရေးအတွက် ကောင်းစွာ အသုံးချလိုက်သည်။

"ကောင်းပြီ၊ ကျွန်ုပ်တို့ကို ခင်ဗျားတို့ရဲ့ ဘုရင်မင်းမြတ်ထံ ပို့ပေးပါ၊ လက်အောက်ငယ်သားနဲ့ ကျုပ်စကားမပြောချင်ဘူး"

ထိုအခါ အကြီးအကဲမှာ ကျွန်ုပ်အား ဦးညွှတ်အလေးပြုပြီး ကျွန်ုပ်ဆန္ဒအတိုင်း ဆောင်ရွက်ပေးမည်ဟု ပြောဆိုလေ၏။




ကျော်စွာစာပေ
www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

## သွေးနှင့်ရင်းမည့် မျိုးဆက်သစ်

ရင်ဆိုင်ကြုံတွေ့ရသည့် ဖြစ်ပျက်မှုများအပေါ် ကျွန်ုပ်တို့သည် မည်သို့နားလည်ရမှန်း မသိအောင် ဖြစ်နေကြသည်။

လေးလေးပင်ပင် ပြောနေသော ကာစင်၏ စကားသံမှာ တုန်ယင်နေပါသည်။

"ဒီဖြစ်ပျက်မှုတွေဟာ ကျွန်တော့်နှလုံးသားမှာ ဘယ်လိုမှ ဖျောက်ဖျက်မရတဲ့ ပုံရိပ်တွေပါပဲ။ သခင် မြင်တဲ့အတိုင်းပါပဲ။ ရစ်စတန်ပြည်သူများဟာ ကမ္ဘာကြီးနဲ့ အဆက်ပြတ်ပြီး အသိဉာဏ်နဲ့ အတွေးအခေါ်အရာမှာ ရာစုနှစ်များစွာ ကျန်ရစ်နေကြတယ်။ ကမ္ဘာကြီးမှာ လေယာဉ်ပျံ





တွေ၊ လက်နက်အသစ်အဆန်း တွေ၊ အံ့မခန်းကြီးကျယ်တဲ့ စစ်သင်္ဘောကြီးတွေ အစရှိတဲ့ ခေတ်မီနည်းပညာတွေနဲ့ အပြိုင်အဆိုင် တိုးတက်နေတဲ့အချိန်မှာ သူတို့တွေကတော့ စုန်း၊ ကဝေ၊ မှော် ဆိုတဲ့ မိစ္ဆာမှိုင်းတွေမိပြီး နှစ်ပေါင်းများစွာ ဘဝသေဆုံးနေကြတယ်။ တိုင်းပြည်ဟာ အရွယ်အစားသေးငယ်ပေမယ့် သဘာဝတရားက အံ့သြဖွယ် ပြီးပြည့်စုံမှုကို ပေးစွမ်းထားပါတယ်။ အခြားမည်သည့်တိုင်းပြည်မှ မရရှိနိုင်တဲ့ သဘာဝတွင်းထွက် သယံဇာတ များစွာဟာ ဒီတိုင်းပြည်မှာ အမြောက်အမြား ရှိနေပါတယ်။ ဤမျှ သယံဇာတကြွယ်ဝတဲ့ ဤနိုင်ငံက ပြည်သူများဟာ ရှေးရိုးစွဲ အစဉ်အလာကို ဖက်တွယ်ပြီး ဘာကြောင့် လူနေမှုအဆင့် နိမ့်ကျနေကြသလဲ။ အဲဒီ သယံဇာတတွေကို ထုတ်ယူသုံးစွဲပြီး ပြည်သူတစ်ရပ်လုံးရဲ့ လူနေမှုအဆင့် အတန်းကို မြှင့်တင်နိုင်စွမ်း မရှိတာလည်း တကယ်ကြေကွဲဖွယ် ကောင်းလှပါတယ် ...

"ဒီပြဿနာကြီးရဲ့ အဓိကတရားခံဟာ ဘုရင်ရာဂျာပါ။ ရှေးအစဉ်အဆက်ကတည်းက ဘုရင်တွေဟာ အသိဉာဏ်နဲ့ အတွေးအခေါ် မြင့်မားသူတွေကို ကြောက်ရွံ့ကြတယ်။ ဘုရင်ရာဂျာဟာ ဘုန်းတန်ခိုး မြင့်မားသူ ဆိုပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုထိန်းချုပ်ထားတဲ့ စုန်းမကြီး ပါလ်ဝဲကို မမီပါဘူး။ စုန်းမကြီးပါလ်ဝဲဟာ ဘယ်လောက် ရက်စက်ယုတ်မာသလဲ ဆိုတာ သခင် မကြာခင် သိရပါလိမ့်မယ်။ ဘုရင်အာဏာ တည်မြဲဖို့ စီစဉ်ညွှန်ကြားသူဖြစ်လို့ ပြည်သူတွေဟာ ဘုရင်ထက်ပိုပြီး သူ့ကို ကြောက်ကြပါတယ်။ သူဟာ ဘုရင်အဆက်ဆက် ကိုင်တွယ်ချုပ်ကိုင်ခဲ့သူ ဖြစ်တယ်။ သူ့အသက် ဘယ်လောက်ရှိပြီဆိုတာ ဘယ်သူမှ အတိအကျ မပြောနိုင်ကြဘူး၊ သူ့ချုပ်ကိုင်မှုကို ငြင်းဆန်ဝံ့သူဆိုလို့ တစ်ဦးသာလျှင် ရှိခဲ့တယ်၊ အဲဒီလူဟာ ကျွန်တော့်ဖခင် ပါပဲ"

ညဥ့်နက်ပိုင်းသို့ ရောက်သည့်တိုင် ကျွန်ုပ်တို့သည် အိပ်စက်ခြင်းမပြုသေးဘဲ ကာစင်၏ စကားများကို စိတ်ဝင်တစား နားထောင်ကြလေသည်။

ကာစင်သည် ၎င်းအကြောင်းအရာများကို မပြောမဖြစ်တော့သည့် အခြေအနေကြောင့် ကျွန်ုပ်တို့အား ပြောရခြင်းဖြစ်သည်။

လူမျိုးစုသုတေသနပညာရှင် ကျွန်ုပ်အဖို့ ကာစင့်ထံမှ သိရသော အကြောင်းအရာများက လွန်စွာတန်ဖိုး ရှိလှသည်။ လူမျိုးစုတိုင်းတွင် နောက်ခံသမိုင်းကြောင်း ရှိကြစမြဲ





ဖြစ်သော်လည်း ပညာရပ်ရှုထောင့်အရ ၎င်းအကြောင်းအရာများ ခိုင်မာရန် အထူးအရေးကြီးသည်။

ကာစင် ပြောပြသည့် အကြောင်းအရာများမှာ ပြည့်စုံတိကျမှုရှိသည်ကို ကျွန်ုပ် တွေ့ရ၏။

"မင်းဟာ လူမှန် နေရာမှန် ပြန်ရောက်လာတယ်လို့ ယုံကြည်လိုက်တော့ ကာစင်၊ မင်းရဲ့ယုံကြည်ချက်၊ ခံယူချက်တွေဟာ တကယ့်ကို မှန်မြတ်ပါတယ်။ မင်း ယုံကြည်ချက်တွေအောင်မြင်ဖို့ တို့အသက်နဲ့ရင်းပြီး အစွမ်းကုန် ကူညီပါ့မယ်"

စိုင်ဆဲထူး စကားကြောင့် ကာစင်၏ မျက်ဝန်းတွေ ဝင်းလက်သွားတာကို ကျွန်ုပ် တွေ့လိုက်သည်။ ထိုစဉ်မှာပဲ ကျော်စွာကလည်း ကာစင်၏ လက်မောင်းကို ခပ်တင်းတင်း ဆုပ်ကိုင်လျက် ...

"ရစ်စတန်ရဲ့ သမိုင်းစာမျက်နှာမှာ တို့တွေရဲ့ ကြီးကျယ်မြင့်မြတ်မှုတွေ ပါဝင်ခွင့် ရလိုက်တာ အလွန်ဂုဏ်ယူစရာ ကောင်းပါတယ်"

ဟု ပြောလိုက်ရာ ကာစင်လည်း ဟန်ပင်မဆောင်နိုင်တော့ဘဲ ကျော်စွာနှင့် စိုင်းဆဲထူးကို တစ်လှည့်စီ ပွေ့ဖက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ရင်ထဲမှာလည်း ကျွန်ုပ်ညီငယ်နှစ်ဦး၏ ဆန္ဒနှင့် တစ်ထပ်တည်း ရှိနေသည့်အတွက် အထူးပြောရန်မလိုတော့ပါ။

ကာစင်သည် မျက်ရည်ဖြိုင်ဖြိုင်ကျလျက် ကျွန်ုပ်ရှေ့တွင် ဒူးထောက်လိုက်ပြီး ...

"ကျွန်ုပ်နှင့်တကွ ရစ်စတန်ပြည်သူများဟာ အရှင်တို့ကို ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ပါဘူး။ မိစ္ဆာအယူဝါဒအောက်မှာ ရာစုနှစ်များစွာဖိနှိပ်အုပ်ချုပ်ထားတဲ့ ဘုရင်ရာဂျာနဲ့ စုန်းမကြီးပါလ်ဝဲတို့ရဲ့ ဘဝနေဝင်ချိန်ကို အရှင်တို့ရဲ့ ရဲစွမ်းသတ္တိနဲ့ ပြဌာန်းလိုက်ပြီလို့ ကျွန်တော် ယုံကြည်ပါတယ်"

ကာစင်သည် သာမန်ပုဂ္ဂိုလ်တစ်ဦး မဟုတ်ပါ။ ရစ်စတန်ပြည်၏ စစ်မှန်သော ဘုရင်မျိုးဆက် ဖြစ်သည်။

ကျွန်ုပ်တို့အားလုံး အိပ်ရာဝင်ခဲ့ကြသော်လည်း ကျွန်ုပ်အဖို့ အိပ်စက်မရ ဖြစ်နေလေ၏။ ကံကြမ္မာသည် လွန်စွာဆန်းကြယ်လှပါသည်။

စုံထောက်မင်းကြီး ပေါလ်စလေဒင်၏ ညီဖြစ်သူ မစ္စတာရီဗာစလေဒင်သည် ဤတိုင်းပြည်တွင်း၌ အသက်ရှင်လက်ရှိနေသလား၊ ဒါမှမဟုတ် သေဆုံးသွားပြီလားဟူသော ကိစ္စမှာ အချိန်ယူဆောင်ရွက်ရမည့်ကိစ္စ ဖြစ်သည်။





ဤခရီးစဉ်၏ အဓိက ဦးတည်ရာ လမ်းကြောင်းမှာ ၎င်းကိစ္စဖြစ်သည်။

လက်ရှိ ရင်ဆိုင်နေရသည့် အကြောင်းတရားများက ၎င်းကိစ္စကို ဦးစားပေး ဆောင်ရွက်ရန် အခွင့်မသာ ဖြစ်နေလေသည်။

နောက်တစ်နေ့ဟူသော အနာဂတ်ပုံရိပ်မှာ ကျွန်ုပ်အတွေးအာရုံ၌ တိကျစွာ ပုံဖော်၍ မရအောင် ဝေဝါးနေတော့သည်။

ကျွန်ုပ်သည် မီးတိုင်အလင်းရောင်ဖြင့် မှတ်တမ်းစာအုပ်ကို ထုတ်ယူပြီး ရေးမှတ်ခဲ့သော ခရီးစဉ်များနှင့် ကြုံတွေ့ခဲ့ရသည့် ဖြစ်ပျက်မှုများကို ပြန်လည်ဖတ်ရှု နေမိသည်။

အသက်အန္တရာယ် ဆုံးရှုံးဖွယ် ဖြစ်ရပ်များနှင့် ပွတ်ကာသီကာ လွတ်မြောက်ခံရသည့် ဖြစ်စဉ်များမှာ မမေ့နိုင်သောပုံရိပ်များပင် ဖြစ်သည်။

ယခုလည်း ကျွန်ုပ်သည် လွန်ခဲ့သော အချိန်ပိုင်းအတွင်း သိရှိခဲ့သည့် အကြောင်းအရာများကို အသေးစိတ်ရေးသားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သည့် တိုင်းနိုင်ငံ လူမျိုးစုများတွင် ဖြစ်ပါစေ ထီးနန်း စည်းစိမ်နှင့် အာဏာရမှုက်အတွက် သွေးချောင်းစီးသော သတ်ဖြတ်မှုများမှာ မရေမတွက်နိုင်အောင် ရှိခဲ့ကြသည်။

ကျွန်ုပ်တို့ မြန်မာ့နန်းတွင်း အရေးအခင်းများမှာလည်း ရင်းအာဏာရမှုက်အတွက် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရပြီး ဖြစ်သည်။ မဆုံးနိုင်သော သံသရာဝဋ်ကြွေးများဖြင့် ထပ်မံ၍လည်း သွေးချောင်းစီးကြပေဦးမည်။

အစဉ်အလာအရ ကာစင်၏ဖခင်သည် ရစ်စတန်ပြည် ထီးနန်းကို ဆက်ခံရမည်ဖြစ်သည်။ သူသည် ငယ်စဉ်ကတည်းက စွန့်စားခြင်းနှင့် ဗဟုသုတရှာဖွေခြင်းကို ဝါသနာထုံသူဖြစ်၍ ကမ္ဘာ့နိုင်ငံ အတော်များများသို့ သွားရောက်ပြီး အတွေးအခေါ်နှင့် အသိဉာဏ် မြင့်မားအောင် လေ့လာဆည်းပူး သင်ယူခဲ့၏။

ရှေးရိုးစွဲ အစဉ်အလာနှင့် ဓလေ့ထုံးစံများကြောင့် မိမိတို့ပြည်သူများ၏ ယဉ်ကျေးမှုနှင့် လူနေမှုအဆင့် နိမ့်ကျရသည့်အဖြစ်ကို သိရှိပြီး၊ သူသည် မချင့်မရဲ ခံစားရလေ၏။





တိုးတက်သော နိုင်ငံကြီးများက ခေတ်မီနည်းပညာများကို အသုံးပြုပြီး အပြိုင်အဆိုင် ကိုလိုနီနယ်ချဲ့နေစဉ်မှာ မိမိတို့တွေက မိစ္ဆာအယူဝါဒများဖြင့် မိမိတို့၏ဘဝကို အဆုံးသတ်နေကြသည်။

မိမိတို့တိုင်းပြည်သည် သေးငယ်သော်ငြားပေါ်ကြွယ်ဝသည့် သဘာဝအရင်းအမြစ်များကို မှန်ကန်စွာအသုံးချပြီး ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်အောင် မည်သူမျှ မစွမ်းဆောင်နိုင်ကြ။

ကာစင်၏ ဖခင်သည် သူ၏ အကြံအစည်များကို လျှို့ဝှက်စွာ ဆောင်ရွက်လေ၏။

အစဉ်အလာတို့ကို ပြောင်းလဲရမည့်ကိစ္စမှာ လွန်စွာ သိမ်မွေ့သောကိစ္စ ဖြစ်သည်။

ရာစုနှစ်များစွာ ခိုင်မာစွာ ယုံကြည်ခဲ့သည့် မိစ္ဆာအယူဝါဒကို ချေဖျက်ရမည့်ကိစ္စမှာ စစ်ပွဲတစ်ပွဲ ဆင်နွှဲရသည်ထက် အခက်များစွာ ခက်ခဲတာကို သူသိလေ၏။ သူ့အတွက် ကြီးစွာသော အန္တရာယ်နှင့် ရင်ဆိုင်ရသည်မှာ ဘုရင်အဆက်ဆက် ဩဇာနာခံကြရသော စုန်းမကြီး ပါလ်ဝဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရစ်စတန်ပြည်သူများက သူတို့အသက်အိုးအိမ် စည်းစိမ်ကို စုန်းမကြီးက ကာကွယ်စောင့်ရှောက်ထားသည်ဟု အစဉ်အဆက် ယုံကြည်ခဲ့ကြ၏။

ထိုသို့ ယုံကြည်စေရန် စုန်းမကြီးပါလ်ဝဲက ပြည်သူများကို အယူဝါဒ မှိုင်းတိုက်ပြီး နည်းမျိုးစုံဖြင့် သိမ်းသွင်းထားလေ၏။ လျှို့ဝှက်ကြံစည် ဆောင်ရွက်နေသော ကာစင်၏ဖခင်ကို စုန်းမကြီးပါလ်ဝဲက စောင့်ကြည့်နေခဲ့သည်။

ရစ်စတန်ဘုရင်ကြီး အပြင်းအထန် နာမကျန်း ဖြစ်နေစဉ် ထီးနန်းဆက်ခံမည့် အရေးကိစ္စမှာ ပေါ်ပေါက်လာတော့သည်။ ထိုအခါ ကာစင်၏ဖခင်မှာ ထီးနန်းဆက်ခံရန် အဆော်တလျှင် စီစဉ်ရလေ၏။

ထိုစဉ် စုန်းမကြီး ပါလ်ဝဲက ဘုရင်ကြီး သေဆုံးသွားပါက ဘဝကူးကောင်းရန် ညီလာခံ ခေါ်ယူလေ၏။ ထိုနေ့သည် လကွယ်နေ့ဖြစ်၍ ဝန်းကျင်တခွင်သည် မှောင်မိုက်လျက်ရှိ၏။

စုန်းမကြီးပါလ်ဝဲမှာ လွှမ်းမိုးသြဇာရှိသူဖြစ်၍ မင်းညီမင်းသားများနှင့် နန်းတွင်းသူများ ညီလာခံသို့ စုံညီစွာ ရောက်ရှိလာကြသည်။

၎င်းတို့ထဲတွင် ကာစင်၏ဖခင်လည်း ပါဝင်လေ၏။





စုန်းမကြီးပါလ်ဝဲသည် အစဉ်အလာအတိုင်း ဂါထာ၊ မန္တန်များကို ရွတ်ဆိုပြီး သူမ၏တပည့် စုန်းမများကို တာဝန်ပေးလေ၏။ ညီလာခံအတွင်း၌ မကောင်းဆိုးဝါးများကို အနံ့ခံပြီး ဖော်ထုတ်ရန် ဖြစ်သည်။

ထိုသို့ဖော်ထုတ်လာသူများ၏ လည်ချောင်းသွေးဖြင့် ယစ်ပူဇော်ပါက ဘုရင်ကြီး၏ ဝေဒနာများ ပျောက်ကင်း သက်သာလိမ့်မည်ဟု ပြောလေ၏။ သို့သော် ညီလာခံအတွင်း၌ လူအများအပြား သေဆုံးသွားသော်လည်း ဘုရင်ကြီး၏ ဝေဒနာမှာ သက်သာလာခြင်း မရှိဘဲ ၎င်းညမှာပဲ သေဆုံးသွားခဲ့သည်။

ထိုစဉ်မှာပဲ စုန်းမကြီးပါလ်ဝဲသည် သူမ၏ အကြံအစည်များကို အကောင်အထည် ဖော်တော့၏။ ဘုရင်ကြီး၏ မိဖုရားအငယ်၏ သားတော်ဖြစ်သူ ရာဂျာမှာ သူမအား လွှမ်းမိုးကြည်ညိုသူ ဖြစ်သည်။

ဘုရင်ကြီး နာမကျန်း ဖြစ်နေစဉ် ကာလမှာပဲ သူမသည် ရာဂျာကို လက်နက်အင်အား ဖြည့်တင်းပြီး စစ်တပ်အသင့်ရှိနေစေရန် မှာကြားထား၏။

ရာဂျာသည် လူသူလက်နက်အပြည့်အစုံဖြင့် ညီလာခံပြင်ပတွင် တိတ်တဆိတ် ရောက်ရှိနေခဲ့၏။ ဘုရင်ကြီး

www.burmeseclassic.com



သေဆုံးကြောင်း သတင်းရရှိသည့် ခဏမှာပဲ စုန်းမကြီး ပါလ်ဝဲက အမိန့်ပေးလိုက်ရာ ရာဂျာ ဦးဆောင်သော လူတစ်စုသည် ညီလာခံအတွင်းရှိ မင်းညီမင်းသား အပေါင်းကို ရက်စက်စွာ သတ်ဖြတ်ကြလေ၏။ ရစ်စတန်သမိုင်းတွင် လွန်စွာကြီးကျယ်သော မှတ်တိုင်ကြီး တစ်ခုပင်ဖြစ်သည်။

လမိုက်ည၏ ဝန်းကျင်တွင် စုန်းမကြီးပါလ်ဝဲ၏ ရယ်မောသံကြီးမှာ လွန်စွာကြောက်မက်ဖွယ် ဖြစ်နေပါလိမ့်မည်။

ကာစင်၏ ဖခင်သည် ၎င်းညီလာခံ အတွင်းမှာပဲ ရာဂျာ၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။

ထိုစဉ်က ကာစင်သည် သုံးနှစ်သား အရွယ်ခန့်သာ ရှိသေး၏။ မိခင်ဖြစ်သူသည် ရာဂျာ၏ လက်ပါးစေများ သတ်ဖြတ်သည့် အန္တရာယ်မှလွတ်အောင် နည်းမျိုးစုံဖြင့် ပုန်းရှောင်ခဲ့ရသည်။

သူ့မိခင်သည် ရစ်စတန်ဘုရင်များ ဆင့်ကဲကိုင်ဆောင်ကြသည့် နန်းစဉ်ဓားကို တစ်ပါတည်းယူဆောင်ပြီး ကာစင်နှင့်အတူ ၎င်းတိုင်းပြည်မှ ထွက်ပြေးခဲ့ခြင်း ဖြစ်သည်။

ကာစင်၏ မိခင်သည် လွန်ခဲ့သော ငါးနှစ်ခန့်က ကွယ်လွန်ခဲ့ပြီဖြစ်သည်။ ကာစင်၏ ဘဝတစ်လျှောက်တွင်





မိခင်ဖြစ်သူက ရစ်စတန်ပြည့်ရှင် ဘုရင်မင်းမြတ်၏ ထီးနန်းကို ပြန်လည်ရယူရန်နှင့် ပြည်သူများ၏ဘဝကို ကယ်တင်ရန် ကာစင်အား တိုက်တွန်းပြောဆိုခဲ့သည်။

မိခင်၏ စွမ်းဆောင်မှုကြောင့် ကာစင်၏ နှလုံးသားတွင် ရာဇာသွေး ရာဇာမာန်တို့ ကိန်းအောင်းခဲ့ရလေသည်။

ကံကြမ္မာသည် ကာစင်ကို ကျွန်ုပ်တို့နှင့် ပေါင်းစည်းပေးခဲ့လေပြီ။

ကာစင်အဖို့ သူမျှော်မှန်းသလို ရစ်စတန်ပြည်သူများ၏ဘဝကို အမှန်ပင် ကယ်တင်နိုင်ပါ့မလား။ လွန်စွာသြဇာရှိန်ဝါ ကြီးမားသည့် ဘုရင်ရာဂျာနှင့် စုန်းမကြီးပါလ်ဝဲကို သုတ်သင်ဖယ်ရှားနိုင်ပါ့မလား။

ခံစားချက် ပြင်းထန်ရုံလောက်နှင့် တော်လှန်ရေးတစ်ရပ် ဆင်နွှဲဖို့ဆိုတာ ကိုယ့်သေတွင်း ကိုယ်တူးသကဲ့သို့ ဖြစ်သွားမှာကို ကျွန်ုပ် လွန်စွာစိုးရိမ်မိ၏။

ဖြစ်တည်လာမည့် အနာဂတ်ကံကြမ္မာကို ကျုပ်အဖို့ မတွေးရဲလောက်အောင် ဖြစ်နေလေသည်။

တဖြောက်ဖြောက် ကျဆင်းနေသော ဆီးနှင်းများ၏ အသံမှာ ပို၍ပြင်းထန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းစာအုပ်ကို သိမ်းဆည်းလိုက်ပြီး ညီငယ်များကို ကြည့်လိုက်ရာ နှစ်ခြိုက်စွာ အိပ်နေကြသည်ကို တွေ့ရ၏။

ကျွန်ုပ်လည်း အိပ်စက်ရန် ပြင်ဆင်သည့်ခဏ မထင်မှတ်ဘဲ မှတ်တမ်းစာအုပ်နှင့် အတူရှိနေသည့် တစ်လက်မခွဲခန့်ထူသော ပုံနှိပ်စာအုပ်ကို သတိရလိုက်၏။

၎င်းစာအုပ်မှာ နက္ခတ်ပညာရှင်များ စုစည်းထုတ်ဝေထားသော စာအုပ်ဖြစ်သည်။

စာအုပ်ကို ထုတ်ယူပြီး နေ့နှင့် အချိန်များကို ခန့်မှန်းတွက်ကြည့်ရာ ရရှိလိုက်သော အဖြေကြောင့် ကျွန်ုပ်သည် တဲအိမ်အပြင်သို့ ကပျာကယာ ပြေးထွက်လိုက်လေ၏။

လ၏အလင်းရောင်သည် ဖြောင့်တန်းစွာ ကျဆင်းနေ၏။ ကျွန်ုပ်သည် ပြည့်ဝန်းသော လမျက်နှာပြင်ကို အသေအချာ ကြည့်နေမိသည်။ လမျက်နှာပြင်တွင် အနက်ရောင် အစက်အပြောက် အချို့ကို တွေ့ရလေ၏။

ကျွန်ုပ် တွက်ချက်လိုက်သော အဖြေသည် မနက်ဖြန်တွင် တိကျစွာ မှန်ကန်လိမ့်မည်ဟု ယုံကြည်ရပေတော့မည်။





## အခန်း(၁၁)

## ဘုရင်နှင့်ပြည်သူများ

ကျွန်ုပ်တို့သည် အစားအသောက်ကို ပြည့်ဝစွာ စားသောက်ခဲ့ရပြီး ကောင်းမွန်စွာ အနားယူလိုက်သောကြောင့် ခန္ဓာကိုယ်မှာ အားအင်ပြည့်လျက် လန်းလန်းဆန်းဆန်း ရှိနေသည်။ ကျွန်ုပ်တို့အား ကောင်းမွန်စွာ ညှော်ခံခဲ့သော အကြီးအကဲပုဂ္ဂိုလ်ကို ကျေးဇူးတင်ရပေမည်။ ၎င်းအကြီးအကဲသည် နောက်တစ်နေ့မှာပဲ ဘုရင်ရာဂျာနှင့် တွေ့ဆုံရန် ကျွန်ုပ်တို့အား လာရောက်ခေါ်ဆောင်၏။ သူနှင့်အတူ ဒိုင်းများ လှံများကို ကိုင်ဆောင်ထားသည့် လက်အောက်ငယ်သား ဆယ်ဦးခန့် လိုက်ပါလာသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြီးအကဲသည် ကျွန်ုပ်တို့၏ လှုပ်ရှားမှုများကို အကဲခတ်ကြည့်နေသည်။ သူ၏ အကြည့်များ အကြိမ်ပေါင်းများစွာ ကျရောက်နေသည်မှာ ကာစင် ထံသို့ဖြစ်သည်။

ကျွန်ုပ်၏ ကျောဘက်တွင် ရိုင်ဖယ်သေနတ် နှစ်လက်ကို ကြက်ခြေခတ်လွယ်လိုက်ပြီး ကျည်ဘူးများကို ချိတ်ဆွဲလိုက်သည်။ ပစ္စတိုကို ကျည်အသင့်ထည့်ပြီး ခါးကြားတွင် ထိုးလေ၏။

ကျွန်ုပ် အပြုအမူများကို အကြီးအကဲက မျက်တောင်မခတ် ကြည့်နေသည်။ ကျွန်ုပ်သည် တလေးတစားဖြင့် ဦးညွတ်လျက် ကျွန်ုပ်တို့ကို ကောင်းမွန်စွာ ဧည့်ခံသည့်အတွက် လွန်စွာကျေးဇူးတင်ကြောင်းနှင့် ၎င်းကျေးဇူးကို ဘယ်တော့မှ မမေ့ကြောင်း ပြောဆိုလိုက်ရာ ၎င်းကလည်း ကျွန်ုပ်ကဲ့သို့ ဦးညွတ်အသိအမှတ် ပြုလေသည်။

ကျွန်ုပ်တို့ ဘုရင်နှင့် တွေ့ဆုံရန် ထွက်ခွာလာပြီဖြစ်ကြောင်း သံတမန်စေလွှတ်၍ သတင်းပို့ထားပြီးဖြစ်သည်။

ဖြောင့်တန်းသောလမ်းမကြီးတစ်လျှောက် ခရီးဆက်ကြရာ ရွာတစ်ရွာအနီးသို့ ရောက်လာကြသည်။





၎င်းရွာမှာ တောင်ကုန်းအမြင့်ပိုင်းတွင်ဖြစ်၍ ကျွန်ုပ်တို့ ဖြတ်သန်းလာခဲ့သော လမ်းမကြီးကို ထင်ရှားစွာ တွေ့ရလေ၏။ လမ်းမကြီးက တောင်ကုန်းများကို ဖြတ်ကျော်ပြီး ဖောက်လုပ်ထားခြင်းဖြစ်သည်။

ခရီးသွားလာရာတွင် ပြုနေကျ ကျွန်ုပ်၏ အကျင့်အတိုင်း ဝန်းကျင်တစ်ခွင်ကို လေ့လာကြည့်ရှုပြီး မှတ်သားနေမိသည်။

မကြာမီတွင် ရစ်စတန်ပြည်၏ မြို့တော်ကို လှပသော လွင်ပြင်ကြီးအသွင် တွေ့မြင်ရလေ၏။

မြို့တော်သည် ငါးမိုင်ပတ်လည်ခန့် ကျယ်ဝန်း၏။ မြို့အနီးတွင် မြင်းခွာပုံ တောင်တစ်လုံးကို အထင်းသား တွေ့ရ၏။

ကျွန်ုပ်ကို များစွာအံ့သြသွားစေသည့် မြင်ကွင်းမှာ ၎င်းတောင်နှင့် မိုင်များစွာ ဝေးကွာသောနေရာတွင် တည်ရှိသည့် တောင်သုံးလုံးဖြစ်သည်။ တောင်များမှာ နှင်းများ ဖုံးလွှမ်းလျက်ရှိ၏။ ပုံသဏ္ဌာန်မှာလည်း မြင်ရသူ၏ စိတ်နှလုံးကို အထိတ်တလန့် ခံစားရလေ၏။

အကြီးအကဲက စိတ်ဝင်တစား ကြည့်နေသော ကျွန်ုပ်ကို မြင်သဖြင့် ပြောပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်တို့သွားနေတဲ့ လမ်းမကြီးဟာ အဲဒီမှာ အဆုံးသတ်ပါတယ်။ တောင်တွေ ဂူတွေ အပြည့်ရှိတယ်။ အဲဒီဂူတွေကို မရဏဂူတွေလို့ ပြောကြပါတယ်။ သွားလမ်းရှိပြီး ပြန်လမ်းမရှိလို့ ကျွန်ုပ်တို့ ပြည်သူတွေ ဘယ်သူမှ မသွားကြဘူး၊ မသွားရဘူးလို့ ဘုရင်က အမိန့်ထုတ်ထားတယ်။ ကျွန်ုပ်တို့ရဲ့ သေဆုံးခဲ့တဲ့ ဘုရင်တွေကို အဲဒီဂူမှာ မြှုပ်နှံထားကြတယ်"

၎င်းစကားကို ကာစင်အနေဖြင့် နားလည်သော်လည်း စိုင်းဆဲထူးနှင့် ကျော်စွာမှာ နားလည်မည် မဟုတ်။ ထို့ကြောင့် ကျွန်ုပ်က ရှင်းပြလိုက်ရလေ၏။ ထိုအခါ သူတို့နှစ်ဦးလည်း တအံ့တသြ ဖြစ်သွားကြ၏။

ထိုစဉ်မှာပဲ ရုတ်တရက် ထွက်ပေါ်လာသည့် စကားသံကို ကြားလိုက်ရ၏။

"အဲဒီနေရာမှာ ထုတ်ယူလို့မကုန်နိုင်တဲ့ စိန်တွေရှိတယ်"

ကာစင်၏ စကားပင်ဖြစ်သည်။

ထိုစကားကြောင့် ကျွန်ုပ်တို့အားလုံး ကာစင်ကို ကြည့်လိုက်ရာ သူသည် တည်တည်ငြိမ်ငြိမ်ဖြင့် ၎င်းနေရာကို ကြည့်နေလေ၏။





ကျွန်ုပ်တို့သည် မပြီးဆုံးနိုင်သော အိမ်များကို ဖြတ်သန်းခဲ့ပြီး နာရီဝက်ခန့်ကြာသောအခါ ကြီးမားခန့်ထည်သည့် မြို့တံခါးဝသို့ ရောက်ရှိလေ၏။

အကြီးအကဲက တစ်စုံတစ်ရာ ပြောလိုက်သောအခါ မြို့တံခါး ပွင့်သွားလေ၏။

ကိုက်ရာပေါင်းများစွာ ဖြတ်သန်းပြီးနောက် ကျွန်ုပ်တို့သည် ကွင်းပြင်ကျယ်ကြီးသို့ ရောက်ကြလေသည်။ ဘုရင်ရာဂျာ၏ နန်းတော်သည် ကွင်းပြင်ကြီး၏ အစွန်ဘက် မြို့တံခါးနှင့် တည့်တည့်တွင် တည်ရှိသည်။ အခြားနေရာမှာ ကွင်းပြင်ဖြစ်သည်။

အရာရာသည် အံ့သြဖွယ်ကောင်းနေတော့သည်။

စစ်သား ခုနစ်ထောင် ရှစ်ထောင်ခန့်သည် ၎င်းကွင်းပြင်ကြီးအလယ်တွင် ကိုယ့်တပ်ဖွဲ့နှင့်ကိုယ် နေရာယူထားကြ၏။

ကျွန်ုပ်တို့ ဖြတ်သန်းလာစဉ် စစ်သားများသည် ကျောက်ရုပ်များအလား ငြိမ်သက်နေကြ၏။ သူတို့ဦးခေါင်းထက်ရှိ ငှက်မွေးတောင်များမှာ လှိုင်းအိသလို တဝေ့ဝေ့ လှုပ်ယမ်းနေလေသည်။ လှံသွားများက အရောင်တလက်လက် ရှိနေသည်မှာ အသည်းယားဖွယ် ကောင်းလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် သံပြားပိုးကပ်ထားသော သားရေဒိုင်းများကို ကိုင်စွဲထားကြ၏။

ငှင်းမြင်ကွင်းကို ကျွန်ုပ်အဖို့ မည်သို့ဖော်ပြရမှန်းဝင် မသိတော့ပါ။

ခန့်ညားသော ဘုရင်ရာဂျာ၏ နန်းတော်ရှေ့တွင် ထိုင်ခုံအချို့ အသင့်ချထားလေ၏။ အကြီးအကဲက ကျွန်ုပ်တို့ကို ၎င်းထိုင်ခုံတွင်ထိုင်ရန် ပြောဆိုသောကြောင့် ကျွန်ုပ်တို့လည်း သင့်လျော်သလို ထိုင်လိုက်ကြသည်။

အကြီးအကဲက ကျွန်ုပ်တို့နောက်ဘက်မှာ ရပ်နေသည်။ ကျွန်ုပ်တို့သည် တိတ်ဆိတ်မှုကို ဆယ်မိနစ်ခန့် စောင့်ဆိုင်း ရလေ၏။ ကျွန်ုပ်တို့အား မျက်လုံးပေါင်း ရှစ်ထောင်က စူးစိုက်ကြည့်နေကြရာ လွန်စွာအနေခက်လှပါသည်။

ထိုစဉ်မှာပဲ တံခါးရွက်ကြီး လှစ်ဟသွားပြီး ကြီးမားထွားကျိုင်းလှသူတစ်ဦး ထွက်လာသည်တွင် ကျွန်ုပ်နံဘေးတွင်ရှိနေသော ကာစင်မှာ လှုပ်လှုပ်ရွရွဖြစ်သွား၏။

၎င်းလူထွားကြီးမှာ ရင်စတန်ပြည်၏ဘုရင် ရာဂျာဖြစ်သည်။ သူ၏နောက်တွင် လိုက်ပါလာသူမှာ အသက်ဆယ့်ရှစ်နှစ်အရွယ် လူငယ်တစ်ဦးဖြစ်သည်။





၎င်းလူငယ်မှာ ဘုရင့်သားတော်ဖြစ်ကြောင်း ကျွန်ုပ်တို့ သိရလေ၏။ လူငယ်၏နောက်မှ လိုက်ပါလာသော ပုံသဏ္ဌာန်တစ်ခုမှာ ကျွန်ုပ်အဖို့ မယုံနိုင်စရာ ဖြစ်ရလေ၏။ လူသားဟုယူဆဖွယ် မရှိလောက်အောင် ရုပ်ပျက်ဆင်းပျက်နိုင်သူဖြစ်သည်။

နေပူလှန်းထားသဖြင့် ခြောက်ခန်းနေသည့် မျောက်ကို သားမွေးအကျီဝတ်ထားသည်နှင့် တူနေတော့သည်။

"စုန်းမကြီး"

ကာစင်က ၎င်းသက်ရှိသတ္တဝါကို တွေ့သည်နှင့် မချိတင်ကဲ ကျိန်ဆဲလေ၏။

"တကယ့်မကောင်းဆိုးဝါးပဲ"

ကျော်စွာကလည်း စူးစိုက်ကြည့်နေလျက်က ခပ်အုပ်အုပ်လေသံဖြင့် ပြောလေ၏။

ဘုရင်ရာဂျာသည် ကြောက်စရာကောင်းအောင် ထွားကျိုင်းလှသူဖြစ်သည်။ သူသည် ကြီးမားသော ထိုင်ခုံတွင် ထိုင်လျက် ကျွန်ုပ်တို့အား ကြည့်နေသည်။ ကမ်းကုန်အောင် ရက်စက်သူများ ဖြစ်ကြောင်းကို သားအဖနှစ်ယောက်၏ အသွင်အပြင်မှာ သိသာစွာ ပေါ်လွင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုတွေးထင်မှုများ မှန်ကန်ကြောင်းကို မကြာခင်မှာပဲ ကျွန်ုပ်တို့ မြင်တွေ့ရတော့သည်။

ဘုရင်ရာဂျာ၏ ဦးခေါင်းထက်ရှိ ငှက်မွေးဖြူများမှာ လေတိုးတိုင်း လှုပ်ယမ်းနေ၏။ ညာဘက်လက်ထဲတွင် ကြီးမားသော လှံတံကြီးကို ကိုင်ထားသေးသည်။

ပတ်ဝန်းကျင်သည် တိတ်ဆိတ်လျက်ပင် ရှိသည်။ သို့သော် မကြာပါ ...။ ဘုရင်က သူ၏ လှံတံကြီးကိုမြှောက်လိုက်ရာ သုံးကြိမ်စလုံး မြေပြင်တုန်ဟည်းသွားလေသည်။

"အို ... လူထုကြီး နာခံကြ"

အိမ်အရိပ်အောက်ရှိ မျောက်ခြောက်ကဲ့သို့ ထင်မှတ်ရသူ၏ အသံစူးစူးဖြစ်သည်။ ထိုစဉ်မှာပဲ လည်ချောင်းရှစ်ထောင်ထံမှ တုံ့ပြန်သံကြီး ပြန်လည်ထွက်ပေါ်လာ၏။

"ဘုရင်ကြီး ကျန်းမာပါစေ"

"ဘုရင်ကြီး ကျန်းမာပါစေ"

တိတ်ဆိတ်ခြင်းသည် ပြန်လည်ကြီးစိုးသွား၏။

ကျွန်ုပ်တို့မှာ ၎င်းတို့၏ အပြုအမူများကို နားမလည်နိုင်ဖြစ်နေကြသည်။ ယခုအချိန်အထိ ကျွန်ုပ်တို့ထံ ဦးတည်မလာသေးဘဲ သူတို့နည်း သူတို့ဟန်ဖြင့် အလုပ်ရှုပ်နေကြဆဲဖြစ်သည်။





တိတ်ဆိတ်ခြင်းသည် ရုတ်တရက် ပျက်ပြားသွား၏။ အကြောင်းမှာ ကျွန်ုပ်တို့ဘက်ခြမ်းမှ စစ်သည်တစ်ဦး ကိုင်ဆောင်ထားသောဒိုင်း လွတ်ကျသွားသောကြောင့်ဖြစ်သည်။

ဘုရင်ရာဂျာသည် အေးစက်သော အမူအရာရှိသည့် မျက်ဝန်းဖြင့် အသံထွက်ပေါ်ရာနေရာသို့ ကြည့်လိုက်ပြီး တင်းမာခက်ထန်သောလေသံဖြင့် ...

"လာခဲ့စမ်း"

ဟု ပြောလိုက်သည်။

ရည်မွန်တင့်တယ်သော စစ်သားပျိုတစ်ယောက် ထွက်လာပြီး သူ့ရှေ့တွင်ရပ်လေ၏။

"ခွေးကောင် ... ဒီသူစိမ်းများရှေ့မှာ ငါ့ကို အရှက်ကွဲအောင်လုပ်တယ်ပေါ့ ဟုတ်လား။ မင်း ဘာပြောစရာရှိလဲ"

"မတော်တဆ ဖြစ်သွားတာပါ"

"ငါ့ဥပဒေမှာ မတော်တဆကို ခွင့်လွှတ်ရိုးထုံးစံမရှိဘူး၊ ငါ ဘယ်လိုအပြစ်ပေးတယ်ဆိုတာ သိနေလျက်နဲ့ ငါ့ကို အရှက်ခွဲတဲ့ကောင်"

ဟု ကြိမ်းမောင်းပြောဆိုပြီး သူ၏ သားဖြစ်သူဘက် လှည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"သားတော် ... မင်းရဲ့ လုံကို မင်း ဘယ်လိုအသုံးပြုနိုင်တယ်ဆိုတာ ငါ့ကိုပြစမ်း။ ပစ်မှတ်ကတော့ ဒီခွေးကောင်ရဲ့ ရင်ညွှန့်ပဲ"

ဟု ပြောလိုက်လေ၏။

တက်ကြွသည့်အမူအရာဖြင့် ရှေ့တိုးလာသော သူ၏ သားက လုံကို နှစ်ကြိမ်ခန့် ဝှေ့ယမ်းလိုက်ပြီး ထိုးစိုက်လိုက်သည်။

စစ်သားပျို၏ လက်နှစ်ဖက်မှာ မြောက်တက်သွားပြီး လဲကျသေဆုံးသွားလေရာ တိတ်ဆိတ်မှုအတွင်း၌ လူထုကြီးထံမှ ပင့်သက်ရှိုက်သံကြီး ခပ်အုပ်အုပ်ပေါ်ထွက်လာပြီး ၎င်းအသံမှာ တလိမ့်လိမ့် ရွေ့လျားရာမှ ပျောက်ကွယ်သွားတော့သည်။

"ထိမိတဲ့လုံချက်ပဲ၊ အလောင်းကို ယူသွားကြစမ်း"

ဟု ဘုရင်ရာဂျာက ပြောဆိုလိုက်၏။

အသတ်ခံရသူ စစ်သားအား ဆွဲထုတ်သွားသည်နှင့် အိုးကိုကိုင်လျက် မိန်းကလေးတစ်ဦး ဝင်ရောက်လာ၏။ ထို့နောက် အိုးထဲမှသဲများဖြင့် သွေးများကို ဖုံးအုပ်လိုက်ပြီး ဘုရင်ရာဂျာကို အရိုအသေပြုပြီး ပြန်ထွက်သွားလေသည်။





ဤသို့သောကိစ္စများမှာ ဘုရင်ရာဂျာအဖို့ မထူးဆန်းသော ကိစ္စများပင်ဖြစ်သည်။

၎င်းကိစ္စများ ပြီးဆုံးသွားသည်အထိ တိတ်ဆိတ်နေပြီးနောက် ဘုရင်ရာဂျာက ကျွန်ုပ်တို့အား စူးစိုက်ကြည့်လျက် စကားပြောတော့သည်။

ကျွန်ုပ်သည် အိန္ဒိယနယ်စပ်တစ်လျှောက်တွင် လှည့်လည်သွားလာခဲ့စဉ်က အိန္ဒိယဘာသာစကားအပြင် လွန်စွာ အသုံးနည်းသော ပထံဘာသာစကားကိုပါ လေ့လာသင်ယူခဲ့လေရာ ၎င်းအကျိုးကျေးဇူးကြောင့် အခက်အခဲမရှိ ဖြစ်ရလေ၏။

"အရပ်တစ်ပါးမှ သူစိမ်းများ၊ ဘာအလိုရှိလို့ ကျွန်ုပ်တို့ တိုင်းပြည်ကို ရောက်လာကြသလဲ"

"ကျွန်ုပ်တို့ လမ်းမှားပြီး ရောက်လာတာပါ"

"သင့်စကားကို ကျွန်ုပ် မယုံကြည်ဘူး။ ကျွန်ုပ်တို့ တိုင်းပြည်ထဲကိုရောက်လာတဲ့ သင်တို့ဟာ သေမင်းတွင်းထဲကို တိုးဝင်လာခြင်းပဲ။ အခု သူတို့ သယ်ဆောင်သွားတဲ့ စစ်သားကို ပြုလုပ်သလို သင်တို့ကို ပြုလုပ်ရင် ဘယ်လိုနေမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် စိုးရိမ်သောအခြေအနေသို့ အမှန်ပင် ရောက်ရှိလာလေပြီ။ အညံ့ခံတောင်းပန်ပါက ရာဂျာသည် အချိန်မဆိုင်းဘဲ သတ်ဖြတ်ရန် သူ၏စစ်သားများကို အမိန့်ပေးကောင်း ပေးနိုင်သည်။

ကျွန်ုပ် နံဘေးတွင်ရှိနေသော ကာစင်က လက်သီးကို ကျစ်ကျစ်ဆုပ်လိုက်၏။ စိုင်းဆဲထူးနှင့် ကျော်စွာမှာ ဘုရင်ရာဂျာ ပြောသော စကားများကို နားမလည်သောကြောင့် ကျွန်ုပ်၏ အရိပ်အခြေကို စောင့်ကြည့်နေလေ၏။

ကျွန်ုပ်သည် ဘုရင်ရာဂျာ၏ အေးစက်သော မျက်ဝန်းတွေကို စူးစိုက်ကြည့်လိုက်ပြီး ကျယ်လောင်စွာ ရယ်မောလိုက်သည်။

"ကျွန်ုပ်တို့ ဘယ်လောက် အစွမ်းအစ ရှိတယ်ဆိုတာ သင့်ကို မပြောကြဘူးလား"

"သူတို့ပြောပေမဲ့ ကျွန်ုပ်မယုံဘူး၊ ဒါကြောင့် ကျွန်ုပ် ထံမှောက် ခေါ်ခဲ့ဖို့ အမိန့်ပေးလိုက်တာပဲ။ ဟိုမှာရပ်နေသူထဲက တစ်ယောက်ကို သင်တို့ရဲ့ မီးပွင့်လက်နက်နဲ့ သတ်ပြပါ"





"မသတ်ဘူး၊ ကျုပ်ဟာလူတစ်ယောက်ကို အကြောင်းမဲ့ ဘယ်တော့မှ မသတ်ဘူး။ ဒါပေမဲ့ ... ဆင်ပေါက်တစ်ကောင် မောင်းသွင်းခဲ့ပါ ကျွန်ုပ် သတ်ပြပါ့မယ်"

ဘုရင်ရာဂျာသည် ကျွန်ုပ် တောင်းဆိုသည့်အတိုင်း အမှန်ပင် ဆောင်ရွက်လေ၏။ အချိန်တစ်ခဏအတွင်းမှာပဲ စစ်သည်တစ်ဦးက ဆင်ပေါက်တစ်ကောင်ကို မောင်းသွင်းလာတော့သည်။

"ကာစင် အဲဒီဆင်ပေါက်ကို တစ်ချက်တည်း လဲကျသွားအောင် မင်းပစ်ရမယ်၊ ငါတစ်ယောက်တည်း အစွမ်းအစရှိတာ မဟုတ်ဘဲ တစ်ဖွဲ့သားလုံး အစွမ်းရှိကြောင်း သူတို့ကို ပြရမယ်"

ကာစင်သည် သေနတ်ကိုပင့်မြှောက်လိုက်ပြီး တံခါးဝမှ ဝင်လာသော ဆင်ကို တည့်မတ်စွာ ချိန်ရွယ်လေ၏။

သူတို့အကြည့်များက ကာစင်ထံသို့ စူးနစ်ကျရောက်နေကြသည်။ ဆင်သည် လူထုကြီးကို မြင်လိုက်သည်နှင့် ရပ်တန့်သွား၏။

ထိုစဉ် ဒိုင်းခနဲ မြည်ဟည်းသံနှင့်အတူ ဆင်သည် လဲကျသေဆုံးသွားတော့သည်။ ၎င်းမြင်ကွင်းကို ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ထောင်ပေါင်းများစွာသော လူအုပ်ကြီးထံမှ တီးတိုးသံများ ခပ်အုပ်အုပ် ထွက်ပေါ်လာ၏။

ကျွန်ုပ်သည် ရတ်တရက် ရရှိလိုက်သော အခွင့်အရေးကို မလွှတ်တမ်း အသုံးချရန် အားချင်းဆောင်ရွက်လေ၏။

"ကျော်စွာ ... စစ်သားတွေရှေ့မှာ ထောင်ထားတဲ့ လုံ့တံကို သေချာချိန်ပြီး ပစ်လိုက်စမ်း"

ကျော်စွာ၏ ပစ်မှတ်သည် ကျွန်ုပ်လိုချင်သည့် အနေအထားအတိုင်း တစ်ထပ်တည်းဖြစ်သွားသည်။ ဒိုင်းခနဲအသံနှင့်အတူ လုံ့တံမှာ ကျိုးပဲ့သွား၏။

"စိုင်းဆဲထူး ... ဒီလက်ပစ်ဗုံးကို စနက်တံဖြုတ်ပြီး မင်းနဲ့ ကိုက်နှစ်ဆယ်အကွာက သစ်ပင်ခြေရင်းကိုပစ်လိုက်"

ဟု ပြောလိုက်ပြီး စိုင်းဆဲထူးအား လက်ပစ်ဗုံးတစ်လုံး ပေးလိုက်ရာ လွန်စွာမြန်ဆန်သော စိုင်းဆဲထူး၏ လှုပ်ရှားမှုမှာ အားရဖွယ် ကောင်းလှသည်။

လက်ပစ်ဗုံး၏ ပေါက်ကွဲအားကြောင့် အမြစ်မှကျွတ်ထွက်သွားသောသစ်ပင်ကို ကြည့်ရင်း လူထုကြီးထံမှ အံ့သြရွေရွတ်သံများ အလုံးအရင်း ထွက်ပေါ်လာလေသည်။

ဘုရင်ရာဂျာသည် တအံ့တသြဖြင့် ကျွန်ုပ်တို့အား ကြည့်နေ၏။





မထင်မှတ်ဘဲ ရရှိလိုက်သော အောင်မြင်မှုအတွက် ကျွန်ုပ်တို့အားလုံး ကျေနပ်မဆုံး ခံစားရသည်။ စိုးရိမ်ထိတ်လန့်မှုများ ကွယ်ပျောက်သွားပြီး ဖြစ်လာသမျှကို ရဲဝံ့ရင်ဆိုင်ရန် စိတ်သတ္တိများ နှိုးကြားလျက် ရှိနေတော့သည်။

ထိုစဉ်မှာပဲ အံ့သြဖွယ်အပြောင်းအလဲနှင့် ရင်ဆိုင်ရလေ၏။

စုန်းမကြီးပါလ်ဝဲသည် ဘုရင်ရာဂျာရှေ့သို့ ထွက်လာပြီး မျက်နှာအား ဖုံးအုပ်ထားသောအရာကို ဖယ်လိုက်လေ၏။

ကျွန်ုပ်တစ်တစ်သက်တွင် ဤမျှကြောက်စရာကောင်းသော မျက်နှာမျိုး တစ်ခါမှမတွေ့ခဲ့ဘူးပါ။ အသက်အရွယ်အလွန်အကျွံ ကြီးရင့်သော မိန်းမတစ်ယောက်၏ မျက်နှာဖြစ်သည်။

မျက်နှာတစ်ပြင်လုံးကို အဝါရောင် အရေးအကြောင်းများ ဖုံးလွှမ်းထားပြီး နက်သောအရေးအကြောင်းများတွင် ပါးစပ်ပေါက် ရှိလေ၏။ နှာခေါင်းကို သဲကွဲစွာ မတွေ့ရ။ ၎င်း၏ မျက်နှာမှာ နေလောင် ခြောက်ကပ်နေသည့် အလောင်းတစ်လောင်း၏ မျက်နှာနှင့် လွန်စွာတူလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်မရှိသော ဦးခေါင်းမှာ ပြောင်နေသည်။

ကျွန်ုပ်တို့သည် ၎င်းမိန်းမကြီးကိုကြည့်ရင်း ကြောက်ရွံ့စိတ်များ တစိမ့်စိမ့်နှင့် ခံစားရတော့သည်။ ထိုစဉ်မှာပဲ မိန်းမကြီးသည် အရိုးပြိုင်းပြိုင်း လက်တစ်ဖက်ကို မြှောက်လိုက်ရာ တစ်လက်မလောက်ရှည်လျားသည့် သူ၏လက်သည်းများကို တွေ့ရ၏။ သူမ၏လက်ကို ဘုရင်ရာဂျာ၏ ပခုံးပေါ်တင်လိုက်ပြီး ...

"နားထောင်ကြလော့ ... နားထောင်ကြလော့"

ဟု ပြောလိုက်ရာ ၎င်းအသံကို ကြားရသူတိုင်း ကြောက်စိတ်လွှမ်းမိုးသွားပေလိမ့်မည်။ ကျွန်ုပ်တို့လည်း ထိုသို့ပင်ဖြစ်သည်။

"ကျွန်ုပ် အိုမင်းပြီ။ သင်တို့ဖခင်များက ကျွန်ုပ်ကို သိသည်။ သူတို့ ဖခင်များကလည်း ကျွန်ုပ်ကိုသိသည်။ သူတို့၏ဖခင်များ၏ ဖခင်များကလည်း ကျွန်ုပ်ကိုသိသည်။ ကျွန်ုပ် သွေးပင်လယ်များကို အကြိမ်ကြိမ်မြင်ခဲ့ဖူးပြီ။ ဟား... ဟား ... ဟား ... သွေးပင်လယ်တွေမြင်ရတာ ကျွန်ုပ်အတွက် တကယ့်ကို ပျော်စရာမြင်ကွင်းပဲ။ ကျွန်ုပ်မသေခင် ယခင် ယခင်ကထက် ပိုများတဲ့ သွေးပင်လယ်တွေကို မြင်ရပေဦးမည် ...





"အို ... သူစိမ်းများ သင်တို့ ဘာကိုရှာဖွေသလဲ၊ အား ... ဟုတ်ပြီ။ သင်တို့ ပျောက်ဆုံးသူ တစ်ယောက်ကို ရှာဖွေသလား။ အဖြူရောင် ကျောက်ခဲများအတွက် သင်တို့က လာသလား။ သင်တို့ဆန္ဒတွေ ဘယ်တော့မှ ပြည့်မှာ မဟုတ်ဘူး။ သင်တို့ သွေးတွေသာ ခန်းခြောက်သွားလိမ့်မယ်။ သင်တို့ရဲ့ ဝိညာဉ်တွေကို ကျွန်ုပ်ရဲ့ အစောင့်အရှောက်အောက်မှာ ထားရလိမ့်မယ် ... ဟား ... ဟား ... ဟား..."

ထိုအသံကို ကြားရသည်မှာ ကျွန်ုပ်အဖို့ သေမင်းတိုင်းပြည်က မြူဆွယ်သံကဲ့သို့ ခံစားရလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် အလွန်အမင်း ကြောက်ရွံ့မှု မဖြစ်ရအောင် သတိထားပြီး ထိန်းချုပ်နေရသည်။ ရင်ဆိုင်ရမည့် အခြေအနေမှာ ကျွန်ုပ်တို့အား သေမင်းတိုင်းပြည်သို့ ရတ်တရက် ပို့ဆောင်ရန် အစပျိုးနေသကဲ့သို့ ဖြစ်နေသည်။

မိန်းမကြီးသည် ခုန်ဆွခုန်ဆွဖြင့် ကျုပ်တို့အနီးသို့ ရောက်ရှိလာ၏။ သူမ၏ လှုပ်ရှားမှုမှာ လွန်စွာမြန်ဆန်သည်ကြောင့် ကျွန်ုပ်တို့လည်း အထိတ်တလန့်ဖြင့် နောက်ဆုတ်မိလေ၏။

မည်းနက်သည့် မျက်လုံးဖြင့် ကျွန်ုပ်တို့ တစ်ဦးချင်းကို အနီးကပ်ကြည့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာန်ဝင့်နေတဲ့ မျက်နှာမည်းနှင့်သင်"

သူမသည် ကာစင်၏ ရှေ့တွင်ရပ်လျက် ထိုသို့ပြောပြီး သူမ၏လက်ကို ကာစင့် ရင်ဘတ်ပေါ် တင်လိုက်ရာ ကာစင်က ၎င်းလက်ကို ပုတ်ထုတ်လိုက်၏။ ထိုအခါ ရယ်လိုက်သော သူမ၏အသံမှာ လွန်စွာကြောက်မက်ဖွယ် ကောင်းလှပါသည်။ ထိုသို့ရယ်ပြီးနောက် ...

"သင်ဘယ်သူလဲ... သင့်ရဲ့နှလုံးသားထဲမှာ သွေးနံ့ကို ကျွန်ုပ်အနံ့ခံရတယ်။ သင့်ရဲ့ အဝတ်တွေကို ဖယ်လိုက်စမ်း"

သူမ မျက်နှာသည် သေမင်းမျက်နှာအလား ပြောင်းလဲသွားပြီး ကာစင်ကို အပြင်းအထန် ကျိန်ဆဲလေ၏။ သူမသည် တစ်ကိုယ်လုံး တုန်လှုပ်နေလျက်က မြေတွင် လဲကျသွားပြီ သတိလစ်သွားတော့သည်။

ထိုသို့ဖြစ်သွားခြင်းသည် ကျွန်ုပ်တို့အား အသက်အန္တရာယ် စိုးရိမ်ဖွယ်အခြေအနေမှ လွတ်မြောက်စေခဲ့ခြင်း ဖြစ်သည်။ သို့မဟုတ်ပါက ကာစင်အတွက် မတွေးဝံ့စရာ ဖြစ်သွားပါလိမ့်မည်။

၎င်းအခိုက်အတန့်မှာပဲ ကျွန်ုပ်လည်တွင် ဆွဲထားသော ဆာဒူးကြီး၏အရုပ်ကလေးထံမှ လှုပ်ရှားမှုကို သိသာစွာ ခံစားရလေ၏။





၎င်းအဆောင်ရုပ်လေးသည် အသက်အန္တရာယ်အား မှ လွတ်မြောက်ရန် အကြိမ်ကြိမ် ကယ်တင်ခဲ့လေသည်။ ယခု ဖြစ်ပျက်မှုများအပေါ် သုံးသပ်ရင်း ကျွန်ုပ်သည် ကောင်းစွာ နားလည်လိုက်ပါသည်။

ဘုရင်ရာဂျာ၏လက်ကို ဖေ့ယမ်းလိုက်သည်နှင့် ၎င်း၏စစ်သားများသည် ဆယ်မိနစ်အတွင်းတွင် ကွင်းပြင်တွင်းမှ ထွက်ခွာသွားကြ၏။ ဘုရင်ရာဂျာနှင့်အတူ အစေအပါးအနည်းငယ်သာ ကျန်ရှိခဲ့သည်။

"ကျွန်ုပ် စိတ်ထဲမှာ သင်တို့ကို သတ်ချင်နေတယ်၊ ပါလ်ဝဲက ထူးဆန်းတဲ့ စကားတွေကို ပြောနေပြီ။ ဒီည ကျုပ်မွေးနေ့ပွဲ ရှိတယ်။ သင်တို့လည်း ကြည့်ရှုရလိမ့်မယ်။ ဒီညဟာ သင်တို့အတွက် နောက်ဆုံးညပဲ"

ဟုပြောပြီး အစေအပါးများ ခြံရံလျက် လှည့်ထွက်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၂)

## သစ္စာခံလူတစ်စု

ဘုရင်ရာဂျာသည် ကျွန်ုပ်တို့အား သူ၏ လှောင်အိမ်အတွင်းမှ သိုးငယ်များပမာ သဘောထားပြီး အချိန်မရွေး သုတ်သင်၍ရသည် ဟု ယူဆထားလေ၏။

ကျွန်ုပ်တို့သည် တိုက်ခိုက်မှုစွမ်းရည်နှင့် သေနတ်များကို အသုံးပြုပြီး အစွမ်းကုန် ခုခံလျှင်လည်း ဘုရင်ရာဂျာ၏စစ်တပ်ကို အောင်နိုင်မည် မဟုတ်ပါ။

ယခုပင် ဘုရင်ရာဂျာသည် ကျွန်ုပ်တို့၏ နောက်ဆုံးအချိန်ကို သတ်မှတ်လိုက်ပြီဖြစ်သည်။





ဘုရင်ရာဂျာနှင့် တွေ့ဆုံရန် ကျွန်ုပ်တို့အား ခေါ်ဆောင်ခဲ့သော အကြီးအကဲသည် အပြန်ခရီးတွင်လည်း ၎င်းကပင် ဦးဆောင်ပြီး ပို့ဆောင်လေ၏။

၎င်းအကြီးအကဲ အမည်မှာ အင်ဖာဟု ကျွန်ုပ် သိရ၏။ အင်ဖာသည် ကျွန်ုပ်တို့နှင့် ဆက်ဆံရာတွင် ကြောက်ရွံ့သကဲ့သို့ လေးစားမှုလည်းရှိ၏။

သူသည် ကျွန်ုပ်တို့ ရင်ဆိုင်ရမည့် ကံကြမ္မာဆိုးကို သိရှိနေ၍ စိတ်မကောင်းဖြစ်နေသည်ထင်၏။ အပြန်ခရီးတွင် သူ၏မျက်နှာမှာ ညှိုးငယ်နေတော့သည်။

အင်ဖာနှင့် ကျွန်ုပ်သည် နီးကပ်စွာရှိနေလေရာ သူ့အား ဘုရင်ရာဂျာနှင့်ပတ်သက်သော အကြောင်းအရာများကို မေးမြန်းသောအခါ တုံ့ပြန်လာသော သူ့စကားများက ဘုရင်ရာဂျာ၏ ရက်စက်သော အမူအကျင့်များအပေါ်မှာ မကျေမနပ်ခံစားနေရ ကြောင်းသိရလေ၏။

ကျွန်ုပ်သည် ကာစင်ထံမှ သိထားခဲ့သော ၎င်းတို့တိုင်းပြည်၏ သမိုင်းကြောင်းကို အလျဉ်းသင့်ပါက ပြောဆိုရန် (အင်ဖာ၏ စကားအသွားအလာကို အကဲခတ်၍) ပြင်ဆင်ထား၏။ ကျွန်ုပ်ဆန္ဒ ပြည့်ဝခဲ့ပါသည်။ ၎င်းအခွင့်အရေးကို အချိန်အနည်းငယ်အတွင်း ကျွန်ုပ် ရရှိခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရင်ရာဂျာနဲ့ ပါလ်ဝဲတို့ရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ အုပ်ချုပ်မှုကြောင့် တစ်တိုင်းပြည်လုံး ငိုကြွေးနေရပါတယ်။ ယနေ့ည အရှင်မြင်ရပါလိမ့်မယ်၊ ဘုရင်က လူတစ်ယောက်ရဲ့ နွားများကို လိုချင်ရင်၊ ဒါမှမဟုတ် သူ့မယားကိုလိုချင်ရင် ပါလ်ဝဲ သင်ကြားထားတဲ့ မိန်းမတွေက အဲဒီလူကို အနံ့ခံ၊ စုန်းကဝေလို့ စွပ်စွဲပြီး သတ်ပစ်လိုက်တာပဲ၊ တိုင်းပြည်က ရာဂျာကို စိတ်ကုန်နေကြပြီ၊ သွေးလွှမ်းတဲ့ သူ့နည်းလမ်းတွေကိုလည်း မလိုလားတော့ဘူး၊ တကယ်တော့ ကျွန်ုပ်တို့တိုင်းပြည်တစ်ခုလုံးရဲ့ ကံကြမ္မာကို အခုလိုအဖြစ်မျိုးရောက်အောင်လုပ်တဲ့သူက ပါလ်ဝဲပါ၊ အကြင်နာတရား ပြည့်ဝတဲ့ မင်းကောင်း မင်းမြတ်ကို ယုတ်မာကောက်ကျစ်စွာ သတ်ဖြတ်ပြီး သူ့သြဇာခံဖြစ်တဲ့ ရာဂျာကို ဘုရင်အဖြစ် တင်မြှောက်ခဲ့တာပေါ့"

ထိုအခါ ကျွန်ုပ်က ကာစင်၏ဖခင် လုပ်ကြံခံရသည့် ဖြစ်စဉ်ကို အကျဉ်းရုံးပြောပြလိုက်ရာ အင်ဖာ၏ မျက်ဝန်းတွေက အဆမတန် ပြူးကျယ်သွားပြီး ...

"အရှင် ဒီ ... ဒီ ... အကြောင်းတွေကို ဘယ်လိုသိနေတာလဲ"





ဟု တအံ့တသြ မေးလေ၏။ ကျွန်ုပ်သည် အချိန်တို့ဆိုင်း မနေတော့ဘဲ ရရှိလာသည့်အခွင့်အရေးကို အမိအရ အသုံးချလိုက်သည်။

ကျွန်ုပ်တို့အား နေထိုင်ခွင့်ပြုထားသော တဲအိမ်များမှာ မြို့ အစွန်ဘက်တွင်ဖြစ်သည်။ ၎င်းတဲအိမ်များသို့ ရောက်သည်နှင့် အင်ဖာကို ကျွန်ုပ်နှင့် သီးသန့်စကားပြောရန် ဖိတ်ခေါ်လိုက်သည်။ အင်ဖာသည် ကျွန်ုပ်၏ဆန္ဒကို ချက်ချင်း သဘောတူလေ၏။

အချိန်အနည်းငယ်မျှသာ ကြာပါသည်။ အင်ဖာသည် ကြားလိုက်ရသော ကျွန်ုပ်၏ စကားများကြောင့် အသားများ ဆတ်ဆတ်တုန်သည်အထိ တအံ့တသြ ဖြစ်နေလေ၏။

"သင်တို့ရဲ့ ဘုရင်အစစ်အမှန်က ကျွန်ုပ်တို့နဲ့အတူ ရှိနေပါတယ်၊ မိစ္ဆာလွှမ်းနေတဲ့ သင်တို့ဘဝတွေကို မေတ္တာအလင်းရောင်နဲ့ ဖယ်ရှားပြီး ပြည်သူ့အပေါင်းကို အေးချမ်းသာယာတဲ့ဘဝမျိုး တည်ဆောက်ပေးဖို့ ရဲဝံ့စွန့်စားမှုနဲ့ ရောက်လာတာပါ။ အခုပဲ သင်နဲ့တွေ့ဆုံပေးပါ့မယ်"

ဟု ပြောပြီး ကာစင်ကို ကျွန်ုပ်ထံသို့ ခေါ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အင်ဖာသည် အလွန့်ကို ယုံရခက်နေ၏။ ထို့ကြောင့် သူသည် ခိုင်လုံသော သက်သေပြနိုင်ပါက ပြရန်ပြော သည်တွင် ကာစင်က သူနှင့် သူ့မိခင်တို့ ဘယ်လိုအခြေ အနေမျိုး ရင်ဆိုင်ခဲ့ရသည်ကို ပြောပြလေသည်။

"သင်တို့ တစ်တိုင်းပြည်လုံးက ကျွန်တော်နဲ့ ကျွန် တော့်မိခင်ကို တောင်တန်းပေါ်မှာ သေဆုံးသွားတယ်လို့ ယုံကြည်ခဲ့ကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မသေဆုံးပါဘူး။ ကျွန်တော့်မိခင်ဟာ ယုံကြည်ချက် ပြင်းထန်သူဖြစ်တယ်။ ကျွန်တော့်ကို နေရာမှန် ပြန်ရောက်စေရမယ်လို့ ယုံကြည် ထားတယ်။ ဒါကြောင့် ဖွဲ့ သတ္တိ ပြင်းပြစွာနဲ့ အဲဒီတောင် တန်းကို ဖြတ်ကျော်ခဲ့တယ်။ သဲကန္တာရကို လှည့်လည်ကျက် စားတဲ့ လူတချို့က ကျွန်တော်တို့သားအမိကို သဲကန္တာရ တစ်ဖက်ရောက်အောင် ခေါ်ဆောင်သွားပါတယ်။ ကျွန် တော့်မိခင် သေဆုံးသွားပါပြီ။ ဒါပေမဲ့ မိခင်ပြောပြခဲ့တဲ့ ကျွန်တော့်နေရာမှန်ကိုတော့ ကျွန်တော့်အသည်းနှလုံးမှာ ထာဝရ သိမ်းဆည်းထားတယ်။ ပြောခဲ့တဲ့ ကျွန်တော့်စကား တွေအတွက် ဒီအရာတွေနဲ့ သက်သေပြပါ့မယ်"

ကာစင်သည် သူ့ခန္ဓာကိုယ်မှာ သိုသိပ်စွာ ဆောင်ထား သည့် အရှည်တံတောင်ခန့်ဓားကို ထုတ်၍ စားပွဲပေါ်တင်





လိုက်ပြီး အင်ဖာကို ကြည့်ရှုစေ၏။ ရစ်စတန်ဘုရင် အဆက်ဆက် ကိုင်ဆွဲခဲ့ကြသည့် နန်းစဉ်ဓား ဖြစ်သော ကြောင့် အင်ဖာသည် ၎င်းဓားကို မတို့ရဲမထိရဲ ဖြစ်နေ တော့၏။

ထိုစဉ်မှာပဲ ကာစင်က 'ဒီမှာကြည့်ပါဦး' ဟု ပြောပြီး သူ၏ကိုယ်မှ အဝတ်ကို တစ်ချက်မျှလှပ်ပြီး ခွာချလိုက်၏။ ခန္ဓာကိုယ်ပတ်လည်တွင် ရေးထိုးထားသော တွယ်တက်နေ သည့် သတ္တဝါပုံကိုကြည့်ရင်း အင်ဖာသည် မူးမေ့သွားမ တတ် ယိမ်းယိုင်သွားလေသည်။

သူသည် ရုတ်တရက် ကာစင်ရှေ့၌ ထူးထောက် လိုက်ပြီး ...

"အရှင် ... အရှင်ဟာ ကျုပ်နှောင်တော်ရဲ့သားပါ။ ရစ်စတန်ပြည်ရဲ့ စစ်မှန်တဲ့ဘုရင်ပါ"

ဟု ကတုန်ကယင်ပြောပြီး မျက်ရည်သွင်သွင်ကျ ဆင်းလျက် ငိုကြွေးလေတော့၏။

"မတ်...တ်ရပ်ပါ ဦးရီးတော်၊ ကျွန်တော်ဟာ ဘုရင် မဖြစ်သေးပါဘူး။ ဒါပေမဲ့ ဦးရီးတော် အကူအညီနဲ့ ရဲရင့်တဲ့ ကျွန်တော့် အရှင်သခင်များ အကူအညီကြောင့် ကျွန်တော် ဘုရင်ဖြစ်မှာပါ။ စုန်မကြီးပါလ်ဝဲ ပြောခဲ့တဲ့ စကားဟာ



www.burmeseclassic.com

www.burmeseclassic.com



မှန်ပါတယ်။ တိုင်းပြည် သွေးချောင်းစီးမယ်။ သူ့သွေးလည်း ရောပါစီးဆင်းလိမ့်မယ်။ သူ့စကားတွေကြောင့် ကျွန်တော့် ဖခင် အသတ်ခံခဲ့ရတယ်၊ ကျွန်တော့်မိခင် ထွက်ပြေးခဲ့ရတယ်။ ပြည်သူများကို အကြောက်တရား လွှမ်းမိုးစေပြီး နှိပ်စက်ညှဉ်းပန်းခဲ့တယ်။ ရစ်စတန်ပြည်ရဲ့ ကံကြမ္မာကို ပြုပြင်ပြောင်းလဲဖို့ တစ်ခုတည်းသောနည်းလမ်းဟာ သူတို့ နှစ်ယောက်ကို သုတ်သင်ဖယ်ရှားရမယ်”

“ရစ်စတန်ပြည်ရဲ့ စစ်မှန်တဲ့မင်းမြတ် ကျုပ်လက်များကို သင့်လက်များအတွင်း ထားပါတယ်။ ကျုပ် သေဆုံးသည့် အချိန်အထိ သင့်ဘက်သား ဖြစ်ပါတယ်။ သင် ကလေးဘဝတုန်းက ကျုပ်ဒူးပေါ်မှာတင်ပြီး ချော့မြူကစားခဲ့တယ်။ အခု ကျုပ်ရဲ့ အိုမင်းတဲ့လက်များက သင့်အတွက် လွတ်လပ်ရေးအတွက် တိုက်ခိုက်ပါတယ်”

ကျွန်ုပ်နှင့် ညီငယ်နှစ်ဦးဖြစ်သည့် စိုင်းဆဲထူးနှင့် ကျော်စွာတို့မှာ စစ်မှန်သော ဘုရင်နှင့် သူ၏ သစ္စာခံ တပ်မှူးတို့ တွေ့ဆုံသည့်မြင်ကွင်းကို ကြည့်ရင်း ၎င်းတို့ကဲ့သို့ ကြည်နူးခံစားနေကြ၏။

ကျွန်ုပ်နှင့် ညီငယ်နှစ်ဦးမှာလည်း ဘုရင်ရာဂျာ၏ ရက်စက်မှုများကို တွေ့မြင်ခဲ့၍ ၎င်းဘုရင်၏ အုပ်ချုပ်မှု





အောက်ရှိ ပြည်သူပြည်သားများအတွက် လွန်စွာစိတ်မကောင်း ဖြစ်ကြရသည်။

ကျွန်ုပ်တို့အတွက် အသက်ရှင်သန်မှု အခွင့်အရေးလည်း မရေမရာသော အခြေအနေ ဖြစ်နေသည်။

ကာစင်အတွက် ရင်စတန်ပြည်သူများအတွက် ကျွန်ုပ်တို့သည် အသက်စွန့်ပြီး ဆောင်ရွက်ရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။ ကျွန်ုပ်တို့အတွက် ပြင်ဆင်ခွင့်အချိန်မှာ နည်းပါးသကဲ့သို့ ဘယ်လိုပုံသဏ္ဌာန်မျိုးနှင့် ရင်ဆိုင်မည်ဟု တိကျစွာပြင်ဆင်ခြင်းမျိုး မရှိသေးပါ။

မည်သို့ဆိုစေ ကျွန်ုပ်တို့သည် (ဖြစ်လာသည့် အခြေအနေအပေါ်မှာ)နောက်ဆုံးအထိ အစွမ်းကုန် ခုခံတိုက်ခိုက်သွားရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။

အင်ဖာသည် ကျွန်ုပ်တို့အား ကောင်းမွန်သည့် စားဖွယ်ရာများကို စီစဉ်ပေးပြီး အလျင်အမြန် ထွက်ခွာသွားတော့သည်။ သူ၏စကားများကို ကြားရသည်မှာ လွန်စွာ အားရဖွယ် ေ ာင်းလှပါသည်။ သူသည် ကျွန်ုပ်တို့အား ယနေ့ညကပွဲကြည့်ရှုရန် အမှောင်ရိပ်သမ်းချိန်တွင် လာရောက်ခေါ်မည်ဖြစ်ကြောင်း၊ ထိုအခါ သူနှင့် တစ်ပါတည်း စစ်သူကြီးအချို့ လိုက်ပါလာမည့်ဖြစ်ကြောင်း။ ထိုသူများမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ရာဂျာကို မလိုလားသူတွေဖြစ်ကြောင်း၊ ဘုရင်မင်းမြတ်အစစ်အမှန်ကို ယခုလို အထောက်အထားနှင့် တွေ့မြင်ပါက သူတို့လည်း လွန်စွာ ဝမ်းမြောက်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း။ ထိုအခါ သင်တို့ရဲ့ အမိန့်ကို နာခံရန် ထောင်ပေါင်းများစွာသော စစ်သားများ ရရှိလာမည် ဖြစ်ကြောင်း စသဖြင့် ပြောဆိုသွားလေ၏။

ကျွန်ုပ်တို့လည်း မမြင်ရသည့် အန္တရာယ်အတွက် စိတ်ပူပန်မနေတော့ဘဲ စားကောင်းသောက်ဖွယ်များကို ပြည့်ဝစွာ စားသောက်ပြီး အနားယူကြသည်။

ညအမှောင်ရိပ်သမ်းချိန်တွင် အင်ဖာသည် ကျွန်ုပ်တို့အား ကပွဲကြည့်ရှုရန် လာရောက်ခေါ်ဆောင်လေ၏။ သူ ပြောသကဲ့သို့ သူနှင့်အတူ စစ်သူကြီးဝတ်စုံဖြင့် လူခြောက်ဦး လိုက်ပါလာ၏။ သူတို့သည် ကာစင်ကို ကျေနပ်သည်အထိ စစ်ဆေးကြည့်ရှုပြီးသောအခါ ကာစင်၏ ခြေရင်းတွင် အစီအရီ ဒူးထောက်လိုက်ကြ၏။

၎င်းတို့သည် ဤသို့ ရောက်ရှိမလာခင်က ဘုရင်ရာဂျာ၏ စစ်သည်များဖြစ်သည်။

ရာထူးအာဏာနှင့် အရှိန်အဝါဟူသည်မှာ လွန်စွာ အံ့သြဖွယ် ကောင်းလှသည်။ ၎င်းတို့သည် အချိန်အခိုက်





အတန့် အတွင်းမှာပဲ ဘုရင်ရာဂျာအား စစ်မက်ပြုမည့် ရန်သူ၏ အာဏာစက်အောက်တွင် ရောက်ရှိနေလေပြီ။

ကျွန်ုပ်သည် ၎င်းအကြီးအကဲများထံမှ ရရှိသည့် အချက် အလက်များကို မှတ်သား၍ ဘုရင်ရာဂျာ၏ အားနည်းချက်များကို ရှာဖွေဖော်ထုတ်ပြီး ကျွန်ုပ်တို့၏ အားသာချက်များကိုလည်း စနစ်တကျ ပြင်ဆင်လေတော့၏။

ကျွန်ုပ်တို့လည်း ပြင်ဆင်မှုများ ဆောင်ရွက်ကြပြီး ဘုရင်ရာဂျာ ကပွဲသို့ တက်ရောက်ရန် အင်ဖာခေါ်ဆောင်ရာနောက်သို့ လိုက်ပါခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

## သဘာဝတရားကို အသုံးချခြင်း

ပြည့်ဝန်းသောလရောင်က ဖြောင့်တန်းစွာ ကျဆင်းလျက်ရှိ၏။

ကွင်းပြင်ကြီးအတွင်း၌ မီးတိုင်ပေါင်းများစွာ ထွန်းညှိစိုက်ထူထား၍ မြင်ကွင်းကို ထင်ရှားစွာ တွေ့ရလေသည်။ တာဝန်ကျ နေရာများသို့ ချီတက်သွားသော စစ်သားများ၏ခြေသံများမှာ ကျယ်လောင်စွာ ထွက်ပေါ်နေသည်။

ကွင်းပြင်ကြီးသို့ ကျွန်ုပ်တို့ ရောက်သွားသောအခါ လူနှစ်သောင်းခန့်သည် အစုအဖွဲ့လေးများခွဲ၍ နေရာယူထားကြသည်။ ၎င်းအစုအဖွဲ့များကြားတွင် လူသွားလမ်းမြောင်ကလေးများ ပြုလုပ်ထား၏။





ထိုလမ်းမြောင်လေးများ၌ စုန်းရှာဖွေသူတို့က စုန်ဆန်သွားလာမည်ဟု သိရ၏။

ကွင်းပြင်ကြီး အလယ်၌ ထိုင်ခုံအချို့ ချထား၏။ ကာစင်သည် စိတ်လှုပ်ရှားစွာဖြင့် ကျွန်ုပ်အနီးသို့ ကပ်ပြီးမေးလေ၏။

"အရှင် ... လရောင်က အရှင် ပြောသလို ဘယ်အချိန်မှာ မှောင်အတိကျသွားမလဲ"

"ကိုးနာရီ"

ကာစင်သည် ပင့်သက်ရှိုက်လျက် ပြည့်ဝန်းသောလကို မော့ကြည့်လေ၏။ သူ၏နှုတ်မှ တစ်စုံတစ်ရာကို ရွတ်ဆိုနေပုံရ၏။

သူ မည်သို့ခံစားနေရမည်ကို ကျွန်ုပ် သိပါသည်။ ကျွန်ုပ်တို့အားလုံးသည် ဘယ်လိုအခြေအနေမျိုးနှင့် ရင်ဆိုင်ရမည်ကို ဘယ်သူမှ မသိနိုင်ကြပါ။

ကွင်းပြင်ကြီးတွင် စနစ်တကျပြင်ဆင်ထားသည်မှာ သွန်စွာကြီးကျယ်ခမ်းနားလှသည်။ ဘုရင်ရာဂျာ၏ တန်ခိုးရှိန်ဝါ အဘယ် မျှ ကြီးမားသည်ကို ၎င်းအပြင်အဆင်များကိုကြည့်၍ ကောင်းစွာခန့်မှန်းနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ ဝေးမောကြည့်ရှုနေစဉ်မှာပဲ များပြားလှသော မိန်းမပျိုလေးများ၏ လည်ချောင်းမှ ထွက်ပေါ်လာသော သီချင်းသံကို ကြားရလေ၏။

သီချင်းစာသား အားလုံး၏ အဓိပ္ပာယ်ကို ကျွန်ုပ်လိုက်မမီပါ။

လှသားတို့၏ မျှော်လင့်ချက်အမျိုးမျိုး၊ စိုးရိမ်ကြောက်လန့်ခြင်းနှင့် မြူးတူးပျော်ရွှင်ခြင်းအကြောင်းတို့ကို ဖော်ပြထားခြင်းဖြစ်သည်။

သီချင်းဟု ထင်မှတ်ရသော်လည်း တစ်ခါတစ်ရံ စစ်သီချင်းသံစဉ်ကဲ့သို့ ပြောင်းသွား၏။

ကျွန်ုပ် တိကျစွာ မှတ်သားမိသည်က သီချင်း၏ နောက်ဆုံးအပိုဒ်ဖြစ်သည်။ ဝမ်းနည်းကြေကွဲဖွယ်သံစဉ်ဖြင့် အဆုံးသတ် သွားပုံမှာ ငိုရှိုက်လိုက်သကဲ့သို့ ဖြစ်လေ၏။ အသည်းကွဲအသံမျိုးပင်ဖြစ်သည်။

၎င်းအသံလှိုင်းသည် တဝေ့ဝေ့ လွင့်ပျံသွားပြီး ကျွန်ုပ်တို့ သွေးများကို ခဲသွားစေသည်ဟု ထင်မှတ်ရသည်။

ဝန်းကျင်တစ်ခွင်လုံး ကြောက်မက်ဖွယ် ကောင်းအောင် တိတ်ဆိတ်သွားလေ၏။





မိန်းမပျိုကလေးများသည် ဘုရင်ကြီး၏ နန်းတော်ရှေ့မှာ ပန်းတွေဝေအောင် ပန်ထားကြပြီး လက်တစ်ဖက်တွင် သစ်ရွက်ကြီးကို ကိုင်ထားကြ၏။ ပန်းပွင့်ဖြူတစ်ပွင့်ကို အခြားလက်တစ်ဖက်ဖြင့် ကိုင်ထားလေသည်။

လရောင်ဖြာကျနေသည့် ကွင်းအလယ်၌ ဘုရင်ရာဂျာထိုင်နေ၏။ စုန်းမကြီးမှာ ဘုရင်၏ခြေရင်းတွင်ရှိနေသည်။

၎င်းတို့အနီးတွင် သက်တော်စောင့် ရှစ်ဆယ်ဦးခန့် ဝန်းရံထားသည်ကို တွေ့ရ၏။

ဘုရင်ရာဂျာနှင့် စုန်းမကြီး ပါယ်ဝဲတို့က ကျွန်ုပ်တို့ထဲမှ ကာစင်ကို ခက်ထန်စွာ ကြည့်နေလေသည်။

"သင်တို့ရောက်လာကြပြီပေါ့။ ကျွန်ုပ်တို့ရဲ့ ဘုန်းတန်ခိုးရှိန်ဝါ ဘယ်လောက်မြင့်မားတာကို သင်တို့ မကြာမီ တွေ့ရပါလိမ့်မယ်၊ တမလွန်မှာ ဒီလိုပွဲမျိုး သင်တို့ကြည့်ရမှာမဟုတ်ဘူး၊ အားရပါးရ ကြည့်သွားကြ ... ဟား ... ဟား ... ဟား ..."

ကာစင်က မခံမရပ်နိုင်ဖြစ်သွားပြီး တုံ့ပြန်ပြောရန် ဟန်ပြင်လိုက်တာကို ကျွန်ုပ် အချိန်မီ တားဆီးလိုက်ရ၏။ ဤသို့သော အခြေအနေမျိုးတွင် အချိန်ကိုဆွဲနိုင်သမျှ ဆွဲဆန့်ထားရန် အရေးကြီးသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ကပွဲစတင်လေရာ ကျွန်ုပ်တို့တစ်သက်တွင် ဘယ်တုန်းကမှ မကြားဖူး မကြုံဖူးသည့် အဆုံးစွန် ရက်စက်မှုများကို တွေ့ရတော့၏။

အစုအဖွဲ့လိုက်ရပ်နေသော မိန်းမပျိုလေးများက သတ်မှတ်ထားသော မြေကွက်လပ်သို့ တစ်ဖွဲ့ချင်းထွက်ကြပြီး ပန်းပွင့်ဖြူများ ငှေ့ယမ်းလျက် သီချင်းသီကျူးကြလေ၏။

အလင်းရောင်ခြည်ဖျော့ဖျော့အတွင်း၌ မိန်းမပျိုများသည် ဝိုင်းကာပတ်ကာ ကလိုက်၊ စစ်တိုက်ရန် ရှေ့သို့ချီတက်လိုက်၊ နောက်သို့ပြန်ဆုတ်လိုက်နှင့် ကြည့်ရှုသူများ နှစ်သက်ဖွယ် ကပြသရုပ်ဆောင်နေကြသည်။

မိန်းမပျိုကလေးများက မိမိတို့အစုအဖွဲ့လိုက် ကနေခြင်းဖြစ်၍ တစ်ဖွဲ့ပြီးဆုံးသည်နှင့် နောက်တစ်ဖွဲ့က ဝင်ရောက်ကပြလေ၏။ ထို့ကြောင့် ၎င်းကပွဲ ပြီးဆုံးရန် အချိန်များစွာ ကြာမြင့်မည်ဖြစ်သည်။

၎င်းအခြေအနေမှာ ကျွန်ုပ်တို့အတွက် မထင်မှတ်ပဲ ရရှိလိုက် သော အခွင့်အရေးတစ်ခုပင်ဖြစ်သည်။

ဝန်းရံလျက်ရှိနေသော စစ်သည်များအတွင်း၌ ကျွန်ုပ်နှင့် တွေ့ဆုံခဲ့သည့် စစ်ခေါင်းဆောင်အချို့ကို တည်ငြိမ်သောအသွင်ဖြင့် တွေ့နေလေ၏။





ကျွန်ုပ်သည် ပြည့်ဝန်းသော လမျက်နှာပြင်ကို မကြာခဏ မော့ကြည့်ရင်း အကြိမ်ကြိမ် သက်ပြင်းချမိသည်။ ကျွန်ုပ် သတ်မှတ်သည့် အချိန်သို့ရောက်ရန် မိနစ်အနည်းငယ်သာ လိုတော့ကြောင်း သိနေ၍ လွန်စွာစိတ်လှုပ်ရှားနေမိသည်။ တကယ်တော့ ကျွန်ုပ်သည် သဘာဝတရားနှင့် ကျွန်ုပ်တို့၏ ကံကြမ္မာကို လောင်းကြေးထပ်ခဲ့ခြင်းဖြစ်သည်။

၎င်းတို့အား အစိုင်အမာ ပြောဆိုခဲ့သည့်အတိုင်း ဖြစ်မလာဘဲ သဘာဝတရားက ဖောက်ပြန်သွားပါက ကျွန်ုပ်တို့၏ ကံကြမ္မာမှာ မတွေးဝံ့ဖွယ် ဖြစ်ပေတော့မည်။

ကျွန်ုပ်သည် အမူအရာမပျက် ရှိနေသော်လည်း ရင်ထဲ၌ များစွာမွန်းကျပ်နေရ၏။ ထိုစဉ်မှာပဲ ရုတ်တရက် ရင်ဆိုင်ရသည့် ဖြစ်ရပ်ကြောင့် ကျွန်ုပ်တို့ အစိုးရိမ်ဆုံး အခြေအနေနှင့် ရင်ဆိုင်ရတော့သည်။

မိန်းမပျိုလေးများမှာ အစုအဖွဲ့လိုက် က,နေရာမှ တစ်ဦးချင်းအလိုက် က,ကြပြန်၏။ မိန်းမပျိုတစ်ဦးက ကျွန်ုပ်နှင့်အနီးဆုံးနေရာသို့ ရောက်ရှိသည်အထိ တိုးကပ်ပြီး ကခုန်လေရာ ကျွန်ုပ်လည်း အသေအချာ ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ကို ဝန်ခံရလျှင် ၎င်းမိန်းမပျိုလေးကို မြင်ရသည့် တဒင်္ဂအတွင်း ခန္ဓာကိုယ်အတွင်း လှည့်ပတ်နေသောသွေးများ ရပ်တန့်သွားသလို တုန်လှုပ်ခံစားသွားလေ၏။ ကျန်းမာသန်စွမ်းသော ငယ်ရွယ်သူဖြစ်၍ အမျိုးသမီးများနှင့် ထိတွေ့ ဆက်ဆံခြင်းမှာ ကျွန်ုပ်အဖို့ မထူးဆန်းသော ကိစ္စတစ်ခုဖြစ်သည်။ မိန်းမချောလေးများစွာကိုလည်း တွေ့မြင်ဖူးပါ၏။ ယခုလိုခံစားမှုမျိုး တစ်ကြိမ် တစ်ခါမှ မဖြစ်ဖူးခဲ့။

ကျွန်ုပ်တို့နှစ်ဦး အကြည့်ချင်း ဆုံမိကြသည်။ လှပသော မျက်ဝန်းလေးက ဝိုင်းစက်သွားပြီး ကျွန်ုပ်ကဲ့သို့ တအံ့တသြ ဖြစ်သွားလေ၏။ ကျွန်ုပ် တွေးမရအောင် ဖြစ်ရပါ၏။

၎င်းမိန်းမပျိုကလေးအလှည့် ပြီးဆုံးသောအခါ သူမကဲ့သို့ မိန်းမပျိုကလေးများ တစ်ယောက်ပြီးတစ်ယောက် က,ကြလေ၏။ သို့သော် ... နောက်ပိုင်းမိန်းမပျိုကလေးများမှာ တင့်တယ်လှပခြင်း၌ ပထမဆုံးမိန်းမပျိုကို မမီကြပါ။

လက်ရွေးစင် မိန်းမပျိုများ က,ပြီးသောအခါ ဘုရင်ရာဂျာသည် လက်ကိုမြှောက်လိုက်၏။ ထိုအခါတွင် ဝန်း





ကျင်တစ်ခွင်သည် ကြောက်မက်ဖွယ်ကောင်းအောင် တိတ်ဆိတ်သွားလေသည်။

ဘုရင်ရာဂျာက ကျွန်ုပ်အား စူးစိုက်ကြည့်လျက် ...

“ဘယ်မိန်းကလေး အလှဆုံးလို့ သင်ထင်လဲ”

ဟု မေး၏။ ကျွန်ုပ်လည်း တွေဝေမနေဘဲ စိတ်ထဲစွဲနေသည့် ပထမဆုံးမိန်းမပျိုကို အလှဆုံးဟု ပြောလိုက်သည်။

ကျွန်ုပ်စကားကို ပြန်ရုပ်သိမ်းခွင့်မရှိတော့ပါ။ ထိုသို့ ပြောလိုက်မိခြင်းအတွက် တဒင်္ဂအတွင်း ယူကျုံးမရ ခံစားရလေ၏။

အလှပဆုံး မိန်းမပျိုကို ယစ်ပူဇော်မည်ဟု အင်ဖာ ပြောခဲ့သောစကားကို အမှတ်ရမိသောကြောင့်ဖြစ်သည်။

“ကျုပ်လည်း သင့်လိုပဲ ယူဆတယ်၊ ဟုတ်တယ် သူဟာ အလှဆုံးပဲ။ သူ့အဖို့တော့ ဝမ်းနည်းစရာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ သူ သေရမယ်”

စုန်းမကြီး ပါလ်ဝဲ၏ လျင်သောမျက်လုံးတွေက ကံကြမ္မာဆိုးအား မသိရှာသော မိန်းမပျိုကို ကြည့်နေလေ၏။ မိန်းမပျိုသည် ဆယ်ကိုက်အကွာ၌ ရပ်နေပါသည်။

“ဘာကြောင့်လဲ ဘုရင်ကြီး”



www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်နေလျက်က ကျွန်ုပ် စကားသံမှာ တုန်ယင်သွားသည်။

"ဒါ ကျုပ်တို့ ထုံးစံပဲ၊ နတ်များကို ယစ်ပူဇော်ပသရမယ်၊ အဲဒီလို ပြုလုပ်တာဟာ ကျုပ်ရဲ့တန်ခိုးသြဇာကို မြှင့်တင်ခြင်းပဲ။

ထို့နောက် သူသည် သက်တော်စောင့်များဘက်လှည့်၍ ...

"မိန်းမပျိုကို ဒီခေါ်လာခဲ့၊ သားတော် ... မင်းလုံ့သွားထက်မြက်ပါစေ"

ဟု ပြောလိုက်ရာ လူနှစ်ယောက်ရှေ့သို့ ထွက်လာ၏။

မိန်းမပျိုသည် ယခုမှပင် အခြေအနေကို သိတော့သည်။ သူမက အော်ဟစ်ငိုလိုက်ပြီး ထွက်ပြေးရန် ကြိုးစားသော်လည်း သန်မာသောလက်များက ဖမ်းချုပ်ပြီးသားဖြစ်သွားသည်။

ဘုရင်ရာဂျာ၏ အဓိပ္ပာယ်မရှိသော လုပ်ရပ်ကြောင့် ကျွန်ုပ်၏အသားများ တဆတ်ဆတ်တုန်ယင်သည်အထိ မခံမရပ်နိုင် ဖြစ်ရသည်။





ရှိုက်ငိုယိုနေသော မိန်းမပျိုကို ကျွန်ုပ်နှင့် အလှမ်းမကွာသည့် နေရာအထိ ခေါ်ဆောင်လာ၏။

"ကောင်မလေး ... နင့်နာမည် ဘယ်လိုလဲ"

စုန်းမကြီးပါလ်ဝဲက မေးလေ၏။ မိန်းမပျိုသည် ကြောက်လန့်တုန်လှုပ်စွာ ရပ်လျက် ...

"အိုအမေ ကျွန်မအမည် ဖူလာ ဖြစ်ပါတယ်။ ဘာပြုလို့ ကျွန်မ သေရမှာလဲ။ ဘယ်လိုအမှားကိုမှ ကျွန်မ မလုပ်ခဲ့ပါဘူး"

ထိုအခါ မိန်းမအိုကြီးက မုန်းစရာကောင်းသည့်အသံဖြင့် ရယ်လျက် ...

"သက်သောင့်သက်သာ ဖြစ်အောင် နေပါ သမီးရယ်"

ဟု ပြောလေရာ ကျွန်ုပ်သည် စိတ်ထဲမှ ဆဲနည်းမျိုးစုံဖြင့် ဆဲပစ်လိုက်သည်။

"ဟိုးအဝေးကြီးမှာ စံနေတဲ့ နတ်မင်းကြီးအတွက် ယစ်ပူဇော်ခွင့်ရတာ သမီးအတွက် အလွန်မွန်မြတ်တဲ့ ကုသိုလ်ကောင်းမှုပါ။ နေ့ဘက်မှာ ပင်ပန်းနွမ်းနယ်နေရခြင်းထက် ညဘက်မှာ အိပ်ရတာက ပိုကောင်းပါတယ်။ အသက်ရှင်နေရခြင်းထက် သေခြင်းက ပိုကောင်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သမီးဟာ လွန်စွာအခွင့်ထူးထဲ့ ဘုရင့်သားတော်ရဲ့ တော်ဝင်လက်နဲ့ သေရမှာပါ”

အော်ဟစ်ငိုယိုပြီး ပြောလိုက်သော မိန်းမပျို၏ စကားများမှာ ကြားရသူအဖို့ နှလုံးကြေကွဲမတတ် ခံစားရစေသည်။

“အို ... ရက်စက်လှချေလား။ ကျွန်မ ပျိုမွယ်လှပါသေးတယ်၊ ညအချိန်ကုန်လွန်ပြီး နေထွက်တာကို ကျွန်မ ဘာဖြစ်လို့ ထပ်မံပြီး မမြင်ရတော့မှာလဲ။ ဆီးနှင်းထုထုထဲမှာ ကျွန်မ ပန်းလည်းမကောက်ရတော့ဘူး။ ရေစီးသံရယ် မောတာကိုလည်းမကြားရတော့ဘူးလား။ ကျွန်မ ဖေဖေရဲ့ တဲကလေးကို ဘယ်တော့မှ ပြန်မမြင်ရတော့မဲ့အပြင် မေမေ့ အနမ်းကိုလည်း မခံယူရတော့ဘူးပေါ့။ နေမကောင်းတဲ့ သိုးကလေးကို ကျွန်မ မပြုစုရတော့ဘူး။ ကျွန်မကို ချစ်မဲ့ သူက ကျွန်မကိုပွေ့ဖက်ပြီး ကျွန်မ မျက်လုံးအစုံကို မကြည့်ရတော့ဘူးပေါ့။ ပြီးတော့ ကျွန်မက သားယောကျ်ား မွေးဖွားမပေးရတော့ဘူးပေါ့။ အို ... ရက်စက်တယ် ... ရက်စက်တယ် ... ရက်စက်တယ်”

မိန်းမပျိုသည် မိုးကောင်းကင်ကို မော့ကြည့်ရင်း ငိုကြွေးနေခြင်းဖြစ်သည်။ ဦးခေါင်း၌ ပန်းများနှင့် မျက်ရည်





စက်လက်ဖြစ် နေသော်လည်း လရောင်ဖြင့် သူမ အလှတွေက ပေါ်လွင်လှ၏။

ဤမျှ လှပချောမောသော မိန်းမပျိုသည် အပြစ်တစ်စုံတစ်ရာကျူးလွန်ခြင်းမရှိဘဲ ရက်စက်စွာ သတ်ဖြတ်ခံရမည့်အဖြစ်ကို ဘယ်လိုခံနိုင်ရည်ဖြင့် ကျွန်ုပ်တို့ ကြည့်ရှုနိုင်ပါ့မလဲ။

ဘုရင့်သားတော် လူငယ်က ခြေတစ်လှမ်း တိုးပြီး အသင့်ပြင်လိုက်ရာ ကျွန်ုပ်၏ ထိန်းချုပ်နိုင်စွမ်းလည်း လွတ်ထွက်သွားတော့သည်။ ကျွန်ုပ်သည် ပစ္စတိုကိုထုတ်၍ ခြေတစ်လှမ်းတိုးလိုက်ပြီးဖြစ်သည်။

မိန်းမပျိုသည် မိန်းမသဘာဝ လျင်သောအသိဖြင့် ကျွန်ုပ်၏စိတ်ကို သိသွားလေသည်။ ချက်ချင်းပင် ကျွန်ုပ် ခြေအစုံကို ပွေ့ဖက်ပြီး ...

“အို ... စွမ်းအားရှင် လူသူစိမ်းများ ... ဤမျှ ရက်စက်ကြမ်းကြုတ်သူများ၏ သတ်ဖြတ်ခြင်းမှ ကျွန်မကို ကယ်တင်ပေးပါ

ဟု ပြောဆိုတော့သည်။ ရှေ့သို့တိုးမိသော ခြေတစ်လှမ်းအတွက် ဖြစ်သမျှကို ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ မိန်းကလေး၊ မင်းကို ငါ စောင့်ရှောက်ပါ့မယ်"

ဟု ပြောပြီး ကျွန်ုပ်သည် ကိုယ်ကို ကိုင်းညွတ်လျက် မိန်းမပျိုကို ဆွဲထူလိုက်သည်။ အခြေအနေမှာ လွန်စွာ ရှုပ်ထွေးသွားလေပြီ။ ဘုရင့်သားတော်က လှံကိုပင့်မြှောက်လိုက်သည်နှင့် ...

"ဒိုင်း"

၎င်းကိုင်ဆောင်ထားသော လှံသည် အဝေးသို့ လွင့်စဉ်သွား၏။ သေနတ်သံကြောင့် လူအုပ်ကြီး၏ အထိတ်တလန့် အော်ဟစ်သံများ ထွက်ပေါ်လာ၏။ ဘုရင်ရာဂျာ၏ သက်တော်စောင့်များက ၎င်းအခြေအနေကို တည်ငြိမ်အောင် အချိန်အနည်းငယ်အတွင်း ထိန်းလိုက်နိုင်သည်။

လှံကိုင်ထားသောလက်ကို ကျည်ဆန်ထိမှန်သွားသော ဒဏ်ရာကြောင့် ဘုရင့်သားတော်လူငယ်သည် ငြီးတွားနေလေသည်။ ဘုရင်ရာဂျာသည် မီးတောက်မတတ် မျက်ဝန်းဖြင့် ကျွန်ုပ်အား စူးရဲစွာကြည့်နေသည်။

ကျွန်ုပ်အတွက် များစွာအခက်တွေ့စေသည်မှာ မိန်းမပျိုလေးပင်ဖြစ်သည်။ သူမသည် အကြောက်လွန်ကဲပြီး ကျွန်ုပ်အား ဖက်တွယ်ထားသောကြောင့်ဖြစ်သည်။





စုန်းမကြီးပါလ်ဝဲ၏ ကျိန်ဆဲသံများက မရပ်မနား ထွက်ပေါ်လာ၏။ ကျွန်ုပ်သည် ဘုရင်ရာဂျာ တစ်စုံတစ်ရာ မဆောင်ရွက်ခင်မှာပဲ သူ့အား တည့်မတ်စွာ ချိန်ရွယ်ထားပြီးဖြစ်သည်။

ကာစင်၊ စိုင်းဆဲထူးနှင့် ကျော်စွာတို့မှာ ကျွန်ုပ်အနီးသို့ ရောက်လာပြီး ကျောချင်းယှဉ်ရပ်လျက် ၎င်းတို့အား သေနတ်ဖြင့် ချိန်လိုက်ကြ၏။

ကျွန်ုပ်တို့၏ လှုပ်ရှားမှုမှာ လွန်စွာ လျင်မြန်နေပါသည်။

"အို ... သက်တော်စောင့်များ၊ ဒီလူတွေကို ဖမ်းကြစမ်း"

ဘုရင်ရာဂျာက ဒေါသဖြင့် အော်ဟစ်လိုက်လေရာ အိမ်ကြီးနောက်ဘက်မှ လက်နက်ကိုင်လူများ လျင်မြန်စွာ ပြေးထွက်လာကြသည်။ ထိုသူများကို ဘုရင်ရာဂျာသည် ကြိုတင်ပြီး စီစဉ်ထားသည်မှာ ထင်ရှား၏။

သို့သော်လည်း ကျွန်ုပ်တို့က လက်ဦးမှုရှိနေပြီဖြစ်၍ ၎င်းအစောင့်များမှာ ရှေ့မတိုးဝံ့ဘဲ ဖြစ်နေကြသည်။ ကျွန်ုပ်နှင့် ကျောချင်းကပ်လျက်ရှိနေသော ညီငယ်များက ရိုင်ဖယ်သေနတ်ကို မောင်းတင်လိုက်၍ "ဖြောင်း"ဟု ထွက်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



သွားသောအသံကြောင့် ရာဂျာ၏ စစ်သည်များမှာ အထိတ်တလန့် နောက်ဆုတ်သွားလေသည်။

ကျွန်ုပ်သည် ရုတ်တရက် မည်သို့ဆုံးဖြတ်ရမှန်းမသိဖြစ်နေစဉ် ဖြောင့်တန်းစွာ လင်းနေသော လရောင်မှာ တဖြည်းဖြည်း ဝပ်ဆင်းသွားတာကို သတိပြုလိုက်မိ၏။

ကံကြမ္မာက ကျွန်ုပ်တို့ကို ဖေးမလိုက်ပြီဟု ကျွန်ုပ်ကောင်း စွာသိလိုက်သဖြင့် ၎င်းအခွင့်အရေးကို အမိအရအသုံးချလိုက်တော့သည်။

"ဒီမှာ ဘုရင်ကြီး ... သင့်ကြောင့် သင့်ပြည်သူတွေဘယ်လောက် ဒုက္ခဆင်းရဲနဲ့ ရင်ဆိုင်ကြရတာကို မကြည့်ရက်လို့ သဘာဝတရားကြီးက သင့်ကို ဒဏ်ခတ်နေပြီ။ ပြည့်ဝန်းတဲ့လဟာ သင့်ကြောင့် ငိုကြွေးနေတာကို ကြည့်လိုက်စမ်းပါ။ အို ... ပြည် သူအပေါင်းတို့ သဘာဝတရားက သင်တို့ကံကြမ္မာအတွက် ငိုကြွေးနေပြီ။ သင်တို့ရဲ့ မင်းဆိုးမင်းညစ်ကို သင်တို့ကိုယ်စား သုတ်သင်ဖယ်ရှားဖို့ ကျွန်ုပ်တို့ရောက်ရှိလာခြင်းဖြစ်တယ်၊ သင်တို့အား ဖိနှိပ်ချုပ်ချယ်ထားတဲ့ မိစ္ဆာအယူဝါဒတွေကို ဖယ်ရှားပြီး သင်တို့ရဲ့ စစ်မှန်တဲ့ဘုရင်မင်းမြတ်ကို တင်မြှောက်မှာဖြစ်တယ်။ ယနေ့အချိန်ကစလို့ သင်တို့အား အစဉ်အဆက် လွှမ်းမိုးထားတဲ့





အကြောက်တရားတွေကို သဘာဝတရားကြီးက ဖယ်ရှားလိုက်တာ သင်တို့ ကြည့်ကြလော့ ..."

ကျွန်ုပ် စကားသံကို ကြားရသော ဘုရင်နှင့်တကွ ပြည်သူများမှာ အံ့သြငေးမောသွားလေ၏။ ကျွန်ုပ်တို့အား သူ၏ လှောင်အိမ်အတွင်းက သိုးငယ်များပမာ သဘောထားသော ဘုရင်ရာဂျာသည် ကျွန်ုပ်တို့ထံမှ ဤသို့ ပြုလာလိမ့်မည်ဟု အနည်းငယ်မျှ ထင်မှတ်မထားခဲ့။

ကျွန်ုပ်သည် လက်နက်အသင့်ဖြင့် အခြေအနေစောင့်ကြည့်နေစဉ်မှာပဲ လအရွယ်ပမာဏ တစ်ဝက်သည် မည်းမှောင်သွားပြီး ဝန်းကျင်တစ်ခွင်သည် ပို၍ ပို၍ မှောင်မည်းလာတော့၏။

လူထုကြီးက ကောင်းကင်ကိုသာ ငေးစိုက်ကြည့်နေကြပြီး သက်မဲ့သဖွယ် တုန်လှုပ်ချောက်ချား နေကြ၏။ တချို့ဆိုလျှင် ဂါထာမန္တာန်များကို ရွတ်ဆိုနေကြလေသည်။

အဆိုးဝါးဆုံးမှာ စုန်းမကြီး ပါလ်ဝဲ၏ မကျေမနပ်ဆဲဆိုနေခြင်းပင်။ သူမက ...

"အို ... ရဲမက်တို့ လမင်းအသက်ထွက်အောင်လူသူစိမ်းတို့ သတ်လိုက်ကြပြီ။ သူတို့ဟာ ငါတို့တိုင်းပြည်



www.burmeseclassic.com

www.burmeseclassic.com



အတွက် မကောင်းဆိုဝါးတွေပဲ၊ သူတို့ကို ချက်ချင်း သုတ်သင်ကြပါ”

ဟု ကတုန်ကယင် အော်ဟစ်လိုက်လေ၏။ အမှောင်တွင်း၌ ဟိန်းထွက်သွားသော သူမအသံကို ကြားရသည်မှာ လွန်စွာကြောက်မက်ဖွယ် ကောင်းလေသည်။

တုံ့ဆိုင်း တွေဝေနေသော ဘုရင်ရာဂျာနှင့် သူ၏ ရဲမက်များလည်း ၎င်းအသံကြောင့် အသိဝင်လာပြီး ကျွန်ုပ်တို့အား တိုက်ခိုက်ရန် ပြင်ဆင်ကြ၏။

ကျွန်ုပ်တို့အား ဝင်ရောက်တိုက်ခိုက်မည့် ရန်သူများကို ခန့်မှန်းထားပြီးဖြစ်သည်။

၎င်းတို့မှာ ဘုရင်ရာဂျာ၏ သက်တော်စောင့် လက်ရွေးစင်စစ်သည်များဖြစ်သည်။

“ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒိုင်း ...”

ကျွန်ုပ်တို့၏ တုံ့ပြန်မှုများမှာ လွန်စွာမြန်ဆန်လှ၏။ ဘုရင်ရာဂျာ၏ သက်တော်စောင့် စစ်သည်များမှာ မချိမဆန့် ညည်းညူလျက် ကျဆုံးသွားလေ၏။

မလွဲသာသည့် အခြေအနေရောက်မှ သေနတ်ကို အသုံးပြုကြရန်နှင့် လူထုကို ထိခိုက်စေမည့် ပစ်ကွင်းမျိုးကို ရှောင်ရှားရန် ကျွန်ုပ်တို့ ဆုံးဖြတ်ထားပြီးဖြစ်သည်။ ယခု





လည်း ကျွန်ုပ်တို့အား အမှန်တကယ် အန္တရာယ်ပြုမည့် သူများကိုသာ ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။

လရောင် ကွယ်ပျောက်၍ မှောင်မိုက်လာသည်က တစ်ကြောင်း၊ မိုးချုန်းသံကဲ့သို့ မြည်ဟည်းသွားသော သေနတ်သံများကြောင့် တစ်ကြောင်းတို့ကြောင့် လူထုကြီးသည် ဘယ်လိုမှထိန်းမရလောက်အောင် ကြောက်လန့်ကာ အော်ဟစ်လျက် အကွဲကွဲ အပြားပြား ထွက်ပြေးကြလေ၏။

မိနစ်အနည်းငယ်အတွင်း ကွင်းပြင်ကြီး အတွင်း၌ ကျွန်ုပ်တို့လူစု၊ ဖူလာနှင့် စစ်သူကြီးအင်ဖာတို့သာ ကျန်ရှိတော့သည်။ ထိုစဉ် မီးတိုင်များ ကိုင်ဆောင်ထားသည့် လူတစ်စုကို တွေ့လိုက်ရ၍ ကျွန်ုပ်တို့လည်း လက်နက်များကို အသင့်ပြင်လိုက်ပြီးမှ ပြန်၍ရုပ်သိမ်းရလေ၏။

၎င်းလူတစ်စုမှာ အင်ဖာနှင့်အတူ ကျွန်ုပ်တို့ထံရောက်ရှိလာသော စစ်သူကြီးခေါက်ဦးတို့ဖြစ်ကြောင်း သိရှိ၍ ဖြစ်သည်။

ဘုရင်ရာဂျာ၏ သက်တော်စောင့်များအလောင်းကို မီးတုတ်များမှ အလင်းရောင်ဖြင့် မြင်ရလေ၏။ ၎င်းမီးရောင်များကြောင့် ကျွန်ုပ်သည် အသက်အန္တရာယ် သေဆုံးဖွယ်အဖြစ်မှ မထင်မှတ်ဘဲ လွတ်မြောက်ခဲ့ရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဖူလာ ဟူသော မိန်းမပျိုလေး၏ လျှင်သောအသိကြောင့်ဖြစ်သည်။ ဒဏ်ရာပြင်းစွာ ရရှိထားသော်လည်း အသက်မသေဘဲ ရှိနေသော ဘုရင်ရာဂျာ၏ သားဖြစ်သူမှာ အကွက်ကောင်းကို ချောင်းလျက် ကျွန်ုပ်နောက်ကျောအား လှံဖြင့် ပြေးထိုးရန် ဟန်ပြင်လိုက်တာကို မိန်းမပျိုလေး ဖူလာက တွေ့မြင်ပြီး အထိတ်တလန့် အော်လိုက်ရာ ကာစင်သည် သွက်လက်စွာ လှုပ်ရှားလိုက်၏။

ကာစင် ပစ်လိုက်သောဓားမှာ ဘုရင်ရာဂျာ၏ သားဖြစ်သူ ရင်ဝသို့ တည့်မတ်စွာစိုက်ဝင်သွား၏။ လွန်စွာအားပါသည့် ပစ်အားဖြစ်သောကြောင့် ဓားမှာ တစ်ဆုံးစိုက်ဝင်သွားလေသည်။ ၎င်းဓားကို မီးတိုင်အလင်းရောင်ဖြင့် ကျွန်ုပ်တို့အားလုံး ထင်ရှားစွာ မြင်ရလေ၏။

ကာစင်နှင့်အတူ မခွဲမခွာ ရှိနေသည့် ရစ်စတန် ဘုရင်များ ကိုင်ဆွဲသော နန်းစဉ်ဓားပင်ဖြစ်သည်။ ကျွန်ုပ်သည် တုံ့ဆိုင်းမနေတော့ဘဲ …

"အကြီးအကဲများ … သင်တို့ပြောတဲ့နေရာကို အလျင်အမြန်သွားကြမှဖြစ်မယ်။ ကျုပ်တို့အားလုံးအတွက် ကြိုတင်ပြင်ဆင်ချိန် ဒီတစ်ညပဲရှိတော့တယ်"





ဟု ပြောလိုက်သည်နှင့် ထွက်ခွာရန် ပြင်ဆင်လေ၏။ ကျွန်ုပ်တို့ တံခါးမကြီးသို့ မရောက်မီမှာပဲ လသည် လုံးလုံးလျားလျား ပေါ်ပေါက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

## ကျွန်ုပ်တို့၏ကံကြမ္မာ

ကျွန်ုပ်တို့သည် အမှောင်တွင်း၌ အလျင်အမြန်သွားလ ကြရာ ရစ်စတန်ပြည် အကြီးအကဲများဖြစ်သည့် အင်ဖာနှင့် ပုဂ္ဂိုလ်ခြောက်ဦးတို့၏ စစ်သည်များရှိရာ တောင်ခြေသို့ ရောက်ရှိလာကြသည်။

ကျွန်ုပ်တို့ ရောက်သည်နှင့် အချိန်ကြာမြင့်စွာ လ, ငပုပ်ဖမ်းခြင်းမှာ ပြီးဆုံးစပြုနေပြီဖြစ်၍ လရောင်သည် တဖြည်းဖြည်း ပြန်လည်ထွက်ပေါ်လာလေ၏။

ကျွန်ုပ်တို့ မှန်းထားသည်ထက် များပြားသော စစ်သည်များကို တွေ့ရ၍ လွန်စွာအားရဖွယ် ကောင်းလှသည်။





စစ်သည်အင်အား တစ်သောင်းခန့်ရှိကြောင်း ကျွန်ုပ်တို့ သိရ၏။ ၎င်းတို့သည် လမျက်နှာပြင်ပေါ်မှ ဖယ်ခွာစပြုနေသော အမည်းစက်များကို ကြည့်လိုက်၊ ကျွန်ုပ်တို့ကို ကြည့်လိုက်ဖြင့် အကြိမ်များစွာ ပြုလုပ်နေလေရာ ၎င်းတို့ ဘာကြောင့် ထိုသို့ဖြစ်နေကြသည်ကို ကျွန်ုပ်သည် အချိန်အနည်းငယ်အတွင်း ကောင်းစွာသိလိုက်တော့သည်။

၎င်းအသိနှင့်အတူ စိတ်မကောင်းစွာ ခံစားနေလေ၏။

၎င်းတို့သည် အကြား၊ အမြင်နှင့် အသိဉာဏ်အရာတွင် အဘယ်မျှ နိမ့်ကျလျက်ရှိသည်ကို ဤဖြစ်ရပ်ကိုကြည့်၍ ကောင်းစွာသုံးသပ်နိုင်ပါသည်။

ကျွန်ုပ် ဖော်ပြခဲ့ပြီး ဖြစ်သလို ကျွန်ုပ်တို့အားလုံးမှာ ဘုရင်ရာဂျာ၏ လှောင်အိမ်အတွင်းက သိုးငယ်များဘဝ ဖြစ်ခဲ့ရသည်။ မမျှော်လင့်ဘဲ အကြောင်းတိုက်ဆိုင်လာသည့် ကံတရား အလှည့်အပြောင်းကြောင့် ကျွန်ုပ်တို့အားလုံး ထိုအခြေအနေမှ လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။

မကြာခဏ ခရီးသွားသူ ကျွန်ုပ်အဖို့ ကျွန်ုပ်နှင့် မခွဲမခွာပါရှိသည့် အရာများစွာတွင် နက္ခတ်ပညာရှင်များ စုစည်းထုတ်ဝေသော ပုံနှိပ်စာအုပ်မှာ တစ်ခုအပါအဝင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ၎င်းစာအုပ်ပါ အချက်အလက်များမှာ ကျွန်ုပ်ခရီးစဉ်အတွက် ကျွန်ုပ်အသုံးပြုသော ရိုင်ဖယ်သေနတ်ကဲ့သို့ လွန်စွာအသုံးဝင်လှ၏။

ကျွန်ုပ် မှတ်တမ်းရေးစဉ်က ၎င်းစာအုပ်ကို အကြောင်းတိုက်ဆိုင်၍ ထုတ်ကြည့်မိစဉ် စာအုပ်အတွင်း၌ လငပုပ်ဖမ်းမည့်နေ့နှင့် အချိန်ကို တွက်ချက်ဖော်ပြထားရာ ၎င်းနေ့မှာ ဘုရင်ရာဂျာ ကပွဲကျင်းပမည့်နေ့ ဖြစ်ကြောင်း သိလိုက်ရ၏။

တစ်ဆက်တည်း အချိန်ကို တွက်ချက်ကြည့်ရာ ည (၉)နာရီဝန်းကျင်ခန့်ဟု သိရလေ၏။

၎င်းအချက်အလက်များမှာ ဧကန်မုချ တိကျမည်ဟု အာမခံဝံ့သည့် ကိစ္စမျိုး မဟုတ်သော်လည်း အကယ်၍ နက္ခတ်ပညာရှင်များ မှန်းဆဖော်ပြသကဲ့သို့ မှန်ကန်ခဲ့ပါက ထိုအခြေအနေကို အသုံးချပြီး နည်းလမ်းတစ်မျိုး ကြံစည်ရန် ကျွန်ုပ် စိတ်ကူးရရှိခဲ့၏။

ကျွန်ုပ်က ၎င်းအခြေအနေများကို ကျွန်ုပ်တို့ထံ ရောက်ရှိလာသော ရစ်စတန် အကြီးအကဲ ခေါက်ဦးကို ပြောပြရာ ၎င်းတို့မှာ မကြုံဖူး၊ မကြားဖူးသည်ကဲ့သို့ တအံ့တသြ ဖြစ်နေကြ၏။





ထိုသို့ဖြစ်နေခြင်းမှာ ပြည်သူလူထုတစ်ရပ်လုံးသည် လောကဓာတ်ပညာနှင့် ပတ်သက်ပြီး အနည်းငယ်မျှ တတ်သိနားလည်ခြင်း မရှိကြောင်းကို ဖော်ပြနေသည်ဟု ကျွန်ုပ်နားလည်လိုက်လေသည်။ ထိုအဖြစ်မှာ လွန်စွာစိတ်မကောင်းဖွယ်ဖြစ်၏။

ကာစင်သည် သူ့ဘိုးဘွားပြည်သူများအတွက် အနာဂတ် မျိုးဆက်သစ်များအတွက် လွန်စွာ စိတ်မကောင်းဖြစ်သွား၏။

တိုင်းပြည်အုပ်ချုပ်သူ ဘုရင်ကိုယ်တိုင် အကြားအမြင်နှင့် အသိဉာဏ် နိမ့်ပါးလျက် ရှိနေရာ ၎င်း၏အုပ်ချုပ်မှုအောက်တွင် ရှိကြသော ပြည်သူများအဖို့ ဆိုဖွယ်ရာ မရှိတော့ပြီ။

သို့သော် အဆိုးထဲက အကောင်းဟု ဆိုရမည်ကဲ့သို့ ၎င်းတို့ မသိနားမလည်ခြင်းက ကျွန်ုပ်တို့အား မထင်မှတ်သော အကျိုးတရားများ ရရှိစေခဲ့သည်။

လငပုပ်ဖမ်းခြင်းသည် သဘာဝတရား၏ ဖြစ်ပျက်ပြောင်းလဲသည့် နိယာမဟူသည်ကို လက်မခံဘဲ ကျွန်ုပ်တို့က ဘုန်းတန်ခိုးဖြင့် စီရင်လိုက်ခြင်းဟု ဘုရင်နှင့်တကွပြည်သူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်လုံး ယုံကြည်ကြလေ၏။ ကျွန်ုပ်ကလည်း ထိုအားနည်းချက်အပေါ် အမိအရ အသုံးချလိုက်ရာ ကျွန်ုပ်တို့အား သူတို့၏ အားကိုးရာ တန်ခိုးရှင်များအဖြစ် ယုံကြည်သွားကြသည်။

ထိုသို့ယုံကြည်မှု ရရှိလိုက်ခြင်းမှာ ကျွန်ုပ်တို့၏ ရှေ့လုပ်ငန်းစဉ်များအတွက် များစွာ အထောက်အကူရလိုက်ခြင်းဖြစ်သည်။

ထို့ကြောင့်လည်း ကျွန်ုပ်တို့ကို မြင်သည်နှင့် စစ်သည်များမှာ ကြောက်လန့်တုန်လှုပ်ကာ လှုပ်လှုပ်ရွရွ ဖြစ်နေခြင်းဖြစ်သည်။

ဤနေရာတွင် ကာစင်၏ အခန်းကဏ္ဍမှာ လွန်စွာ အရေးပါသည်ကြောင့် ကျွန်ုပ်နှင့် ညီငယ်နှစ်ဦးဖြစ်သည့် စိုင်းဆဲထူးနှင့် ကျော်စွာမှာ ကာစင်အတွက် ပံ့ပိုးမှုများ ပြန်လုပ်ရန်သာ လိုတော့သည်။

ကာစင်သည် ကျွန်ုပ် ထင်ထားသည်ထက်ပင် စွမ်းဆောင်နိုင်သူဖြစ်သည်။ သူသည် စစ်သူကြီးများနှင့် အချိန်ကြာမြင့်စွာ ဆွေးနွေးလျက်ရှိ၏။ သူ၏အသွင်အပြင်မှာ ရာဇမောန်ဖြင့် ဝံ့ကြွားနေတော့၏။





စစ်သည်များက သူ့ကို တော်ဝင်နှုတ်ဆက်စကားဖြင့် ကြွေးကြော် ဂုဏ်ပြုလေ၏။ ကာစင်ကို သူတို့အားလုံး ဘုရင်အဖြစ် လက်ခံသည့်သဘောဖြစ်သည်။

သန်းခေါင်ချိန် နီးလာသောအခါ ကျွန်ုပ်တို့၏ ညှိနှိုင်းဆွေးနွေးမှုများ ပြီးဆုံးသွားလေ၏။ ထောင်ပေါင်းများစွာသော စစ်သားများမှာ လက်ဆန့်ခြေကွေးလျက် လဲလျောင်းအိပ်နေကြသည်။ ကျွန်ုပ်သည် ၎င်းစစ်သားများကို အသေးစိတ် ကြည့်နေမိသည်။

သူတို့၏ မျက်နှာများနှင့် လှံသွားတို့အပေါ် ကျဆင်းနေသော လရောင်တွင် သူတို့၏ အသွင်အပြင်မှာ လူသားမဆန်ဘဲ ထူးဆန်းသည်ဟု ခံစားရလေ၏။ ည၏အေးသောလေကလည်း သူတို့၏ ငှက်မွေးတောင်များကို လှုပ်ရှားနေစေ၏။

“မနက်ဖြန် ဒီအချိန်မှာဆိုရင် ဒီအထဲက ဘယ်လောက်များ အသက်ရှင်ပြီး ကျန်ပါ့မလဲ”

ဖျတ်ခနဲ ဝင်လာသော အတွေးကြောင့် ကျွန်ုပ်သည် ဦးခေါင်းခါပြီး မေ့ပစ်လိုက်ရ၏။ ယခုအချိန်မျိုးမှာ ထိုသို့ မတွေးသင့်ဟု ကျွန်ုပ် နားလည်မိ၍ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် မြက်ပင်များကို ညင်သာစွာ လှုပ်ခါစေသော လေပြည်လေညင်းကို တစ်ဝရှူရှိုက်လိုက်ပါသည်။ သဘာဝတရားကြီးသည် ကျွန်ုပ်တို့ မရှိမီအချိန်ကရော၊ ကျွန်ုပ်တို့ ကွယ်ပျောက်ပြီးနောက် ကျွန်ုပ်တို့အား မေ့လျော့သွားပြီးသည့် နောက်မှာပါ ဤသို့နှင့် ရှိခဲ့ပြီးဖြစ်သည်။ ဆက်၍လည်း ရှိနေပါလိမ့်မည်။

သက်တမ်းရင့်အိုလှပြီဖြစ်သော လမင်းသည်လည်း ထိုနည်းလည်းကောင်း ရှိနေပါလိမ့်မည်။

လူသားများ၏ အမည်က ကွယ်ပျောက်သွားကြသော်လည်း ၎င်းတို့ ရှူရှိုက်ခဲ့သောလေသည် တောင်များပေါ်မှ သစ်ပင်ထိပ်ဖျားများတွင် လှုပ်ရှားလျက် ရှိနေဦးမည်ဖြစ်သည်။





## အခန်း(၁၅)

## ကန္တာရစစ်ပွဲ

မိုးသောက်၍ နေထွက်လာလေပြီ။

ကျွန်ုပ်တို့အားလုံး တိုက်ပွဲအတွက် စနစ်တကျ ပြင်ဆင်ကြပြီးဖြစ်သည်။

ကျွန်ုပ်တို့ အားလုံးသည် ရစ်စတန် စစ်သားများ အတိုင်း ဝတ်ဆင်ကြလေ၏။

ကာစင်ကို ၎င်းအဝတ်များနှင့် မြင်ရသည်မှာ အလွန်ပင် ကြည့်ကော င်းလှ၏။

မြို့အတွင်းမှ ဘုရင်ရာဂျာ၏ စစ်သားများ ထွက်လာစပြုနေပြီဖြစ်ကြောင်း ကင်းထောက်စစ်သည်က လာရောက်သတင်းပို့၏။



www.burmeseclassic.com

www.burmeseclassic.com



နန်းစဉ်ဓားကိုဝင့်လျက် အကြီးအကဲများနှင့် စစ်သားများကို မာန်အပြည့်ဖြင့် ပြောဆိုသော ကာစင်၏ စကားများမှာ ခေါင်းဆောင်ကောင်း ပီသလွန်းလှ၏။

“ရစ်စတန်ပြည်ရဲ့ အနာဂတ်ကို ဖန်တီးမည့် အကြီးအကဲများနှင့် စစ်သည်များ။ ကျုပ်တို့ဟာ ရာဂျာနဲ့ သူ့စစ်တပ်ကို ကနေ့ပဲ ထိုးနှက်ပါမယ်။ တိုက်ပွဲဟာ ဘယ်လိုအခြေအနေမျိုးနဲ့ ပြီးဆုံးမယ်ဆိုတာ မှန်းဆမသိနိုင်ပါဘူး။ သင်တို့နဲ့အတူ တိုက်ပွဲဝင်ရတဲ့အတွက် ကျုပ် အလွန်ပဲ ဂုဏ်ယူကျေနပ်တယ်။ ဘုရင်ရာဂျာရဲ့ စစ်အင်အားကို မယှဉ်နိုင်ပေမယ့် စိတ်ဓာတ်နဲ့ ခံယူချက်မှာတော့ ကျုပ်တို့က သူတို့တွေထက် အဆများစွာ ပြင်းထန်တယ်။ အံ့သြဖွယ် အစွမ်းသတ္တိနဲ့ ပြည့်ဝတဲ့ ကျုပ်ရဲ့မိတ်ဆွေများက ကျုပ်တို့အောင်နိုင်ရေးအတွက် အစွမ်းကုန် ဝင်ရောက်တိုက်ခိုက်လိမ့်မည်။ ဒီနေရာမှာ ကျုပ်ရဲ့အယူအဆတစ်ခုကို ပြောချင်တယ်။ အသင်စစ်သားများ ... တိုက်ပွဲတစ်ပွဲ ဆင်နွှဲတဲ့အခါ ကျုပ်တို့ရန်ဘက် စစ်သည်များကို လျှော့မတွက်ပါနဲ့။ ထိုနည်းအတူ ကျုပ်တို့ရဲ့ ရဲစွမ်းသတ္တိနဲ့ စွမ်းဆောင်နိုင်စွမ်းတွေကိုလည်း လျှော့မတွက်ပါနဲ့။ ကျုပ်တို့ အကောင်းဆုံး ဆောင်ရွက်နိုင်တာက ကျုပ်တို့ရဲ့ အင်အားသာလျှင်





ဖြစ်တယ်။ ဒါကြောင့် ကျုပ်တို့ပိုင်ဆိုင်တဲ့ အင်အားကို အမြင့်ဆုံး အသုံးချပါလို့ ကျုပ် မှာကြားရခြင်း ဖြစ်တယ်”

စစ်သားများသည် ၎င်းတို့၏ အစဉ်အလာအတိုင်း လှံတံများကိုမြှောက်၍ အော်လေ၏။ ဘုရင်၏အမိန့်စကားကို ကောင်းစွာသဘောပေါက်ကြောင်း တုံ့ပြန်ခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် ပြီးခဲ့သည့် ညကတည်းက စစ်ဆင်ရေး မဟာဗျူဟာကို ညှိနှိုင်းဆွေးနွေးကြပြီး ဖြစ်၍ အထူးရှင်းလင်းစရာ မလိုတော့ပါ။ မိမိတို့တာဝန်ကို သိရှိပြီးဖြစ်၍ စားသောက်ခြင်းကိစ္စကို အလျင်အမြန် ဆောင်ရွက်ကြသည်။

ကာစင်၏ သစ္စာခံအဖြစ် ရောက်ရှိလာသည့် အကြီးအကဲများမှာ ဘုရင်ရာဂျာ လက်အောက်တွင် ရှိစဉ်က စစ်သူကြီးများ ဖြစ်ကြသည်။ ထို့ကြောင့် ဘုရင်ရာဂျာမည်သို့ စစ်ရေးပြင်ဆင်မည်ကို ကောင်းစွာ ခန့်မှန်းနိုင်ခဲ့သည်။

ကျွန်ုပ်၏ ညီငယ်နှစ်ဦးမှာ သူတို့တာဝန်ယူရမည့် စစ်ကြောင်းကို ဦးဆောင်ရန် အသင့်ဖြစ်နေလေ၏။

ရိုင်ဖယ်သေနတ်ကို ကိုယ်စီလွယ်ထားပြီး ကျည်ဆန်များကို ခန္ဓာကိုယ်တွင် အစီအရီ ချိတ်ဆွဲထားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာမှာ သေနတ်ကို ကိုင်ဆောင်ထားသော်လည်း သူ၏လက်ဆွဲတော်ရဲဒင်းကို ကျည်ကတ်များနှင့်တွဲ၍ ချိတ်ဆွဲထားသည်။

စိုင်းဆဲထုံးမှာလည်း သူ့နည်းသူ့ဟန်အတိုင်း အသင့်ပြင်ဆင်ထား၏။ ရိုင်ဖယ်သေနတ်နှင့်အတူ ကျောတွင်လွယ်ထားသည့် အိတ်အတွင်း၌ သေနတ်ထက် အဆများစွာ ထိရောက်စွာ အသုံးပြုနိုင်သည့် ပစ္စည်းများရှိကြောင်း ကျွန်ုပ်တို့သာလျှင် သိရှိ၏။

အခြားသူများမှာ ၎င်းအိတ်ကြီးကို လွယ်ထားခြင်း အပေါ် နားမလည်နိုင် ဖြစ်နေကြ၏။

ကန္တာရစစ်ပွဲ ...။ ကျွန်ုပ်တစ်သက်တွင် ဤမျှလောက် ရက်စက်ကြမ်းတမ်းသည့် တိုက်ခိုက်ခြင်းဖြင့် သွေးမြေကျသည့် စစ်ပွဲမျိုး တစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့ပါ။ ၎င်းစစ်ပွဲတွင် ကိုယ်တိုင်ပါဝင်ရလိမ့်မည်ဟု ဘယ်တုန်းကမှ ထင်မှတ်မထားခဲ့။

တိုက်ပွဲမှာ လွန်စွာပြင်းထန်သကဲ့သို့ ရှုပ်ထွေးလွန်းသည်ကြောင့် တိတျရှင်းလင်းစွာ မည်သို့ဖော်ပြရမှန်းမသိအောင် ဖြစ်ရပါသည်။ သို့သော်လည်း ကျွန်ုပ် ကြိုးစားပြီး ရှင်းလင်းဖော်ပြပါမည်။





ကျွန်ုပ်တို့အတွက် အားသာချက်မှာ ဘုရင်ရာဂျာသည် သူ၏တိုက်ပွဲကို ဒေါသဖြင့်ဦးဆောင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့အား အချိန်ပိုင်းအတွင်း တိုက်ခိုက်ချေမှုန်းနိုင်မည်ဟု ယုံကြည်ထားလေ၏။

ထို့ကြောင့် သူ၏စစ်သည်များသည် ကျွန်ုပ်တို့ရှိရာသို့ အလျင်အမြန် ချီတက်လာကြပြီး လခြမ်းပုံလှိုမြောင်အတွင်း ရောက်ရှိလာကြ၏။ ၎င်းလမ်းကြောင်းမှာ ကျွန်ုပ်တို့ရှိရာသို့ အချိန်တိုအတွင်း ရောက်ရှိနိုင်သည့် ဖြတ်လမ်းဖြစ်သည်။

အခြေအနေမှာ ကျွန်ုပ်တို့ တွက်ဆထားသည့် အတိုင်းပင်။

၎င်းလမ်းမှာ အဝင်ဝ ကျဉ်းမြောင်းသောလမ်းဖြစ်၍ တစ်ကြိမ်လျှင် တပ်ဖွဲ့တစ်ခုသာ သွားနိုင်သည်။ ၎င်းလှိုမြောင်လမ်းမှာ ရှည်လျားသည့်အတွက် ရာဂျာ၏ စစ်တပ်သည် အချိန်ကြာမြင့်စွာ ဖြတ်သန်းကြရ၏။

ကျွန်ုပ်တို့၏ စစ်သည်များက အတန်းသုံးတန်းဆင့်လျက် တည်ငြိမ်စွာ စောင့်ဆိုင်းနေပါသည်။ ထိုစစ်တပ်၏ ရှေ့တွင် ဦးဆောင်ရှိနေသည့် အကြီးအကဲများမှာ ကျွန်ုပ်၏ သူငယ် ကျော်စွာနှင့် စစ်သူကြီးသုံးဦးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရာဂျာကို ၎င်း၏စစ်ဗာပ်အလယ်တွင် ထင်ရှားစွာ တွေ့ရလေ၏။ သူ၏အသွင်အပြင်မှာ လွန်စွာခက်ထန် ကြမ်းကြုတ်လျက် အာဏာရှင် ပီသလွန်းလှ၏။

ထိုစဉ်မှာပဲ ရာဂျာက အမိန့်ပေးလိုက်ရာ ၎င်း၏ စစ်သည်များသည် ဟစ်အော်ကြွေးကြော်ရင်း အတန်းလိုက် ရှိနေသော ကျော်စွာ၏ စစ်တပ်ဆီသို့ ပြေးဝင်လာကြ၏။

ရန်သူစစ်တပ် ကိုက်လေးဆယ်အတွင်း ရောက်သည် အထိ ကျော်စွာ၏စစ်တပ်က တိတ်ဆိတ်ငြိမ်သက်စွာရှိနေ ၏။

ထို့နောက် သူတို့သည် ရုတ်တရက် ညာသံပေး၍ လှံများကို မြောက်ကာ ရှေ့သို့ ခုန်ထွက်လိုက်ကြသည်။

စစ်တပ်နှစ်တပ် ရင်ဆိုင်တွေ့ကြလေပြီ။ ဒိုင်းချင်း ထိခိုက်သံသည် မိုးချုန်းသံတမျှဖြစ်၏။ လှံသွားများ၏ တလက်လက် အရောင်လက်မှုကြောင့် မြင်ကွင်းပြင်ကြီး သည် လှုပ်ရှားရှင်သန်နေသည့်အသွင် ဆောင်နေသည်။

အကြိတ်အနယ် တိုက်ခိုက်နေကြသည်ဖြစ်ရာ စစ် သည်များမှာ ဟိုဘက်ယိမ်းလိုက် သည်ဘက်ယိမ်းလိုက် ဖြစ်နေကြ၏။ သို့သော် မကြာလှပါ။ တိုက်ပွဲဖြစ်ပွားသည့် ပမာဏသည် လျင်မြန်စွာပင် ကျုံ့ငယ်သွားလေ၏။





လှိုင်းလုံးကြီးက ကျောက်ဆောင်ပေါ် တက်သကဲ့သို့ တဖြည်းဖြည်းတက် တဖြည်းဖြည်းကျပုံမျိုးဖြင့် ကျော်စွာ၏ စစ်တပ်က ရန်သူများကို ဖွမ်းသွားလေတော့သည်။

တိုက်ပွဲပြီးသွားသည်။ ရန်သူစစ်တပ်မှာ ထိန်းသိမ်းမရ အောင် ကစဉ့်ကလျား ဖြစ်နေပါသည်။

ကျော်စွာ၏စစ်တပ်မှာလည်း အတန်းနှစ်တန်းသာ ကျန်ရှိတော့ပြီး စစ်သားသုံးပုံတစ်ပုံမှာလည်း ကျဆုံးသွား လေပြီ။ သူတို့သည် တစ်ယောက်နှင့် တစ်ယောက် ပခုံး ချင်းယှဉ်ရပ်လျက် ရန်သူက ဒုတိယအကြိမ် တိုက်ခိုက်လာ မည်ကို စောင့်နေကြ၏။

စစ်သားများကို နေရာတကျ စီမံနေရာချထားပေ းနေသည့် ကျွန်ုပ်၏ညီငယ် ကျော်စွာကို မြင်ရသောအခါ ကျွန်ုပ် လွန်စွာဝမ်းသာမိပါသည်။ ယခုထိ အသက်ရှင်လျက် ရှိနေသောကြောင့် ဖြစ်သည်။

ထင်မှတ်သလို ဖြစ်မလာဘဲ အရေးနိမ့်သွားသော ကြောင့် ဘုရင်ရာဂျာသည် သူ၏စစ်သူကြီးများကို ဒေါသ တကြီး ကြိမ်းမောင်းဆဲဆိုနေတော့၏။ တိုက်ပွဲရပ်တန့်သည့် အချိန်အတွင်း ကျွန်ုပ်တို့လည်း စစ်ရေးနည်းဗျူဟာကို အားချင်းရေးဆွဲပြီး အလျင် အမြန် ဆောင်ရွက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ရာဂျာသည် အင်အားသုံးပြီး အလုံးအရင်းနှင့် တိုက်ခိုက်တော့မည်ဖြစ်၍ ကျွန်ုပ်တို့အဖို့ အထိရောက်ဆုံး ရင်ဆိုင်တိုက်ခိုက်ရမည်ဖြစ်သည်။

စစ်သားများ၏ ဓာတ်မာန် တက်ကြွစေရန် ကျော်စွာသည် ပုဆိန်ကြီးကို သူ၏ဦးခေါင်းထက်၌ ဝှေ့ယမ်းပြီး အော်ဟစ်လေ၏။ ထိုအခါ စစ်သားများ၏ အော်ဟစ်သံမှာ ဟိန်းထွက်သွားပြီး ၎င်းတို့၏ လှံတံများကို ဝင့်ကြွားစွာ မြှောက်လိုက်ကြသည်။

ယခုအကြိမ် တိုက်ပွဲသည် နာရီများစွာ ရှည်ကြာသကဲ့သို့ တစ်ဖက်နှင့်တစ်ဖက် အမြစ်ပြုတ် သုပ်သင်ကြလေရာ နှစ်ဖက်စစ်သည်များ၏ သေဆုံးမှုမှာ မြင်မကောင်းအောင် များပြားလွန်းလှ၏။

အချိန်ကြာသည်နှင့်အမျှ ကျော်စွာ၏ စစ်သည်တို့သည် မဖြုံမအီတော့။ သူတို့သည် ကျောက်ဆောင်ကြီးကဲ့သို့ ကြံ့ကြံ့ခံ ရပ်တည်ပြီး ရန်သူစစ်သည်များကို လှိုင်းလုံးများ ပြိုကွဲသလို တိုက်ခိုက်ဖြိုခွဲကြလေ၏။

တစ်ဆက်တည်းပင် တိုက်ခိုက်ရင်းဖြင့် ရှေ့သို့ချီတက်ကြ၏။ ရန်သူစစ်သည်များမှာ အရေးနိမ့်ကာ အစုကလေးများဖြင့် ထွက်ပြေးကြတော့၏။





ကျော်စွာ၏ စစ်သားများမှာလည်း လေးပုံတစ်ပုံမျှသာ ကျန်တော့သည်။

သို့သော်လည်း သူတို့သည် အင်အားပြည့်ဖြင့် တိုက်ခိုက်နေဆဲပင်။

ပြိုကွဲပြန့်ကျဲသွားသည့် ရန်သူစစ်သည်များအား ပြန်လည်စုစည်းခွင့်မရှိအောင် တိုက်ခိုက်နိုင်စွမ်းသော ကျွန်ုပ်၏ ညီငယ်တစ်ဦးဖြစ်သူ စိုင်းဆဲထူး၏ စွမ်းရည်သတ္တိ ရှိပုံကို ကျွန်ုပ်အနေဖြင့် မှတ်တမ်းတင်ရမည် ဖြစ်သည်။

စိုင်းဆဲထူးသည် စစ်သားအနည်းငယ်ဖြင့် တောအုပ်အတွင်း၌ လျှို့ဝှက်စွာ ရှိနေပြီး ရာဂျာ၏ စစ်အင်အားကို မည်သို့မျှ မယှဉ်နိုင်သောကြောင့် ကျွန်ုပ်တို့သည် နည်းပရိယာယ်မျိုးစုံဖြင့် ခုခံတိုက်ခိုက်ရန် ပြင်ဆင်ထားခြင်း ဖြစ်သည်။

စိုင်းဆဲထူး၏ စစ်တပ်သည် ဒူးလေး၊ မြား၊ လှံတို့ဖြင့် အလစ်ကိုချောင်း၍ ချုံခိုတိုက်ခိုက်ခြင်းဖြစ်ရာ ၎င်းတိုက်ခိုက်ခြင်းမှာ မြေပြန့်မှာတိုက်ခိုက်ခြင်းကဲ့သို့ မဟုတ်ဘဲ ရန်သူ၏ အလစ်အငိုက်ကို လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်ရခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကစဥ့်ကလျား ဖြစ်သွားသော ရန်သူစစ်တပ်သည် မထင်မှတ်သော တိုက်ခိုက်ခြင်းကို ခံရသဖြင့် လမ်းခရီး မှာပင် အသက်ဆုံးရှုံးကြတော့သည်။ စိုင်းဆဲထူး၏ တစ်ဦး တည်း သုတ်သင်သည့် ရန်သူများမှာ မရေမတွက်နိုင်အောင် များပြားလှ၏။

ဘုရင်ရာဂျာသည် မခံမရပ်နိုင်အောင် ဒေါသဖြစ်နေ တော့သည်။ ထို့ကြောင့် သူ၏စစ်အင်အားကို အလုံးအရင်း ဖြင့် တိုက်ခိုက်ရန် အမိန့်ပေးလိုက်၏။

ငင်းအခြေအနေမှာ ရန်သူအပေါ် ကျွန်ုပ်တို့ မှန်းဆ ထားသည့် နောက်ဆုံးအခြေအနေ ဖြစ်သည်။ ကျွန်ုပ်နှင့် အတူရှိနေသော ကာစင်က သူ၏နန်းစဥ်ဓားကို ဝင့်လျက် ဟစ်အော်လိုက်ရာ စစ်သားများသည် လှံတံများကို မြှောက် ပြီး ဟစ်အော်လေ၏။

ကာစင်နှင့် ကျွန်ုပ်ဦးဆောင်သော စစ်တပ်သည် ရှေ့သို့ အလျင်အမြန် ချီတက်ကြ၏။ ကျွန်ုပ်သည် သေ နတ်နှင့် လက်ပစ်ဗုံးကို မညှာမတာ အသုံးပြုပြီး ရန်သူများကို တိုက်ခိုက်ရပေတော့မည်။ ကျွန်ုပ် ဦးဆောင်သော စစ်တပ်က ငင်းအခြေအနေကို စောင့်ဆိုင်းနေခဲ့ခြင်း ဖြစ်သည်။ တစ် နည်းအားဖြင့် ရန်သူအင်အားကို အလုံးအရင်းဖြင့် ဖြိုခွဲ





တိုက်ခိုက်ရာတွင် သေနတ်ဖြင့် ပစ်ခတ်ရမည် ဖြစ်သလို လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းဖြင့် ရန်သူများမှာ စုစည်းနိုင်စွမ်း မရှိတော့ဘဲ ပြိုကွဲသွားမည်ဖြစ်သည်။

ထိုအခါ ကျန်သည့်စစ်တပ်က ကစဥ့်ကလျား ဖြစ် သွားသော ရန်သူများကို အလျင်အမြန် ဝင်ရောက်တိုက် ခိုက်ပြီး ဘုရင်ရာဂျာ နန်းတော်သို့ ချီတက်မည်ဖြစ်သည်။

ကျွန်ုပ်သည် ပင်လယ်လှိုင်းလုံးကြီးပမာ လိမ့်ဆင်းလာ သော ဘုရင်ရာဂျာ၏ စစ်တပ်အတွင်းသို့ ရိုင်ဖယ်သေနတ် ဖြင့် မရပ်မနား ပစ်ခတ်လေ၏။ ရန်သူများမှာ အတုံးအရုံး ကျဆုံးပြီး ရှေ့သို့တိုးရန် အခက်တွေ့သွားပါသည်။ ကျွန်ုပ် သည် အခွင့်ကောင်းကို လက်လွှတ်မခံဘဲ ကျည်ကတ်များကို တစ်ခုပြီး တစ်ခု လဲလှယ်ပြီး ဒလစပ် ပစ်ခတ်နေတော့ သည်။

ကျည်ဆန်များ ကုန်သွားသောအခါ ကျွန်ုပ်သည် အလုံးအရင်းဖြင့် ချီတက်လာသည့် ရန်သူများအား လက်ပစ် ဗုံးဖြင့် ပစ်ခတ်ပြန်၏။ ကျွန်ုပ်၏အပြုအမူများမှာ မိုက်ရူးရဲ ဆန်နေပါလိမ့်မည်။ လက်ပစ်ဗုံးဖြင့် ပစ်ခတ်ရန်အတွက် ကျွန်ုပ်သည် ရန်သူစစ်ကြောင်းအနီးသို့ ချဉ်းကပ်သွားပြီး ပစ်ခတ်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလို အနေအထားမှာ တွန့်ဆုတ်တွေဝေနေပါက ရန်သူ၏ ဝါးမျိုခြင်းကို အချိန်တစ်ခဏအတွင်း ခံသွားရပေလိမ့်မည်။ ကျွန်ုပ်၏ ပစ်ခတ်မှုကြောင့် ကစဉ့်ကလျားဖြစ်သွားကြသည့် ရန်သူများကို ကျွန်ုပ်တို့ စစ်သားများက အစွမ်းကုန် တိုက်ခိုက်ကြရာ ရန်သူများမှာ လွန်စွာအထိနာနေတော့သည်။

ဆူညံပေါက်ကွဲသံများကြားမှ ကျွန်ုပ်အား အော်ခေါ်လိုက်သော အသံကို သဲ့သဲ့ကြားလိုက်ရ၏။ ၎င်းအသံမှာ ကာစင်၏ စိုးရိမ်ကြီးစွာ ခေါ်လိုက်သံပင် ဖြစ်သည်။ ကျွန်ုပ် သတိပြုမိစဉ်မှာပဲ လွန်စွာနောက်ကျသွားတော့၏။

"ဒုတ်"

"အား"

ကျွန်ုပ်ခန္ဓာကိုယ်သည် အရှိန်ပြင်းစွာ လဲကျသွားလေ၏။ မျက်ဝန်းတွင် ပြာဝေသွားပြီး သတိမလွတ်အောင် အားတင်းလျက် ထိန်းချုပ်လိုက်သည်။ ရန်သူဘက်မှ ပစ်လိုက်သောလှံသည် ကျွန်ုပ်၏ ညာဘက်လက်ပြင်ကို အရှိန်ပြင်းစွာ စိုက်ဝင်သွားခြင်းဖြစ်သည်။

ရန်သူများက ကျွန်ုပ်နှင့် လက်တစ်ကမ်းအကွာသို့ ရောက်ရှိလာ၏။ ကျွန်ုပ်သည် ခါးကြားက ပစ္စတိုကိုထုတ်၍





မရပ်မနား ပစ်လိုက်သည်။ ရန်သူအချို့ ထိမှန်ကျဆုံးသွား၏။ ကျွန်ုပ်လည်း ကျည်ဆန်ကုန်ပြီဖြစ်သလို ဒဏ်ရာဖြင့် မထနိုင် ဖြစ်နေလေရာ ရန်သူ၏သတ်ဖြတ်ခြင်းကို အလွယ်တကူ ခံရဖို့သာရှိတော့သည်။

ထိုစဉ်မှာပဲ ကျွန်ုပ်ခန္ဓာကိုယ်သည် ဇွေ့ခနဲ မြောက်သွား၏။ ကျွန်ုပ် သိလိုက်သည်။ ကာစင်သည် ကျွန်ုပ်အား ပွေ့ချီပြီး တိုက်ပွဲနှင့် ဝေးရာသို့ ခေါ်ဆောင်သွားခြင်းဖြစ်သည်။

"ကာစင် … ငါ့အတွက် မစိုးရိမ်နဲ့။ ရစ်စတန်ရဲ့ မျိုးဆက်သွေးနဲ့ရင်းပြီး အနိုင်ယူရမယ့် ဒီတိုက်ပွဲမှာ မင်းမရှိလို့ မဖြစ်ဘူး"

ကျွန်ုပ်က အတင်းအကျပ် တောင်းဆိုသောကြောင့် ကာစင်သည် တိုက်ပွဲရေိယာနှင့် များစွာမကွာဝေးသော နေရာရှိ သစ်ပင်ခြေရင်းသို့ ပို့ဆောင်ပေးပြီး စစ်သည်နှစ်ဦးကို ကျွန်ုပ်အား စောင့်ရှောက်ရန် တာဝန်ပေးခဲ့၏။

ကျွန်ုပ်၏ အဝတ်အစားများမှာ ဒဏ်ရာမှ စီးကျသောသွေးတို့ဖြင့် ရွှဲနစ်နေတော့သည်။

တိုက်ပွဲ၏ အခြေအနေကို ရှင်းပြရန် လွန်စွာခက်ခဲပါသည်။ ရန်သူသည် ကျွန်ုပ်တို့အား အကြိမ်ကြိမ် တိုက်



www.burmeseclassic.com

www.burmeseclassic.com



ခိုက်သည်။ ကျွန်ုပ်တို့ကလည်း အကြိမ်တိုင်းပင် တွန်းလှန်ပစ်သည်။ အချိန်နှင့်အမျှ ကြာလာသည်တွင် တိုက်ပွဲ၏ စက်ဝိုင်းမှာ တဖြည်းဖြည်း သေးငယ်သွားပါသည်။

ကျွန်ုပ်တို့၏ စစ်သည်များက ဘယ်တောင်ပံရော ညာတောင်ပံမှပါ ထိုးဖောက်တိုက်ခိုက်သောကြောင့် ဘုရင်ရာဂျာ၏ စစ်တပ်သည် မရှုမလှ ခံကြရ၏။ တောင်စွန်းနှစ်ဖက်ဆီမှ ကျွန်ုပ်တို့၏ စစ်သည်များ ဆင်းသက်ပိတ်ဆို့မိသည့်အခါ ရန်သူတို့၏ အခြေအနေမှန်ကို သိရတော့သည်။

သူတို့က ခုခံရန်အတွက် ကောင်းစွာ နေရာမယူနိုင်မီမှာပင် ကျွန်ုပ်တို့ စစ်သည်များ၏ အပြင်းအထန် တိုက်ခိုက်ခြင်းကို ခံကြရ၏။ စစ်ပွဲ၏ အနိုင်အရှုံးမှာ ရုပ်လုံးပေါ်သွားလေပြီ။ ရာဂျာ၏ စစ်တပ်သည် ဖရိုဖရဲ ပြိုကွဲ၍ ထွက်ပြေးကြတော့သည်။

မြင်ကွင်းကား မည်သို့ကျန်ခဲ့ပါသနည်း။ အလောင်းများနှင့် သေအံ့မူးမူးလူများ အစုလိုက် အပြုံလိုက် ပြန့်ကျဲနေပါသည်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်သော စစ်သည်များမှာ တစ်ရာဝန်းကျင်ခန့်သာ ရှိ၏။ ကျွန်ုပ်တို့၏ စစ်သည် သုံးထောင့်ငါးရာခန့်မှာ ကျဆုံးခဲ့ကြပြီဖြစ်သည်။





ကျွန်ုပ်၏ ဒဏ်ရာမှာ အသက်အန္တရာယ် စိုးရိမ်ရလောက်အောင် မပြင်းထန်ကြောင်း သိရှိနေ၍ ညီငယ်နှစ်ဦးနှင့် ကာစင်မှာ စိတ်အေးသွားကြ၏။

ညနေစောင်းအချိန်သို့တိုင် ရောက်ခဲ့လေပြီ။ ကျွန်ုပ်အား စစ်သည်နှစ်ဦးကို တွဲခေါ်စေပြီး ကာစင်သည် မြို့တံခါးဆီသို့ ချီတက်သွား၏။ မြို့တံခါးရှေ့သို့ ရောက်သောအခါ တစ်ဖွဲ့တစ်ခုက စောင့်ကြည့်နေသည်ကို တွေ့ရ၏။

ကာစင်က တမန်တစ်ယောက်ကို မြို့တံခါးသို့ စေလွှတ်၍ အကြီးအကဲအား မြို့တံခါးဖွင့်ပေးရန် တောင်းဆို၏။ တစ်ဆက်တည်းပင် လက်နက်ချသူများအား အသက်ချမ်းသာခွင့်ပေးမည်ဟု ကတိပေးလိုက်၏။

မကြာမီ ကျွန်ုပ်တို့စစ်သည်များ၏ အော်ဟစ်သံများနှင့်အတူ မြို့တံခါး ပွင့်သွားသဖြင့် ကျွန်ုပ်တို့လည်း မြို့တံခါးအတွင်း ဝင်ကြလေ၏။ လမ်းတစ်လျှောက်လုံး၌ ရပ်လျက်ရှိကြသော စစ်သားများသည် ၎င်းတို့၏ ဒိုင်းနှင့်လှံကို ခြေရင်း၌ချထားပြီး ဦးခေါင်းငုံ့ထားကြ၏။ ၎င်းတို့သည် ကာစင် ဖြတ်သွားသည်တွင် ဘုရင်အဖြစ် နှုတ်ဆက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခင်ရက်က စုန်းရှာဖွေပွဲ ပြုလုပ်ခဲ့သော ကွင်းပြင်ကြီးသည် ယခုတော့ ခြောက်ကပ်နေပါသည်။

ဘုရင်ရာဂျာသည် ဦးခေါင်းငိုက်စိုက်ဖြင့် ထိုင်နေပါသည်။ သူ့ဘေးတွင် ဒိုင်းနှင့် ပုဆိန်ကို ချထားလေ၏။ သူနှင့်မလှမ်းမကမ်းတွင် အဘွားအိုကြီးတစ်ဦး ရှိနေ၏။ ထိုအဘွားအိုကြီးမှာ စုန်းမကြီးပါလ်ဝဲ ဖြစ်သည်။

ဘုရင်ရာဂျာကို ယခုလို အနေအထားမျိုး မြင်ရသည်မှာ စိတ်ထိခိုက်စရာ ကောင်းပါသည်။

သူ၏စစ်တပ်မှ စစ်သားတစ်ယောက်မှသော်လည်းကောင်း၊ သူ၏မယားတစ်ယောက်မှသော်လည်းကောင်း၊ သူ၏ကံကြမ္မာကို မျှဝေရန်၊ သူ၏ ဝမ်းနည်းကြေကွဲခြင်းကို မျှဝေခံယူရန် မည်သူတစ်ဦးတစ်ယောက်မျှ ရှိမနေကြချေ။

ရာဂျာမှာ သနားစရာ သတ္တဝါကဲ့သို့ ဖြစ်နေလေပြီ။

အသက်အတော်ရအောင် နေထိုင်ရသူတို့အား ကံကြမ္မာက သင်ပေးသည့် သင်ခန်းစာကို သူသည် မှတ်ယူနေပုံရ၏။ လူတို့၏ မျက်လုံးများမှာ ရှုံးနိမ့်သူကို မမြင်ကြချေ။ ကျဆုံးသူသည် မိတ်ဆွေအနည်းအကျဉ်းကိုသာ တွေ့ရသည်။ စိုးစဉ်းမျှသော ကရုဏာကိုသာ ရ၏။ ဤကား သင်ခန်းစာပင် ဖြစ်သည်။





ကာစင်သည် ရာဂျာနှင့် ဆယ်ပေခန့်အကွာတွင် ရပ်လိုက်၏။ သူက ဦးခေါင်းကို မော့လျက် ကြည့်လေ၏။ သူ၏နဖူးမှ စိန်ကြီးကဲ့သို့ပင် မျက်လုံးတွေက အရောင်တောက်နေပါသည်။ သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး စူးစိုက်ကြည့်နေကြ၏။

"ကျုပ်အတွက် ဘယ်လိုကံကြမ္မာ ရှိပါသလဲ"

"ကျုပ်ဖခင်ကို ပြုခဲ့တဲ့ ကံကြမ္မာအကိုင်းပါပဲ"

ဖြစ်ပျက်မှုမှာ လွန်စွာမြန်ဆန်လှသည်။ အကယ်၍ ကာစင်သာ သတိတစ်ချက် လွတ်သွားပါက မတွေးဝံ့စရာ ဖြစ်သည်။ ရာဂျာသည် ပုဆိန်ကို လျှပ်တစ်ပြက် ကောက်ယူပြီး ကာစင်ကို ခုတ်ပိုင်းလေ၏။ ကာစင်က လက်ထဲက ဒိုင်းဖြင့် ကာလိုက်ပြီး ခန္ဓာကိုယ်ကိုယိမ်းလျက် ဓားဖြင့်ခုတ်ပိုင်းလိုက်ရာ ရာဂျာ၏ဦးခေါင်းသည် ပြတ်ထွက်လွင့်စဉ်သွားတော့၏။

ထိုစဉ် စုန်းမကြီးပါလ်ဝဲနှင့် သူမ၏တပည့် စုန်းမနှစ်ဦးမှာ ဂနာမငြိမ် ခုန်ပေါက်လျက် ဆဲနည်းမျိုးစုံဖြင့် ကျိန်တွယ်ဆဲကြလေ၏။ ကာစင်သည် သူ့အနီးရှိ စစ်သားထံမှ လှံတိုကိုယူပြီး စုန်းမကြီးပါလ်ဝဲ၏ တပည့်နှစ်ဦးအား သုတ်သင်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စုန့်မကြီးပါဝဲလ်သည် ကာစင်၏ ခြေရင်းတွင် ဝပ်တွားလျက် သူမအသက်ကို ချမ်းသာခွင့်ပေးရန် ငိုယိုပြောဆို လေ၏။

အပြင်ဘက်တွင် လရောင်သည် ထွက်ပေါ်လာလေပြီ။ ရစ်စတန်၏သမိုင်းတွင် အကြီးကျယ် အခမ်းနားဆုံး အောင်ပွဲသည် လရောင်နှင့်အတူ ထွက်ပေါ်လာသည့် ပြည်သူများ၏ မာစ်အော်သံများဖြင့် အဆုံးသတ်သွားပြီဖြစ်သည်။

❦ + ❦





## အခန်း(၁၆)

## မရဏလိုဏ်ဂူအား တွေ့ရှိခြင်း

ကျွန်ုပ်၏ ညီငယ်နှစ်ဦးမှာ တိုက်ပွဲတွင် ဒဏ်ရာများ ရရှိကြသော်လည်း ကျွန်ုပ်ကဲ့သို့ ပြင်းထန်သည့် ဒဏ်ရာမျိုး မဟုတ်သောကြောင့် မြန်မြန်ဆန်ဆန်ပင် သက်သာပျောက်ကင်းသွား၏။

ကျွန်ုပ်မှာမူ သူတို့ကဲ့သို့ ကံမကောင်းလှပါ။ ဒဏ်ရာမှာ သွေးထွက်ငံ့ပြီး မထင်မှတ်ဘဲ အသက်အန္တရာယ် ဆုံးရှုံးမည့် အခြေအနေမျိုးနှင့် ရင်ဆိုင်ရလေ၏။ ကျွန်ုပ်သည် ရက်ပေါင်းများစွာ အသည်းအသန် မကျန်းမမာဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကာစင်သည် ထူးချွန်သေ့ာသမားတော်များဖြင့် ကျွန်ုပ်အား ဖိဖိစီးစီး ကုသပေးသော်လည်း ဝေဒနာမှာ အလျဉ်းပျောက်ကင်းခြင်းမရှိ ဖြစ်နေသည်။

အကယ်၍သာ ကျွန်ုပ်အား ဖူလာ ဟူသော မိန်းမချောလေးက ဂရုတစိုက် အပင်ပန်းခံပြီး မပြုစုခဲ့လျှင် ကျွန်ုပ်အဖို့ သေဖွယ်ရာသာ ရှိတော့သည်။ ကျွန်ုပ်သည် မီးအိမ်အလင်းရောင်တွင် အိပ်ရာထက်၌ လဲလျောင်းလျက် ရက်များစွာ ကုန်လွန်ခဲ့ရ၏။

ကျွန်ုပ်၏ ခန္ဓာကိုယ်မှာ ပိန်ချုံးဖြူရော်နေပါသည်။ ကျွန်ုပ်ခုတင်နံဘေးတွင် ရစ်စတန်အလှလေး ဖူလာမှာ အချိန်တိုင်းရှိနေသည်။ သူမ၏မျက်နှာမှာ ပင်ပန်းနွမ်းနယ်နေသော်လည်း မျက်လုံးတွင် နူးညံ့ကြင်နာရိပ် သမ်းနေပါသည်။

"သခင် မသေဘူး၊ ဘယ်တော့မှ မသေနိုင်ဘူး"

ဟု မကြာခဏ ပြောဆိုနေတာကို ကျွန်ုပ်သည် မကြားတစ်ချက် ကြားတစ်ချက် သတိပြုမိ၏။

သူမသည် သနားစဖွယ် မိန်းကလေး ဖြစ်သွားရသည်ကို နောင်တွင် ကျွန်ုပ် သိရလေ၏။ သူမ၏ဖခင်နှင့် အစ်ကိုဖြစ်သူမှာ ကျွန်ုပ်တို့နှင့်အတူ ရာဂျာစစ်တပ်ကို တိုက်ခိုက်ရင်း ကျဆုံးသွားခြင်းဖြစ်သည်။





ကျွန်ုပ်သည် ဆေးဝါးများဖြင့် ဂရုတစိုက် ကုသခံရသည့်အတွက်လည်းကောင်း၊ မိန်းကလေး ဖူလာ၏ ကြင်နာမှုဖြင့် ဂရုတစိုက်ပြုစုခြင်းကို ခံရ၍လည်းကောင်း ကျွန်ုပ်၏အသည်းအသန် အခြေအနေမှာ တဖြည်းဖြည်း လျော့ပါးသွားပြီး ရက်အနည်းငယ်အတွင်း ကျန်းမာစ ပြုလာသည်။

ထိုအခါ ကျွန်ုပ်၏ အမြင်အာရုံများမှာ ကြည်လင်လာလေ၏။

"ဟင်"

ကျွန်ုပ်သည် မယုံနိုင်လောက်အောင် အံ့သြရလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်တွင် ဆွဲထားသော အဆောင်ရုပ်ကလေးကို ဖြုတ်ယူပြီး သေချာကြည့်လိုက်မိသည်။ ကျွန်ုပ်၏ အပြုအမူကို နားမလည်နိုင် ဖြစ်သွားသော ဖူလာကလည်း ၎င်းအရုပ်ကလေးကို ကြည့်လေ၏။

"အို"

ကျွန်ုပ်ကဲ့သို့ပင် သူမလည်း တအံ့တသြ ဖြစ်လို့သွား၏။ ကျွန်ုပ်သည် အရုပ်ကလေးနှင့် သူမကို တစ်လှည့်စီ ကြည့်နေမိတော့သည်။

အဆောင်လက်ဖွဲ့အဖြစ် ဆာဒူးကြီးပေးခဲ့သော အရုပ်ကလေးနှင့် ဖူလာသည် ခွဲမရအောင် တူနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နက်မှောင်သော မျက်ဝန်းနှင့် ဖြောင့်စင်းသော နှာတံဖြင့် လွန်စွာချစ်စဖွယ်လှပသော အရုပ်ကလေးကဲ့သို့ ဖူလာသည်လည်း ၎င်းအသွင်အပြင်နှင့် တစ်ထပ်တည်း လှပနေ၏။

ဝေဒနာကို ပြင်းစွာခံစားရသောကြောင့် ထိုအဖြစ်ကို ကျွန်ုပ် သတိမပြုမိခြင်းဖြစ်သည်။ ထိုစဉ်မှာပဲ ကျွန်ုပ်သည် မိန်းမလှလေး ဖူလာထံမှ ထူးဆန်းသော စကားများကို ကြားရပြန်၏။

"သခင်ရယ် ... သခင်ဟာ ကျွန်မအသက်ကို ကယ်ခဲ့သူပါ။ သခင့်ကို မြင်ကတည်းက သခင်ဟာ ကျွန်မအိပ်မက်မှာ အကြိမ်ကြိမ် တွေ့ဆုံခဲ့ရတဲ့သူ ဖြစ်နေလို့ ကျွန်မ လွန်စွာအံ့သြခဲ့ရတယ်။ အိုး ... နတ်ကောင်း နတ်မြတ်များ။ ဘယ်လိုကံကြမ္မာမျိုးနဲ့ သခင်နဲ့ ကျွန်မကို ဆုံစည်းစေခဲ့ပါသလဲ။ ကျွန်မ အလွန့်ကို ပျော်ရွှင်ခံစားရပါတယ်။ အိပ်မက်နှင့် တွေ့ဆုံကတည်းက သခင်ဟာ ကျွန်မနှလုံးသားကို သိမ်းပိုက်ထားသူ ဖြစ်ပါတယ်။ အိပ်မက်ပျက်ပြယ်သွားမှာကို အလွန်ပဲစိုးရိမ်ခဲ့ရပါတယ်။ တစ်နေ့မှာ သခင်နဲ့ ဆုံစည်းရမယ်လို့ ယုံကြည်မျှော်လင့်နေမိတယ်။ အဲဒီမျှော်လင့်မှုကြောင့် ကျွန်မဟာ အပျိုစင်ဘဝကို အသက်နဲ့လဲပြီး ထိန်းခဲ့ပါတယ်။ ဘုရင်ရာဂျာ မွေးနေ့ကပွဲမှာ သခင့်ကို





မထင်မှတ်ဘဲ တွေ့ရတော့ ကျွန်မ အလွန်အံ့သြခဲ့ရတယ်။ အသည်းဆတ်ဆတ် တုန်ယင်တဲ့အထိ ပျော်ရွှင်ခံစားလိုက်ရတယ်။ အဲဒီအချိန်မှာပဲ သခင့်ဟာ ကျွန်မအသက်ကို ကယ်ခဲ့ပြန်တယ်။ အို ... အိပ်မက်ထဲက ချစ်သူ။ ကျွန်မဘဝကို လိုအပ်သလို အသုံးပြုဖို့ သခင့်ထံမှာ အပ်နှင်းပါတယ်။ သခင်ရဲ့ အစေအပါးအဖြစ် သခင့်အနားမှာ တစ်သက်လုံး ပြုစုစောင့်ရှောက်ခွင့်ပြုပါ"

ဖူလာသည် မျက်ရည်ကျဆင်းလျက် ပြောလေရာ ကျွန်ုပ်မှာ များစွာစိတ်မကောင်း ဖြစ်ရပါသည်။ ကျွန်ုပ်သည်လည်း မိမိ၏နှလုံးသားမှာ ဖြစ်တည်နေသော ခံစားမှုများကို ဖုံးကွယ်နိုင်စွမ်း မရှိအောင် ဖြစ်နေလေ၏။ ကျွန်ုပ်အနီးတွင် ဖူလာ ရှိနေခြင်းသည် ကျွန်ုပ်အတွက် အရာရာ ပြီးပြည့်စုံသကဲ့သို့ ခံစားရသည်။ ဖူလာ၏ အလှအပနှင့် အထိအတွေ့များမှာ ကျွန်ုပ်ဘဝတွင် မည်သည့်အရာနှင့်မှ အစားထိုးမရအောင် ဖြစ်နေတော့သည်။

ကျွန်ုပ်ထံမှ ကြင်နာယုယမှုများကို ရရှိလိုက်သောသူမသည် လွန်စွာကြည်နူးပျော်ရွှင်သွားလေ၏။ ကျွန်ုပ်သည် တကယ့်မေတ္တာစစ်ဖြင့် သူမအား တွယ်တာမြတ်နိုးနေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် နဂိုအတိုင်း ကျန်းမာသန်စွမ်းလာပြီဖြစ်၍ ဘုရင်ကာစင်သည် ကြီးကျယ်ခမ်းနားသော ညီလာခံကို ကျင်းပလေ၏။ ရစ်စတန်သမိုင်း၏ စာမျက်နှာသစ် ဖွင့်လှစ်လိုက်ခြင်းဟု ယူဆနိုင်ပါသည်။

သူ၏စစ်တပ်အတွင်း၌ မသေဘဲ ကျန်ရစ်သူများကို သူတို့၏ ပြောင်မြောက်သော တိုက်ခိုက်မှုများအတွက် စစ်တပ်ကြီးရှေ့မှောက်တွင် ချီးကျူးပြောဆို၏။ ထို့နောက် ဂုင်းစစ်သည် တစ်ဦးစီကို နွားအမြောက်အမြား ပေးအပ်ချီးမြှင့်လေ၏။ အသစ်ထပ်မံ ဖွဲ့စည်းသည့် စစ်တပ်တွင် ဂုင်းတို့အား အရာရှိများအဖြစ် ခန့်အပ် တာဝန်ပေးလေသည်။

ကျွန်ုပ်တို့အား လာရောက်တွေ့ဆုံရာတွင် ကာစင်၏ နဖူးတွင် နန်းစဉ်စိန်ကြီး ချည်နှောင်ထားသည်ကို တွေ့ရသည်။ ဘုရင်ဟူသော ရာဇမာန်ဖြင့် ယခုလို တွေ့မြင်ရသဖြင့် ကျွန်ုပ်တို့မှာ ဖော်မပြနိုင်အောင် ဝမ်းသာမိသည်။

"နှုတ်ခွန်းဆက်ပါတယ် ဘုရင်မင်းမြတ်"

ကျွန်ုပ်က အရိုအသေပြုလျက် နှုတ်ဆက်လိုက်ရာ သူက...





"ကျေးဇူးတင်ပါတယ် အရှင်။ အရှင်တို့သုံးဦးရဲ့ မှန်ကန်တဲ့ စွမ်းအားနဲ့ နောက်ဆုံးမှာ ကျွန်ုပ် ဘုရင်ဖြစ်လာခဲ့ပါတယ်"

ဟု ဦးညွှတ်လျက် ပြောလေ၏။

ထို့နောက် ဘုရင်ကာစင်သည် ကျွန်ုပ်တို့အား သီးသန့်ဆောင်တွင် ဧည့်ခံပြီး ကျွန်ုပ်တို့၏ ရှေ့လုပ်ငန်းများအတွက် ဆွေးနွေးပြောဆိုလေ၏။ သူသည် ကျွန်ုပ်တို့အပေါ်တွင် ပုဂ္ဂိုလ်ရေးအရ ခင်မင်တွယ်တာနေပြီဖြစ်ကြောင်း သူ့စကားများက ဖော်ပြနေပါသည်။

အကယ်၍ ကျွန်ုပ်တို့အနေဖြင့် ဆန္ဒရှိပါက သူ့တိုင်းပြည်တွင် တစ်သက်လုံး နေထိုင်စေလိုကြောင်း၊ အမြင့်ဆုံး ရာထူးများ ပေးအပ်ပြီး လောကစည်းစိမ်ကို ပြည့်ဝစွာ ခံစားခွင့်ပြုမည်ဖြစ်ကြောင်း ပြောဆိုလေ၏။

သူသည် ကျွန်ုပ်တို့နှင့် ခွဲခွာရမည်ကို အမှန်ပင် ဝမ်းနည်း ခံစားနေရ၏။ ကျွန်ုပ်တို့လည်း စိတ်မကောင်းပါ။ သူ့ဆန္ဒမှာ ကျွန်ုပ်တို့အဖို့ လွန်စွာမက်မောဖွယ် ကောင်းသော်လည်း ကျွန်ုပ်တို့၏ အနာဂတ်ဘဝကို တိုင်းတစ်ပါးတွင် အဆုံးသတ်ရမည့် အဖြစ်မျိုး မရောက်စေလိုသောကြောင့် စိတ်မကောင်းစွာ ငြင်းလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီးသည် ပုံသဏ္ဌာန် ပြောင်းလဲနေပြီဖြစ်သည်။ ခေတ်မီနည်းပညာများဖြင့် လျင်မြန်စွာ တိုးတက်နေသည့် ခေတ်ကာလဖြစ်၍ မည်မျှဝေးကွာသည့် အရပ်ဒေသဖြစ်ပါစေ သွားရောက် နိုင်ပြီဖြစ်ကြောင်း ကျွန်ုပ်က ရှင်းပြ၏။ သို့ဖြစ်၍ ကမ္ဘာ့မိသားစုကြီးသဖွယ် ဖြစ်လာတော့မည့် အနေအထားမှာ မိမိတို့ဟာ မိတ်ဆွေကောင်း ပီသစွာဖြင့် ၎င်းတို့တိုင်းပြည်သို့ အချိန်မရွေး လာရောက်နိုင်ကြောင်း ပြောဆိုလိုက်၍ ကာစင်သည့် စိတ်ကျေနပ်မှု ရရှိသွားလေ၏။

ထို့နောက် သူသည် ကျွန်ုပ်တို့ဆန္ဒကို ဖြည့်ဆည်း ပေးမည်ဖြစ်ကြောင်း ပြောဆိုတော့သည်။

ရက်အနည်းငယ်အတွင်း ကျွန်ုပ်တို့သည် မရဏလိုဏ်ဂူသို့ သွားရောက်ရန် ပြင်ဆင်ကြ၏။ ၎င်းကိစ္စအတွက် အထူးအထွေ ပြင်ဆင်စရာ မလိုပါ။ ကျွန်ုပ်၏ ကျန်းမာရေးမှာလည်း ပုံမှန်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။

ကျွန်ုပ်တို့ခရီးစဉ်၏ အဓိကဦးတည်ချက်မှာ စုံထောက်မင်းကြီး၏ညီ မစ္စတာရီဗာစလေဒင်ကို ရှာဖွေရန်ဖြစ်သည်။ မစ္စတာရီဗာစလေဒင်သည် မရဏလိုဏ်ဂူအတွင်း ရောက်ရှိခဲ့သည်ဟု ကျွန်ုပ် ယုံကြည်၏။ ထို့ကြောင့် စုံထောက်မင်း





ကြီးအား ပေးထားသည့် ကတိအတိုင်း ကျွန်ုပ်တို့ ၎င်းလိုဏ်ဂူအတွင်း ဝင်ရောက်ရှာဖွေရမည် ဖြစ်သည်။

သွားလမ်းရှိပြီး ပြန်လမ်း မရှိသော ထိုနေရာမှာ လျှို့ဝှက်ဆန်းကြယ်လှသည်ဖြစ်၍ ကျွန်ုပ်တို့အား သွားရောက်ခြင်းမပြုရန် ဟန့်တားပြောဆိုကြ၏။

နောက်ဆုံးတော့ ကျွန်ုပ်တို့၏ ခေါင်းမာသော ဆန္ဒကို လိုက်လျောကြတော့၏။ ပြဿနာမှာ စုန်းမကြီးပါလ်ဝဲ ဖြစ်သည်။ ၎င်းလိုဏ်ဂူများအတွင်းသို့ နှံ့စပ်စွာ ဝင်ရောက် သွားလာနိုင်သူမှာ သူတို့တိုင်းပြည်တွင် စုန်းမကြီးပါလ်ဝဲသာ လျှင်ရှိ၏။

ဘုရင်ကာစင်သည် ရာဂျာကို သုတ်သင်စဉ်ကတည်း က စုန်းမကြီးပါလ်ဝဲကိုလည်း တစ်ပြိုင်တည်း သုတ်သင်ရန် ဆုံးဖြတ်ထား၏။ သို့သော်လည်း ကျွန်ုပ်တို့က မရဏလိုဏ်ဂူအတွင်း ဝင်ရောက်မည့်ကိစ္စ ရှိနေသောကြောင့် ထိုကိစ္စတွင် သူမကို အသုံး ပြုရမည်ဖြစ်၍ သတ်ဖြတ်ခြင်း မပြုဘဲ ချုပ်နှောင်ထားခြင်းဖြစ် သည်။

ရာသီဥတုကြည်စင်သော နေ့တစ်နေ့ ဖြစ်သည်။ ကျွန်ုပ်တို့သည် ရိက္ခာများကို စုဆောင်းပြီး နံနက်ပိုင်းက တည်းက ခရီးစဉ်ကို စတင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့မှာ စုစုပေါင်း ခြောက်ဦးဖြစ်သည်။ ကျွန်ုပ်၊ ကျွန်ုပ်အားပြုစုရန် ဖူလာနှင့် စိုင်းဆဲထူး၊ ကျော်စွာ၊ စုန်းမကြီး ပါလ်ဝဲ၊ ဘုရင်ကာစင်၏ ဦးရီးတော် စစ်သူကြီး အင်ဖာတို့ ဖြစ်သည်။

သစ်ကုလားအုပ် ကိုယ်စီဖြင့် မရပ်မနား သွားကြရာ နေ့လယ်ပိုင်းသို့ ရောက်သောအခါ အလယ်ဗဟိုတောင်ခြေသို့ ရောက်ရှိကြ၏။ ထို့နောက် ကျွန်ုပ်တို့သည် ချုံနွယ်ပိတ်ပေါင်းများရှိသော တောင်အမြင့်ကို တစ်နာရီခွဲခန့် အချိန်တိုင်အောင် တက်ကြ၏။ စုန်းမကြီးပါလ်ဝဲသည် အရွယ်နှင့်မလိုက်အောင် သွက်လက်လျင်မြန်လွန်းသည်ကြောင့် ကျွန်ုပ်တို့ များစွာအံ့သြကြ၏။

တောင်ထိပ်သို့ ရောက်သည်တွင် အနည်းဆုံး ပေရှစ်ဆယ်ခန့်မြင့်သော ကျောက်သားနံရံကြီးကို တွေ့ရလေ၏။ ပါလ်ဝဲသည် ရပ်တန့်လျက် ကျွန်ုပ်တို့ကို ကြည့်လေ၏။ မလိုမုန်းထား အမုအရာများ သူမ မျက်နှာတွင် ထင်ရှားစွာ ပေါ်လွင်နေ၏။

"လူသူစိမ်းများ... သင်တို့အသင့်ဖြစ်ပလား။ ကျွန်ုပ်ရဲ့ အရှင်ဘုရင်မင်းမြတ်ရဲ့အမိန့်ကြောင့် ကျွန်ုပ်တို့ ဒီနေရာကို ရောက်ခဲ့ကြတယ်။ တောက်ပြောင်တဲ့ ကျောက်များ





သိုလှောင်တဲ့နေရာကို သင်တို့ မကြာခင် ရောက်ရှိပါလိမ့်မယ်"

"ကျုပ်တို့ အသင့်ရှိနေပါတယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေရာ သူက ဆက်၍ ...

"ကောင်းတယ်၊ ကောင်းတယ်၊ သင်တို့ မြင်မယ့်အရာတွေအတွက် ကြံ့ကြံ့ခံနိုင်အောင် အားမွေးထားကြပါ"

ဟု ပြောလေ၏။ ထို့နောက် စစ်သူကြီး အင်ဖာကို ကြည့်လျက် ...

"စစ်သူကြီး အင်ဖာ၊ သင်ကော လိုက်မှာလား"

ဟု မေးလေ၏။ ထိုအခါ အင်ဖာသည် အမိန့်ဆန်သော လေသံဖြင့် ...

"အထဲကိုလိုက်ဖို့ ကျုပ်အလုပ် မဟုတ်ဘူး။ ဒါပေမဲ့ ကျုပ်အရှင်များနဲ့ ဆက်ဆံတဲ့အခါ သတိထားပါ။ သူတို့ရဲ့ ဆံတစ်ပင်ကို ထိပါးတာနဲ့ သင်သေရမယ် ပါဝဲလ်။ ကျုပ်ပြောတာ နားလည်တယ်နော်"

ဟု ပြောလေ၏။

"ကျွန်ုပ် နားလည်ပါတယ်။ ကျွန်ုပ်ဟာ ဘုရင်အမိန့်ဟူသမျှ နာခံခဲ့သူပါ။ အခုလည်း ဘုရင့်အမိန့်အတိုင်း ဒီကိုရောက်လာတာပေါ့။ ကျွန်ုပ်ဟာ ဘုရင်များရဲ့ အမိန့်ကို



www.burmeseclassic.com

www.burmeseclassic.com



နာခံတယ်။ နောက်ဆုံးတော့ ကျွန်ုပ်ရဲ့ အမိန့်ကို သူတို့က နာခံရတယ်၊ ဟား ဟား ဟား”

ထိုသို့ပြောပြီး သူမသည် မီးအိမ်ကိုင်ဆွဲလျက် ထွက်သွားလေ၏။

ဖူလာသည် ကျွန်ုပ်အား စိတ်မချ ဖြစ်နေ၏။ သူမအား ကျွန်ုပ်တို့နှင့် မလိုက်ရန် ဖျောင်းဖျပြောဆိုခဲ့ရ၏။

ပါဝဲလ်သည် လူတစ်ကိုယ်စာ အပေါက်မှ ဝင်သွားလေရာ ကျွန်ုပ်တို့လည်း လိုက်ပါဝင်ကြ၏။ ကျွန်ုပ်တို့ ကိုက်ငါးဆယ်ခန့် ဝင်မိသောအခါ အလင်းရောင်မှုန်မှုန်ကို မြင်ရလေ၏။

နောက်မိနစ်ပိုင်းအတွင်း ကျွန်ုပ်တို့သည် လူသားတို့ မြင်ဖူးသမျှတွင် အံ့သြဖွယ်အကောင်းဆုံး နေရာသို့ ရောက်နေကြပြီဟု ယူဆရပေတော့မည်။ ရောမဂူကြီးဖြစ်သည်။ ဘေးတစ်ဖက်တစ်ချက်တွင် ရေခဲတိုင်ကြီးများဟု ထင်ရသော ကြီးမားသည့် တိုင်ကြီးများ အစီအရီ ဖြစ်ပေါ်နေ၏။

ထိုအရာများမှာ အမိုးမှ တစက်စက်ကျသော ရေစက်တို့မှခဲကာ တဖြည်းဖြည်းနှင့် မျှော်စင်ကြီးသဖွယ် ဖြစ်လာကြခြင်းဖြစ်သည်။ ကျွန်ုပ်ကဲ့သို့ ညီငယ်နှစ်ဦးလည်း ပါးစပ်အဟောင်းသားဖြင့် လွန်စွာအံ့သြနေကြ၏။





ဂုင်းမျှော်စင်တိုင်ကြီးများ မည်ရွေ့မည်မျှ လှပသည်ဆိုခြင်းကို မည်သို့ ဖော်ထုတ်ပြောရမည်ကိုပင် ကျွန်ုပ် မသိပါချေ။ အချို့ရေခဲမျှော်စင်၏ အခြေသည် အချင်းပေနှစ်ဆယ်ခန့်ရှိမည်ဟု ယူဆရပြီး အမိုးဆီသို့ ထိုးတက်လျက်ရှိ၏။

ဖြစ်နိုင်ပါက ဂူကြီး၏ အလှအပကို စိတ်ရှိသလောက် ကျွန်ုပ်တို့ လေ့လာစူးစမ်းချင်ပါသည်။ သို့သော် ပါလ်ဝဲဟူသော စုန်းမကြီးက ကျွန်ုပ်တို့ကို ဂုင်းအခွင့်အရေးမျိုး ပေးမည်မဟုတ်ပါ။

တိတ်ဆိတ်လှသော ဂူကြီး၏ အစွန်းသို့ ရောက်သွားသည်တွင် ဝင်ပေါက်တစ်ခုကို တွေ့ရ၏။ ကျွန်ုပ်တို့ ဖြတ်သန်းခဲ့သော ခရီးမှာ ရှုပ်လျား ကွေ့ကောက်လွန်းသည်ကြောင့် မှတ်သားနိုင်စွမ်း မရှိတော့ပါ။ ဂူပေါက်အတွင်း ဦးဆောင်ဝင်သွားသူ ပါလ်ဝဲကို မျက်ခြည်မပြတ်အောင် ဂရုစိုက်နေရသည်မှာ လွန်စွာစိတ် ပင်ပန်းလှ၏။

ကျွန်ုပ်၏စိတ်တွင် မသိုးမသန့် ဖြစ်လျက် အန္တရာယ်တစ်ခုခု ဖြစ်ပေါ်လိမ့်မည်ဟု ခံစားနေမိသည်။ အချိုးအကွေ့များသော ဂူလမ်းကြောင်း အဆုံးသို့ ရောက်သည်တွင်



www.burmeseclassic.com

www.burmeseclassic.com



လွန်စွာကျယ်သော အခန်းတွင်းသို့ ရောက်ရှိလေ၏။ ၎င်းအခန်းသည် အလျားပေ လေးဆယ် အနံ့ပေသုံးဆယ်ခန့် ကျယ်ဝန်းမည်ဟု ခန့်မှန်းရ၏။

အခန်းတွင်း ရောက်သည်တွင် ပထမဆုံး သတိပြုမိသည်မှာ အခန်း၏အလျားနှင့် အပြည့်လောက် ရှည်လျားသည့် ကျောက်စားပွဲကြီးပင် ဖြစ်သည်။ အခြေအနေအမှန်ကို ကျွန်ုပ်ထက်ဦးစွာ သိရှိသူမှာ ကျော်စွာ ဖြစ်သည်။

"ဘုရား ... ဘုရား"

သူသည် ကျွန်ုပ်လက်မောင်းကို အထိတ်တလန့် လာရောက်ဆုပ်ကိုင်၏။ သူသည် ကတုန်ကယင် ဖြစ်နေပါသည်။ တစ်ဆက်တည်း ဆိုသလို စိုင်းဆဲထူးကလည်း အားပါးတရ ကျိန်ဆဲပြန်၏။

ကျွန်ုပ်လည်း သူတို့ဘာကြောင့် ထိုသို့ဖြစ်ရသည်ကို အချိန်တစ်ခဏအတွင်း သိရှိလိုက်ရာ သူတို့ကဲ့သို့ပင် ကျွန်ုပ်၏ ဝိညာဉ် လွင့်ထွက်သွားမတတ် တုန်လှုပ်ခံစားသွားပါသည်။

ကျွန်ုပ်သည် ပုံမှန်အားဖြင့် ဤအရာမျိုးတွေကို မကြောက်လန့်တတ်ပါ။ သို့သော် ယခုမြင်ကွင်းက ကျွန်ုပ်ကို အမှန်ပင် ကြောက်လန့်စေပါသည်။





ကျွန်ုပ်တို့၏ မျက်စိများမှာ ကျင့်သားရနေပြီဖြစ်သည်။ ကျွန်ုပ်တို့သုံးဦးသည် တစ်ဦးကိုတစ်ဦး ဖေးမလျက် ကစဉ့်ကလျား စိတ်အစဉ်ကို ပြန်လည်တည့်မတ်ပြီး တည်ငြိမ်အောင် တည်ဆောက်ရလေ၏။

ကျွန်ုပ်တို့၏ အဖြစ်ကို ကြည့်ပြီး ပါလ်ဝဲက မပြီးနိုင် မစီးနိုင် ရယ်နေပါသည်။ သူ့မ ရယ်သံက ကျွန်ုပ်တို့၏ ကြောက်လန့်စိတ်ကို တွန်းအားပေးသလို ဖြစ်နေ၏။ ထို့ကြောင့် စိုင်းဆဲထူးက မခံမရပ်နိုင်ဖြစ်ပြီး သေနတ်တစ်ချက် ပစ်ဖောက်လိုက်သည်ကြောင့် ပါဝဲလ်လည်း အထိတ်တလန့်ဖြင့် အရယ်ရပ်သွားတော့၏။

စားပွဲပတ်ပတ်လည်တွင် ထိုင်လျက်ရှိနေသော ပုံဖြူဖြူအရာများမှာ လူသေအလောင်းများပင် ဖြစ်သည်။ ၎င်းတို့၏ ပုံသဏ္ဌာန်ကို မြင်ရသည်မှာ လွန်စွာတုန်လှုပ်ဖွယ်ကောင်းလှ၏။ တချို့မှာ ဦးခေါင်းငိုက်လျက်ရှိပြီး တချို့မှာ ကုလားထိုင်မှ ယဲ့ဆဲဆဲ အနေအထားမျိုး ဖြစ်၏။

အနည်းငယ် ကျင့်သားရနေပြီဖြစ်၍ ကျွန်ုပ်တို့ခြေလှမ်းတွေကို ရှေ့တိုးလိုက်ပါသည်။

ပါလ်ဝဲက အားရကျေနပ်သံဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"သေမင်းခန်းမအတွင်း ဝင်သူတိုင်း ဘေးဆိုးရန်ဆိုး ကြုံရလိမ့်မယ်။ ဟီး ဟီး ဟီး ... စစ်ပွဲမှာ ရဲရင့်တဲ့သူတွေ လာကြလေ"

ဟု ပြောလေ၏။

ကျွန်ုပ်တို့လည်း လက်နက်များကို အသင့်ကိုင်ဆောင်လျက် ရှေ့သို့ တစ်လှမ်းချင်း ချဉ်းကပ်သွားရာ အချိန်တစ်ခဏအတွင်းမှာပဲ ကျွန်ုပ်သည် အခြေအနေကို ကောင်းစွာသိရှိတော့၏။

ဂူအမိုးမှရေသည် တစ်စက်ချင်း ကျနေ၏။ ၎င်းကျောက်စက်ရေကြောင့် လူသေအလောင်းများမှာ ကျောက်သားအဖြစ် ပြောင်းလဲသွားခြင်း ဖြစ်သည်။ ၎င်းတို့မှာ လူခန္ဓာကိုယ်များဖြစ်သည်။ တစ်ခါက ၎င်းတို့သည် လူသားများ ဖြစ်ခဲ့ကြ၏။ ရစ်စတန်ပြည်၏ ဘုန်းတန်ခိုးမြင့်မားသော ဘုရင်များ ဖြစ်ခဲ့ကြ၏။ ယခု ၎င်းတို့မှာ ကျောက်စိုင်ကျောက်ခဲများ ဖြစ်နေကြလေပြီ။

မည်သို့ဆိုစေ ၎င်းအရာများမှာ နောက်နှစ်ပေါင်းများစွာ တိုင်အောင် ထာဝရ တည်နေတော့မည် ဖြစ်သည်။





## အခန်း(၁၇)

## ကန္တာရအကျဉ်းစံနှင့် တွေ့ဆုံခြင်း

ကျွန်ုပ်က အခြေအနေမှန်ကို ညီငယ်နှစ်ဦးအား ရှင်းပြလိုက်ရာ ၎င်းတို့လည်း သဘောပေါက် သိရှိသွားလေ၏။

ထို့ကြောင့် ကျွန်ုပ်တို့၏ ထိတ်လန့်တုန်လှုပ်မှုများလည်း အရှိန်သေ ရပ်တန့်သွားပါသည်။

ထိုစဉ်မှာပဲ ပါလ်ဝဲ၏ အပြုအမူကြောင့် ကျွန်ုပ်တို့မှာ စိတ်အနှောင့်အယှက်ဖြစ်ရပြန်၏။ သူမသည် ကျောက်သားအသွင်ဖြစ်နေသော လူသေအလောင်းများအနီးတွင် ထိုင်လျက် ဆုတောင်းရေရွတ်ခြင်းများ ပြုလုပ်နေသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ၎င်းလူသေအလောင်းများကို အနီးကပ်ကြည့်ရှု လေ့လာပြီးဖြစ်သည်။ ဥရောပလူဖြူတစ်ဦး၏ ရုပ်လက္ခဏာမျိုး မဟုတ်ကြောင်း တွေ့ရှိရ၏။ စုံထောက်မင်းကြီး၏ညီ မစ္စတာရီဗာစလေဒင်သည် ဤဂူအတွင်း၌ မည်သည့်နေရာတွင် ရှိနေပါမည်လဲ။ သို့တည်းမဟုတ် မည်သို့သေဆုံးနေမည်လဲဟူသည်မှာ ကျွန်ုပ်အတွက် အဓိက လိုအပ်သော အချက်အလက်ဖြစ်သည်။

"ဒီမှာ ပါလ်ဝဲ ... ကျုပ်တို့ကို ရတနာခန်းမကို ပို့ပေးပါ"

ထိုအခါ အမယ်အိုကြီးသည် ချက်ချင်းပင် နေရာမှ ထလိုက်ပြီး ...

"အရှင်တို့က မကြောက်ဘူးနော်"ဟု ပြောပြီး ...

သူမသည် အဖြူရောင် အလောင်းကောင်များ၏ နောက်ဘက်သို့ သွားလေ၏။

"ဝင်ပေါက်လမ်းက ဒီမှာပါ"

ဟု ပြောလေရာ သူမ ညွှန်သည့်နေရာတွင် မည်သည့် ဝင်ပေါက်ကိုမှ မတွေ့ရဘဲ ကျောက်သားနံရံကိုသာ တွေ့ရ၏။

"ဝင်ပေါက်ကို ကျုပ် မမြင်ဘူး"





"ကြည့်ပါ"

ကျွန်ုပ်တို့ ကြည့်နေစဉ်မှာပဲ ကျောက်သားကြမ်းပြင်ကြီးသည် တဖြည်းဖြည်း ကွဲတက်သွားပြီး ကျောက်သားအတွင်း ပျောက်ကွယ်သွားလေ၏။ ကျွန်ုပ်တို့မှာ စိတ်လှုပ်ရှားခြင်းကြီးမားလှလေရာ ကျွန်ုပ်၏ တစ်ကိုယ်လုံး တုန်လှုပ်နေတော့၏။

နောက်ဆုံးတွင် ဤခရီးသည် အချည်းအနှီးပင် ဖြစ်လေမည်လားဟု ကျွန်ုပ် တွေးလိုက်မိသည်။

သို့မဟုတ် ရီဗာစလေဒင်၏ အဆိုပင် မှန်ကန်မည်လား။ ၎င်းမှောင်မည်းသော အခန်းတွင်းမှာ ရတနာအစုအပုံကို တွေ့ရပြီး ကျွန်ုပ်တို့အား ကမ္ဘာပေါ်တွင် အချမ်းသာအကြွယ်ဝဆုံး သူဋ္ဌေးများ ဖြစ်စေမည်လား။

ကျွန်ုပ်တို့အားလုံးသည် စိတ်ဝင်တစားဖြင့် အသက်ရှူရန်ပင် မေ့လျော့နေကြသည်။ ထိုစဉ် ပါလ်ဝဲဆီမှ မထင်မှတ်သောစကားကို ကြားရပြန်၏။

"ဒီတိုင်းပြည်မှာ ဒီတံခါးရဲ့ လျှို့ဝှက်ချက်ကို သိတဲ့သူဆိုလို့ ကျွန်ုပ်နဲ့ ကျွန်ုပ်ရဲ့တပည့် မိန်းမအချို့သာလျှင် သိပါတယ်။ တံခါးရဲ့ လျှို့ဝှက်ချက်ကို သင်တို့ နှစ်ပေါင်းထောင် ရှာဖွေဦးတော့ ဘယ်တော့မှ တွေ့မှာမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့ နှစ်အနည်းငယ်က လူဖြူနှစ်ယောက် ကျွန်ုပ်တို့တိုင်းပြည်ကို ရောက်လာတယ်။ သူတို့ဟာ ဘုရင့်အကြိုက် မြှောက်ပင့်ပြီး နီးစပ်မှုရှိအောင် ကြိုးစားခဲ့ကြတယ်။ သူတို့ထဲကတစ်ဦးက လွန်စွာပါးနပ်သူ ဖြစ်တယ်။ ကျွန်ုပ်ရဲ့ တပည့်မတစ်ဦးကို လှည့်စားစည်းရုံးပြီး ဒီလိုဏ်ဂူထဲ ရောက်ရှိခဲ့ကြတယ်။ သူတို့က ရတနာတွေကို ယူဆောင်ပြီး ဒီတိုင်းပြည်က ထွက်ပြေးကြဖို့ ကြံစည်ထားကြတယ်။ ကျွန်ုပ်နဲ့ဘုရင်တို့ အချိန်မီသိလိုက်တာနဲ့ ကျွန်ုပ်ရဲ့ တပည့်မကိုသုတ်သင်ပြီး အဲဒီလူဖြူနှစ်ဦးကို ဒီလိုဏ်ဂူထဲမှာ ပိတ်လှောင်ထားလိုက်တယ်။ ဟား... ဟား... ဟား ...။ သူတို့ရဲ့အရိုးစုက သင်တို့ကို ဆီးကြိုနေပါလိမ့်မယ်"

"အဲဒီထဲက တစ်ယောက်ဟာ ရီဗာစလေဒင် မဟုတ်လား"

ထိုအမည်ကို ကြားလိုက်ရသောကြောင့် အမယ်အိုကြီးမှာ တအံ့တသြ ဖြစ်သွား၏။

"အဲဒီလူကို သင် ဘယ်လိုလုပ်သိသလဲ"

"ကျုပ် အဲဒီလူကို တွေ့ဖို့ လိုက်လာတာပဲ"

"ဟား ... ဟား ... ဟား ... တွေ့ရမှာပါ။ သင်တွေ့ရုံသာမက သူ့ရဲ့ လမ်းစဉ်အတိုင်းလိုက်ဖို့ ကံကြမ္မာက





သင့်ကို စီရင်လိုက်တာပဲ။ ကဲ ... ကဲ ... ဝင်ကြပါ။ ဒီအခန်းထဲဝင်တာဟာ သေဘေးဟုတ်မဟုတ် နောက်တော့ သင်တို့ သိကြပါလိမ့် မယ်။ ဟား ... ဟား ... ဟား ... ဟီး ... ဟီး ... ဟီး ..."

ပါလ်ဝဲက မီးအိမ်ကိုယူလျက် ဦးဆောင်ဝင်သွားလေ၏။ ကျွန်ုပ်အား သူမ ပြောခဲ့သည့် စကားများကို စိုင်းဆဲထူးနှင့် ကျော်စွာအား ရှင်းပြလိုက်ရာ လူငယ်ပီပီ စိတ်ဆတ်သော ကျော်စွာက ...

"မကောင်းဆိုးဝါးမကြီး ခြောက်သမျှ လုံးဝမကြောက်ဘူး"

ဟု ပြောဆိုပြီး ပါလ်ဝဲ၏နောက်သို့ ဦးဆောင်လိုက်သွားလေ၏။

ကျွန်ုပ်တို့အားလုံး ခန်းမကြီးအတွင်း ရောက်ရှိနေပြီဖြစ်သည်။ တစ်ဆယ့်ငါးကိုက်ခန့် ဆက်လက်သွားမိသော် ထူးဆန်းစွာ ဆေးခြယ်ထားသည့် သစ်သားတံခါးသို့ ရောက်ရှိလေ၏။

တံခါးက ပွင့်လျက်သားပင်ဖြစ်သည်။ သို့မဟုတ် ဤနေရာသို့ ရောက်ရှိခဲ့သူသည် တံခါးပိတ်ရန် မေ့လျော့ခဲ့ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ပါလ်ဝဲက ၎င်းတံခါးကို ဖြတ်သန်းဝင်သွားသောကြောင့် ကျွန်ုပ်တို့လည်း လိုက်ပါဝင်ခဲ့ကြ၏။ အခန်းမှာ ကျောက်သားထွင်းပြီး စတုရန်းဆယ်ပေခန့် ရှိပေလိမ့်မည်။ မျက်နှာချင်းဆိုင်ဘက်၌ ဆေးသုတ်ထားသော သစ်သားသေတ္တာ တစ်ဆယ့်နှစ်လုံးကို တွေ့ရသည်တွင် ကျွန်ုပ်တို့သည် အံ့သြမှုဖြင့် တစ်ဦးကိုတစ်ဦး ကြည့်လိုက်မိသည်။

တစ်ဆက်တည်းပင် ကျွန်ုပ်တို့သည် ၎င်းသေတ္တာများအနီးသို့ မည်သို့ရောက်ရှိသွားမှန်း မသိ။ စိုင်းဆဲထူးက ပါးလ်ဝဲထံမှ မီးအိမ်ကို ဆွဲယူလိုက်၏။ သေတ္တာများမှာ အချိန်ကြာမြင့်လှပြီဖြစ်၍ ခိုင်ခံ့ခြင်းမရှိတော့ဘဲ ကျိုးပဲ့နေလေသည်။

မစ္စတာရီဗာစလေဒင် ချိုးဖျက်ခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ ကျွန်ုပ်က သေတ္တာအတွင်း လက်နှိုက်လိုက်ပြီး အတွင်းမှ ပစ္စည်းများကို လက်နှင့်တစ်ဆုပ်ယူလိုက်၏။ စိန်များမဟုတ်ဘဲ ရွှေများဖြစ်နေ၏။ ၎င်းရွှေစများကို မီးအိမ်အလင်းဖြင့် ကြည့်လိုက်ရာ ထူးဆန်းသောစာများကို တွေ့ရ၏။

ထိုစဉ် ကျော်စွာထံမှ အထိတ်တလန့်အသံကို ကြားရ၏။





"မြတ်စွာဘုရား ... ဒီမှာကြည့်ပါဦး"

သူ ရပ်နေရာသို့ ကျွန်ုပ်တို့ အလျင်အမြန်သွားကြသည်။ သူသည် ကျောက်နံရံနှင့်ကပ်လျက် ကျောက်သေတ္တာသုံးလုံးကို ဖွင့်နေ၏။ ၎င်းသေတ္တာအရွယ်အစားမှာ စတုရန်းနှစ်ပေပတ်လည်ခန့် ရှိပါလိမ့်မည်။

သေတ္တာ၏သုံးပုံနှစ်ပုံခန့်၌ စိန်ရိုင်းတုံးများ ပြည့်လျက်ရှိနေသည်ကို မြင်ရ၏။ အများစုမှာ အရွယ်ကြီးမားပါသည်။

"တစ်ကမ္ဘာလုံးမှာ ငါတို့ အချမ်းသာဆုံးဖြစ်ပြီ"

ကျွန်ုပ်သည် အားပါးတရ ဟစ်အော်လိုက်သည်။ ကျွန်ုပ်ကဲ့သို့ စိုင်းဆဲထူးနှင့် ကျော်စွာလည်း ၎င်းစိန်ရိုင်းတုံးများကို ပွေ့ပိုက်လျက် ပျော်ရွှင်ခုန်ပေါက်နေကြ၏။

"ဟီး ... ဟီး ... ဟီး"

အမယ်အိုကြီး ပါလ်ဝဲက ရယ်လေ၏။ ထို့နောက် ...

"ဒီမှာ သင်တို့ မက်မောတဲ့ ပြောင်ပြောင်လက်လက် ကျောက်တွေကို စိတ်ကြိုက်သယ်ယူကြလေတော့။ သင်တို့လက်များနှင့် ယူကြ။ စိန်တွေကို စားကြ၊ စိန်တွေကို သောက်ကြ ... ဟား ... ဟား ... ဟား ... ဟီး ... ဟီး ... ဟီး ..."

ဟု ပြောပြီး ခုန်ပေါက် ရယ်မောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ကိုဝန်ခံရရင် ၎င်းအချိန် အခိုက်အတန့်တွင် ကျွန်ုပ်သည် မစ္စတာရီဗာစလေဒင်ကို မေ့လျော့သွား၏။ ဤရတနာများကို အရယူရန်အတွက်သာ လောဘရမ္မက်များဖြင့် လောင်မြိုက်နေခဲ့သည်။

ကျွန်ုပ်တို့ အရိပ်အခြေကို စောင့်ကြည့်နေသော ပါလ်ဝဲသည် ကျွန်ုပ်တို့အား မုန်းတီးသော အကြည့်ဖြင့် ကြည့်လိုက်ပြီး ရတနာအခန်းမှ ထွက်သွားလေ၏။ သူမ ထွက်သွားပြီဖြစ်ကြောင်း သတိပြုမိသူမှာ စိုင်းဆဲထူး ဖြစ်သည်။

လိုဏ်ခေါင်း တစ်လျှောက် ထွက်ပေါ်လာသည့် တဒေါက်ဒေါက်အသံမှာ သူမ လက်ဆွဲတော် တုတ်ကောက် အသံဖြစ်သည်။ ကျွန်ုပ်တို့ သတိပြုမိစဉ်မှာပဲ အထိတ်တလန့် ဖြစ်သွားကြ၏။ အကြောင်းကား စုန်းမကြီးပါလ်ဝဲသည် ကျောက်တံခါးကြီး ပိတ်လိုက်မည်ကို သိလိုက်သောကြောင့် ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် စိန်တုံးများကို ပစ်ချခဲ့ပြီး စုန်းမကြီးနောက်သို့ ပြေးလိုက်ကြ၏။

ကျော်စွာသည် ရှေ့ဆုံးမှ ဦးဆောင်ပြေးသွား၏။ စုန်းမကြီးနှင့် ကိုက်အနည်းငယ်မျှ အကွာဝေးသို့ အရောက်





တွင် ကျောက်တံခါးကြီးသည် တဖြည်းဖြည်း ကျဆင်းလာနေပြီဖြစ်သည်။ စုန်းမကြီးက တဟားဟား ရယ်နေလေရာ ကျော်စွာသည် စုန်းမကြီးထံသို့ ခုန်အုပ်ပြီးတိုက်ခိုက်လေ၏။ စုန်းမကြီးကလည်း အညံ့မခံ။ ကျိန်တွယ် ဆဲဆိုပြီး ခုခံ တိုက်ခိုက်၏။

၎င်းတို့နှစ်ဦးကို ကြည့်လျက် ကျွန်ုပ်နှင့် စိုင်းဆဲထူးမှာ ငေးကြောင်နေမိသည်။

ကျောက်တံခါးကြီးသည် ကြမ်းပြင်အထက် သုံးပေ အမြင့်လောက်သာ ကွာဟတော့သည်။ ပါလ်ဝဲနှင့် ကျော်စွာ တို့မှာ တံခါးအနီး၌ လုံးထွေးနေကြဆဲဖြစ်၏။ ကျွန်ုပ်လည်း မည်သို့လုပ်ရမှန်းမသိ ဖြစ်နေတော့သည်။ ထိုစဉ်မှာပဲ မထင်မှတ်သော ဖြစ်ရပ်ကို ကျွန်ုပ်တို့ အထိတ်တလန့် တွေ့ရလေ၏။

ပါလ်ဝဲသည် ကျော်စွာ၏ ခန္ဓာကိုယ်ကို ကုတ်ခြစ်လျက် ရုန်းထွက်လိုက်ပြီး ကျောက်တံခါးကြီး ပိတ်ကျနေသည်မှ ဖြတ်သန်းထွက်ရန် သူမ၏ ကိုယ်ကို ကြမ်းပြင်ပေါ် ပစ်လှဲလိုက်သည်။ သူမ ခန္ဓာကိုယ်သည် ကျောက်တံခါးကြီးအောက် ရောက်သွား၏။ သူမ လွန်စွာနောက်ကျသွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မချိုမဆန့် နာကျင်မှုဒဏ်ကြောင့် ပါလ်ဝဲ အော်သည်။ ကျောက်တံခါးကြီးက အနည်းငယ်မျှ တုံ့ဆိုင်းခြင်းမရှိဘဲ နိမ့်၍ နိမ့်၍ ကျလာ၏။ အလေးချိန်က ကြီးမားလှသည်။ ကြောက်ခမန်းလိလိ အော်သံသည် ဆက်ကာ ဆက်ကာ ထွက်ပေါ်နေ၏။

ဤသို့သော အော်သံမျိုးကို ကျွန်ုပ် မကြားဖူးခဲ့ပါပေ။ ထို့နောက်မှာတော့ တကျွတ်ကျွတ်ဖြင့် အရိုးများ ကျိုးကျေသံကို ကျွန်ုပ်တို့ ကြားရတော့သည်။ ကျောက်တံခါးကြီးမှာလည်း ပိတ်သွားလေပြီ။ ကျော်စွာသည် လွှန်စွာမော ပန်းနေလေ၏။

ကျွန်ုပ်တို့သည် မိနစ်အနည်းငယ်မျှ ကျောက်တံခါးကြီး အနီး၌ ရပ်နေမိကြသည်။ ကျွန်ုပ်တို့ ခွန်အားအလုံးစုံသည် ကျွန်ုပ်တို့ကိုယ်၌ ကုန်ခန်းသွားပြီဟု ခံစားရလေ၏။ ကျွန်ုပ်တို့သည် တဖြည်းဖြည်း တုန်လှုပ်ချောက်ချားဖွယ်ရာ သေဆုံးရတော့မည် ဟူသော အသိကြောင့် ဖြစ်ပေါ်လာသည့် တုန်လှုပ်မှုကို အပြင်းအထန် ခံစားရလေ၏။

စုန်းမကြီးပါလ်ဝဲသည် ကျွန်ုပ်တို့အား ဤအဖြစ်ဆိုးမျိုးနှင့် ကြုံတွေ့စေရန် အစကတည်းက ကြိုတင်ကြံစည်ခဲ့သည်မှာ သေချာပါ၏။





"ဆရာ မကြာခင် မီးငြိမ်းတော့မယ်၊ ကျောက်တံခါးကြီး ဖွင့်ပိတ်တဲ့ ခလုတ်များ တွေ့မလား ကြည့်ကြရအောင်"

ဟု စိုင်းဆဲထူးက ပြောလိုက်ရာ ကျွန်ုပ်တို့အားလုံး ကျောက်တံခါးကြီးနှင့် ကျောက်နံရံများကိုပါ စမ်းသပ်ကြည့်ရှုကြ၏။ သို့သော် ဘာမျှ မတွေ့ရပေ။ ကျွန်ုပ်တို့ မစဉ်းစားတတ်အောင် ဖြစ်နေကြသည်။

"တံခါးအဖွင့်အပိတ်ကို အတွင်းဘက်က လုပ်တာဆိုရင် ပါလ်ဝဲဟာ တံခါးအောက်က အသက်စွန့်ပြီး ထွက်မှာမဟုတ်ဘူး"

ဟု ပြောလေ၏။

အချိန်အတန်ကြာသည့်တိုင်အောင် စေ့စေ့စပ်စပ် ရှာဖွေသော်လည်း ကျောက်တံခါး ဖွင့်နိုင်မည့် အနည်းငယ်မျှသော သဲလွန်စကို မတွေ့ရှိဘဲဖြစ်နေသည်။ ထို့နောက် ကျွန်ုပ်တို့သည် ရတနာခန်းမအတွင်းသို့ ဝင်ရောက်ခဲ့ကြ၏။

"ငါတို့တွေ အစာရေစာကို ခွဲဝေစားရအောင်၊ ဒါမှ တတ်နိုင်သလောက် အချိန်ဆွဲထားနိုင်ကြမယ်"

ဟု ပြောပြီး အချိုးကျခွဲဝေလိုက်ရာ နှစ်ရက်စာခန့်ရှိကြောင်း သိရလေ၏။ ထို့နောက် အနည်းငယ်မျှ စား



www.burmeseclassic.com

www.burmeseclassic.com



သောက်ပြီးသည်နှင့် ကျွန်ုပ်တို့သည် နံရံနှင့်ကြမ်းပြင်တစ်လျှောက် ထွက်ပေါက် တွေ့လိုတွေ့ငြား စမ်းသပ်ရှာဖွေကြပါသည်။

"အင်ဖာကတော့ အမှတ်ရနေမှာပဲ၊ ကနေ့ည ကျွန်တော်တို့ ပြန်မရောက်ရင် မနက်ကျရင် သူ လိုက်ရှာမှာ သေချာတယ်"

"ဒါပေမဲ့ တံခါးလျှို့ဝှက်ချက်ကို သူ မသိဘူး"

"ဟုတ်တယ်၊ တံခါးဘယ်နေရာမှာ ရှိတယ်ဆိုတာတောင်မှ သူ မသိဘူး။ တကယ်လို့ တံခါးတွေ့ရင် ငါးပေထုတဲ့ ကျောက်သားကို ရစ်စတန်စစ်သားအားလုံးလည်း ဖွင့်နိုင်မှာ မဟုတ်ဘူး"

ညီငယ်နှစ်ဦး အပြန်အလှန် ပြောဆိုနေခြင်းဖြစ်သည်။

မီးအိမ်အလင်းရောင်သည် ငြိမ်းခါနီးဖြစ်လေ့ရှိသည့်အတိုင်း ဖျတ်ခနဲ လင်းထိန်လာ၏။ ထို့နောက် မီးအားလုံးလျော့ကာ ငြိမ်းသွားတော့သည်။

ထိုညသည် မည်သို့မည်ပုံ ကုန်ဆုံးသွားသည်မသိ။ သို့သော်လည်း ကျွန်ုပ်တို့ အနည်းငယ်အိပ်ပျော်သည်မှာ လွန်စွာကံကောင်းပါသည်။ ကျွန်ုပ်တို့မှာ နေ့နှင့်ညဟူသော သင်္ကေတကို မည်သို့မျှ မှတ်သားနိုင်စွမ်း မရှိတော့ပါ။





ကျွန်ုပ်တို့သည် နှင်းဖုံးတောင်ကြီး၏ အလယ်ဗဟိုဌ အကျဉ်းကျနေပါသည်။ ကျွန်ုပ်တို့အထက် ပေပေါင်းများစွာ၏ အပြင်တွင် သန့်ရှင်းလတ်ဆတ်သည့် လေသည် ဖြူဖြူဖွေးဖွေးနှင်းများကို တိုက်ခတ်နေပါလိမ့်မည်။ သို့သော် ထိုအသံများက ကျွန်ုပ်တို့ထံ ရောက်မလာကြပါ။ ငါးပေထုသော ကျောက်ပြားကြီးသည် ကျွန်ုပ်တို့အား သေမင်း၏ ခန်းမနှင့် ခွဲခြားခဲ့ပြီဖြစ်သည်။

ကျွန်ုပ်တို့အား ကမ္ဘာကြီး၏ အသံဗလံအားလုံးမှ ပယ်ထုတ်ထားလေရာ လူသေနှင့်မခြားသကဲ့သို့ ဖြစ်နေတော့သည်။

ကျွန်ုပ်တို့ လွတ်မြောက်ရန်အတွက် အခွင့်အလမ်းကလေး ရေးရေးမျှ ပြပေးနိုင်မည်ဆိုလျှင် ဤရတနာအားလုံးကို ကျွန်ုပ်တို့ ဝမ်းပန်းတသာ ပေးလိုက်ပါမည်။ ယုတ်ဆွအဆုံး စားစရာ အနည်းငယ်နှင့် ရေအနည်းငယ် ရရှိမည်ဆိုလျှင် ဤရတနာများ နှင့် ဝမ်းမြောက်ဝမ်းသာ ဖလှယ်လိုပါသည်။ ထို့ထက်ပို၍ ပြောရလျှင် ကျွန်ုပ်တို့ ဝေဒနာကြာကြာ မခံစားရဘဲ လျင်မြန်စွာ ဓာတ်သိမ်းရမည်ဆိုလျှင်ပင် ဤရတနာများကို ပေးအပ်ပါမည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ့်ကို ကြောက်စရာပဲ၊ ကျွန်ုပ်တို့ မြန်မြန်သေပြီး ဇာတ်သိမ်းသွားရင် သိပ်ကောင်းမှာပဲ"

ထိုစကားကြောင့် ကျွန်ုပ် အမှန်ပင် ဝမ်းနည်းမိသည်။ ကျော်စွာက တုန်ယင်စွာ ပြောလိုက်ခြင်းဖြစ်၏။

"ဒီလိုမဟုတ်သေးဘူး ကျော်စွာ၊ ငါတို့ အသက်ရှင်နေသမျှ မျှော်လင့်ချက် ရှိနေတာပဲ"

ဟု ပြောလိုက်ရ၏။ ထို့နောက် ကျွန်ုပ်တို့ အစာစားပြီး ရေအနည်းငယ်သောက်ကြသည်။

ကျွန်ုပ်တွင် မီးခြစ်ဆယ်ဆံရှိနေ၏။ အလင်းရောင်အတွက် ၎င်းမီးခြစ်ဆံများကို ချွေတာသုံးဆွဲရမည်ဖြစ်သည်။ ကျွန်ုပ်သည် အတွေးတစ်ချက်ရလိုက်၏။ ဤအခြေအနေမျိုးတွင် ကျွန်ုပ်တို့အားလုံး စိတ်ဓာတ်ကျနေပါက သေခြင်းနှင့်ရင်ဆိုင်ရုံသာ ရှိပေတော့မည်။

ထို့ကြောင့် မျှော်လင့်ချက် လုံးဝမရှိတော့သည့် အခြေအနေမျိုးမှ ရင်သပ်အံ့သြဖွယ် လွတ်မြောက်ခဲ့သည့် အဖြစ်အပျက်များကို သူတို့နှစ်ဦးအား ပြောပြရင်း ကျဆင်းနေသည့်စိတ်ဓာတ်ကို မြှင့်တင်ပေးရ၏။

ဤသို့ဖြင့် ညအချိန်လွန်မြောက်ခဲ့ပြန်၏။ အရာအားလုံး ပိန်းပိတ်အောင်မှောင်နေသည့်ကြားမှ အချိန်ကြည့်ရန် မီးခြစ်လိုက်သည်။ ခုနစ်နာရီထိုးပြီဖြစ်သည်။ ကျွန်ုပ်တို့ အစားအနည်းငယ် စားသောက်ကြ၏။

ထိုစဉ် ကျွန်ုပ်သည် မီးခြစ်အလင်းရောင်ကြောင့် မထင်မှတ်သောအရာကို သတိပြုမိလိုက်၏။

"ဒီနေရာလေးက တခြားနေရာလိုမဟုတ်ဘဲ သန့်ရှင်းလတ်ဆတ်နေပါလား"

ထိုအခါ ညီငယ်နှစ်ဦးလည်း စိတ်ဝင်စားသွားပြီး နောက်ထပ်မီးခြစ်ဆံတစ်ဆံ အသုံးပြုရန် တောင်းဆို၏။

သူတို့နှစ်ဦးလည်း တအံ့တသြ ဖြစ်သွားကြ၏။

"ကျွန်တော်တို့က အစိုးရိမ်လွန်ကဲပြီး သတိမထားမိကြဘူး၊ လေဟာ ကျောက်တံခါးကြီးကို ဖြတ်သန်းမလာနိုင်ဘူး၊ တခြားနေရာက ဝင်ရောက်တာဖြစ်မယ်။ တကယ်လို့ လေသာ ဝင်မလာရင် အခုအခါမှာ ကျွန်တော်တို့ အသက်ရှူရမှာမဟုတ်ဘူး။ ကျွန်တော်တို့ ကြိုးစားကြည့်ရအောင်"

ရေးရေးမျှ‌သာ ၎င်းမျှော်လင့်ချက်ကလေးကြောင့် ကျွန်ုပ်တို့ ကံကြမ္မာအား ပြောင်းလဲစေခြင်းသည် အံ့သြဖွယ်ကောင်းလှပါသည်။ ဤနေရာတွင် ကျွန်ုပ်နှင့် ကျော်စွာတို့ထက် စိုင်းဆဲထူးသည် ပို၍စွမ်းဆောင်နိုင်လေ၏။







www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် လေးဖက်တွား၍ ဂူအတွင်းဝင်လာသည့် အနည်းငယ်မျှသာ သိနိုင်သောလေကို ဂရုတစိုက် အာရုံခံကြည့်ကြသည်။ နာရီဝက်နီးပါးခန့် အကြာတွင် စိုင်းဆဲထူး၏ အားပါးတရ အော်သံကို ကြားလိုက်ရ၏။

"ဆရာ ဒီနေရာကို လာကြပါ"

ကျွန်ုပ်တို့ ရောက်ရှိသွားသောအခါ သူက မတ်တတ်ရပ်ပြီး အောက်ခံကို ခြေဖြင့် ဆောင့်ချလိုက်၏။ အသံမှာ လိုဏ်သံဖြစ်သည်။ ကျွန်ုပ်တို့ရင်ထဲသို့ မျှော်လင့်ချက် မီးတောက်ကလေး ပေါ်လာတော့သည်။ တုန်လှုပ်သောလက်ဖြင့် မီးခြစ်ခြစ်လိုက်ရာ ကျောက်သားကြမ်းပြင်တွင် အက်ကွဲကြောင်းတစ်ခု ရှိနေသည်ကို တွေ့ရ၏။

ကျွန်ုပ်တို့သည် စကားမပြောနိုင်သည်အထိ စိတ်လှုပ်ရှားနေကြသည်။ စိုင်းဆဲထူးက ဓားမြှောင်ဖြင့် ကျောက်ကွင်းပတ်လည် ချောင်ချိအောင် ထိုးခြစ်၏။ ထိုကိစ္စပြီးသည်တွင် သူ၏ဓားကို ကျောက်ကွင်းဘောင်ထဲ ထိုးသွင်းပြီး ခပ်ဖြည်းဖြည်း ကြွတက်အောင်ပြုလုပ်၏။ ထိုအခါ ကျောက်ကွင်းက လှုပ်လာ၏။

သူက ကျောက်ကွင်းအတွင်း လက်နှစ်ဖက်သွင်းကာ အားကုန်ဆွဲသည်။ သို့သော် မထူးခြား။ ထိုကိစ္စကို မည်





သို့ဆောင်ရွက်ရမည်ကို ကျွန်ုပ်တို့ သိလိုက်၏။ ကျွန်ုပ်တို့ သုံးယောက်သည် အနည်းငယ်ကွာဟသွားသည့် ကျောက်ကြားတွင်း လက်လျှိုသွင်းလျက် တစ်ပြိုင်တည်း မ,ကြ၏။

"ဆွဲ ... ဆွဲ ... ကြွလာပြီ"

ယခုလို ခွန်အားမျိုး မည်သည့်အခါမျှ ပေါ်ပေါက်နိုင်မည် မဟုတ်တော့ပေ။ ကျောက်ချပ်ကြီးကို ဖယ်ရှားနိုင်ခဲ့၍ တဟူးဟူး လေသံကို ကြားရလေ၏။ ကျွန်ုပ်တို့သည် အချိန်တုံ့ဆိုင်းမနေတော့ဘဲ ၎င်းအပေါက်မှ အောက်သို့ ဆင်းကြရာ ကျောက်လှေကားဖြစ်နေသည်ကို သိရ၏။

"ခြေကျမဲ့နေရာကို သတိထားကြ"

ဟု ကျွန်ုပ်သတိပေးလိုက်၏။ လှေကားထစ် ဆယ့်ငါးထစ် ရောက်သည်တွင် ကြမ်းပြင်နှင့် ထိတွေ့ရလေ၏။ မီးခြစ်ဆံနှစ်ဆံ ကျန်သည်မှ တစ်ဆံကို မီးခြစ်လိုက်သည်။ မီးတောက်ကလေးသည် လေတိုက်ခတ်မှုကြောင့် ဘယ်သို့ ယိမ်းသွားလေ၏။

"လေဟာ အတွင်းဘက်ကိုသာ တိုက်လေ့ရှိတယ်၊ အပြင်ဘက်ကို မတိုက်ဘူး။ ဒါကြောင့် ငါတို့ လေတိုက်တဲ့ဘက်ကို သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ထိုသို့ပြောပြီး လေနှင့် မျက်နှာချင်းဆိုင်ဘက်သို့ ဦးဆောင်သွားလိုက်၏။

ကျွန်ုပ်တို့သည် နာရီအတော်ကြာသွားပြီး နောက်ဆုံး၌ ပင်ပန်းနွမ်းနယ်စွာ ရပ်လိုက်ကြသည်။ အဆုံးမရှိသော မြေအောက်လမ်းအတွင်း၌ ကျွန်ုပ်တို့ လမ်းပျောက်နေပြီလော။ ကျွန်ုပ်တို့သည် အစာနှင့်ရေကို စားသောက်လိုက်ကြပြီး ၎င်းနေရာမှာပင် ခြေပစ်လက်ပစ် ထိုင်လိုက်ကြ၏။

လွန်စွာပင်ပန်းနွမ်းနယ်နေပြီ ဖြစ်သလို စိတ်ဓာတ်လည်း ကျဆင်းလျက်ရှိသောကြောင့် ဖြစ်ချင်ရာ ဖြစ်ပစေတော့ဟူ၍ မစဉ်းစားတော့ဘဲ အိပ်လိုက်ကြသည်။

ရတနာခန်း မှောင်မိုက်အတွင်းမှ သေဘေးက လွတ်မြောက်ခဲ့ခြင်းမှာ မြေအောက်ခန်း မှောင်မည်းမည်းတွင် သေဘေးနှင့် ကြုံရန် သက်သက်မျှသာဟု ယူဆရပေတော့မည်။ ကျွန်ုပ်တို့ မည်သို့ မည်ပုံ အိပ်ပျော်သွားကြသည်မသိ။

ရတ်တရက် ကျွန်ုပ် သတိပြုမိစဉ် လွန်စွာအံ့ဖွယ်ကောင်းသော အဖြစ်နှင့် အထိတ်တလန့် ရင်ဆိုင်ရတော့သည်။ ၎င်းအဖြစ်ကြောင့် ကျွန်ုပ်မှာ အိပ်မက်မှ ယောင်ယမ်းနိုးထသကဲ့သို့ ငေးတိ ငေးကြောင်ဖြစ်နေ၏။ မှောင်မိုက်သော





လိုဏ်ခေါင်းအတွင်း၌ ရှုန်းရင်းဆန်ခတ် ဖြစ်မှုကြောင့် ဆူညံနေတော့သည်။

"ဆ ... ဆရာ ... သတိထား ရန်သူ"

ကျော်စွာက ကျွန်ုပ်အား အော်ဟစ် သတိပေး၏။ ကျွန်ုပ်သည် ရတ်ခြည်းပင် သဘောပေါက်လိုက်၏။ ၎င်းရှုန်းရင်ဆန် ခတ်ဖြစ်နေခြင်းမှာ ရန်သူနှင့် စိုင်းဆဲထူးတို့ဖြစ်ကြောင်း သိလိုက်၏။ ဤလိုဏ်ခေါင်းအတွင်း၌ ကျွန်ုပ်တို့အား ဝင် ရောက် တိုက်ခိုက်သူမှာ မည်သို့သော သက်ရှိသတ္တဝါပါလဲ ...။

စိုင်းဆဲထူးမှာ တိုက်ခိုက်စွမ်းရည် မြင့်မားသူဖြစ်ရာ ရန်သူကို အချိန်တစ်ခဏ အတွင်း အလဲထိုးနိုင်လိုက်၏။

သူသည် ရန်သူကိုအဆုံးစီရင်ရန် ဟန်ပြင်သည်တွင် ရန်သူ့ထံမှ ထွက်ပေါ်လာသောစကားကြောင့် ကျွန်ုပ်သည် လွန်စွာအံ့ဩသွား၏။

"စိုင်း ... ညီလေး ... လက်လွန်မယ် ရပ်လိုက်"

ကျွန်ုပ်သည် မီးခြစ်ဆံခြစ်၍ကြည့်လိုက်ရာ ကျွန်ုပ်တွေးထင်မှု မှန်ကန်ကြောင်းတွေ့ရလေတော့၏။

"ခင် ... ခင်ဗျား မစ္စတာရီဗာစလေဒင် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သေချာပါသည်။ ထိုသူမှာ လူသားစင်စစ် ဖြစ်နေပါသည်။ ခန္ဓာကိုယ်မှာ ကျုံ့လှီဖျော့တော့လျက် ကမ္ဘောဇ်ဒွာန်းရုပ်ဖေါက်နေ၏။ ဆံပင်နှင့် မုတ်ဆိတ်မွေးများ လွန်စွာရှည်လျားလျက်ရှိပြီး တစ္ဆေတစ်ကောင်ကဲ့သို့ ကြည့်ရဆိုးလှသည်။

ကျွန်ုပ် ဟန့်တားလိုက်၍သာ တော်တော့သည်။ နို့မဟုတ်ပါက စိုင်းဆဲထူး၏ ဓားမြှောင်က သူ့ခန္ဓာကိုယ်တွင်းသို့ အချက်ပေါင်းများစွာ ထိုးစိုက်ပြီးဖြစ်သွားပါလိမ့်မည်။ စိုင်းဆဲထူးအား တောင်းပန်ပြောဆိုနေသောစကားမှာ အင်္ဂလိပ်စကားဖြစ်၍ ကျွန်ုပ် ထိုသို့ သိရှိလိုက်ခြင်းဖြစ်သည်။

ထိုသူသည် ကျွန်ုပ် ခြေအစုံကို ပွေ့ဖက်ပြီး အကြိမ်ကြိမ် ဦးတိုက်နေတော့၏။ ဖြစ်ပျက်မှုကိုလည်း ကျွန်ုပ်အား ရှင်းပြလေရာ ၎င်းရှင်းပြသောစကားများကို ညီငယ်နှစ်ဦးအား ကျွန်ုပ်က ပြန်၍ရှင်းပြရ၏။ ထိုအခါ နားလည်မှုရှိသွားကြပြီး ပြဿနာအနည်းငယ်မျှ မရှိတော့ပါ။

သူနှင့်ပတ်သက်ပြီး စုံထောက်မင်းကြီး ပေါလ်စလေဒင်နှင့် ကျွန်ုပ် မည်သို့ ညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်ကို ကျွန်ုပ် ရှင်းပြပြော ဆိုလိုက်သောခါ သူသည် ကျွန်ုပ်ကို





ဖက်၍ အားရဝမ်းသာ ငိုရှိုက်လေ၏။ ဖော်မပြနိုင်လောက်အောင် ကြည်နူးဝမ်းသာကြောင်း အကြိမ်ကြိမ် ပြောဆိုတော့သည်။

သူသည် ကျွန်ုပ်တို့ထံမှ အနည်းငယ်မျှ အစားအသောက်ကို လာရောက်ခိုးယူသော့အခါ အအိပ်ဆတ်သော စိုင်းဆဲထူး၏ တိုက်ခိုက်ခြင်းကို ခံရခြင်းဖြစ်သည်။

ကျွန်ုပ်တို့၏ ကံကြမ္မာသည် လွန်စွာဆန်းကြယ်လှ၏။ ၎င်းနှင့်တွေ့ဆုံရသည့်အတွက် ကျွန်ုပ်တို့မှာ မရဏလိုဏ်ဂူတွင်းမှ အောင်မြင်စွာ ထွက်နိုင်သကဲ့သို့ သူသည်လည်း အသက်အန္တရာယ်ဘေးမှ လွတ်ကင်းခွင့် ရသွားလေသည်။

မည်သို့ဆိုစေ မစ္စတာရိဗာစလေဒင်၏ စိတ်ဓာတ်ကြံ့ခိုင်မှုမှာ လွန်စွာချီးကျူးဖွယ် ကောင်းပါသည်။ မှောင်မိုက်သော ဂူအတွင်း၌ နှစ်အတန်ကြာအောင် အသက်ရှင်နေထိုင်နိုင်ခြင်းမှာ ယုံနိုင်ဖွယ်မရှိပါ။ မည်သို့ အသက်ရှင်နေထိုင်သည်ကို သိရသောအခါ ကျွန်ုပ်တို့ လွန်စွာအံ့သြကြရ၏။

ဤလိုဏ်ဂူ အတွင်း၌ မစ္စတာရိဗာစလေဒင်သည် ကျင့်သားရနေပြီဖြစ်၍ ကျွန်ုပ်တို့အား ရေရှိရာနေရာသို့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်သွား၏။ ၎င်းနေရာမှာ မစ္စတာရီဗာစလေဒင်အား အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အစာအဟာရ ပေးစွမ်းသောနေရာဖြစ်သည်။

"လပြည့်လကွယ်ရက်တွေမှာ ချောင်းရေဟာ အလွန်အစီးသန်တယ် အဲဒီအချိန်တွေမှာ ငါးတွေဟာ မြူးပြီး အချို့ငါးတွေက ကမ်းပေါ်ခုန်တက်ကြတယ်။ အဲဒီငါးတွေကို ဖမ်းမိဖို့ ဘယ်လောက် ခက်ခဲမယ်ဆိုတာ သခင်တို့ တွေးကြည့်နိုင်ပါတယ်။ ကျွန်ုပ် အသက်ရှင် ရပ်တည်ဖို့ တစ်ခုတည်းသောနည်းလမ်းက ကမ်းပေါ်ရောက်လာတဲ့ ငါးတွေကို ဖမ်းနိုင်ဖို့ပဲ။ ကြိမ်ဖန်များစွာကြိုးစားတဲ့ အလေ့အကျင့်ကြောင့် အဲဒီငါးတွေကို ဖမ်းနိုင်လာခဲ့တယ်။ ဖမ်းမိတဲ့ငါးတွေကို စားသောက်ရင်း ကျွန်ုပ် အသက်ရှင် နေထိုင်ခဲ့တာပါ"

ဟု မစ္စတာရီဗာစလေဒင်က ရှင်းပြလေ၏။

ကျွန်ုပ်တို့အားလုံး ရေကို အဝသောက်ပြီး ရေဘူးများတွင်လည်း ဖြည့်ယည့်ကြ၏။

ကျွန်ုပ်တို့ ခေတ္တအနားယူပြီးသည်နှင့် မစ္စတာရီဗက်စလေဒင်၏ ဦးဆောင်ရာနောက်သို့ လိုက်ခဲ့တော့၏။ အချိန်အားဖြင့် နေ့တစ်ဝက်ခန့် သွားလာပြီးသည်တွင်





ကျွန်ုပ်တို့ရှေ့ ဝေးကွာရာ၌ အလင်းရောင်မှုန်ပြပြအကွက်ကို မြင်ရလေ၏။

မျှော်လင့်ကြီးစွာဖြင့် ကျွန်ုပ်တို့သည် ထိန်းချုပ်မှုမဲ့စွာ အားပါးတရ အော်လိုက်ကြသည်။ မိနစ်နှစ်ဆယ်ခန့် သွက်လက်စွာ သွားလာကြရာ တိုက်ခတ်လာသည့်လေနှင့် ကျွန်ုပ်တို့ တိုက်ရိုက်ထိတွေ့တော့သည်။ လမ်းမှာ လွန်စွာ ကျဉ်းမြောင်းသောကြောင့် ကျွန်ုပ်တို့အားလုံး လေးဖက်ထောက် သွားနေရသည်။

လမ်းက သေးငယ်သည်ထက် ပို၍သေးငယ်လာပြီး အောက်ခံကျောက်သားမဟုတ်တော့ဘဲ မြေသားဖြစ်နေသည်ကို သိရလေ၏။ ကျဉ်းမြောင်းသည့် လိုဏ်ထိပ်ဝသည် လူတစ်ကိုယ်စာခန့်ပင် ကျယ်ဝန်းခြင်း မရှိသောကြောင့် ရှေ့ဆုံးတွင်ရှိနေသော မစ္စတာရီဗက်စလေဒင်သည် အတင်းတိုးထွက်လေရာ အပြင်သို့ရောက် သွားတော့သည်။ ထို့နောက် ကျွန်ုပ်တို့လည်း တစ်ယောက်ပြီး တစ်တောက်တိုးထွက်ကြလေ၏။

ကျွန်ုပ်တို့အထက်၌ မင်္ဂလာရှိသော ကြယ်တာရာများ ချိုသင်းသောလေက ကျွန်ုပ်တို့မျက်နှာကို ပက်ဖျန်းလိုက်ခြင်းအား ခံစားမိသည့်အခိုက်အတန့်မှာပဲ ကျွန်ုပ်တို့သည်



www.burmeseclassic.com

www.burmeseclassic.com



လွန်စွာနက်ရှိုင်းသော ချောက်ကမ်းပါးအတွင်း ဒလိမ့်ကောက်ကွေး လိမ့်ဆင်းသွားတော့၏။ အရှိန်မှာ ပြင်းထန်သော်လည်း ချုံနွယ်များက ဆင့်၍ကာစီးထားသောကြောင့် ပြင်းထန်သည့်ဒဏ်ရာမျိုး မရရှိခဲ့ပါ။

ကျွန်ုပ်တို့အားလုံးသည် စိုစွတ်ပျော့ညံ့သော မြေသားပေါ်သို့ ကစဉ့်ကလျား ကျရောက်သွားပါသည်။ တစ်ဦးနှင့်တစ်ဦး လှမ်းအော်အသိပေးရင်း စုစည်းမိကြသည်တွင် ဝမ်းသာလွန်း၍ မျက်ရည်ကျကြသည်။ ကျွန်ုပ်တို့၏ သင်္ချိုင်းဂူဖြစ်အံ့ဆဲဆဲ ဂူအခန်းကြီးအတွင်းမှ ကျွန်ုပ်တို့ အမှန်ပင် လွတ်မြောက်ခဲ့ကြလေပြီ။

မစ္စတာရီဗာစလေဒင်၏ မိတ်ဆွေဖြစ်သူမှာ ၎င်းအပေါက်တွင်းမှ လွတ်မြောက်ခဲ့ခြင်းကို ကျွန်ုပ်တို့ သိရသည်။

ကြည့်ပါ ... ကျွန်ုပ်တို့ ဘယ်တော့မှ မြင်ရတော့မည် မဟုတ်ဟု မှတ်ယူထားခဲ့သော လင်းအရုဏ် နေ့သစ်အလင်းရောင်သည် တဖြည်းဖြည်း တောင်ဂူနံရံများပေါ် ဖြန့်ကျက်လင်းလက်နေပြီ ဖြစ်သည်။

ယခုအခါ ကျွန်ုပ်တို့သည် တစ်ယောက်ကို တစ်ယောက် မြင်နိုင်ကြလေပြီ။ ပါးပြင်ကချိုင့်လျက် မျက်လုံးက





ဟောက်ပက်၊ သဲများ အမှိုက်များ သွေးများလည်း ဆွတ်နေကြ၏။

ကျွန်ုပ်တို့ မတ်တတ်ရပ်လိုက်ကြသည်။ နာကျင်စွာဖြင့် ဖြည်းဖြည်းအားခဲ၍ ခြေလှမ်းရင်း ကမ်းပါးစောင်းကို အားတင်း တက်ကြပါသည်။ ကျွန်ုပ်တို့အားလုံး တစ်ယောက်ကိုတစ်ယောက် အားပြုမှီရင်း လျှောက်လှမ်းကြသည်။

ကျွန်ုပ်တို့နှင့် ကိုက်တစ်ရာအကွာလောက် လမ်းမကြီးဘေးတွင်ရှိသော တဲများအနီးတွင် မီးပုံရှိပြီး လူများကိုလည်း တွေ့ရလေ၏။ ၎င်းတို့က ကျွန်ုပ်တို့ကို ရုတ်တရက် တွေ့မြင်သွား၏။

ကျွန်ုပ်တို့ထံသို့ လူတစ်ယောက် ပြေးလာနေ၏။ ထိုသူသည် လက်ကိုမြှောက်လျက် အားရဝမ်းသာ ပြေးလာနေခြင်းဖြစ်သည်။

ထိုသူမှာ ကျွန်ုပ်တို့အား လွန်စွာခင်မင်သံယောဇဉ်ရှိသော စစ်သူကြီး အင်ဖာ ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## နိဂုံး

သည့်နောက်ပိုင်းတွင် ကျွန်ုပ်တို့ ကြုံတွေ့ရသည့် ဖြစ်ပျက်မှုများမှာ ရိုးရိုးစင်းစင်းပင်ဖြစ်သည်။ ရစ်စတန် ပြည့်ရှင် ဘုရင်မင်းမြတ် ကာစင်က ကျွန်ုပ်တို့၏ ပြည်တော် ပြန်ခရီးအတွက် လိုလေသေးမရှိ ပြင်ဆင်ဆောင်ရွက်ပေးသည်။ နေထိုင်သည့် ရက်အနည်းငယ်အတွင်းမှာလည်း ကောင်းမွန်စွာ ဧည့်ဝတ်ပြုလေ၏။

ကျွန်ုပ်တို့ အပြန်ခရီးတွင် ယူဆောင်သွားရန် အတွက် အရည်အသွေးမြင့်မားသည့် ကျောက်မျက်ရတနာများကို အသင့် စီစဉ်ထား၏။ ဘုရင်ကာစင်သည် သူတို့ပြည်သူ တစ်ဦးဖြစ်သည့် မိန်းမလှလေး ဖူလာကို ကျွန်ုပ်က မင်္ဂလာ အခမ်းအနားဖြင့် (၎င်းတို့ အစဉ်အလာအတိုင်း) ထိမ်းမြား လက်ထပ်ခဲ့သည်ကို လွန်စွာဂုဏ်ယူကျေနပ်လေ၏။





ဤသို့ဖြင့် ကျွန်ုပ်တို့သည် ရက်ပိုင်းအတွင်း ခရီး ထွက်ရန် ပြင်ဆင်တော့သည်။

နှစ်ခြိုက်စွာ အိပ်မောကျနေသော ကျွန်ုပ်ထံသို့ ထူး ဆန်းသောဧည့်သည်တစ်ဦး ရောက်ရှိလာ၏။ ထိုအချိန်မှာ ကျွန်ုပ်၏ စိတ်အာရုံများမှာ နိုးတစ်ဝက်အိပ်မက်ကဲ့သို့ ဖြစ်နေပါသည်။ ၎င်းဧည့်သည်ကို မြင်ရသည်နှင့် လွန်စွာ ပျော်ရွှင်မိ၏။

ကျွန်ုပ်၏ အသက်အန္တရာယ်ကို ဦးစွာကယ်ခဲ့သူ ဆာဒူးကြီးပင်ဖြစ်သည်။ ဆာဒူးကြီး၏ အသွင်အပြင်မှာ ယခင်တွေ့စဉ်ကအတိုင်းပင်။

နူးညံ့သည့် မျက်ဝန်းဖြင့် ကျွန်ုပ်အား ကြည့်လျက် နှစ်လိုဖွယ်ပြုံးပြလေ၏။

ဆာဒူးကြီးသည် ကျွန်ုပ် ခုတင်အနီးတွင်ထိုင်ပြီး...

"ဘယ်လိုလဲ လူလေး၊ ကျွန်ုပ်အပေါ်မှာ သဒ္ဒါစိတ် ကလေး မဖြစ်ပေါ်ဘူးလား"

ဟု ပြောလေရာ ကျွန်ုပ်မှာ မနေတတ်မထိုင်တတ် ဖြစ်သွားသည်။ လွန်စွာလည်း အားနာမိ၏။ ထို့ကြောင့် မဆိုင်းမတွ တောင်းပန်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



“မထင်မှတ်ဘဲ ရုတ်တရက် တွေ့လိုက်ရတော့ ကျွန်တော် အံ့သြသွားလို့ပါ။ ဆာဒူးကြီး အလိုရှိမယ်ဆိုရင် ကျွန်တော့်ပိုင်ဆိုင်မှုများထဲက ကြိုက်နှစ်သက်ရာကို လှူဒါန်းပါတယ်”

“လူလေးက တယ်မေ့လျော့တာကိုး၊ ကျွန်ုပ်တို့မှာ ဘာကို အလှူခံချင်တယ်လို့ ပြောခွင့်မရှိဘူးလေ၊ လှူသူရဲ့ သဒ္ဒါတရား အပေါ်မှာ လက်ခံရတာပါ”

ဟု ပြောပြီး ကျွန်ုပ်အား ပြုံးကြည့်နေလေ၏။ ယခု အချိန်တွင် ကျွန်ုပ်မှာ ပိုင်ဆိုင်မှုများစွာ ရှိနေပြီဖြစ်သည်။ ကျွန်ုပ် ဘာကို လှူဒါန်းရမှန်းမသိအောင် စဉ်းစားမရဖြစ်နေစဉ်မှာပဲ ဆာဒူးကြီးက ကျွန်ုပ်အား အထိတ်တလန့် အံ့သြစေမည့်စကားကို ပြောလိုက်လေ၏။

“ထားပါတော့လေ ... အခုတစ်ကြိမ်တော့ လူလေးဆီက ကျွန်ုပ် အလိုရှိရာကို အလှူခံပါ့မယ်၊ လူလေး တကယ် စွန့်နိုင်ရဲ့လား”

“စွန့်နိုင်ပါတယ် ဆာဒူးကြီး၊ ဆာဒူးကြီး အလိုရှိရာကိုသာ ပြောပါ”

“ကျွန်ုပ် အလိုရှိတာက ဖူလာ ဆိုတဲ့ မိန်းကလေးပဲ”





“ခင်ဗျာ ...”

ထိုစကားကြောင့် ကျွန်ုပ် နှလုံးသားမှာ ရုတ်ခြည်းပင် တဆတ်ဆတ် နာကျင်ခံစားရလေ၏။

ဆာဒူးကြီးသည် မည်သို့သော အကြောင်းကြောင့် ထိုသို့ အလှူခံရပါသလဲ။

ကျွန်ုပ်သည် မိမိစကားနှင့်မိမိ ချည်နှောင်ခံရလေပြီ။ ပြောချင်သည့် စကားများမှာ အပြင်သို့ ထွက်ကျမလာဘဲ လည်ဝမှာ တစ်ဆို့နေတော့သည်။

ဆာဒူးကြီးသည် ကျွန်ုပ်ဖြစ်နေပုံကိုကြည့်၍ သဘောကျစွာ ရယ်လေ၏။

ထိုသို့ရယ်ပြီးနောက် ...

“အင်း ... ပုထုဇဉ်များ သံသရာမှာ ကျင်လည်ဖို့ တကယ့်ကို လုံ့လထုတ်ကြတာကိုး။ သံသရာမှာ ပြတ်တောက်သွားဖို့ မေ့လျော့ကြတာ မဆန်းပါဘူးလေ။ လူလေးဆီက ကျုပ်တောင်းခံနေတဲ့ ဖူလာ ဆိုတဲ့ မိန်းကလေးဟာ လူလေးဇနီး ဖူလာ မဟုတ်ပါဘူး၊ ကျွန်ုပ် အဆောင်အဖြစ် လူလေးကိုပေးခဲ့တဲ့ ကျွန်ုပ်ရဲ့အရုပ်ကလေး ဖူလာကို ပြောတာပါ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ထိုအခါကျမှ ကျွန်ုပ်လည်း ကောင်းစွာနားလည်သွားတော့၏။ ကျွန်ုပ်လည်း ဆာဒူးကြီး၏ အဆောင်အရုပ်ကလေးကိုဖြုတ်၍ ရိုသေစွာ ကမ်းပေးလိုက်သည်။ ကျွန်ုပ်သည် ဆာဒူးကြီးအား ကောင်းမွန်စွာ ဧည့်ဝတ်ပြုလိုသောကြောင့် ရက်အနည်းငယ် နေထိုင်ရန် တောင်းဆိုသော်လည်း ဆာဒူးကြီးက ငြင်းပယ်လေ၏။

"ကျွန်ုပ် လူကလေးဆီ အရောက်လာတာ ဒီအရုပ်ကို ပြန်ယူဖို့ပါ။ ဒီအရုပ်ထက် အဆများစွာ စွမ်းဆောင်နိုင်စွမ်းတဲ့ မိန်းမ ချောလေးတစ်ဦး သင့်အနီးမှာ ရှိနေပြီဖြစ်လို့ သင့်အတွက် ကျွန်ုပ်ရဲ့ အဆောင်လက်ဖွဲ့ မလိုတော့ပါဘူး။ သင့်ဘဝရဲ့ အနာဂတ်ခရီးဟာ အခုအချိန်ကစလို့ အမျိုးဘာသာ၊ သာသနာ့အကျိုးကို စိတ်သွားတိုင်း ဆောင်ရွက်နိုင်ပြီလို့ မှတ်ယူပေတော့ လူကလေး"

ကျွန်ုပ်သည် မဆိုင်းမတွပင် ဆာဒူးကြီးအား ဦးချကန်တော့လိုက်ပါသည်။ ဆာဒူးကြီးက ဆုတောင်းသမှုပြုပြီး ကျွန်ုပ်အနီးမှ နှုတ်ဆက်ထွက်ခွာသွားတော့သည်။

ကျွန်ုပ်ရင်ထဲ၌ လစ်ဟာသွားသလို ခံစားလိုက်ရသည်။ ထိုစဉ် ကျွန်ုပ်၏ရင်ဘတ်အား နူးညံ့စွာ ထိတွေ့လာမှုကြောင့် ကျွန်ုပ်သည် မျက်ဝန်းကို ဖွင့်ကြည့်လိုက်ရာ ဖူလာက ကျွန်ုပ်အား ချစ်စဖွယ် ပြုံးလျက် ကြည့်နေပါသည်။





သူမက စောစောတုန်းက ကျွန်ုပ်တစ်ဦးတည်း မည်သူနှင့် စကားပြောနေသလဲဟု မေးလေရာ ကျွန်ုပ် လွန်စွာအံ့သြသွား၏။ ထို့နောက် သူမကဆက်၍ ကျွန်ုပ်လည်တွင် ဆွဲထားသည့် အဆောင်ရုပ်ကလေးကို မေးသောအခါ ကျွန်ုပ် မည်သို့ပြောရမှန်းမသိ ဖြစ်နေတော့သည်။

ထို့နောက် ကျွန်ုပ်သည် ရင်တွင်းက စစ်မှန်စွာတည်ရှိနေသော စကားကို ပြောလိုက်ပါသည်။

အဆောင်ဆိုတာ လူတစ်ယောက်အတွက် တကယ်လိုအပ်မှ ရှိသင့်တာပါ။ အရင်တုန်းကတော့ ကိုယ့်အတွက် တကယ်လိုအပ်ခဲ့တယ်။ ဒါပေမဲ့ အဲဒီအဆောင်ဟာ ကိုယ့်အနီးမှာ ဟောဒီဇနီးချောလေး မရှိခင်အချိန်ထိ လိုအပ်ခဲ့တာပါ။

အခုတော့ အဲဒီအဆောင်ထက် အဆများစွာ စောင့်ရှောက်ပေးမယ့် ဇနီးလေး ဖူလာ ရှိနေပြီလေ။ ဒါကြောင့် သူ့နေရာကို ပြန်ပို့လိုက်တာပေါ့"

www.burmeseclassic.com



ဟု ပြောလိုက်သည်တွင် ဖူလာသည် မျက်ရည်ရစ်ဝိုင်းသည်အထိ ကြည်နူးပျော်ရွှင်သွားပြီး ကျွန်ုပ်ပါးပြင်ကို ညင်သာစွာ နမ်းရှိုက်လေတော့၏။ ကျွန်ုပ်လည်း သူမ၏ အနမ်းကို ပြီးပြည့်စုံသော ခံစားမှုဖြင့် မျက်ဝန်းကို မှိတ်ထားပြီးသည့်နောက်တွင် ကျွန်ုပ်ရေးသားသော ဤကန္တာရ အကျဉ်းစံ လုံးချင်းဝတ္ထုမှာလည်း ဤနေရာတွင် နိဂုံးကမွတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

စာဖတ်ပရိသတ်များ၏
မေတ္တာကို ခံယူလျက်
တိက္ကမ



BURMESE CLASSIC



# တိက္ကမ

၏

# "ဒေါက်တာထင်အောင်ကျော် နှင့် အသူရာသတ်ကွင်း"

## ဒုတိယမြောက် ဂန္ထိရဆန်းကြွယ် လုံးချင်းဝတ္ထုသစ်

၁၀။ ချိုင်းနား[illegible]ကာင်း၏အဓိပ္ပာယ်ကိုသိရှိပြီးအတွေးအခေါ်ပြောင်းလဲသွားသူ မြန်မာပညာရှင် လူငယ်တစ်ဦး။

၁၀။ ငွေကြေးများနှင့်ပညာကိုလဲလှယ်ပြီးကိုယ်ကျိုးအတ္တအတွက် အသုံးချခံရသည့် ပရော်ဖက်ဆာကြီး၏ ရင်နင့်ဖွယ် ဖြစ်ရပ်များ။

www.burmeseclassic.com